
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး၊ ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဂမ္ဘီရဆန်းကြယ် စာရေးဆရာ **တိက္ကမ** ၏ ကလောင်ခွဲ

# ကိတ္တိမ

# ပေါက်ကောင်တစ်ကောင်နှင့် အတ္တအကျဉ်းသား

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စီစဉ်သူ | – | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | – | ဖေဖော်ဝါရီလ၊ ၂၀၁၅ ခုနှစ် |
| ကွန်ပျူတာစာစီ | – | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | – | ရှုနော် |
| အဖုံးဖလင် | – | KABAOO |
| အတွင်းဖလင် | – | အေဇက် |
| စာအုပ်ချုပ် | – | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | – | ဒေါ်ခင်မမ |
| မျက်နှာဖုံးပုံနှိပ် | | Happy Colour Printing<br>အမှတ် ၁၂၂၊ ၅၁ လမ်း(အလယ်)<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | – | ဦးသန့်ဇင်ထွန်း<br>ကြယ်ပွင့်စာပေ (၀၀၁၇၈)<br>အမှတ် ၄၄–ဘီ၊ မြေညီထပ်၊<br>ရေလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀ ကျပ် |

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

ကိုတ္တိမ

ပေါက်ကောင်တစ္ဆေနှင့် အတ္တအကျဉ်းသား / ကိုတ္တိမ – ရန်ကုန်။ ကြယ်ပွင့်စာပေ၊ ၂၀၁၅။

၂၂၄ – စာ။ ၁၂ စင်တီမီတာ × ၁၈ စင်တီမီတာ


## နိဒါန်း

ခက်တော့ ခက်သည်။ အကြိမ်ကြိမ်လည်း စဉ်းစားပြီးပြီ။ ဘယ်လိုမှ စဉ်းစားမရ။ ကြာတော့ စဉ်းစားရလွန်းသဖြင့် ခေါင်းတစ်ခုလုံးပူထူလာ၏။

မစဉ်းစားဘဲ နေလို့လည်း မဖြစ် . . .။

ဤနေရာက သူနှင့် အကျွမ်းတဝင်ရှိသည့် နေရာမဟုတ်။ ဘယ်လိုရောက်လာမှန်း မသိသလို၊ ဘာကြောင့် ရောက်လာမှန်းလည်း မသိ။ ဒါမှမဟုတ် တစ်ဦးတစ်ယောက်ကြောင့် ရောက်လာခြင်းလား။ ဒါလည်း ဖြစ်နိုင်ဖို့ အကြောင်းမရှိ။

"ဟူး . . ."

ဘယ်နှစ်ကြိမ်မြောက်မှန်းမသိသော ပင့်သက်က ပါးစပ်များက အလိုအလျောက် ထွက်သွားပြန်၏။

"တော်ပြီ . . . ခေါင်းရှုပ်ခံပြီး မတွေးတော့ဘူး၊ ဖြစ်ချင်ရာဖြစ် ဒီအတိုင်းနေလိုက်တာပဲ ကောင်းမယ်"

ကြယ်ပွင့်စာပေ

www.burmeseclassic.com



ထိုသို့အတွေးဖြင့် ပြောလိုက်ပြီး မွန်းကြပ်နေသည့်စိတ်ကို ဖြေလျှော့ပစ်လိုက်သည်။ ထိုသို့ ပြုလုပ်သည်မှာလည်း တစ်ကြိမ်တည်းမဟုတ်။

စိတ်ရှုပ်လာ၊ မွန်းကြပ်လာတိုင်း ထိုသို့ပင် ဖြေလျှော့လိုက်ရသည်ချည်းပင်။ မကြာပါ . . . သူ့အတွေးအာရုံ၌ နဂိုမူလအတိုင်း ဘဲဥအစရှာမရသည့်အတွေးက လွှမ်းမိုးလာစမြဲဖြစ်၏။

သူသည် အကြိမ်ကြိမ် ကြည့်ရှုလေ့လာပြီးဖြစ်သည့် ပတ်ဝန်းကျင်အခြေအနေကို ထပ်မံ၍ အသေးစိတ်ကြည့်ရှုပြန်၏။

သူရောက်ရှိနေသည့်အခန်းက မကျဉ်းလွန်း၊ မကျယ်လွန်းသည့်အခန်း . . .။ ဆယ်ပေပတ်လည်အခန်းလောက်သာ ရှိမည်။ ကြမ်းခင်းက သမံတလင်းဖြစ်သော်လည်း အငွေ့အသက်က စိုထိုင်းထိုင်း . . .။

အချို့နေရာများဆိုလျှင် ရေညှိကွက်များပင် ရှိနေ၏။ တစ်ချက်တစ်ချက်တွင် ထွက်ပေါ်လာသည့် ပုပ်ဟောင်ဟောင်အနံ့အသက်က အသက်ရှူရပ်သွားလောက်အောင် ဆိုးဝါးလှ၏။ အလင်းရောင်ကလည်း မှုန်တိမှုန်မွှား . . .။ ဝင်ပေါက်ထွက်ပေါက်ရှိသော်လည်း ၎င်းအပေါက်ကို ကြီးမားသော သံတိုင်ကြီးများဖြင့် ကာဆီးထား၏။

၎င်းအရာများထက် သူ့အား များစွာစိတ်ဒုက္ခကြီးမားစေသည်က သူ့ခန္ဓာကိုယ်ပင် ဖြစ်၏။

ကိုယ့်အဖြစ်ကိုယ်ကြည့်ပြီး သနားရတော့မလို၊ ထိုင်ပဲငိုရတော့မလို၊ ယူကြုံးမရဖြစ်ပြီး နံရံကို ခေါင်းနှင့်ပြေးဆောင့်ရတော့မလို။

တကယ့်ဆိုးလိုက်တဲ့ အဖြစ် . . .။

အပေါ်ပိုင်းက ဝလာ . . .။ အောက်ပိုင်းကလည်း ဟာ





လာဟင်းလင်း။ တကယ့် မိမွေးတိုင်း၊ ဖမွေးတိုင်းဆိုသလို ကိုယ်လုံးတီး . . .။ ကိုယ့်ကိုယ်ကို ပြန်ငုံ့ကြည့်ဖို့ အတော့်ကို အားမွေးနေရ၏။ ကြည့်မိတိုင်း မလုံမလဲ ရှက်ရွံ့မိတာကြောင့် ပေါင်နှစ်ချောင်းကို အီကြာကွေးလို အမြဲလို ပူးကပ်ထားရ၏။

သူသည် ထိုမျှဒုက္ခဆင်းရဲရင်ဆိုင်နေရသည့်အဖြစ်ကို အချိန်ကြာလာသည်နှင့်အမျှ သည်းမခံနိုင်လောက်အောင် ဖြစ်လာပြီး ဝရုန်းသုန်းကား အော်ဟစ်ဆဲဆိုလေတော့၏။

“ဟေ့ . . . အပြင်မှာ ဘယ်သူမှ မရှိကြဘူးလား၊ အားလုံးသေကုန်ကြပြီလား၊ ငါ့ကို ဒီအခန်းထဲ ဘယ်ခွေးသူတောင်းစားက လာပို့ထားတာလဲ၊ အခုချက်ချင်း တံခါးလာဖွင့်ကြစမ်း”

သူသည် မခံမရပ်နိုင်ဖြစ်နေသော်လည်း ဒေါသကို အတတ်နိုင်ဆုံးထိန်းပြီး အော်ဟစ်ကြိမ်းမောင်းလိုက်၏။

အသံက လှိုက်ခေါင်းသံလို ဝန်းကျင်တခွင်လုံး ပဲ့တင်ထွက်သွား၏။ ၎င်းအသံရပ်တန့်သွားသည်နှင့် နဂိုနေမြဲအတိုင်း ခြောက်မက်ဖွယ် တိတ်ဆိတ်သွား၏။ သူသည် ထူးခြားလာမလားဟု မိနစ်အနည်းငယ် စောင့်ကြည့်လိုက်၏။

ထူးခြားမှုဟူ၍ အရိပ်အယောင်မျှပင် မမြင်ရ . . .။

“ကျောင်း . . .”

သူသည် ကိုယ်လုံးတီးဖြစ်နေသည့် ကိုယ့်အဖြစ်ကို ရှက်ရွံ့မနေတော့ . . .။ ခြေနှစ်ချောင်းကိုလည်း အီကြာကွေးလို ပူးမထားတော့ . . .။ သူသည် ဘာတစ်ခုမှ ထူးခြားမလာသည့် အခြေအနေကို သည်းမခံနိုင်တော့သဖြင့် ကာဆီးထားသည့် တံခါးသံတိုင်ကို ပြေး၍ ဒေါသတကြီးဆောင့်ဆွဲလိုက်၏။

“ကဲကွာ . . .”



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ကျောင်း . . ."

"ကဲကွာ . . . ငါ့ကို ပိတ်ထားဦး"

"ကျောင်း . . ."

"ကျောင်း . . ."

သူသည် တံခါးရွက်ကြီးအား လူတစ်ယောက်ကို ဒေါသတကြီး တုန့်ပြန်သကဲ့သို့ ကန်ချက်မျိုးဖြင့် တိုက်ခိုက်လေ၏။ ၎င်းတိုက်ခိုက်မှုကြောင့် တံခါးရွက်ကြီး၏ တကျောင်းကျောင်းအသံကြီးက ဂါဟ်ဆိတ်မှုအတွင်း ဟိန်းထွက်နေလေ၏။

သူအတော်လေး ကျေနပ်သွားသည်။ ရင်ထဲက ခံပြင်းဒေါသဖြစ်မှုတွေလည်း ထိုသို့ပြုမူလိုက်ရ၍ အတော်အတန် ပြေလျော့သွားသည်။ အတော်လေး အရှိန်ရသွားသည်ဟု ဆိုရမည်။ ဘာမှမလုပ်ဘဲ ငြိမ်နေမည့်အစား ထိုသို့ပြုလုပ်ရခြင်းက ပိုပြီးအဓိပ္ပါယ်ရှိသလို ကိုယ့်ကိုယ်ကို ကျေနပ်သွား၏။

သူသည် သံတံခါးကြီးနှင့် သုံးပေခန့်အကွာတွင်ရပ်လျက် ခါးထောက်ရင်း သံတိုင်များကို မကျေမနပ်ကြည့်နေလေ၏။ ခန္ဓာကိုယ်က လုံးတီး . . .။ ခြေထောက်က ကားကား . . .။ ရှေ့ကကြည့်ကြည့်၊ နောက်က ကြည့်ကြည့် အတော့်ကို သဘာဝကျလိုက်မည့်ဖြစ်ခြင်း . . .။

သူ့တစ်သက်နှင့်တစ်ကိုယ် ဘယ်တုန်းကမှ မကြည့်ဘူးသည့်အကြည့်မျိုးဖြင့် သူ့ကိုယ်ကို ရှေ့တပြန်၊ နောက်တပြန် ကြည့်မိပြီး သဘောကျစွာ ရယ်လိုက်၏။

"ဟား . . . ဟား . . . ဟား . . ."

ထိုသို့ ရယ်လိုက်ရသဖြင့် တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွား၏။ ပြီးတော့ ဒုတိယအကြိမ်မြောက် တိုက်ခိုက်မှုကို စတင်ဖို့





ဟန်ရေးပြသည့်အနေဖြင့် သူ့ခန္ဓာကိုယ်ကို ရှေ့နောက်ကြည့်လိုက်၏။ ထိုအခါမှာတော့ . . .

"ဟင် . . ဘယ် . . ဘယ်လိုဖြစ်တာလဲ၊ ဒီ . . . ဒီလောက်ထိ ဖြစ်သွားရလား၊ အို . . . ဘု . . . ဘုရား"

မယုံနိုင်လောက်အောင် ဖြစ်သွားသည့် မြင်ကွင်းကြောင့် သူသည် လွန်စွာ တုန်လှုပ်ကြောက်လန့်သွား၏။ သူကြောက်လန့်မည်ဆိုလည်း ကြောက်လန့်စရာပင်။

သူ၏ခြေနှင့်လက်များပေါ်မှ သွေးအချို့ စိမ့်ထွက်လာသည့် မြင်ကွင်းပင် ဖြစ်၏။ ထိုနေရာတစ်ဝိုက်ရှိ အရေပြားများ ပွန်းပဲ့သွားသဖြင့် သွေးများစိမ့်ထွက်လာခြင်းပင် ဖြစ်၏။ သူသည် သံတံခါးကြီးကို ဒေါသတကြီး ထိုးကြိတ်လိုက်သဖြင့် ထိုဒဏ်ရာများ ရရှိသွားလေသလား။ ဖြစ်နိုင်စရာက ထိုအချက်သာလျှင် ရှိ၏။

သူသည် အထိတ်တလန့်ဖြင့် စိမ့်ထွက်နေသည့် အရေပြားပေါ်က သွေးများကို သုတ်ဖယ်ပစ်လိုက်၏။ ခဏမျှသာ . . .။ ချက်ချင်းပင် သွေးများ စိမ့်ထွက်လာ၏။ ထပ်၍သုတ်၏။ သွေးက မတိတ်။ ထွက်မြဲထွက်နေဆဲပင်။

အံ့ဩဖို့ ကောင်းသည်က ၎င်းနေရာများက နာကျင်မှုဟူ၍ အနည်းငယ်မျှ ခံစားရခြင်း မရှိခြင်းပင်။ ထိုတစ်ကြိမ် သူ၏ကြောက်လန့်မှုက အထွတ်အထိပ်သို့ ရောက်သွားပြီဖြစ်၏။ ဘာလို့လဲဆိုတော့ ထိုအတိုင်း မရပ်မနားဖြစ်နေပါက သူ့ခန္ဓာကိုယ်ထဲ၌ သွေးဟူ၍ တစ်စက်မျှ ကျန်ရှိတော့မည်မဟုတ်။

သူသည် အထိတ်တလန့်ဖြင့် အခန်းတွင်း၌ လှည့်ပတ်ပြေးလွှားနေရင်း တခဏအကြာမှာပဲ တိတ်ဆိတ်မှုအတွင်း တဖြည်းဖြည်း ထွက်ပေါ်လာသည့် ထူးခြားသည့်အသံကို သတိပြုမိလိုက်၏။ သူ



www.burmeseclassic.com

www.burmeseclassic.com



သည် ခေတ္တငြိမ်သက်၍ အသံကို အာရုံညွှတ်လိုက်စဉ်မှာပဲ ခပ်တိုးတိုးထွက်ပေါ်နေသည့်အသံမှာ တဖြည်းဖြည်း ကျယ်လောင်လာလေ၏။

သူ့မျက်လုံးများက မျှော်လင့်ချက်ဖြင့် အရောင်တဖျတ်ဖျတ် တောက်ပသွား၏။

"ဟုတ် . . . ဟုတ်ပြီ ဒါ . . . ဒါ . . . ငါ့ကို လာကယ်ပြီဆိုတာ အချက်ပေးလိုက်တဲ့ အသံတွေပဲ"

သူသည် ဒဏ်ရာများကို အမှုမထားတော့ . . .။ ၎င်းဒဏ်ရာများက စိမ့်ထွက်နေသည့် သွေးများကလည်း ကြမ်းပြင်တွင် အိုင်ထွန်းနေပြီဖြစ်၏။

"ဂျိုင်း . . . ဂျိုင်း . . . ဂျိုင်း . . ."

သံတံခါးတိုင်ကို လက်ဖြင့်ဆုပ်ကိုင်ရင်း အားဖြင့် ဆွဲခါလိုက်၍ ထွက်ပေါ်သွားခြင်း ဖြစ်သည်။

"ဒူ . . . ဒူ . . . ဒူ . . . ဒူ . . ."

"ဟင် . . ."

သူ့အဖို့ အံ့သြပြီးရင်း အံ့သြရင်းဆိုသလို ဖြစ်ရပြန်၏။ အသံက သက်ရှိသတ္တဝါတစ်မျိုး၏ အသံမျိုးမဟုတ်။ သက်မဲ့အရာဝတ္ထု၏အသံ . . .။ ထိုအရာကို တစ်ဦးတစ်ယောက်က ထုခတ်နေသဖြင့် ထွက်ပေါ်လာခြင်း ဖြစ်သည်။

ပြီးတော့ အဲဒီအသံက သူနှင့်လည်း အကျွမ်းတဝင်ရှိနေသည့် မောင်းထုသံဆိုတာ သူကောင်းကောင်းသိသည်။ ဒီနေရာမှာ ဘယ်ကဘယ်လို မောင်းထုသံက ထွက်လာရတာလဲ။

"ဟော . . . တစ်ယောက်ယောက်တော့ လာပြီထင်တယ်"

အဝင်လမ်းတလျှောက် မှုန်ဝါးဝါး အလင်းရောင်းအတွင်း





သို့ အရိပ်အချို့ ဘိုးဝင်ကျရောက်လာ၏။ သူ့အား ကယ်တင်ဖို့ရောက်လာကြပြီဟု ထင်မှတ်ပြီး လွှန်စွာပျော်ရွှင်သွား၏။ သို့ကြည့်နေစဉ်မှာပဲ . . .

"ဟင် . . . ဘာ . . . ဘာကြီးလဲဟ"

သူရှိရာ သံတိုင်အနီးသို့ လျောကနဲ လျင်မြန်စွာ ရောက်ရှိလာသည့်အရာကို သဲကွဲစွာ မြင်လိုက်ရစဉ်မှာတော့ . . .

"အောင်မလေးဗျ . . ."

သူ့ခန္ဓာကိုယ်က နောက်သို့ အတော်ဝေးဝေးရောက်သွားပြီး အရှိန်မထိန်းနိုင်တော့ပဲ ဖင်ထိုင်လျက် လဲကျသွားလေ၏။ ထိုအရာမှာ အခြားမဟုတ်။ ကြီးမားတုတ်ခိုင်ပြီး အတော်အတန် ရှည်လျားသည့် မြွေဟောက်တစ်ကောင်ပင် ဖြစ်၏။

မြွေဆိုသည့် တိရစ္ဆာန်က လူအသံကြားလျှင် ဘေးကင်းရာသို့ ရှောင်သွားတတ်သည့် တိရစ္ဆာန်မျိုး . . .။ ၎င်းမြွေဟောက်ကတော့ ထိုသို့မဟုတ်။ ရှောင်မသွားသည့်အပြင် ဦးခေါင်းကို မြင့်မြင့်မားမားထောင်ပြီး ဣန္ဒြေရရကြည့်လေ၏။

သူသည် မြွေကြီးထွက်သွားအောင် နည်းမျိုးစုံဖြင့် ခြောက်လှန့်၏။ ထိုအခိုက်မှာပဲ . . .

"ဟင် . . ဘာ . . ဘာကောင်တွေ ရောက်လာပြန်တာလဲ"

မြွေနှင့်အလားသဏ္ဍာန်တူသည့် အမောက်ပြားပြားကြီးတစ်ကောင် . . .။ မြွေမဟုတ်တာတော့ သေချာသည်။ အသေအချာကြည့်လိုက်တော့ ထိုတိရစ္ဆာန်ကလည်း သူနှင့်မစိမ်း . . .။ နဂါးတစ်ကောင်ဖြစ်၏။

"ဒီ . . . ဒီကောင်တွေနဲ့ ဒီနေရာက ဘာဆိုင်လို့လဲ၊ ဘာလို့ ဒီကိုရောက်လာရတာလဲ"

www.burmeseclassic.com



ထိုသို့ တွေးလိုက်စဉ်မှာပဲ နောက်ထပ်တဖြုတ်ဖြုတ်ရောက်လာကြသည်က ဖား၊ ကြွက်၊ ဝက်၊ ဒေါင်း၊ မျောက်၊ လိပ်၊ ငါး . . . စသည့်တိရစ္ဆာန်များဖြစ်သည်။ သူ၏မျက်လုံးတွေက အံ့ဩလွန်းသည်ကြောင့် ဖားပြုတ်မျက်လုံးကြီးပမာ ပြူးအစ်ထွက်လာ၏။

၎င်းတိရစ္ဆာန်များ၏ ကွိကွိ၊ ကွကွ အသံများက ဟိန်းဟိန်းထနေတော့၏။ ထိုအခိုက်မှာပဲ ၎င်းအသံများကို တိတ်ဆိတ်သွားအောင် လွှမ်းမိုးလိုက်သည်က တသိမ့်သိမ့်တုန်ခါသွားမတတ် ကျယ်လောင်စွာ ထွက်ပေါ်လာသည့် ကျားဟိန်းသံကြီးပင် ဖြစ်၏။

"ဝေါင်း . . ."

"ဟာ . . . လုပ် . . . လုပ်ကြပါဦး၊ ကယ်ကြပါဦး . . . ဘာ . . . ဘာတွေဖြစ်ကုန်ပြီလဲ"

အလွန်အမင်း ကြောက်လန့်စိတ်က ငယ်ထိပ်တက်ဆောင့်လိုက်သလို သူသည် ဘာကိုမှ သဲကွဲစွာ မြင်နိုင်စွမ်းမရှိတော့။ ဟိန်းဟောက်လိုက်သည့် ကျားသည် ယုန်နှင့်ကြွက်အပြင် ဆင်အသေးစားလေးကို ခြံရံပြီး ရောက်ရှိလာခြင်းဖြစ်၏။

၎င်းတိရစ္ဆာန်များသည် တစ်ကောင်နှင့်တစ်ကောင် ရန်စောင်တိုက်ခိုက်ခြင်းလည်း မပြုကြ။ ရင်းနှီးကျွမ်းဝင်သလိုဖြင့် ပွတ်သီးပွတ်သပ်ရှိနေကြ၏။ ၎င်းအကြည့်များ ဦးတည်ရာကတော့ သူ့ထံသို့ဖြစ်၏။

သူသည် ထိတ်လန့်အံ့ဩလွန်းသည်ကြောင့် လက်နောက်ပြန်ထောက်ရင်း တိရစ္ဆာန်များကို ကြည့်နေစဉ်မှာပဲ . . .

"ကျွိ . . . ကျွိ . . . ကျွိ . . ."

"ဟာ . . ."

သူ့အကြည့်က တဖြည်းဖြည်း မြင့်တက်သွားသည့် သံတိုင်





ကြီးနောက် လိုက်ပါသွား၏။ မြင့်တက်သွားသည့် အချိန်အနည်းငယ်အတွင်း မျက်နှာကျက်အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွား၏။ သူနှင့် တိရစ္ဆာန်များကြားတွင် ဟာလာဟင်းလင်း ဖြစ်သွားလေပြီ။

တိရစ္ဆာန်များလည်း တိုင်ပင်ထားသည့်အလား ကွိကွိကွကွ အော်ဟစ်ရင်း ခုန်ပေါက်ကြလေ၏။ သူ ရုတ်ချည်းပင် သဘောပေါက်သွား၏။ သို့သော်လည်း သူ့အဖြစ်က ဘယ်လိုမှ ပြင်ဆင်ချိန်မရလောက်အောင် နောက်ကျသွားလေပြီ။

အကောင်များ ရှေ့သို့တိုးလာနေပြီ။ ထွက်ပေါက်ကလည်း ထိုတစ်ပေါက်တည်း။ တိုးလာနေသည့် အကောင်တွေထဲက အကောင်အချို့က ကြမ်းပြင်ပေါ်က သူ့သွေးတွေကို လျှာဖြင့် အလုအယက် သောက်နေကြ၏။

အကောင်ကြီးတွေက သူ့အနီးရောက်လာပြီ။ သူ့ခန္ဓာကိုယ်ကလည်း အုတ်နံရံနှင့် ကပ်နေပြီ။ ခြေကားယား၊ လက်ကားယားဖြင့် အကြောက်အကန် အော်ဟစ်မောင်းထုတ်၏။ ထိုအကောင်များက အနည်းငယ်မျှပင် တွန့်မသွားဘဲ သူတို့အား ကျီစယ်လိုက်သည့်ပမာ ခန္ဓာကိုယ်ကို ယိမ်းထိုးကြလေ၏။

"အား . . . အောင်မလေးဗျ"

ကျားကြီးက လျှာကြမ်းကြီးနှင့် သူ့အရည်ပြားပေါ်က သွေးများကို မြည်းစမ်းသလို လျှက်လိုက်၏။ လွန်စွာခံတွင်းတွေ့သွားပုံရ၏။ သူ့မိတ်ဆွေ အခြားတိရစ္ဆာန်များကိုကြည့်ရင်း ဦးခေါင်းတညိမ့်ညိမ့် လုပ်ပြလိုက်၏။

ထို့နောက်မှာတော့ . . .

"အမလေး . . . ကယ် . . . ကယ်ကြပါဦး၊ ကျွပ် . . . ကျွပ် . . ."

www.burmeseclassic.com



အသံ့ကုန်အော်ဟစ်သည်။ ငယ်သံပါအောင် အော်ဟစ်သည်။ သို့သော် အချည်းအနှီးပင်။

သူ့ခေါင်းရင်းနေရာသို့ ကျားကြီးက စပြီးကိုက်ဆွဲ၏။ အမဲကြော်တုံးလို အသားဆိုင်များပဲ့ပြီး ကျားကြီးပါးစပ်ထဲ ပါသွား၏။ ပြီးတော့ နောက်အကောင်များ . . .။

သူ့အသားတွေက တစ်စစီ၊ တစ်ဖဲ့စီ ပဲ့ရွဲ့နေပြီဖြစ်၏။ သွေးတွေက နေရာအနှံ့ပြန့်ကျဲနေလေပြီ။ အချို့နေရာတွေဆို အတွင်းမှ အရိုးများပင် ပေါ်လို့လာ၏။ အတော်အစားကြူးတဲ့ ကြွက်စုတ်က သူ့ဗိုက်သားကို စူးချွန်နှင့်ဖောက်သလို ဖောက်လိုက်ပြီး အတွင်းက ကလီစာများကို ကိုက်ဆွဲ၏။

ကြွက်က အစာအိမ်ထဲက အစာတွေကို ကောက်စား၏။ ထိုမျှ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည့်တိုင် သူသည် အော်နိုင်၊ ဟစ်နိုင်နေသေးသည်မှာ အံ့သြဖို့ ကောင်းနေတော့၏။

တကယ်ဆိုလျှင် သူ့အဖို့ နေရာမှာ ဘိုင်းကနဲ လဲကျသေဆုံးသွားဖို့ ကောင်းသည်။ ဒါမှမဟုတ် သတိသော်လည်းကောင်း လစ်သွားရမည်။ ခုအဖြစ်က ထိုသို့မဟုတ်။ နာကျင်မှုဝေဒနာကိုသာ အရိုးကွဲမတတ်ခံစားနေရပြီး ကောင်းစွာသတိရှိနေ၏။

ဘာကြောင့် ထိုသို့ဖြစ်နေရတာလဲ။

"တော် . . . တော်ကြပါတော့၊ နာ . . . နာလွန်းလို့ပါ။ တော်ကြပါတော့ . . . အီး . . . ဟီး"

သူက ထိုသို့ ငိုလေ၊ အဲဒီအကောင်တွေက ပိုပြီး မြူးကြွလေဆိုသလိုပင်။

ထိုသို့နှင့် သူ့ခန္ဓာကိုယ်က အရိုးတွေသာ ကျန်ရစ်တော့၏။ ပါးပြင်မှာလည်း အရေပြားတွေ မရှိတော့။ တစ်ကိုယ်လုံး နံရိုး





ပြိုင်းပြိုင်း။ အောက်ပိုင်းတွင်လည်း ခြေထောက်ရိုးနှစ်ချောင်းသာ ရှိတော့၏။ သူသည် ထိုအခြေအနေနှင့်ပင် နေရာမှာ ရပ်နေနိုင်ဆဲ ရှိနေ၏။

အကောင်တွေက မြိုလို့၊ ဆို့လို့ ဝသွားပြီထင်၏။ အရိုးပြိုင်းပြိုင်း သူ့ခန္ဓာကိုယ်မှာလည်း မြိုဆို့စရာဆိုလို့ ဘာတစ်ခု မကျန်တော့၍လည်း ဖြစ်ပုံရ၏။ ကွိကွိကွကွအသံပြုရင်း တစ်ကောင်ပြီး တစ်ကောင် ထွက်ခွာသွားတော့၏။

"အောင်မလေးဗျ . . . ကျုပ် . . . ကျုပ်တော့ ဘဝပျက်ပါပြီဗျ"

ဝမ်းခေါင်းသံကြီးနှင့် မချိမဆန့် ငိုလိုက်စဉ်မှာပဲ . . .

"ဂွိမ်း . . ."

သံတံခါးကြီးသည် လျင်မြန်သောအရှိန်ဖြင့် မျက်နှာကျက်ပေါ်မှ ပြုတ်ကျသွားရာ အခြေအနေမှာ မူလအတိုင်းပြန်လည်စေ့ပိတ်သွားတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ထိုနေ့သည် အစိုးရရုံးပိတ်ရက်။ တနင်္ဂနွေနေ့ . . . ။

နွေဦးရာသီအစဖြစ်၍ ကောင်းကင်တစ်ခွင်လုံး ကြည်ကြည်စင်စင် ရှိနေ၏။ ရခိုင်ပြည်နယ်၏ အစွန်အဖျားဒေသဖြစ်သည့် မောင်တောမြို့ကလေးမှာ ယခင်နေ့များနှင့်မတူ သက်ဝင်လှုပ်ရှားနေလေ၏။ တကယ်တော့ ထိုနေ့ရောက်မလာခင် နှစ်ရက်အလို လောက်ကတည်းက ဒေသခံများမှာ ၎င်းနေ့အတွက် ရင်ခုန်လှုပ်ရှားနေခဲ့ကြ၏။

ထိုသို့ဖြစ်ရခြင်းမှာ ထူးဆန်းလှသည် မဟုတ်။ ခုနှစ်ရက်တစ်ပတ်ပြည့်တိုင်း ကြုံတွေ့နေကျ ရင်ခုန်ခံစားမှုပင် ဖြစ်၏။ ရှေးယခင်ကာလများက သူတို့သည် မိရိုးဖလာလုပ်ငန်းများ လုပ်ကိုင်ရင်းဖြင့် အေးအေးလူလူ နေထိုင်ခဲ့ကြ၏။

မြစ်၊ ချောင်းများ ပေါများသည်။ လယ်၊ ယာမြေများ အထူးကောင်းမွန်သဖြင့် အတော်အတန် စီးပွားဖြစ်ကြ၏။ သို့သော်လည်း





လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုကာလမှစ၍ သူတို့၏ ရိုးစင်းသောဘဝမှာ ဖရိုဖရဲအခြေအနေသို့ တဖြည်းဖြည်း ရောက်မှန်းမသိ ရောက်သွားလေ၏။

ထိုအဖြစ်ကို သတိပြုရှောင်ရှားနိုင်စွမ်းရှိသူမှာ လွန်မွာနည်း၏။ အချို့ဆိုလျှင် ရှောင်ဖို့ကြိုးစားရင်းကပဲ ၎င်းစက်ကွင်းအတွင်း ကျရောက်သွားပြီး ရုန်းထွက်နိုင်စွမ်းမရှိ ဖြစ်သွားကြ၏။

လူအတော်များများကတော့ ရှောင်ဖို့မဆိုနှင့် . . ။ အားရဝမ်းသာပင် ၎င်းစက်ကွင်းအတွင်း ခုန်ဆင်းကြ၏။ ရုန်းထွက်ဖို့လည်း စိတ်မကူး။ စိတ်ကူးရကောင်းမှန်းလည်း မသိတော့။ အချို့ဆိုလျှင် လာရောက်ဖျောင်းဖျသူကိုပင် ရန်သူလို တုန့်ပြန်တာမျိုးပင် ရှိ၏။

ခေတ်ကာလကလည်း တစ်တိုင်းပြည်လုံး ဗြိတိသျှတို့လက်အောက်သို့ ကျရောက်နေသည့် ကာလဖြစ်သည်။ အုပ်ချုပ်ရေးမြို့တော် ရန်ကုန်မြို့နှင့်လည်း လွန်စွာအလှမ်းကွာဝေး၏။ လမ်းခရီးကလည်း ကြမ်းတမ်းခက်ခဲလှသဖြင့် တော်ရုံနှင့် ရောက်ဖို့လွယ်ကူလှသည် မဟုတ်။

အုပ်ချုပ်ရေးကလည်း လျော့တိလျော့ရဲ . . . ။ ထိုမျှဝေးလံလှသည့် ခရီးဖြစ်၍ ထိုခေတ်အခါက ၎င်းဒေသခံများသည် ရန်ကုန်မြို့ကို မြန်မာပြည်ဟုလည်းကောင်း၊ ၎င်းတို့ရခိုင်ဒေသကို ရခိုင်ပြည်ဟုလည်းကောင်း တစ်သီးတစ်သန့် ပြောဆိုကြ၏။

တော်လှန်ရေးအစိုးရခေတ်ရောက်လာတော့မှ ပြည်နယ်နှင့်တိုင်းဒေသများကို သတ်သတ်မှတ်မှတ်ခွဲခြားပြီး အမည်တွင်စေခဲ့၏။ ထိုအခါ ရခိုင်ဒေသမှာ ရခိုင်ပြည်မဟုတ်တော့ဘဲ ရခိုင်ပြည်နယ်ဟူ၍ ဖြစ်လာခဲ့၏။

ထို့နောက်ပိုင်းကာလမှစ၍ ၎င်းတို့ပြောဆိုကြသည့် ဗမာ



www.burmeseclassic.com

www.burmeseclassic.com



ပြည်၊ ရခိုင်ပြည်ဟူသည့် သီးခြားဆန်သော အသုံးအနှုန်းမျိုး
ကြသူများမှာ တဖြည်းဖြည်း နည်းပါးလာခဲ့၏။ ၎င်းအသုံးအနှုန်း
ရေးသားကြသည့် စာပေများကိုလည်း ခွင့်မပြုသလို၊ ရေးသား
ကိုလည်း ထိရောက်စွာ "ခေါ်ယူသတိပေးတာမျိုး ရှိခဲ့၏။ ရုပ်ရှ
ရေဒီယို စသည့်ဖျော်ဖြေရေးများတွင်လည်း ဆင်ဆာအဖွဲ့များ
အပ်ပြီး စနစ်တကျ ပိတ်ပင်ခဲ့ကြ၏။

အဓိကအကြောင်းရင်းက ၎င်းအသုံးအနှုန်းမှာ တိုင်းရင်း
သားစည်းလုံးညီညွတ်ရေးကို ထိပါးသည်ဟူ၍ ဖြစ်၏။ ထို့နော
ပိုင်း ဆယ်စုနှစ်များစွာ ကျော်လွန်လာခဲ့သည်တွင် နောင်မျိုးဆက်
သစ်များက ရှေးလူများလို သုံးနှုန်းပြောဆိုခြင်းမျိုး အလွန်နည်းပါး
သွားခဲ့သည်။

အသက်အရွယ်လွန်စွာကြီးရင့်သည့် ရှေးလူကြီးအချို့က
တော့ ရခိုင်တိုင်းရင်းသား၊ ရခိုင်ပြည်နယ်ဟူ၍ ပြောဆိုခြင်းမပြုဘဲ
ယနေ့တိုင် ရခိုင်လူမျိုး၊ ရခိုင်ပြည် ဟူ၍ ပြောဆိုကြဆဲရှိ၏။

ထိုစဉ်က ရခိုင်ပြည်နယ်သည် ဗြိတိသျှလက်အောက်တွ
ရောက်နေပြီး အုပ်ချုပ်ရေးနှင့်လည်း လွန်စွာဝေးကွာသည်ဆိုသော်
ငြား ဒေသခံများမှာ မိရိုးဖလာ အသက်မွေးဝမ်းကြောင်းလုပ်ငန်း
များဖြင့် အေးအေးချမ်းချမ်း ရှိနေခဲ့၏။

မောင်တောမြို့ကလေးမှာလည်း ထိုအတိုင်းပင် ဖြစ်၏
သို့သော်လည်း လွန်ခဲ့သည့် နှစ်‚နှစ်ဆယ်ခန့်က သူတို့မြို့သို့ အင်္ဂလိ
အရေးပိုင်ကြီးတစ်ဦး ရောက်ရှိလာခဲ့၏။ ထီးသုံး၊ နန်းသုံးစကားနှင့်
ဆိုရသော် တိုင်းခန်းလှည့်လည်လာခြင်းဟု ပြောရမည်ဖြစ်၏။

ထိုစဉ်က ၎င်းအရေးပိုင်ကြီးနှင့်အတူ လူလတ်ပိုင်းအရွယ်
တရုတ်လူမျိုးတစ်ဦး လိုက်ပါလာ၏။ တကယ်တော့ ၎င်းတရုတ်





ည် မျက်နှာဖြူအရေးပိုင်ကြီးအား လက်ဆောင်ပဏ္ဏာများ တနင့်
ဝေပြီး ချဉ်းကပ်ကာ ၎င်းဒေသသို့ လိုက်ပါလာခဲ့ခြင်း ဖြစ်သည်။

ထိုဒေသသာလျှင် မဟုတ်။ တာဝန်ဖြင့် မျက်နှာဖြူအရေ
ကြီး လှည့်လည်သွားလာသည့် မြို့၊ ရွာတိုင်းကို သူသည် လိုက်ပါ
သည်ချည်းဖြစ်၏။ သို့နှင့်သူသည် ၎င်းမောင်တောမြို့ကလေးသို့
ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

မျက်နှာဖြူအရေးပိုင်ကြီးသည် မည်သည့်မြို့၊ ရွာတွင်မှာ
နေထိုင်ခဲ့ဖူးခြင်းမရှိသည့် နေထိုင်မှုမျိုးဖြင့် မောင်တောမြို့ကလေး
တွင် နေထိုင်ခဲ့လေ၏။ အခြားမြို့ရွာများတွင် သူသည် ခုနှစ်ရက်၊
ဆယ်ပတ်ထက်ပို၍ပြီး နေထိုင်သူမဟုတ်။

ထိုအခါမှာတော့ သူသည် တစ်လခန့်ပင် နေထိုင်လို့သွား
၏။ သူရောက်ရှိနေသည့် နေ့ရက်များအတွင်း သူသည် မည်သည့်
ဒေသတွင်မှ မလုပ်ဘူးသည့်အလုပ်မျိုး ပြုလုပ်ခဲ့သဖြင့် ဒေသခံများ
မှာ မကြုံစဖူး ထူးကဲစွာ ပျော်ရွှင်ခဲ့ကြ၏။ သူတို့အဖို့ နောင်နှစ်
ပေါင်းများစွာ ကြာမြင့်သည့်တိုင် ပြောစမှတ်ဖြစ်ခဲ့ရ၏။

၎င်းပြန်လည်ထွက်ခွာခြင်းမပြုမီ ဆယ်ရက်ခန့်အလိုမှစ၍
သူသည် သူ၏အမိန့်အာဏာဖြင့် ပွဲလမ်းသဘင်ကြီးကို ကြီးကျယ်
ခမ်းနားစွာ ကျင်းပခြင်းဖြစ်၏။ ထိုမျှသာမက ဒေသခံများကို စား
သောက်ဖွယ်ဖြင့် နေ့စဉ်ညှော်ခံကျွေးမွေးလေ၏။

အနီးအပါးရှိ ရွာများကလည်း စိတ်အားထက်သန်စွာ ရောက်
လာကြရာ ဆိုရသော် ထိုမြို့ကလေးမှာ ဘယ်တုန်းကမှ မကြုံဘူး
သည့် ကြက်ပျံမကျစည်ကားခြင်းမျိုးဖြင့် စည်ကားနေတော့၏။ တစ်
လပြည့်မြောက်သည်နှင့် မျက်နှာဖြူအရေးပိုင်ကြီးသည် ဒေသခံများ
ကို နှုတ်ဆက်ပြီး ပြန်လည်ထွက်ခွာသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှာတော့ ငှင်းနှင့်အတူ လိုက်ပါလာသည့် တရုတ်ကြီးသည် ပြန်လည်လိုက်ပါမသွားတော့ဘဲ ထိုမြို့ကလေးတွင် ကျန်ရစ်ခဲ့လေ၏။ အရေးပိုင်ကြီးနှင့်ရှိနေစဉ် ရက်အနည်းငယ်အတွင်းမှာပဲ ထိုတရုတ်ကြီးသည် မြို့၏အရှေ့ပိုင်း အချက်အချာကျသည့်နေရာတွင် ဧကများစွာကျယ်ဝန်းသည့် မြေကြီးတစ်ခြံကို ဝယ်ယူခဲ့လေ၏။

ဆိုရသော် တရုတ်ကြီးသည် ငှင်းမြို့ကလေးတွင် အခြေချနေထိုင်ဖို့ ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။ အရေးပိုင်ကြီးရှိစဉ် ကြက်ပျံမကျစည်ကားစေဖို့ ငွေကြေးစိုက်ထုတ်သုံးစွဲခဲ့သည်မှာလည်း ငှင်းတရုတ်ပင် ဖြစ်၏။

အရေးပိုင်ကြီးသဘောအရဆိုလျှင် ထိုသို့ကိုယ့်အိတ်ထဲက သုံးစွဲဖို့မဆိုနှင့်၊ ဘယ်နေရာရောက်လျှင် ဘယ်သူ့ကို အနိုင်ကျင့်ပြီး ဘယ်လိုငွေညှစ်ရမလဲဆိုတာကို အမြဲစိတ်ကူးနေမြဲဖြစ်၏။ ကိုယ့်အာဏာရှိစဉ်၊ လုပ်ပိုင်ခွင့်ရှိစဉ် အချိန်လေးအတွင်း အင်္ဂလန်ကို အထုတ်လိုက်၊ အထည်လိုက် မ,နိုင်ဖို့ အရေးကိုသာ ခေါင်းထဲထည့်ထားသူဖြစ်၏။

ငှင်းခရီးမှာတော့ သူ့အဖို့ ထိုဆန္ဒတွေကို အထူးတလည်လုပ်ဖို့ မလိုတော့။ မြန်မာပြည်ထဲကို ဘယ်အပေါက်က တိုးဝင်လာမှန်းမသိသော ပေါက်ဖော်ကြီးက ငှင်းဆန္ဒများကို အပြည့်အဝပံ့ပိုးပေးခဲ့၏။

သူ့အဖို့ ငွေကြေးအမြတ်အစွန်းသာမက နိုင်ငံရေးအရအကျိုးများစွာ ဖြစ်ထွန်းခဲ့သဖြင့် လွန်စွာကျေနပ်ပျော်ရွှင်ခဲ့ရ၏။

သူသည် သူ၏အရှိန်အဝါကိုသုံးပြီး ဒေသခံများနှင့် ငှင်းတရုတ်ကြီးကို အကျွမ်းတဝင်ဖြစ်စေဖို့ ဆောင်ရွက်ပေးခဲ့၏။ တရုတ်





ကြီးကလည်း အပေးအကမ်းရက်ရောသည်။ အထူးတလည် အားထုတ်လိုက်ရ။ ဒေသခံများမှာ ရိုးရိုးအေးအေး နေထိုင်ကြသူများဖြစ်ရာ လွန်စွာစိတ်စေတနာကောင်းမွန်သည့် တရုတ်ကြီးကို အထူးပင် နေရာပေးဆက်ဆံကြ၏။

ထိုသို့ဖြင့် တရုတ်ကြီးသည် ကာလတိုတိုအတွင်း ငှင်းမြို့ကလေးနှင့် တသားတည်းဖြစ်သွားတော့၏။ တရုတ်ကြီးကလည်း အပေးအကမ်းရက်ရောသလို ပေါင်းသင်းဆက်ဆံရေးလည်း ကောင်း၏။ လူရည်လည်၏။ သူသည် ကာလတိုတိုအတွင်း ဒေသခံဘာသာစကားနှင့် အကျွမ်းဝင်စေဖို့ အားထုတ်သင်ယူ၏။

သူ၏ ချန်ခိုးပေါင်ဟူသော ပြည်ကြီးပေါက်ဖော်အမည်ကို ခေတ္တသိမ်းဆည်းလိုက်ပြီး ဒေသခံများနှင့်လိုက်ဖက်မည့် အမည်သစ်တစ်မျိုး ပြောင်းလဲလိုက်၏။ ထိုအမည်မှာ ကျော်ဇံသာဟူ၍ ဖြစ်၏။

ရက်ကာလအချို့လွန်မြောက်သည်တွင် သူသည် ငှင်းမြို့ကလေးတွင် ဦးကျော်ဇံသာအဖြစ်လည်းကောင်း၊ ဆရာကျော်အဖြစ်လည်းကောင်း မသိသူမရှိလောက်အောင် ထင်ပေါ်သွားလေ၏။ တစ်နှစ်ဟူသော ကာလအတွင်း သူသည် များစွာပြောင်းလဲသွားလေ၏။

မြို့အရှေ့ဘက်ပိုင်းတွင် ကြီးမားသော နှစ်ဆောင်ပြိုင်အိမ်ကြီးဖြင့် ဝင့်ဝင့်ထည်ထည်နေနိုင်ခဲ့သလို ငယ်ရွယ်ကျန်းမာသည့် ဆယ်ကျော်သက်အရွယ် မိန်းမပျိုလေးတစ်ဦးနှင့်လည်း အိမ်ထောင်ပြုနိုင်ခဲ့ပြီ ဖြစ်၏။

တစ်နှစ်လွန်မြောက်သည်တွင်မတော့ . . . ။ သူသည် ငှင်းမြို့ကလေးတွင် မည်သည့်ခေတ်ကာလတွင်မှ မရှိခဲ့ဘူးသော အစဉ်



www.burmeseclassic.com

www.burmeseclassic.com



အလာတစ်ခုကို စတင်အကောင်အထည်ဖော်လိုက်လေ၏။

သူ၏ခြံဝန်းရှေ့ မြေကွက်လပ်ကျယ်ကြီးကို လူအင်အားဖြင့် ရှင်းလင်းပြုပြင်ပြီး ခန့်ညားသည့် နတ်ကွန်းအဆောင်ကြီးတစ်ဆောင် ဆောက်လုပ်လေ၏။ မြင်ရုံနှင့် ပူဇော်ပသချင်စိတ်များဖြစ်လာအောင် လက်ရာမြောက်စွာ ဆောက်လုပ်၏။

နတ်ကွန်းကြီးအား နှစ်အနည်းငယ်အတွင်း အမိုး၊ အကာသဖွယ်ဖြစ်စေဖို့ ညောင်ပင်တစ်ပင်ကိုလည်း စနစ်တကျစိုက်ပျိုး၏။ ၎င်းအစီအစဉ်များ ပြီးမြောက်သည်နှင့် သူသည် အစဉ်အဆက်အရှိန်အဝါကြီးမားသည့် မြို့ခံပုဂ္ဂိုလ်အချို့ကို ပင့်ဖိတ်၏။ စားကောင်းသောက်ဖွယ်များ ညှိခံကျွေးမွေး၏။ တန်ဖိုးကြီးအသုံးအဆောင်များကို လက်ဆောင်ပေး၏။

၎င်းနတ်ကွန်းကြီး၏အရှိန်အဝါကို သက်ဝင်လှုပ်ရှားစေဖို့ ၎င်းပုဂ္ဂိုလ်ကြီးများ၏ အရှိန်အဝါကို အသုံးချလိုက်ခြင်း ဖြစ်သည်။ သို့နှင့် သူသည် နတ်ကွန်းကြီးပြီးမြောက်ခြင်းအတွက် အထိမ်းအမှတ်ပွဲလမ်းသဘင်ကျင်းပသည့်ကိစ္စမှာ လွယ်လွယ်ကူကူပင် အထမြောက်သွား၏။

၎င်းကပင်စ၍ နတ်ကွန်းကြီးတွင် ပူဇော်ပသမှုအမျိုးမျိုးကို ဒေသခံများ ထင်သာ၊ မြင်သာရှိအောင် ဦးဆောင်ပြုလုပ်လေ၏။ မကြာပါ . . ဒေသခံများလည်း သူ့လိုပင် ကိုယ်တော်နိုင်သလောက် လာရောက်ပြီး ပူဇော်ပသခြင်းအမှု ပြုကြလေရာ ကာလတိုတိုအတွင်းမှာပဲ ၎င်းနတ်ကွန်းကြီးမှာ အမွှေးနံ့သာရနံ့များ ထုံသင်းနေတော့၏။

ထို့နောက်ပိုင်းမှာတော့ သူသည် လယ်မြေအမြောက်အမြားဝယ်ယူလေ၏။ လယ်မြေများသာမက ငါးဖမ်းစက်လှေများလည်း ဝယ်ယူလေ၏။ တရုတ်ကြီး၏ ပိုင်ဆိုင်မှုများ၊ ကြွယ်ဝချမ်းသာမှုများ





မှာ ဒေသခံများအဖို့ လက်ဖျားခါလောက်အောင် တအံ့တသြဖြစ်နေတော့၏။

"ခင်ဗျားတို့ ကျုပ်ကိုကြည့်ပြီး အံ့သြနေတယ်ပေါ့လေ၊ အထင်ကြီးအားကျနေမှာပေါ့ . . . ဟုတ်လား . . . ဟား . . . ဟား . . . ဟား . . . "

ထိုအခါမှာတော့ တရုတ်ကြီးသည် ရခိုင်ဘာသာစကားကို တရုတ်သံမပါဘဲ ပြေပြစ်စွာ ပြောဆိုနိုင်ပြီဖြစ်၏။

"လူတစ်ယောက်ဟာ အခြေအနေတစ်ခုကို ပြောင်းတဲ့အခါ အကြောင်းမဲ့ ပြောင်းသွားတာမဟုတ်ဘူး၊ အဲဒီလို ပြောင်းသွားဖို့ တွန်းအားပေးလိုက်တဲ့ အကြောင်းရှိလို့သာ ပြောင်းရတာပဲ၊ ကျုပ်ဘာကြောင့် အခုလိုပြောင်းလဲသွားတယ်ဆိုတာကို ခင်ဗျားတို့သိအောင် ကျုပ်ပြောပြနိုင်ပါတယ်၊ ကျုပ်လျှို့ဝှက်ချက်မထားပါဘူး၊ ပြောလည်း ပြောချင်ပါတယ်၊ ပြောဖို့လည်း သိပ်ကိုဆန္ဒရှိပါတယ်။

ကြီးပွားတိုးတက်ခြင်းဟာ လူတစ်ဦးတစ်ယောက်တည်း ဆုပ်ကိုင်ထားလို့ မရပါဘူး၊ ဆုပ်ကိုင်ထားဖို့လည်း မသင့်ပါဘူး၊ အင်မတန် အောက်တန်းကျပြီး တစ်ကိုယ်ကောင်းဆန်တဲ့ သူတွေသာ အဲဒီလိုစိတ်မျိုး ရှိကြလိမ့်မယ်၊ ကျုပ်ကတော့ ခင်ဗျားတို့သိတဲ့အတိုင်း ဒီဒေသမှာ အခြေချနေထိုင်ကတည်းက ဘာတွေဘယ်လိုလုပ်ခဲ့တယ်ဆိုတာ ခင်ဗျားတို့သိပါတယ်။

ကဲပါလေ . . . ကျုပ်လိုရင်းကိုပဲ ပြောပါ့မယ်၊ ခင်ဗျားတို့ကျုပ်လိုတိုးတက်ကြီးပွားလိုကြတယ် မဟုတ်လား၊ ကောင်းပြီ . . . ကျုပ်အခုလို ဖြစ်ရခြင်းရဲ့ အဓိကအကြောင်းရင်းက ကျုပ်ဟာ နတ်ကွန်းမယ်တော်ကြီးကို ယုံယုံကြည်ကြည်ဆည်းကပ် ကိုးကွယ်ပြီး ပူဇော်ပသတယ်၊ လိုရာဆုတောင်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့ထဲက တစ်ချို့လည်း ကြားဖူးကြမှာပေါ့၊ အိုင်ယာလန်ထီဆိုတာ၊ ကျုပ် အခုလို ပြောင်းလဲဖြစ်ထွန်းသွားတာ အဲဒီအိုင်ယာလန်ထီပေါက်လို့ပဲ၊ အဲဒီလို ထီပေါက်တာ ဘယ်သူ့ကြောင့်လဲ၊ နတ်ကွန်းမယ်တော်ကြီးကြောင့်ပေါ့ဗျာ၊ မယ်တော်ကြီးက ကျုပ်ကို အိပ်မက်ပေးလို့ ကျုပ်အဲဒီကမ္ဘာကျော်ထီဆုကြီးပေါက်တာ”

ထိုစကားများကို ကြားရသည့် ဒေသခံများမှာ ပါးစပ်အဟောင်းသားဖြင့် အံ့ဩနေကြ၏။ မည်သို့ဆိုစေ ထိုအဖြစ်ကြောင့် ဒေသခံများသည် ယောကျ်ား.မိန်းမ၊ ကလေးပါမကျန် စိတ်ဝင်တစားဖြစ်သွားကြသလို နတ်ကွန်းကြီးမှာလည်း နေ့ညမပြတ်စည်ကားသွားလေ၏။

ထိုနေ့မှအစပြု၍ ရက်ကာလအနည်းငယ် လွန်မြောက်သည်တွင် တရုတ်ကြီး၊ ရခိုင်အမည် ဦးကျော်ဇံသာသည် သူ့စိတ်၌ ရက်ကာလများစွာ ကြံစည်ထားသည့် စီမံကိန်းကြီးကို အကောင်အထည်ဖော်ဖို့ နည်းဗျူဟာများ ချမှတ်လေတော့၏။

အထူးပင် အားမထုတ်လိုက်ရ . . .။ သူဖြစ်ချင်သည့် အနေအထားအတိုင်း ကွက်တိဖြစ်သွားလေ၏။

သူသည် အရှိန်အဝါရှိသည့် ရပ်မိရပ်ဖဒေသခံများကို အကွက်ကျကျအသုံးချပြီး သူ့အလိုသို့ ဆွဲဆောင်နိုင်ခဲ့ရာ မကြာခင်မှာပဲ သူ့ဆန္ဒပြည့်ဝသွားတော့၏။

တရုတ်ကြီးဦးကျော်ဇံသာသည် နတ်ကွန်းကြီးရှေ့တွင် ပေနှစ်ဆယ်ခန့်ရှည်လျားသည့် သစ်လုံးတိုင်ကြီးကို စိုက်ထူလေ၏။ ၎င်းတိုင်ကို ရဲရဲတောက်နေစေဖို့ အနီရောင်ဆေးရည်ကို သုတ်လိမ်းလိုက်၏။ တိုင်ထိပ်တွင် လက်ကောက်ဝတ်အရွယ်အစားရှိပြီး တစ်တောင်ခန့်အရှည်ရှိသည့် သစ်သားလုံးကို ကန့်လန့်ဖြတ်ရှိနေစေ၏။





၎င်းအနီရောင်ဆေးရည်သုတ်ထားသည့်တိုင်မှာ တစ်ပေပတ်လည်ခန့်ရှိရာ မြင်ရုံနှင့် ကြွားကြွားဝံ့ဝံ့ရှိလှ၏။ တိုင်စိုက်ထူသည့်နေ့က လူအများမှာ ကြက်ပျံမကျစည်ကားလှပေ၏။

ဆိုရသော် ၎င်းတို့ရှိသေမှုပြုကြသည့် နတ်ကွန်းမယ်တော်ကြီး၏အိပ်မက်အရ ထိုတိုင်ကြီးစိုက်ထူရခြင်းဖြစ်ကြောင်း တရုတ်ကြီးဦးကျော်ဇံသာက ကြေညာလိုက်၍ဖြစ်သည်။ ထိုမျှသာလျှင်မက . . . တရုတ်ကြီးက ဒေသခံများ၏ ကြီးပွားတိုးတက်ဖို့ကို ကူညီမစမည့် နတ်ကွန်းမယ်တော်ကြီးက သူ့အား တာဝန်ပေးအပ်လိုက်သဖြင့် ထိုသို့တိုင်ကြီး စိုက်ထူရခြင်းဟု ဆိုလေ၏။

ထိုအခါမှာတော့ ဒေသခံများသည် တရုတ်ကြီးဦးကျော်ဇံသာကို သံသယမရှိ ယုံကြည်နေကြပြီဖြစ်ရာ တရုတ်ကြီးလုပ်သမျှအရာရာ ကျေနပ်လက်ခံကြလေ၏။

“ကဲ . . . မိတ်ဆွေတို့၊ ဒီတိုင်ကြီးဟာ ခင်ဗျားတို့ရဲ့ဘဝကို ပြောင်းလဲပေးမယ့် နတ်ကွန်းမယ်တော်ကြီးရဲ့ လက်ဆောင်ပဲ၊ ခင်ဗျားတို့အားလုံး မယ်တော်ကြီးရဲ့အစီအမံအတိုင်း လိုက်နာကြပေတော့၊ ဘယ်လိုလိုက်နာရမယ်ဆိုတာ နောက်တစ်ပတ်ကစပြီး ကျုပ်အသေးစိတ်ရှင်းပြမယ်”

ထိုနေ့ ထိုအချိန်က တရုတ်ကြီးဦးကျော်ဇံသာပြောခဲ့သည့် အဆုံးသတ်စကားပင် ဖြစ်၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

နှစ်ကာလအချို့ လွန်မြောက်ခဲ့ပြီဖြစ်၏။ ဆိုရသော် ဆယ်စုနှစ်၊ နှစ်စုကျော်မျှ ကြာမြင့်ခဲ့ပြီဖြစ်၏။ မောင်တောမြို့လေး၏ဒေသခံများသာမက အနီးအပါးရှိ ကုလားရွာများမှာလည်း ၎င်းနတ်ကွန်းမယ်တော်နှင့် အကျွမ်းတဝင်ရှိသွားကြပြီ ဖြစ်၏။

၎င်းနှစ်,နှစ်ဆယ်ကာလအတွင်း တရုတ်ကြီးဦးကျော်ငံသာသည်လည်း ထားဖို့နေရာမရှိလောက်အောင် ကြွယ်ဝချမ်းသာခဲ့ပြီဖြစ်၏။ အသက်အရွယ်လည်း ကြီးရင့်လာသလို သားသမီးများပင် အတော်အတန် အရွယ်ရောက်လာပြီဖြစ်၏။

ဆိုရသော် သူ၏စီးပွားဥစ္စာများကို နတ်ကွန်းမယ်တော်ကြီးက တအိအိတိုးပွားအောင် ကူညီမစပေးခဲ့ခြင်း ဖြစ်သည်။ ထို့အတူ နတ်ကွန်းကြီးမှာလည်း ခန့်ညားသည်ထက် ခန့်ညားထည်ဝါခဲ့လေ၏။

ရက်သတ္တပတ်လျှင် တစ်ရက် . . .။ ၎င်းရက်မှာ အစိုးရရုံးပိတ်ရက်ဖြစ်သည့် တနင်္ဂနွေနေ့ . . .။





မောင်တောမြို့ကလေးသည် နံနက်လင်းအာရုဏ်သန်းသည့်အချိန်ကတည်းက ယခင်နေ့များနှင့် များစွာခြားနားလျက် သက်ဝင်လှုပ်ရှားနေလေ၏။ တစ်နည်းဆိုရသော် ရင်ခုန်မှုများနှင့် ပြည့်နှက်နေသည်ဟု ယူဆရမည်ဖြစ်၏။

တစ်ချို့ဆိုလျှင် ညက တစ်ရေးမှ အိပ်မပျော်သူများပင် ရှိ၏။

တနင်္ဂနွေအပတ်စဉ်တိုင်း မယ်တော်ကြီး၏ ပေါက်ကောင်ချီးမြှင့်ပွဲ ဖွင့်မည့်နေ့ဖြစ်နေသောကြောင့်ပင်။ တစ်ချို့က တစ်ကိုယ်တည်း . . .။ တစ်ချို့ကျပြန်တော့ ကိုယ့်အုပ်စုနှင့်ကိုယ် . . .။ မိန်းမသားတွေကလည်း ဟိုတစ်စု သည်တစ်စု . . .။

လူငယ်လူရွယ်တွေကလည်း စာရွက်လေးတွေ တကိုင်ကိုင်။ အချို့ကျပြန်တော့ ကိုယ့်စိတ်ကူးကို တစ်ပါးသူအားမပြောဘဲ ဆရာကြီးဂိုက်မျိုး လုပ်သူတွေလည်း ရှိ၏။

ထိုနေ့ရောက်လေတိုင်း ဒေသခံများမှာ မိသားစုစားဝတ်နေရေးအတွက် အနည်းငယ်မျှပင် ပူပင်သောကမရှိကြ။ လုပ်ငန်းခွင်ဝင်ရောက်သူလည်း မရှိသလောက် ဖြစ်သွားကြ၏။

တွက်ကြချက်ကြသူတွေ၊ အတိတ်စိမ်းကို အစီပွါယ်ကောက်ကြသူတွေ၊ တချို့များဆိုလျှင် အိပ်မက်တွေ အလုအယက်မက်ကြ၊ ကိုယ့်အိပ်မက်သူ့အိပ်မက် အမြင်ချင်းဖလှယ်ပြီး အစီပွါယ်ဖွင့်ဆိုကြ . . .။ လက်ဖက်ရည်ဆိုင်ရှင်တွေအဖို့တော့ အတော့်ကို တွက်ခြေကိုက်သည့်နေ့ပင် ဖြစ်၏။

ပြောလိုက်ကြ၊ ဆိုလိုက်ကြ၊ ငြင်းလိုက်ကြဖြင့် မမောနိုင်၊ မပမ်းနိုင်ရှိလှသည့် နေ့တစ်နေ့ဟု ဆိုရမည်ဖြစ်၏။

"ဝေး . . . လှဦးမောင်၊ တစ်ယောက်တည်းလား လာပါဦး



www.burmeseclassic.com

www.burmeseclassic.com



ကွာ . . . အမောပြေရေနွေးလေးဘာလေး သောက်ပါဦး”

ကိုယ့်အတွေးနှင့်ကိုယ် လျှောက်လှမ်းလာရင်း ရုတ်တရက် လှမ်းခေါ်လိုက်သည့် အသံကြားလိုက်ရသဖြင့် လှဦးမောင်ဟူသော ပုဂ္ဂိုလ်လည်း ရပ်ကာ သူ့အားခေါ်လိုက်သည့် ခြံဝန်းထဲသို့ ကြည့်လိုက်၏။

လှဦးမောင်သည် ဦးခေါင်းကို ဆတ်ခနဲ ငြိမ့်လိုက်ပြီး သူသာလျှင် နားလည်သည့်အပြုံးမျိုး ပြုံးလိုက်၏။ ထိုသူ . . .။ တင်မြင့်ဦး . . .။ သူ့ဘာကြောင့် လှမ်းခေါ်သည်ကို လှဦးမောင်တွေးမိ၍ ပြုံးလိုက်ခြင်းဖြစ်သည်။

တင်မြင့်ဦးသည် ကွပ်ပြစ်တွင်ထိုင်လျက် ရေနွေးကြမ်းသောက်ရင်း အလုပ်ရှုပ်နေ၏။ အခြားအရာများနှင့်မဟုတ်။ ခဲတံ၊ စာရွက်များနှင့် ဖြစ်၏။

စာရွက်ပေါ်တွင်လည်း နေရာလွတ်မကျန်အောင် ရေးခြစ်ထားသည်ကို မြင်လိုက်ရသဖြင့် လှဦးမောင်က သဘောကျစွာ ရယ်လေ၏။

“ဘယ်လိုလည်း စာရေးဆရာရဲ့၊ စာရွက်ပေါ်က ဇာတ်ကောင်တွေက များလှချည်လား၊ တကယ့် ဂန္ထဝင်ဝတ္ထုကြီးရေးတော့မယ်ထင်တယ်”

“ဟာ . . . မင်းကလည်း အရေးထဲနောက်နေပြန်ပြီ၊ ဒီမှာ မနေ့ကတစ်ညလုံး မအိပ်ဘဲ ခေါင်းကိုအလုပ်လုပ်ထားတာ၊ ဦးခေါင်းတစ်ခုလုံး မီးထတောက်မလား ထင်ရတယ်”

လှဦးမောင်က ငှဲ့ငင်းပြည့်ခဲ့သည့် ရေနွေးကြမ်းကို နှစ်ခွက်ခန့်ငှဲ့သောက်လိုက်ပြီး ငှက်ပျောရွက်ဖြင့် အသင့်ထုတ်ထားသည့် ကွမ်းယာထုပ်လေးကိုဖြည်ကာ ကွမ်းတစ်ယာကို ထုတ်ယူဝါးလိုက်၏။





ကွမ်းဝါးနေလျက်က တင်မြင့်ဦးရေးခြစ်ထားသည့် စာရွက်ပေါ်က သင်္ကေတများကို ဆရာကြီးဂိုက်မျိုးဖြင့် ဆွဲယူကြည့်လေ၏။ ကွမ်းတံတွေးကို နှစ်ကြိမ်၊ သုံးကြိမ်ခန့် ပြစ်ကနဲ ထွေးထုတ်ပြီးစဉ်မှာတော့ . . .

“ခင်ဗျားကတော့ စာရေးဆရာပီပီ အတော့်ကို အသေးစိတ်တွက်ချက်ထားတာပဲ၊ ဆိုစမ်းပါဦး . . . တစ်ညလုံး ခေါင်းစားထားတာဆိုတော့ ဘယ်လိုအဖြေမျိုးရသလဲ”

“မယ်တော်ကြီးကတော့ အတိတ်စိမ်းသုံးခုပေးထားတယ်၊ ဒီတော့ အတူပေါင်းဖက် လည်ချင်းယှက်ဆိုတဲ့ အတိတ်စိမ်းကို အကြိုက်ဆုံးပဲ”

လှဦးမောင်က ကွမ်းတံတွေးကို ပြစ်ကနဲ ထွေးထုတ်လိုက်ပြီး တစ်ချက်စဉ်းစားလိုက်ပြီး . . .

“အင်း . . . မဆိုးပါဘူး၊ ဖြစ်နိုင်ချေရှိပါတယ်၊ ဒီတော့ ဘယ်လိုအကောင်မျိုးအဖြေထွက်လဲ”

“အဲဒီအတိတ်စိမ်းအရဆိုရင်တော့ ဟင်္သာလို့ သတ်မှတ်ရမှာပေါ့၊ တစ်သက်လုံး တစ်ကောင်ဆိုတစ်ကောင်ပဲ ပေါင်းဖက်ကြတဲ့ တိရစ္ဆာန်ဆိုတာ ဟင်္သာကလွဲပြီး အခြားအကောင်မရှိဘူးလေ”

ထိုအခိုက် တင်မြင့်ဦး၏ဇနီးက အိမ်အတွင်းမှ ကပျာကယာထွက်လာပြီး . . .

“အို . . . ရှင်ကလည်း ဒီဟင်္သာမှဟင်္သာ လုပ်နေတယ်၊ ငန်းလည်း ဖြစ်နိုင်တာပဲ”

လှဦးမောင်က မျက်မှောင်တစ်ချက်ကျုံ့လိုက်ပြီး . . .

“အောက်ချင်းငှက်လည်း ဖြစ်နိုင်တယ်ဗျ”

“ဟာ . . . မင်းကလည်း အဲဒီငှက်ကို မယ်တော်ကြီးပေါက်



www.burmeseclassic.com

www.burmeseclassic.com



ကောင်ဖွင့်ပွဲမှာ စာရင်းသွင်းမထားဘူး"

"စာရင်းသွင်းတာ မသွင်းတာက တစ်ကဏ္ဍလေ၊ ကျုပ်တို့က အတိတ်စိမ်းတစ်ခုကို ရှုဒေါင့်ပေါင်းစုံက ချဉ်းကပ်ပြီး စဉ်းစားပုံဖော်ရမှာပေါ့"

"မလိုအပ်တာတွေ စဉ်းစားလို့တော့ ဘယ်ဖြစ်မလဲကွ၊ အသားလွတ် ခေါင်းရှုပ်ရုံပဲ ရှိမှာပေါ့"

"အို . . . ရှင်ကလည်း စာရေးဆရာလုပ်နေပြီး အတော်အတွေးတိမ်တာပဲ၊ တစ်ခုဆိုတစ်ခုတည်း ယုံကြည်နေရင် ရှင့်အိမ်တိုင်ကျွတ်သွားတာတောင် မယ်တော်ကြီးရဲ့ပေါက်ကောင်နဲ့ တိုးမှာမဟုတ်ဘူး"

တင်မြင့်ဦး၏ဇနီးကလည်း လင်တော်မောင်ကို မျက်စောင်းထိုးရင်း အလိုမကျသည့် အမူအရာဖြင့် ဝင်ပြောလေ၏။ တင်မြင့်ဦးက ယောက်ျားတွေစကားဝိုင်းတွင် မိန်းမဝင်ပါသည်ကို ကြိုက်သူမဟုတ်။ လူပုစိတ်တိုပိပိ မျက်ထောက်နီကြီးဖြင့် သူ့မိန်းမကို မကျေမနပ်ကြည့်လိုက်၏။

မိန်းမကလည်း လင်တော်မောင်၏စိတ်ကို သိပြီးသား . . .။ ဇက်ကလေးပုသွားပြီး မျက်လွှာချကာ ငြိမ်သွား၏။

သူမကလည်း ဝင်ပြောချင်လို့ ပြောခြင်းမဟုတ်။ မပြောမဖြစ်သည့် အကြောင်းကလည်း ရှိ၏။

မယ်တော်ကြီးပေါက်ကောင်ချီးမြှင့်ပွဲကို သူ့လင် တင်မြင့်ဦးသာလျှင် မဟုတ်။ သူမကိုယ်တိုင်လည်း အလွန်စိတ်ဝင်စားသည်။ ဂါသနာလည်း သူ့လင်ထက်ပင် မလျော့။ ပိုတောင် ပိုလိမ့်ဦးမည်။

သူ့လင်ကတော့ မယ်တော်ကြီးချီးမြှင့်ပွဲဆင်နွဲရာမှာ စည်းနှင့်ကမ်းနှင့် ဝင်ရောက်ဆင်နွဲသူဖြစ်၏။ တစ်ပတ်လျှင် ဘယ်လောက်





ဆင်နွဲမည်ဟု သတ်မှတ်ထား၏။ ဆင်နွဲသည့်အခါမှာလည်း ပုန်းလျှိုးကွယ်လျှိုး၊ သူမ,မသိအောင် ဘယ်တော့မှမလုပ် . . .။

လင်မယားချင်း ပွင့်ပွင့်လင်းလင်း တိုင်ပင်စမြဲဖြစ်၏။ ထိုအဖြစ်ကြောင့် သူ့လင်,တင်မြင့်ဦးကို ရှေ့မှာတော့ မပြောပေမယ့် စိတ်ထဲကကြိတ်၍ ချီးကျူးစမြဲဖြစ်၏။

သူမကတော့ ထိုသို့မဟုတ်။ သူ့လင်,တင်မြင့်ဦးလို စိတ်မထိန်းနိုင် . . .။ ဈေးဗန်းထဲက အသာနှိုက်ပြီး မယ်တော်ကြီးပေါက်ကောင်ပွဲအတွက် တင်မြင့်ဦးမသိအောင် ကြိတ်ထိုးစမြဲဖြစ်၏။ ပေါက်ကောင်တိုးလျှင်လည်း လင်မသိအောင် အသာဖွက်ထား၏။

သို့သော်လည်း သူမစိတ်ကူးသည့်ပေါက်ကောင်က အမြဲလိုလို လွဲချော်သွားသည်ချည်းပင်။ အတော်လေး ဖြူခါပြာခါကျမှ တစ်ကြိမ်လောက် တိုးချင်တိုးသွားတတ်၏။ သို့သော်လည်း သူမစိတ်ဓါတ်မကျ။ နောင်တလည်း မရ။ ဝမ်းနည်းတာမျိုးလည်း မရှိ။

ရက်သတ္တတစ်ပတ်လည်လာတိုင်း သူမစိတ်ခံစားမှုက ပေါက်ကောင်တိုးဖို့ ရုန်းကြွလာစမြဲဖြစ်၏။ သူမသာလျှင် မဟုတ်။ မောင်တောမြို့ကလေးတစ်မြို့လုံး ထိုသို့ပင် ရှိနေကြသည် မဟုတ်လား။ အနီးကပ်ဆုံးရှိနေသည့် သူမလင်တော်မောင်ပင် ထိုနေ့ရောက်ဖို့ နီးလာသည်နှင့် သူမအနားကပ်သည်ကို မနှစ်မြို့ချင်တော့ . . .။

အလုပ်လည်း ကောင်းကောင်းမလုပ်တော့။ အအိပ်အစားလည်း သိပ်ပြီး ဂရုမစိုက်တော့ . . .။ အချိန်ရှိသ၍ ခဲတံနှင့် စာရွက်နှင့် . . .။ လက်ဖက်ရည်ဆိုင် မကြာခဏထွက်၊ တွေ့သမျှလူတွေကို အိပ်မက်တွေလိုက်မေး၊ တစ်နေကုန် ရှုပ်ယှက်ခတ်နေစမြဲဖြစ်၏။

ထိုနေ့မှာလည်း သူမသည် လင်တော်မောင်မသိအောင်

www.burmeseclassic.com



ပေါက်ကောင်ချီးမြှင့်ပွဲကို သူမအတွေးနှင့်သူမ ကြိတ်၍ထိုးပြီးဖြစ်၏။

"နောက် . . . အတိတ်စိမ်းတစ်ခုကိုတော့ ကျုပ်က ဒီလို အဓိပ္ပါယ်ဖွင့်ထားတယ်ဗျ"

လှဦးမောင်က ရေနွေးတစ်ခွက်ငှဲ့ရင်း ပြောလိုက်၏။ တင်မြင့်ဦးတို့ ဇနီးမောင်နှံလည်း စိတ်ဝင်တစားဖြင့် ခန္ဓာကိုယ်ကို ရှေ့သို့ ကိုင်းရင်း . . .

"ဆိုစမ်းပါဦး . . ."

"မယ်တော်ကြီးဖင် မိုးပေါ်ထောင် လူလား၊ နတ်လား မခွဲခြားတဲ့"

"ဟော . . . ဒါ . . . ဒါဆို . . ."

တင်မြင့်ဦးက သူ့အကျင့်အတိုင်း စာရွက်နှင့်ခဲတံကို လှမ်းယူလိုက်စဉ် လှဦးမောင်က အလိုမကျဖြစ်သွားပြီး . . .

"ဟာ . . . ကိုတင်မြင့်ဦးကလည်း ခေါင်းရှုပ်စရာမဟုတ် ရှုပ်တော့မယ်၊ ဒီလောက်ရှင်းနေတဲ့ အဖြေကိုများ . . ."

ထိုအခိုက် တင်မြင့်ဦးဇနီးက စွာတာတာအသံဖြင့် . . .

"အဲ . . . အဲဒါ နဂါးမဟုတ်လား"

လှဦးမောင်က သူ့ပေါင်ကို လက်ဝါးဖြင့် အားရဝမ်းသာ ဖြန်းကနဲ ရိုက်လိုက်ပြီး . . .

"အသေအချာပေါ့ မရွှေတုတ်ရယ်၊ နဂါးကလွဲပြီး ဘာဖြစ်နိုင်ဦးမှာလဲ . . . ဟား . . . ဟား . . . ဟား . . . ဟား၊ တွေ့လား . . . ကိုတင်မြင့်ဦး၊ ခင်ဗျားမိန်းမ မရွှေတုတ်ရဲ့အစွမ်းကို လျှော့မတွက်နဲ့ဗျ"

မရွှေတုတ်က သဘောကျစွာ တခစ်ခစ်ရယ်လေ၏။ တင်မြင့်ဦးလည်း ခဲတံကိုကိုင်ရင်း တွက်ရမလို၊ မတွက်ရမလိုနှင့် အူ





ကြောင်ကြောင် ဖြစ်သွားလေ၏။

"နောက်အတိတ်စိမ်းတစ်ခုက ရေမှာလည်း ကမြင်း၊ က ် မှာလည်း သောက်ကမြင်းကြောထ၊ တစ်ခါတလေတော့ ငြိ်် သက်သက် . . ."

"မိချောင်းကွာ . . ."

ထိုတစ်ခါတော့ တင်မြင့်ဦးက သူ့မိန်းမထက် လက်ဦးမှု ယူလိုက်၏။ သူ့မိန်းမကလည်း အားကျမခံလေသံဖြင့် . . .

"အို 'ဘဲ'လည်း ဖြစ်နိုင်တာပေါ့"

ထိုအခါမှာတော့ သူတို့သုံးဦး၏အမြင်များမှာ မတူကွဲပြားဆိုသလို ဖြစ်သွားကြ၏။ ပေါက်ကောင်ကစားသူတို့ ထုံးစံအတိုင်း ကိုယ်ထင်မြင်ရာကို ပြောဆိုငြင်းခုန်ကြရာ အိုးထဲက ရေနွေးကြမ်း ကုန်သည့်တိုင်အောင် တိကျစွာ အဖြေမရရှိဘဲ ဖြစ်နေတော့၏။

ထိုသို့ရှိနေစဉ်မှာပဲ သူတို့ခြံဝန်းရှေ့မှ ဈေးတောင်းရွက်ပြီး ခပ်သုတ်သုတ်လျှောက်နေသည့် အမျိုးသမီးကို တင်မြင့်ဦးက ရုတ်တရက် လှမ်းမေးလိုက်၏။

"ဟေ့ . . . မဦးသန်း၊ ဘာတွေများ ဒီလောက်အရေးကြီးနေတာလဲ၊ ဆိုပါဦး . . . နင် ဘာကောင်ရထားလဲ"

သူမက ခြေလှမ်းကို တုန့်ခနဲရပ်ပြီး ခြံဝန်းထဲသို့ ရင်းနှီးခင်မင်သည့် မျက်ဝန်းဖြင့် ကြည့်ရင်းက . . .

"ညက ကျုပ်အိပ်မက်မက်တယ်၊ ဝက်တွေ ကျုပ်ဝိုင်းထဲကို တဆုန်ပေါက်ပြီး ဝင်လာကြတာလေ၊ အများကြီးပဲ၊ ပြီးတော့ ကျုပ်ကို ပွတ်သီးပွတ်သပ် ကျီစယ်ကြတယ်၊ ဟီ . . . ဟီ . . . အသည်းယားဖို့ ကောင်းတယ်၊ ကျုပ်တော့ ဘာမှမတွေးတော့ဘူး၊ အချိန်လေးရှိတုန်း မယ်တော်ကြီးဆီမှာ 'ဝက်' ကိုပဲ သွားထိုးမယ်"

www.burmeseclassic.com



ထိုအမျိုးသမီးက အိပ်မက်သမား။ မက်လိုက်သည့် အိပ်မက်တွေကလည်း တစ်ပုံတစ်ခေါင်း။ လူအိပ်မက်ကို သိပ်မမက်။ တိရစ္ဆာန်အိပ်မက်တွေချည်းသာ မက်၏။

တိုက်တိုက်ဆိုင်ဆိုင် ပေါက်ကောင်ပေါ်သည်က နည်းနည်း။ လွဲသည်က ခပ်များများ . . .။

ဇင်းအမျိုးသမီးက နှုတ်ဆက်ပြီး ကပျာကယာပင် ထွက်ခွာသွား၏။

တင်မြင့်ဦး၏ဇနီးက သူမတို့မိန်းမသားချင်းသာ နားလည်သည့်အဓိပ္ပါယ်ဖြင့် နှာခေါင်းတစ်ချက်ရှုံ့လိုက်၏။ သဘောကတော့ ပေါက်ကောင်အတိတ်စိမ်းဖော်ရာမှာ ထိုအမျိုးသမီး၏ဉာဏ်ရည်မှာ သူမလောက် အဖြစ်ရှိသူမဟုတ်ဆိုသည့် သဘောပင်ဖြစ်၏။

* * * *



## အခန်း (၃)

မောင်တောမြို့ကလေးသည် နယ်စပ်ဒေသတွင် ရှိသော်လည်း အခြားသော ကျေးရွာများထက် အချက်အချာကျသဖြင့် လွန်စွာစည်ကား၏။ မြို့လေးနှင့်ကပ်လျက် ရှိနေသည့် ကုလားတန်မြစ်မှာ ထိုဒေသကို စည်ကားအောင် အထူးပံ့ပိုးပေးထား၏။

မြစ်၏တစ်ဖက်ခြမ်းမှာ အိန္ဒိယနိုင်ငံဖြစ်၏။ ဟိုဘက်သည်ဘက် ကုန်စည်ကူးသန်းရောင်းဝယ်ရာတွင် မောင်တောမြို့လေးမှာ အခြေစိုက်မြို့လုပ်ကြရမြဲ ဖြစ်၏။ ထို့ကြောင့် ဘေးပတ်ဝန်းကျင်ရွာများက မည်သည့်အဝတ်ဓာထည်၊ စားသောက်ကုန်ပစ္စည်းမှအစ လိုအပ်လျှင် ဇင်းမြို့ကလေးသို့ လာရောက်ဝယ်ယူကြရမြဲ ဖြစ်သည်။

မောင်တောမြို့အနီးတစ်ဝိုက်တွင် ငါးခူရ၊ ရောင်ချော၊ ဒြုပြင်၊ ကျိန်ချောင်း၊ ဘော်ဒီချေး စသည့်ရခိုင်ရွာများရှိသလို ရခိုင်ရွာများသာလျှင်မက ဘင်္ဂါလီကုလားရွာများမှာလည်း ယက်ညိုးထိုး



www.burmeseclassic.com

www.burmeseclassic.com



မလွဲဆိုသလို အများအပြားရှိ၏။

မယ်တော်ကြီး၏ပေါက်ကောင်ချိုးမြှင့်ပွဲ ဒိုင်ချုပ်မှာ မောင်တောမြို့ကလေးတွင် လွန်ခဲ့သည့် နှစ်,နှစ်ဆယ်ခန့်က မျက်နှာဖြူ အရေးပိုင်ကြီးနှင့် ရောက်ရှိလာသည့် တရုတ်လူမျိုး ချန်ခိုးပေါင်ဟူသော ပုဂ္ဂိုလ်ကြီးဖြစ်၏။ ထိုအချိန်မှာတော့ ၄င်းတရုတ်ကြီးသည် ဦးကျော်ဇံသာဟူသော ရခိုင်အမည်ကို ခံယူထား၏။

မယ်တော်ကြီးနတ်ကွန်းကို ဦးစီးဦးဆောင် ဆောက်လုပ်သူမှာလည်း သူပင်ဖြစ်၏။ တရုတ်ကြီးဦးကျော်ဇံသာသည် သူရောက်ရှိပြီး ဆယ်စုနှစ်,နှစ်ခုအတွင်း လွန်စွာပြောင်းလဲသွားပြီ ဖြစ်၏။ သူလည်း ပြောင်းလဲသွားသလို ဒေသခံများလည်း အတော်များများ ပြောင်းလဲသွားကြလေ၏။

တရုတ်ကြီးဦးကျော်ဇံသာ၏ပြောင်းလဲခြင်းမှာ ၄င်းမြို့ကလေးတွင်သာမက အနီးအပါးရှိ ရွာများတွင်လည်း သူပိုင်ဆိုင်သည့် လယ်မြေများကို လက်ညှိုးထိုးမလွဲ တွေ့မြင်နိုင်ခြင်းဖြစ်၏။ လယ်မြေများသာလျှင် မကသေး၊ ကျွဲ၊ နွားများ၊ ငါးဖမ်းစက်လှေများလည်း ပလူပျံအောင် ပိုင်ဆိုင်နေပြီဖြစ်၏။

ဒေသခံများသည်လည်း ၄င်းနှစ်,နှစ်ဆယ်အတွင်း အတော့်ကို ပြောင်းလဲသွားကြ၏။ နေအိမ်သုံးလေးလုံး ပိုင်ဆိုင်သူများမှာ နေအိမ်တစ်လုံးလောက်သာ ကျန်ရှိတော့ပြီး ၄င်းအိမ်ကလေးပါ ပြုတ်မသွားအောင် မနည်းတောင့်ခံနေကြရ၏။

လယ်ယာမြေ၊ ကျွဲနွားများစွာ ပိုင်ဆိုင်ကြသူများလည်း ထို့အတိုင်းပင် . . . ။ တဖြည်းဖြည်း ပြုတ်ပြုတ်သွားကြသည်ချည်းပင်။ လက်ရှိက လက်မဲ့ဘဝမျိုး ရောက်သွားကြသူများမှာလည်း မနည်းမနောတွေ့နေရ၏။





ရခိုင်သားစာရေးဆရာ တင်မြင့်ဦးသည်လည်း ထိုအဖြစ်မျိုး ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ သူသည် စာရေးဆရာဖြစ်သော်လည်း သူ၏အဓိကအသက်မွေးဝမ်းကြောင်းမှာ မိဘလက်ငုတ်လက်ရင်း ဖြစ်သည့် လယ်ယာလုပ်ငန်းဖြစ်သည်။ သူအိမ်ထောင်ပြုသည့်အချိန်တုန်းက ငွေကြေးဥစ္စာ အတော်အတန်ပြည့်စုံခဲ့၏။

မောင်တောမြို့ကလေးတွင် သူ့ဒွေးပေါက်စလေးဟု ပြောစမှတ်ပင် ရှိခဲ့၏။ လယ်ကေသုံးဆယ်နှင့် ကျွဲ၊ နွား အကောင်နှစ်ဆယ်ခန့်ပိုင်ဆိုင်ပြီး လွန်စွာအလုပ်ဖြစ်ခဲ့၏။ စီးပွားရေးပူပင်ကြောင့်ကျမှု မရှိသည်ကြောင့် သူလွန်စွာဝါသနာပါသည့် စာပေရေးသားခြင်းကို စိတ်အေးချမ်းသာစွာ လုပ်နိုင်ခဲ့၏။

သို့ကြောင့်လည်း စာပေနယ်တွင် အထိုက်အလျောက် နာမည်ရလာခဲ့ခြင်း ဖြစ်သည်။

သူ့ဘဝ၏ရွှေထီးဆောင်းခဲ့ရသော ၄င်းကာလမှာ လွန်ခဲ့သော နှစ်,နှစ်ဆယ်ခန့်က ဖြစ်သည်။ ဆိုရသော် သူတို့မြို့ကလေးသို့ အရေးပိုင်ကြီးတိုင်းခန်းလှည့်လည် ရောက်ရှိလာသည့် ကာလတွင် ဖြစ်၏။ အရေးပိုင်ကြီးနှင့်အတူ တရုတ်လူမျိုးပေါက်ဖော်ကြီး လိုက်ပါလာသည်ကိုလည်း သူကောင်းကောင်းမှတ်မိနေ၏။

၄င်းပေါက်ဖော်ကြီးက အရေးပိုင်ကြီးနှင့် လိုက်ပါမသွားဘဲ သူတို့မြို့တွင် အခြေချနေထိုင်နိုင်ဖို့ ကူညီဆောင်ရွက်ပေးသူများထဲတွင် သူသည် အတက်ကြွဆုံးကူညီပေးခဲ့သူထဲတွင် ပါဝင်၏။

ဆယ်စုနှစ်,နှစ်စုကာလ ဖြတ်သန်းပြီးစဉ်မှာတော့ ၄င်းတရုတ်ကြီးနှင့် သူသည် ဆန့်ကျင်ဘက်လို ပြောင်းလဲသွားလေ၏။ ရွှေထီးဆောင်းခဲ့ရသည့် သူ့ဘဝ မှေးမှိန်သွားခဲ့သည်မှာ နှစ်ကာလအတန်ကြာခဲ့ပါပြီ။ သူ၏ပိုင်ဆိုင်မှုများမှာလည်း လက်ဆုပ်လက်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြစရာ မရှိလောက်အောင် အခြေအနေမျိုး ရောက်ရှိနေပြီဖြစ်၏။

ထိုသို့ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းကို မသိမဟုတ်။ သူ့လိုပင် လူအတော်များများကလည်း သိကြ၏။ သို့ကြောင့်လည်း သူသည် ရုန်းထွက်ဖို့ အကြိမ်ကြိမ်ကြိုးစား၏။ သို့သော်လည်း တခါက တော့ ဟုတ်၏။ တစ်ပတ်၊ နှစ်ပတ်မျှတော့ တောင့်ခံလိုက်နိုင်၏။ သုံးလေးပတ်လောက်လည်း ရောက်ရော တောင့်ခံနိုင်စွမ်းတွေက ယိုင်နဲ့လာပြီး ချည်တိုင်ရှိရာသို့ ပြန်လာသည့် နွားများ၏အဖြစ်မျိုး ရောက်ရှိသွားတော့၏။

ထိုအဖြစ်မှာ သူသာလျှင် မဟုတ်။ သူ့လို အဖြစ်မျိုး အတော်များများ ရောက်သွားကြသည်ချည်းပင်။

မျက်နှာဖြူအရေးပိုင်ကြီးနှင့်အတူ ထိုမြို့ကလေးသို့ တရုတ်ကြီးလိုက်ပါလာစဉ်က အသက်အရွယ်မှာ (၅၀) ဝန်းကျင်ခန့်ရှိပြီဖြစ်ရာ ၄င်းနှစ်,နှစ်ဆယ်ကာလကို ဖြတ်သန်းပြီးစဉ်မှာတော့ တရုတ်ကြီးသည် အသက်အရွယ် (၇၀) သို့ ရောက်ရှိနေပြီဖြစ်၏။

သား၊ သမီးများလည်း လူလားမြောက်နေကြပြီဖြစ်ရာ သူ့အဖို့ အားကိုးအားထားပြုနိုင်နေပြီ ဖြစ်၏။

သူသည် လွန်စွာပေါင်းသင်းဆက်ဆံရေး ကောင်း၏။ ဆင်းရဲ၊ ချမ်းသာမရွေး တန်းတူညီတူ ပေါင်းသင်းဆက်ဆံတတ်သူဖြစ်၏။ အလှူအတန်းပေးရာ၌လည်း ရက်ရော၏။ ရပ်ရေး၊ ရွာရေးသာမက ဘုရားတည်၊ ကျောင်းဆောက်ရာမှာလည်း ရှေ့ဆုံးကပါဝင်စမြဲဖြစ်၏။

၄င်းအမှုအကျင့်မျိုးရှိသူအဖို့ လူချစ်၊ လူခင် ပေါများခြင်းလေးစားသမှုခံရခြင်းမှာ မဆန်းအံ့လှပေ။

တရုတ်ကြီးဦးကျော်ဇံသာသည် အသက် (၇၀) တန်းသို့





ရောက်လာပြီဖြစ်၍ သူ၏ဘဝနှင့်ရင်းပြီး ထူထောင်ခဲ့သည့် ဘယ်လိုခေတ်အခါမျိုးမှာမဆို လွန်စွာစားပေါက်ချောင်သည့် ပေါက်ကောင်ဘစားပိုင်းလုပ်ငန်းကို သား၊ သမီးများနှင့် ဒုက္ခမ်းတဝင်ရှိစေရန် ခင်ရောက်လုပ်ကိုင်စေခဲ့၏။

သူ၏သားကြီးနှင့် သားလတ်တို့ကို ဦးစီးစေပြီး သူကိုယ်တိုင်က ကြီးကြပ်လမ်းညွှန်သည့်ကဏ္ဍကိုသာ ဆောင်ရွက်လေ၏။

ဒေသခံများသည် ပန်းမျိုးစုံ၊ ဖယောင်းတိုင်၊ အမွှေးတိုင်တို့ဖြင့် နတ်ကွန်းမယ်တော်ကြီးရှေ့တွင် မြိုင်မြိုင်ကြီး ထွန်းညှိပူဇော်ထားကြ၏။ နတ်ကွန်းကိုသာလျှင်မက နတ်ကွန်းနှင့် ငါးကိုက်မျှကွာဝေးသည့်နေရာရှိ အနီရောင်တိုင်လုံးကြီးရှေ့တွင်လည်း ပူဇော်မှုအမျိုးမျိုး ပြုလုပ်ကြလေ၏။

၄င်းတိုင်လုံးကြီးမှာ တရုတ်ကြီးဦးကျော်ဇံသာကိုယ်တိုင်မယ်တော်ကြီးပေါက်ကောင်ဖွင့်ပေးမည့် တိုင်လုံးကြီးဖြစ်သည်။

တရုတ်ကြီးသည် ထိုနေ့မနက်ခင်း အာရုဏ်မတက်မီကတည်းက မီးခံသေတ္တာနှင့်မခြား သိမ်းဆည်းထားသည့် သေတ္တာအတွင်းမှာ သူစိတ်ကူးရှိရာ အကောင်ရုပ်တုတစ်ရုပ်ကို ထုတ်လိုက်မည်။ ၄င်းသေတ္တာသော့ကို သူတစ်ယောက်တည်းသာလျှင် ကိုင်မည်။ အရုပ်ရွေးချယ်မှုကိုလည်း သူသာလျှင် လုပ်၏။

ထိုရွေးချယ်မှုက သူ့သဘောနှင့်မဟုတ်ကြောင်း နတ်ကွန်းမယ်တော်ကြီးအိပ်မက်ပေးသည့်အတိုင်း ရွေးချယ်ခြင်းဖြစ်ကြောင်းသဖြင့် သူသည် ဤကစားပွဲစတင်ခဲ့သည့် လွန်ခဲ့သော နှစ်,နှစ်ဆယ်ကတည်းက ဒေသခံများကို အကိုးအကား၊ အထောက်အထားများစွာဖြင့် ရှင်းပြခဲ့ပြီဖြစ်၏။ အတိတ်စိမ်းမှာလည်း မယ်တော်ကြီးပေးအပ်သည့် အတိတ်စိမ်းဟူ၍ ပြောဆိုခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေသခံများကလည်း သူပြောသမျှကို မည်သူမျှစောဒက မတက်ကြဘဲ ကျေကျေနပ်နပ်ပင် ယုံကြည်လက်ခံခဲ့ကြ၏။ ကြာတော့ . . . ထိုယုံကြည်မှုမှာ ဖျောက်ဖျက်မရလောက်အောင် ခိုင်မာသွားသည်ထင်၏။

တရုတ်ကြီးကလည်း စည်းနှင့်ကမ်းနှင့် အလုပ်,လုပ်သူဖြစ်၏။ သေတ္တာထဲမှ ရွေးချယ်ထုတ်ယူလိုက်သည့်အရုပ်ကို မည်သူ့ကိုမှ အသိမပေး . . .။ မိသားစုကိုပင် အသိပေးသူမဟုတ်။

ထိုအချက်မှာ သူလုပ်လာသည့် လုပ်သက်တစ်လျှောက် ၌ ူင် အမိကထားသော လျှို့ဝှက်ချက်ပင် ဖြစ်၏။ ထို့နောက် ရုပ်တုလေးအား ရဲရဲတောက်နေသည့် ကတ္တီပါရှုံ့ကြိုးအိတ်ထဲထည့်မည်။ အရှေ့ဘက်မှ လင်းအာရုဏ်သန်းလာသည်နှင့် နတ်ကွန်းရှေ့သို့လာမည်။ ပြီးနောက် အနီရောင်ဆေးသုတ်ထားသော တိုင်၏တိုင်ထိပ်တွင် ကတ္တီပါအိတ်လေးကို ချိတ်ဆွဲထားလိုက်မည်။

ထိုသို့ သူပြုလုပ်နေသည့် မြင်ကွင်းကို မြင်တွေ့လို၍ လာကြည့်သူတွေ များစွာရှိ၏။ ူကလည်း ထိုသို့ပြုလုပ်ရာမှာ လူအများယုံကြည်မှု၊ လေးစားသမှုရှိစေဖို့ ဝတ်စုံဖြူကို အထက်အောက်ဝတ်ဆင်ထားစမြဲ ဖြစ်၏။

ဝေလီဝေလင်းအချိန်ဖြစ်သော်လည်း ဝိရိယကောင်းကောင်းဖြင့် လာရောက်ကြည့်ရှုကြသူများမှာ ယောက်ျား၊ မိန်းမ စုံလင်လှ၏။ တရုတ်ကြီးရောက်မလာခင်မှာပင် သူတို့သည် စုရုံး,စုရုံးဖြင့် ပွက်လောရိုက်နေကြစမြဲ ဖြစ်၏။

ရွှေရောင်သစ်စေးသုတ်ထားသည့် တောင်ဝှေးရှည်ကြီးကို ဟန်ပါပါထောက်ရင်း တရုတ်ကြီးရောက်လာသည်နှင့် သူတို့သည် အပ်ကျသံပင်ကြားရလောက်အောင် ငြိမ်သက်တိတ်ဆိတ်သွားကြ





၏။ တရုတ်ကြီးက လွန်စွာခန့်ညားသည့် ဣန္ဒြေဖြင့် နတ်ကွန်းအဆောက်အဦးအတွင်း ဝင်ရောက်ပြီး ထုံးစံအတိုင်း အမွှေးနံ့သာများ ပက်ဖြန်းပူဇော်လေ၏။

တရုတ်ကြီးကိုပင် လက်အုပ်ချီလျက် ရိုသေသမှုပြုကြသူများပင် ရှိ၏။ အထူးသဖြင့် အမျိုးသမီးများ ဖြစ်သည်။

တရုတ်ကြီးကတော့ မျက်လွှာကိုချရင်း အစဉ်အလာအတိုင်း ပြုဖွယ်ကိစ္စများကို မိနစ်နှစ်ဆယ်ခန့် ဆောင်ရွက်ပြီးနောက် သူ၏ ငွေကြေးဖြင့် ခန့်အပ်ထားသည့် နတ်ကွန်းအစောင့်ကို ခေါ်လိုက်၏။ ၄င်းအစောင့်မှာ ဘင်္ဂါလီကုလားဖြစ်၏။

ထိုကုလားကလည်း ငယ်ကျွန်ကြီးပမာ လွန်စွာသစ္စာရှိ၏။ တရုတ်ကြီးမှာ သေဆိုရင်သေမည့် ကုလားဖြစ်၏။ ကုလားကလည်း တရုတ်ကြီးအရိပ်အကဲကို ကောင်းကောင်းသိ၏။ ပြောဖို့မလို။ မျက်ရိပ်ပြလိုက်သည့် ဘာဆိုတာကို သိနေပြီးသား . . .။

၄င်းကုလားက တရုတ်ကြီးလက်ထဲက ကတ္တီပါအိတ်အနီကို တရိုတသေယူလိုက်ပြီး ရွှေရောင်သုတ်လိမ်းထားသည့် ဝါးလုံးရှည်ဖြင့် အနီရောင်တိုင်၏ထိပ်တွင် ချိတ်ဆွဲလိုက်၏။

ကိုင်း . . . ပေါက်ကောင်မှန်အောင် လိုးချင်ရာ ထိုးကြပေတော့ . . .။

ဒိုင်အဖွဲ့များကို ၄င်းနတ်ကွန်းအနီးတွင် တဲငယ်လေးများ ထိုးပြီး ငါးဖွဲ့,ခန့်ဖွဲ့,ထား၏။ ထိုဒိုင်များတွင် မိမိကြိုက်နှစ်သက်ရာ အကောင်ပုံပါသည့် စက္ကူဖြတ်ပိုင်းလေးများကို လောင်းကြေးငွေ ရေးသွင်းလျက် ထိုးနိုင်၏။

တစ်ပဲ၊ နှစ်ပဲ၊ တစ်မူး . . . စသဖြင့် . . .။ လျော်ကြေးက အဆ (၃၀) . . .။



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကောင်တိုးလျှင်တော့ လတ်တလော ဘဝပြောင်းသွားနိုင်သည်။ ထူထူမတ်မတ် ဖြစ်သွားနိုင်သည်။ ထိုနေ့မနက်ခင်းမှစ၍ ညနေမတိုင်မီအချိန်အထိ ဒိုင်အဖွဲ့ (၅) ဖွဲ့လုံးတွင် လူပြတ်သည်ဟူ၍မရှိ။ အလုအယက်ပင် ထိုးနေကြသဖြင့် ငွေသိမ်းသူများမှာ လက်မလည်အောင် ရှိနေတော့၏။

ညနေ (၄) နာရီထိုးတော့မည်။

နတ်ကွန်းကြီးတစ်ဝိုက်တွင် လူများ အုံးအုံးကြွက်ကြွက်ရှိနေရာ တစ်မြို့လုံးက လူများ ရောက်လာကြသလားဟုပင် ထင်မှတ်ရ၏။

သူတို့အားလုံး ရင်ခုန်စိတ်လှုပ်ရှားနေလေပြီ။ သူတို့လက်ထဲမှာလည်း ဖြတ်ပိုင်းကလေးတွေ တကိုင်ကိုင်ရှိနေကြ၏။

"ပေါက်ကောင်တိုးရင်တော့လားကွာ . . . ငါ့ကို ဒီလောက်အထင်သေးတဲ့ ယောက္ခမကြီးကို တစ်ကိုယ်လုံးရွှေချပေးလိုက်မယ် . . . ဟဲ . . . ဟဲ"

"ဒီနေ့ည ပွဲတော်တည်ဖို့အတွက်တော့ မပူကြနဲ့တော့၊ လုံးဝသေချာတယ်"

"ဒီတစ်ချီပေါက်ရင်တော့ လယ်သုံးဧကလောက် ပြန်ဝယ်ဖြစ်အောင် ဝယ်ဦးမယ်"

"အကြွေးလေးတွေကျေပြီး အိမ်ဆိုင်လေးရငီးနှီးဖို့လောက်ရရင် တော်ပါပြီ"

"ကလေးတွေလည်း တဖြည်းဖြည်း ကြီးကောင်ဝင်လာပြီ၊ ရှင်ပြုသင့်တာ ကြာလှပေါ့၊ ပေါက်ကောင်တိုးတာနဲ့ ရှင်ပြုပေးမယ်လို့ စဉ်းစားထားတာ၊ ဒီပေါက်ကောင်ကလည်း တိုးကို မတိုးနိုင်ဘူး၊ ဒီတစ်ကြိမ်တော့ တိုးအောင် မ,စပါ မယ်တော်ကြီးရယ်"





အထက်ပါအသံများမှာ လူအုပ်ကြီးအတွင်း၌ ပွက်ပွက်ညံနေတော့၏။ တချို့က ရှတ်နောက်နောက်၊ တချို့က ရင်တမမ၊ တချို့က အပတ်တိုင်းရှုံးသည်ကြောင့် မချိမဆန့်၊ အချို့ကျပြန်တော့ လယ်ပေါင်၊ အိမ်ပေါင်နှင့် ပုံအောထားသည်မို့ ဘဝပျက်ကိန်းဆိုက်နေသူတွေ . . . ။

ညနေ (၄) နာရီတိတိ ထိုးလေပြီ။

တရုတ်ကြီး၏သားအကြီးဖြစ်သူက ဖခင်ကြီးလို ဝတ်ဖြူစင်ကြယ်ဝတ်လျက် အနီရောင်တိုင်ကြီးအနီးသို့ ချဉ်းကပ်သွား၏။ တိုင်ကြီးနှင့် သုံးပေခန့်အကွာတွင်ရပ်လျက် တိုင်၏ထိပ်ဖျားရှိ အနီရောင်ကတ္တီပါအိတ်ကလေးကို တည်ငြိမ်သော ကြွေ့ဖြင့် မော့ကြည့်လိုက်၏။

ထိုအချိန်မှာပဲ နတ်ကွန်းအစောင့်ဘင်္ဂါလီကုလားက ရွှေရောင်သုတ်လိမ်းထားသည့် ဝါးလုံးရှည်ကိုကိုင်ရင်း ကုတ်ချောင်းချောင်း ရောက်ရှိလာလေ၏။ တရုတ်ကြီး၏သားက ၎င်းဝါးလုံးကို တည်တည်ငြိမ်ငြိမ်ယူလိုက်ပြီး တိုင်ထိပ်က ကတ္တီပါအိတ်ကို ဖြုတ်ယူလိုက်၏။

ထိုအချိန်တွင် လူအုပ်ကြီးမှာ အုံ့သြဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်သွားကြပြီ ဖြစ်၏။ သူတို့စိတ်ထဲမှာတော့ . . .

"ဘုရား . . . ဘုရား . . ."

"မယ်တော်ကြီးကယ်ပါ"

"၃၇-မင်း နတ်အပေါင်းတို့ ကြည့်မနေကြပါနဲ့"

လျှပ်တစ်ပြက်ဟူသော အချိန်အတွင်း သူတို့တွေသည် ကတ္တီပါအိတ်အတွင်းက ပေါက်ကောင်ကို မြင်လိုက်ရသည့်အခါ-

"ဟာ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . ."

"အို . . ."

ငှင်းအသံများကြားမှ ဟိန်းထွက်လာသည့်အသံက တရုတ်ကြီးဦးကျော်ဇံသာ၏ သားအကြီး အော်ဟစ်လိုက်သည့် အသံဖြစ်သည်။

"မယ်တော်ကြီးရဲ့ပေါက်ကောင်က 'လိပ်' ဖြစ်ပါတယ်"

လူအတော်များများ ငိုင်ကျသွားသည်။ ဘယ်လိုမှ ထင်မှတ်မထားသည့် 'လိပ်' . . .။ ဘယ်သူမှလည်း စိတ်မဝင်စားတဲ့ လိပ် . . .။ ဘယ်သူမှ မျှော်လင့်မထားတဲ့ လိပ် . . .။

"တောက် . . . မယ်တော်ကြီးကတော့ လုပ်ချလိုက်ပြန်ပြီကွာ"

"ငုပ်ကောင်က ဘယ်လိုဖြစ်ပြီး ပြန်ပေါ်လာရတာလဲ"

"ပေးထားတဲ့ အတိတ်စိမ်းက မှန်ပါတယ်၊ ရေမှာလည်း ကမြင်း၊ ကုန်းပေါ်မှာလည်း သောက်ကမြင်းကြောထ၊ တစ်ခါတလေ တော့ ငြိမ်ငြိမ်သက်သက် . . . တဲ့၊ ကျုပ်တို့ကိုယ်က သောက်တလွဲ တွေ ကောက်မိတာပါ"

"ဟုတ်ပ့ါဗျာ . . ဒီလောက် သောက်သုံးမကျတဲ့ ဦးနှောက်ကို အရက်နဲ့အမြည်းလုပ်ဖို့ပဲ ကောင်းတယ်"

"ကံတော့ ရှိပါတယ်၊ ဉာဏ်မရှိတော့ ခံရတာပေ့ါ"

ပေါက်ကောင်တိုးသူ မရှိမဟုတ်။ ရှိ၏။ သို့သော် လွန်စွာနည်းပါး၏။ ဆုသေးတွေ၊ အရန်ကွက်လေးတွေသာလျှင် ဖြစ်၏။

"ဝေး . . . မဦးသန်း၊ နှင့်အိပ်မက်ထဲမှာ ဝက်တွေ ဝင်လာလို့ဆို . . ."

"ဝက်တွေနောက်မှာ လိပ်တွေလည်း ပါ့ပါသေးတယ်၊ အဲဒီ





လိပ်တွေကို ငါက အစာကျွေးမလို့တောင် လုပ်လိုက်ပါသေးတယ်"

"နင့်အိပ်မက်ကလည်း ပေါက်ကောင်ဖွင့်ပြီးရင် အမြဲပေါ်လာတော့တာပဲ၊ နောင်အိပ်မက်,မက်ရင် အိပ်မက်ထဲက အကောင်တွေကို သေသေချာချာ မှတ်ထားစမ်းပါ"

"အေးပါတော် . . . အေးပါ၊ ဟူး . . . ဒီတစ်ပတ်တော့ ကျောကော့သွားပြန်ပြီ"

တဖြည်းဖြည်း လူစုကွဲသွားပါပြီ။ အမူအရာတွေကတော့ အမျိုးမျိုး . . .။ မြူးမြူးကြွကြွအမူအရာမျိုးတော့ သိပ်မတွေ့ရ။ မသာမယာတွေ၊ မအီမလည်တွေ၊ မဲ့ပြုံးတွေ . . .။

အတော်များများ ပြောကြသည့် စကားကတော့ နောက်တစ်ပတ်တော့ တွေ့ကြသေးတာပေ့ါကွာ . . . ဟူသည့် စကားပင်ဖြစ်၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ကြိမ်ချောင်းရွာသားစိန်အိုးသည် ချက်အရက်ကို တစိမ့်စိမ့်သောက်ရင်း အကြိမ်ကြိမ်ပင့်သက်ရှိုက်နေလေ၏။ ပုလင်းထဲက အရက်လည်း အနည်းငယ်ပင် ကျန်ရှိတော့၏။ ၎င်းလက်ကျန်အရက်လေးကို ဖန်ခွက်ထဲသို့ အကုန်အစင် ငှဲ့ထည့်လိုက်ပြီး ပုလင်းလွတ်ကို မြှောက်ကြည့်ရင်း စိတ်ပျက်လက်ပျက်ဖြစ်သွား၏။

မထူးတော့ . . . ။ ပုလင်းကို ပြန်ချထားလိုက်ပြီး ဖန်ခွက်ထဲက အရက်ကို တစ်ချိုင့်တည်း မော့ချလိုက်ပြီးသည်နှင့် သရက်သီးတစ်စိတ်ကို ကိုက်ဝါးလိုက်လေ၏။

သူဘာဆက်လုပ်မလဲ . . . ။ ထပ်သောက်မလား။ ပြန်လည်းမပြန်ချင်သေး . . . ။ ပြန်ချင်စိတ်လည်း မရှိ။ အရက်တစ်လုံးသာကုန်သွားသည်။ ရေချိန်မကိုက် ဖြစ်နေ၏။ အနည်းငယ် ရီဝေဝေဖြစ်သည်ဆိုရုံမျှသာ . . ။ ဖြစ်နိုင်လျှင် ချက်အရက်ကို ဆယ်လုံးလောက်တစ်ထိုင်တည်း သောက်ပစ်လိုက်ချင်သည်။ အသိတရားလွတ်ကင်း





သွားသည်အထိ မူးယစ်နေစေချင်သည်။

နောက်ထပ်အရက်တစ်လုံးမှာဖို့ ဟန်ပြင်လိုက်သော်လည်း အသိတစ်ချက်တိုးဝင်လာသဖြင့် ကပျာကယာပင် ထိန်းချုပ်လိုက်ရ၏။

"မဖြစ်သေးပါဘူးလေ . . . ပြန်ရမယ့်ခရီးက အဝေးကြီး၊ ပြီးတော့ အိမ်မှာကလည်း . . . "

ထိုအသိနှင့်အတူ သူသည် ထိုင်ရာက ဆတ်ကနဲ ထရပ်လိုက်ပြီး . . .

"ဗျို့ . . . ဒေါ်စန်းမြင့်၊ ကျုပ်အရက်ဖိုး ဘယ်လောက်လဲ"

ပန်းကန်များကို ဆေးကြောနေသည့် ဆိုင်ရှင်အမျိုးသမီးက သူ့ကို အထူးအဆန်းသဖွယ် မော့ကြည့်လေ၏။ အမျိုးသမီးက ချက်ချင်းပင် ရေစိုနေသည့်လက်ကို အဝတ်ဖြင့် သုတ်လိုက်ပြီး သူ့ထံလျှောက်လာရင်းက . . .

"ထူးဆန်းလှချေလား စိန်အိုးရဲ့၊ ငါက နင်အနည်းဆုံး နောက်တစ်လုံးလောက်တော့ ထပ်မှာဦးမယ် ထင်နေတာ"

"ကျုပ်လည်း မှာမလို့ဘဲ၊ ဒါပေမယ့် ဒီနေ့တော့ ဒီလောက်ပဲသောက်မှဖြစ်မယ်"

"ဘာလည်း . . . ပိုက်ဆံမလောက်လို့လား၊ ပြောရမယ့်လူတွေမှ မဟုတ်ဘဲ စိန်အိုးရယ်၊ အမြဲကြုံနေတာပဲ၊ နောင်ပေးလည်းရပါတယ်"

"ငွေမလောက်လို့ မဟုတ်ပါဘူး၊ ကျုပ်စိတ်ကို ကျုပ်ထိန်းတဲ့သဘောနဲ့ မသောက်တာပါ၊ အခြေအနေက သောက်ရဦးလည်းမဖြစ်ဘူး၊ ကျုပ်သမီးက အတော့်ကို နေမကောင်းဖြစ်နေတာ"

ထိုစကားကြောင့် ဆိုင်ရှင်ဒေါ်စန်းမြင့်လည်း စိန်အိုးအတွက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းဖြစ်သွားပုံရ၏။

"ဩော် . . . ဟုတ်သားပဲ၊ ငါလည်း နင့်ကို အဲဒါမေးဦးမလို့၊ အခု နင့်သမီးကျန်းမာရေးက အရင်အတိုင်းပဲလား၊ တိုးတက်မှုရော မရှိဘူးလား"

စိန်အိုးက ပင့်သက်တစ်ချက်ရှိုက်ရင်းက ဦးခေါင်းကို ဘယ်ညာခါရမ်းလိုက်ပြီး . . .

"ဘာမှမပြောင်းလဲပါဘူးဗျာ၊ ပရုတ်လုံးလို တဖြည်းဖြည်းလုံးပါးပါးနေတော့တာပဲ၊ ကျုပ်တို့လည်း ဘာလုပ်ရမှန်းကို မသိတော့ဘူး၊ သမားတော်က အဆုတ်နာလို့တော့ ပြောတာပဲ"

ဟု စိတ်ပျက်လက်ပျက်လေသံဖြင့် ပြောလိုက်ရာ ဒေါ်စန်းမြင့်လည်း အဆုတ်နာဟူသော စကားကြောင့် အမှန်ပင် စိုးရိမ်သွားပြီး . . .

"ဟယ် . . . အဆုတ်နာရောဂါ . . . ဟုတ်လား၊ စိန်အိုးရေ . . . အဆုတ်နာဆိုလို့ကတော့ လုံးဝမပေါ့နဲ့နော်"

"ကျုပ်တို့လည်း အတတ်နိုင်ဆုံးတော့ ဂရုစိုက်နေတာပါပဲ၊ မောင်တောမြို့က သမားတော်ကိုပင့်ပြီး ကုတာ နှစ်ခါရှိပြီ၊ အခုလတ်တလောတော့ ပိုက်ဆံပြတ်နေလို့ မပင့်နိုင်သေးဘူး"

ထိုစကားကြားလိုက်သည်နှင့် ဒေါ်စန်းမြင့်မျက်နှာ ရှုံ့မဲ့သွားပြီး . . .

"ဩော် . . . နင်က သမီးဆေးကုဖို့ကျတော့ ပိုက်ဆံပြတ်သလေးဘာလေးနဲ့၊ ပေါက်ကောင်ထိုးဖို့ကျတော့ ပိုက်ဆံမပြတ်ဘူးမဟုတ်လား"

"ကျုပ်က ထိုးချင်လို့ထိုးနေတာ မဟုတ်ပါဘူးဗျာ၊ သူ့အတွက်ဆေးဖိုးလေးများရမလားလို့ လုပ်ကြည့်တာပါ"





ဒေါ်စန်းမြင့်က သနားစရာသတ္တဝါတစ်ကောင်လို စိန်အိုးကို ကြည့်လိုက်ပြီး . . .

"ဒီမယ် စိန်အိုး . . . နင့်အကြောင်းကို ငါသိတယ်၊ ဒီပေါက်ကောင်နဲ့ပတ်သက်ပြီး နင်တစ်ယောက်တည်း မဟုတ်ဘူး၊ [illegible]ယ်တကြောက လူတွေအားလုံးရဲ့အကြောင်းကို ငါသိတယ်၊ ဝေးဝေးကြည့်ဖို့ မလိုပါဘူးဟာ၊ ငါတို့မိသားစုရဲ့ဘဝကိုပဲ ကြည့်စမ်းပါ"

"လွန်ခဲ့တဲ့ဆယ်နှစ်ကျော်ကာလတုန်းက ငါတို့ဘဝက ဒီလိုမှမဟုတ်ဘဲ၊ နင်လည်း သိပါတယ်၊ တကယ့်အိမ်ကြီးအိမ်ကောင်းနဲ့၊ လယ်ဧက (၂၀) ကျော်လည်း ပိုင်တယ်၊ နွားတွေကျွဲတွေဆိုတာလည်း များလွန်းလို့ ခြံကြီးတောင် မဆန့်ဘူး၊ အခု အဲဒါတွေ ဘယ်ရောက်ကုန်ပြီလဲ၊ ဘာကြောင့် အဲဒီလို ဖြစ်သွားရတာလဲ။

ငါ့ယောက်ျားကိုလည်း အပြစ်မတင်ပါဘူးလေ၊ ငါကိုယ်တိုင်လည်း အဲဒီနွံထဲက ရုန်းမှမထွက်နိုင်ခဲ့တာ၊ အခုအချိန်အထိဆိုပါတော့၊ တစ်တိတိနဲ့ လုံးပါးပါးသွားလိုက်တာ လယ်ပိုင်ယာပိုင်ဘဝက အခုအရက်ပုန်းရောင်းရတဲ့ ဘဝရောက်သွားပြီလေ"

စိန်အိုးသည် ထိုစကားများကို နားထောင်ရင်း ကြက်ကြီးသည်လိမ်သလို ဦးခေါင်းငိုက်စိုက်ဖြစ်သွားလေ၏။ ဒေါ်စန်းမြင့်ကလည်း ၎င်းစကားများကို ပြောချင်လို့တော့မဟုတ်။ အကြောင်းတိုက်ဆိုင်သည်ကတစ်ကြောင်း၊ ငယ်စဉ်ကတည်းက ကိုယ့်ဒေသခံအချင်းချင်း ခင်မင်ခဲ့ကြပြီး မိသားစုလို ရင်းနှီးကျွမ်းဝင်သည်ကြောင့် ထိုသို့ရင်ဖွင့်ပြောပြလိုက်ခြင်း ဖြစ်သည်။

သူသည် ပြောနေရင်းက ရင်၌ယူကျုံးမရဖြစ်သွားပုံရ၏။ မျက်ရည်များပင် စီးကျလာ၏။ ထိုအဖြစ်ကို စိန်အိုးလည်း သိသည်။ နှစ်သိမ့်ပြောင်းဖြချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်စကားမျိုးပြောပြီး နှစ်သိမ့်ရမလဲ . . .။ သူ့ခိုးက မါးပြကို ဆုံးမသလိုမျိုး လူရယ်စရာဖြစ်သွားပါလိမ့်မည်။

ညစ်နေတဲ့စိတ်က သူမကြောင့် ပိုလို့တောင် ညစ်သွားပြီ။

သူမက သူမကိုယ်သူမ ရင်ဖွင့်လိုက်သော်လည်း ထိုစကားတွေက သူ့ရင်ကို ပင့်လက်သီးအလုံးမေါင်းများစွာ ပစ်သွင်းခံရသလို နေရာမှာ ဘိုင်းကနဲ လဲကျသွားလောက်အောင် ပြင်းထန်လှ၏။

မောင်တောကို သူထွက်လာသည့် ရည်ရွယ်ချက်က တစ်ပတ်အတွင်း ပင်ပန်းကြီးစွာ အလုပ်လုပ်ပြီး စုဆောင်းထားသည့် ငွေကြေးဖြင့် သမီးအတွက် ဆေးနှင့်ဓါတ်စာများ ဝယ်ယူမည်ဟူ၍ ရည်ရွယ်ထွက်လာခဲ့ခြင်း ဖြစ်သည်။ သူရည်ရွယ်ချက်များ ဘာတစ်ခုမှ ဖြစ်မလာခဲ့ . . .။

"တောက် . . ."

အံကြိတ်တောက်ခေါက်လိုက်၏။ အမြင်အာရုံ၌ ထင်ဟပ်လာသည့် 'လိပ်' ကောင်ကို စိတ်ထဲ၌ အားပါးတရ ဆဲဆိုပစ်လိုက်၏။

တစ်ပတ်လုံး ပင်ပန်းကြီးစွာ ရှာဖွေစုဆောင်းထားသည့် ငွေကြေးများမှာ ပေါက်ကောင်ဖွင့်ပွဲတွင် အကုန်ပါသွား၏။ ၎င်းငွေများသာလျှင် မဟုတ်။ ရွာထဲက ငွေတိုးချေးစားသည့် မသန်းမြေထံမှ တိုးတိုးတိတ်တိတ် ချေးယူခဲ့သည့်ငွေများပင် အဆစ်ပါသွားသေး၏။

မိမိပြန်အလာကို မျှော်လင့်တကြီး စောင့်မျှော်နေကြသည့် မိန်းမနှင့် ကလေးတွေကို ဘယ်လိုမျက်နှာမျိုးနှင့် ရင်ဆိုင်ရမလဲ။

"ဟူး . . ."

နေရောင်က လုံးလုံးကွယ်ပျောက်သွားပြီ ဖြစ်၏။ သူသည်လည်း ရွာလမ်းမကြီးထိပ်သို့ ရောက်ရှိနေလေပြီ။ ခန္ဓာကိုယ်ကလည်း





အတော့်ကို ယိမ်းယိုင်နေပြီ။

မစန်းမြင့်ဆိုင်က ပါဆယ်ယူလာသည့် အရက်တစ်လုံးသည်း လမ်းတလျှောက် တစိမ့်စိမ့်မော့သောက်ခဲ့ရာ ထိုအချိန်မှာတော့ ပုလင်းဖင်ကပ်မျှသာ ကျန်တော့၏။ လျှော့တိလျှော့ရဲ ပုဆိုးကို ခပ်တင်းတင်း ပြင်ဝတ်လိုက်သည်။

ပြီးနောက် လက်ကျန်အရက်ကို တကျိုက်တည်း မော့သောက်လိုက်၏။ ခြေလှမ်းကိုစပြီး လှမ်းလိုက်၏။ တစ်လှမ်း . . . နှစ်လှမ်း . . .။

"ဝုတ် . . . ဝုတ် . . . ဝုတ် . . ."

ခွေးတစ်ကောင် သူ့အနီးက ဖြတ်သွားရင်း ရုတ်တရက် သူ့ခြေလှမ်းယိုင်သွားသည်ကိုလန့်ပြီး ထိုးဟောင်၏။ ရင်ထဲက ခံပြင်းမှုများ ရှန်းကြွသွားပြီး ၎င်းခွေးအပေါ် ကျရောက်သွား၏။

"တဲကွာ . . ."

"ခွမ်း . . ."

"ဂိန် . . . ဂိန် . . . ဂိန် . . ."

အတော့်ကို ပြင်းထန်သည့် ထိချက် . . .။ အရက်မကျန်ရှိတော့သည့် ပုလင်းလွတ်ဖြင့် အားကုန်ပစ်ထည့်လိုက်ခြင်း ဖြစ်သည်။ ပုလင်းက ခွေးခေါင်းကို တည့်တည့်ကျရောက်သွားပြီး လမ်းဘေးက ကျောက်ခဲတစ်လုံးပေါ် ကျသွားသည်ထင်၏။ ခွမ်းကနဲ ကွဲသွား၏။

သူသဘောကျစွာ ရယ်လိုက်၏။

"တောက် . . . အဲဒီပုလင်းက ခွေးကိုမမှန်ဘဲ မယ်တော်ကြီးဖင်ကို မှန်လိုက်ရင် ဘယ်လောက်ကောင်းမလဲ"

သူသည် ကိုယ့်အတွေးကို သဘောကျသွားပြီး အူလှိုက်၊



www.burmeseclassic.com

www.burmeseclassic.com



သည်းသိုက်ရယ်ပြန်၏။

"အင်း . . . မယ်တော်ကြီးသာ ကြားလိုက်လို့ကတော့ အတော့်ကို ဖင်ကျိန်းသွားမှာ သေချာတယ်"

မကြာခင်မှာပဲ သူသည် ရွာတောင်ဘက်သို့ ရောက်ရှိလာပြီး လမ်းချိုးလေးအတွင်း ချိုးဝင်လိုက်၏။ သူ၏တဲအိမ်လေးအတွင်းမှ မီးရောင်မှိန်မှိန်ကို လှမ်းမြင်လိုက်ရ၏။

"သ . . . သမီးလေး . . . ငါ့သမီးလေး ဘယ်လိုများဖြစ်နေပြီလဲ"

သူအထွေအထူး စဉ်းစားမနေတော့ . . .။ ခြေသံလုံလုံနှင့် တဲအတွင်းလှမ်းဝင်လိုက်သည်။ တဲဘေးမြေကွက်လပ်ရှိ မီးဖိုတွင် မိန်းမက ထမင်းချက်နေသည်။ မည်သို့ပင် ခြေသံလုံအောင် လျှောက်ပေမယ့် ခွေးနေသည့်ကြမ်းခင်းက အသံထွက်သွားသည်ကြောင့် မီးခိုးပြောင်းနှင့် မီးမှုတ်နေသည့် သူ့မိန်းမက ဖျတ်ကနဲ လှည့်ကြည့်၏။

သူ့မသိချင်ယောင်ဆောင်ပြီး အိပ်ယာထက်၌ ကွေးကွေးလေး မှိန်းနေပုံရသော သူ့သမီးဆီသို့ အသာအယာ ကပ်သွားလိုက်သည်။ ဆယ်နှစ်သားအရွယ် အငယ်ကောင်က ရေခပ်နေ၏။

သူသည် သမီး၏မျက်နှာကို အနီးကပ်ပြီး ကြည့်လိုက်သည်။ ရင်၌နင့်ကနဲ ခံစားလိုက်ရ၏။ ဩော် . . . သမီး . . .။ အသက် (၁၆) နှစ်ပြည့်တော့မည့် သမီးလေးကြီးကြာ . . .။ အပျိုအရွယ်လေး။ အခုလို ရောဂါမျိုးမဖြစ်ခင်ကဆိုလျှင် အသားအရည် စိုစိုပြည်ပြည်နှင့် အင်မတန်ချစ်စရာကောင်းသည့် သမီးလေး . . .။

ကာလသားအတော်များများ မျက်စိကျခဲ့ရသည့် သမီးလေး . . .။ မိသားစုအပေါ်မှာ အလိုက်သိတတ်လွန်းလို့ လူအများရဲ့ချီးမွမ်းတိုခံရတဲ့ သမီးအလိမ္မာလေး . . .။ အိမ်မှုကိစ္စဆိုရင် နောက်ပိုင်းလှည့်ကြည့်ဖို့ မလိုလောက်အောင် စိတ်ချရသည့် သမီးလေး . . .။

ခုတော့ ပိန်ချုံးနေပြီ။ သစ်ကိုင်းခြောက်လို အရိုးပြိုင်းပြိုင်းခန္ဓာကိုယ်နှင့် . . .။

သမီးလေးက သူနှင့်လွန်စွာယဉ်ပါးသည့် အရက်နံ့ကို ရလိုက်သည်ထင်၏။ နှာခေါင်းလေးကို ရှုံ့တွံ့တွံ့လုပ်လိုက်ပြီး အနည်းငယ် လှုးလွန့်လာ၏။

"သမီးလေး . . ."

သူ့သမီးက မျက်လုံးလေးအသာဖွင့်ကြည့်လိုက်၏။ သူ့ကိုကြည့်ရင်း ဖျော့တော့စွာ ပြုံးပြ၏။

"နေရထိုင်ရတာ သက်သာရဲ့လား သမီးရယ်"

စကားအရသာ မေးလိုက်သော်လည်း သမီးဘယ်လိုခံစားနေရသည်ကို မြင်ရသည့် အနေအထားက သက်သေပြနေပြီ မဟုတ်လား။ သမီးကတော့ ထုံးစံအတိုင်း ဖခင်ကို ငဲ့ကွက်ပြီး ဦးခေါင်းကို အသာအယာ ငြိမ့်ပြလေ၏။ ဘယ်လောက်ရင်နာဖို့ ကောင်းလိုက်ပါသလဲ။

"သ . . . သမီး . . . ဒီညနေ ဆေးသောက်ပြီးပြီလား"

သူ့အသံတွေက ထိန်းချုပ်နေသည့်ကြားက အက်ကွဲတုန်ရီစွာ ထွက်ပေါ်သွား၏။ သမီးကို ကြည့်နေရင်းက မြင်ကွင်းက ဝေဝါးမှုန်ရီသွားလေ၏။ သူ့အကြည့်ကို လွှဲလိုက်တော့ ညာဖက်မျက်ဝန်းအိမ်က မျက်ရည်စက်တစ်ပေါက် လိမ့်ဆင်းသွား၏။

"ဖေ . . . ဖေကြီးပြန်လာတာ နောက်ကျတယ်နော်"

သမီးက သူပြန်အလာကို သတိတရစောင့်မျှော်နေပုံရ၏။ သမီးကို မလုံမလဲ ကြည့်လိုက်မိသည်။ သမီးကျေနပ်အောင် မည်

www.burmeseclassic.com



သည့်စကားမျိုး ပြောရမည်မှန်း သူမတွေးနိုင်ဖြစ်နေ၏။ တစ်ခုခု တော့ ပြောသင့်သည်။ ပြောမည်ဟု ဟန်ပြင်လိုက်စဉ်မှာပဲ . . .

"ကိုစိန်အိုး . . . ဒီကိုလာပါဦး၊ သမီးကို သူ့ဘာသာနေသာ သလို နေပါစေ၊ သမီးနဲ့ပတ်သက်တာအားလုံး ကျွန်မအကုန်လုပ်ပေး ပြီးပြီ"

သူ့မိန်းမက အမိုးတံစက်မြိတ်အောက်မှာရပ်လျက် လှမ်း ခေါ်လိုက်ခြင်း ဖြစ်သည်။ သူမနေသာတော့ . . .။ ကိုယ့်အကြောင်း နှင့်ကိုယ် လိပ်ပြာမလုံသည့်အဖြစ်ကလည်း ရှိနေတာဆိုတော့ . . .။

"ရှင် . . . ဒီနေ့ ဘယ်လောက်ရှုံးခဲ့သလဲ"

ထမင်းအိုးတည်ထားသည့် မီးဖိုအနီးရောက်သည်နှင့် သူ့ မိန်းမပြုံးကြည်က စကားပလ္လင်ပင် မခံတော့ဘဲ ဒဲ့တိုးမေးလိုက်၏။ သူကလည်း ထုံးစံအတိုင်း အူသလို၊ ကြောင်သလို အမူအရာမျိုး လုပ်လိုက်ပြီး . . .

"မင်းကလည်း တဆိတ်ရှိ ဒီပေါက်ကောင်အကြောင်းပဲ၊ ငါက ပေါက်ကောင်ထိုးရအောင် ဘယ်ကပိုက်ဆံရှိလို့လဲ"

"ရှင် အဲဒီလိုပြောတာလဲ အကြိမ်ပေါင်းမနည်းတော့ဘူး။ နောက်တော့ ကြွေးရှင်တွေ ပေါ်လာတာပဲလေ၊ ကျုပ်က ဒိုင်ခံရှင်း ရလွန်းလို့ အသက်ဘယ်က ထွက်ရမှန်းတောင် မသိတော့ဘူး"

သူတို့နှစ်ဦးသည် မီးဖိုဘေးတွင် ခုံပုလေးနှင့် မျက်နှာချင်း ဆိုင်ထိုင်နေကြ၏။ သူ့ဇနီးမပြုံးကြည်က အနည်းငယ် ဆူပွက်လာ သည့် ထမင်းအိုးကို ယောက်မဖြင့်မွှေလိုက်ပြီး အဖုံးပြန်အုပ်လိုက်၏။

ပြီးနောက် မည်သည့်စကားကိုမျှ မဆိုသေးဘဲ သူ့ကိုတစ် ချက် အကဲခတ်လိုက်၏။ သူက နားရွက်ကြားမှာ ညှပ်ထားသည့် ဆေးပေါ့လိပ်တိုကို ဆွဲယူလိုက်ပြီး မီးဖိုထဲက ထင်းမီးနှင့် မီးတို့ကာ





ဖွာရှိုက်ရင်း သူ့မိန်းမပြောလာမည့် စကားများကို စောင့်ဆိုင်းနေ လိုက်၏။

"သမီးကိုကြည့်ရတာ ကျုပ်အားမရဘူး၊ ရင်ထဲမှာလည်း အတော်စိတ်မကောင်း ဖြစ်ရတယ်၊ တကယ့်သမားတော်ကြီးတွေနဲ့ ကျွန်မထိထိရောက်ရောက် ကုချင်တယ်၊ စစ်တွေမြို့က သမားတော် ကြီးက အတော်ဆေးစွမ်းတယ်လို့ ကျွန်မကြားနေတာ ကြာပြီ၊ ရွာ အရှေ့ပိုင်းက မတင်လှဆိုရင် ကျန်းမာရေးမကောင်းလို့ တပိန်ပိန် တလိန်လိန်ဖြစ်နေတာ ဘယ်လောက်ကြာလဲ၊ အဲဒီသမားတော်ကြီး ဆီမှာ ဆေးကုလိုက်တာ အခုကြည့်စမ်း . . . ဒေါင်ဒေါင်ကိုမြည်လို့။

သူတို့က ကျွန်မကို အဲဒီသမားတော်ကြီးကို သွားပင့်လို့ စေတနာနဲ့ အကြိမ်ကြိမ် လာပြောကြတယ်၊ ရောဂါဘယ်လောက် ဆိုးဆိုး အဲဒီသမားတော်ကြီးကုလိုက်ရင် ပျောက်ကင်းသွားတာချည်း ပဲတဲ့"

စိန်အိုးနှုတ်က စကားသံထွက်မလာ။ ပင့်သက်ရှည်ချသံ ကြီးသာ နှာဖျားက ထွက်သွား၏။ မပြုံးကြည်ကလည်း မပြောမဖြစ် လို့သာ ပြောလိုက်ရသော်လည်း ထိုကိစ္စမှာ သူတို့မိသားစုအတွက် ခါချဉ်ကောင် တောင်ကြီးကို ဖြိုဆိုသလို လွန်စွာအလှမ်းဝေးလွန်း လှ၏။

ဆေးကုဖို့ထားဦး၊ စစ်တွေမြို့သို့ လူချည်းသက်သက်သွားဖို့ ပင် လွယ်ကူလှသည်မဟုတ်။ လမ်းခရီးကလည်း ကြမ်းတမ်းခက်ခဲ သည်။ ခရီးစရိတ်ကလည်း တော်ရုံငွေနှင့် ရမည်မဟုတ်။

တွေးမိသည်နှင့် ရင်တစ်ခုလုံး မောဟိုက်ပင်ပန်းသွား၏။

"စိတ်ကူးမယဉ်စမ်းပါနဲ့ကွာ၊ မင်းလိုပဲ ငါလည်း သမီးအတွက် စိုးရိမ်တာပါပဲ၊ ငါတို့ စွမ်းဆောင်နိုင်တဲ့ အတိုင်းအတာနဲ့ မင်းပြော



www.burmeseclassic.com

www.burmeseclassic.com



တဲ့ကိစ္စကြီးက မိုးနဲ့မြေလို အလှမ်းဝေးပါတယ်ကွာ"

"အို . . . ရှင်ကလည်း အလှမ်းဝေးတယ်ဆိုတိုင်း ဒီအတိုင်း ထိုင်ကြည့်နေရတော့မလား၊ အစွမ်းကုန် နည်းလမ်းရှာပြီး ကြိုးစားရမှာပေါ့"

စိန်အိုးက သူ့မိန်းမကို ဖျတ်ကနဲ အကဲခတ်လိုက်သည်။ ထိုသို့ အခိုင်အမာပြောနေခြင်းက သူ့မိန်းမမှာ သူလိုက်မမီနိုင်သည့် နည်းလမ်းမျိုး ရှာတွေ့ကောင်း ရှာတွေ့ထားနိုင်သည်။ သူ့မိန်းမ၏ ခမူအရာကလည်း အခိုင်အမာဆုံးဖြတ်ထားသည့် မျက်နှာမျိုး . . .။

သို့သော် ထိုဆုံးဖြတ်ချက်ကို ကြားလိုက်ရစဉ်မှာတော့ . .

"ဘာ . . . ဘယ်လို၊ ဒီခြံဝိုင်းလေးကို ပေါင်မယ် . . . ဟုတ်လား၊ ဟာ . . . အဲ . . . အဲဒါတော့ မဖြစ်ဘူး . . . မဖြစ်ဘူး"

သောက်ထားသည့် အရက်ရှိန်လေးပင် ထိုစကားကြောင့် ကြက်ပျောက်၊ ငှက်ပျောက်ဆိုသလို ဘယ်ရောက်သွားမှန်းမသိတော့။ ငယ်ထိပ်ပေါက်ထွက်သွားသလို ခေါင်းတစ်ခုလုံး ပူထူသွားလေ၏။

"အဲဒီနည်းလမ်းကလွဲပြီး ရှင့်မှာ ကောင်းတဲ့နည်းလမ်းရှိသေးလား၊ သမီးအတွက် လုပ်နိုင်တာဆိုလို့ ဒီနည်းလမ်းကလွဲပြီး ဘာမှမရှိဘူး"

"အိမ်နဲ့ဝိုင်းပျောက်သွားလို့ မဖြစ်ဘူး မိန်းမ၊ မင်းသိတဲ့အတိုင်း အတိုးက ကြီးကကြီးနဲ့၊ တို့တစ်သက်မပြောနဲ့ နောက်မျိုးဆက်အထိ ဆပ်ရင်တောင် ကြေမှာမဟုတ်ဘူး"

"ဟိုတော် . . . မဆပ်နိုင်လို့ ဆုံးတော့လည်း ဘာအရေးလဲ၊ ရွာပြင်ထွက် တဲထိုးနေမယ်"

စိန်အိုးက အစီခံနားအထိ ကပ်နေပြီဖြစ်သည့် ဆေးလိပ်တိုကို မီးဖိုထဲပစ်ထည့်လိုက်ပြီး . . .





"အချိန်ခဏစောင့်ပါဦးဟာ . . . ဒီရက်ပိုင်းအတွင်း နည်းလမ်းတစ်ခုခုရအောင် ငါကြံပါ့မယ်"

ထိုညက စိန်အိုးသည် ညဉ့်နက်သည့်တိုင်အောင် အိပ်မပျော်နိုင်ဖြစ်နေတော့၏။ လဆုတ်ရက်ဖြစ်သည်ကြောင့် ဝန်းကျင်တခွင်လုံး ပိန်းပိတ်မှောင်လျက်ရှိ၏။

သူသည် ခြံဝိုင်းအတွင်း သရက်ပင်ကြီးအောက်ရှိ ကွပ်ပြစ်တွင် ဆေးလိပ်ဖွာရင်း အတွေးနက်နေ၏။ မည်မျှကြာအောင် အတွေးနက်နေမလဲမသိ။ အတွေးအလျဉ်ကလည်း အမျှင်မပြတ် စီးမျောနေလေ၏။ ထိုအတွေးကို လွှမ်းမိုးနေသည်က . . .

"တောက် . . . ကုသိုလ်ကံမျှား ဆိုးလိုက်တာကွာ၊ ပေါက်ကောင်ကို စဉ်းစားမိရဲ့သားနဲ့ ခံလိုက်ရတာ၊ စဉ်းစားမိတဲ့အတိုင်း ထိုးလိုက်လို့ကတော့ မိန်းမဆန္ဒအတိုင်း စစ်တွေကိုပြေးပြီး သမားတော်ကြီးပင့်လို့ရပြီပေါ့၊ ခုတော့ကွာ . . . သောက်တလွဲ . . . ဟူး"

သေချာသည်။ ထိုညတော့ သူ့အဖို့ မိုးသာလင်းသွားမည်။ တစ်မှေးမှ အိပ်နိုင်တော့မည် မဟုတ်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

လဆုတ်ရက်ဖြစ်သည်ကြောင့် ဝန်းကျင်တစ်ခွင်လုံး အနက်ရောင်ကမ္ဗလာကြီး လွှမ်းခြုံထားသလို မှောင်ပိန်းနေလေ၏။ ကျိန်ချောင်းရွာကလေးမှာလည်း အမှောင်ထုအောက်မှာ အိပ်မောကျလျက်ရှိ၏။ တစ်ရွာလုံး ငြိမ်သက်တိတ်ဆိတ်ပြီး အပ်ကျသံပင် ကြားရမလား ထင်မှတ်ရ၏။

တောနေလူထု၏ အစဉ်အလာအတိုင်း နေဝင်မိုးချုပ်သည်နှင့် မီးခွက်မှုတ်၊ အိပ်စက်အနားယူကြစမြဲ ဖြစ်သည်။ မြို့နေလူထုလို လမ်းသလားသည့် အလေ့အထမျိုး၊ အကြောင်းမရှိဘဲ အိမ်လည်သည့် အကျင့်မျိုးမရှိ။ လမ်းသလားဖို့ လက်ဖက်ရည်ဆိုင်လည်း မရှိ။ သောက်စားပျော်ပါးဖို့ အရက်ဆိုင်လည်း ရှိသည်မဟုတ်။

သောက်တတ်သူများရှိကြသော်လည်း ထိုသူများမှာ ကိုယ်သောက်မည့်အရက်ကို နေအိမ်မှာပင် ကြိုတင်စီစဉ်ထားကြစမြဲဖြစ်၏။ အပေါင်းအသင်းများနှင့် ဝိုင်းဖွဲ့လိုလျှင်လည်း နေအိမ်မှာပင်





ဝိုင်းဖွဲ့ကြ၏။

သူတို့ဖြတ်သန်းရသည့် အသက်မွေးဝမ်းကြောင်းအလုပ်ကလည်း များသောအားဖြင့် နေဝင်မိုးချုပ်ပင်ပန်းကြီးစွာ လုပ်ကိုင်ကြရသဖြင့် မြို့ကြီးသားတွေလို အချိန်ပိုမရှိသည်ကြောင့် ထိုသို့စောစောအိပ်စက်ကြခြင်းလား မဆိုနိုင် . . .။ မည်သို့ဆိုစေ . . . ငင်းအလေ့အကျင့်မှာ လွန်စွာကောင်းမွန်သည့် အလေ့အကျင့်ပင် ဖြစ်၏။

အဘယ်ကြောင့်ဆိုသော သူတို့ ထိုသို့အိပ်စက်လိုက်သည့်အတွက် နောက်တစ်နေ့ လုပ်ငန်းခွင်ဝင်ရောက်သည့်အခါ အားအင်အပြည့်ဖြင့် အလုပ်,လုပ်နိုင်ကြသောကြောင့် ဖြစ်သည်။

ညဥ့်တစ်နာရီခန့်အချိန်တွင် ဖြစ်သည်။

ရွာအနောက်ဘက်ခြမ်း၏ ခြစည်းရိုးနှင့်ကပ်လျက်ရှိသည့် ရွာပတ်လမ်းပေါ်၌ မဲမဲအရိပ်သဏ္ဍာန်တစ်ခုသည် အလျှင်အမြန် ရွေ့လျားနေလေ၏။ ၎င်းသဏ္ဍာန်ရိပ်မှာ ရွာအရှေ့ပိုင်းသို့ ရောက်လာပြီး လယ်ကန်သင်းရိုးတစ်ခုပေါ် ရောက်သွားပြီး ၎င်းကန်ဘောင်ပေါ်မှ တောင်ဘက်သို့ ချိုးကွေ့သွား၏။

စောစောတုန်းကထက်ပင် ပို၍လျင်မြန်စွာ ရွေ့လျားလို့သွား၏။ မကြာခင်မှာပဲ ထိုသဏ္ဍာန်ရိပ်သည် ရွာနှင့် လွန်စွာဝေးကွာသွားလေ၏။ ထိုသဏ္ဍာန်ရိပ်ကို လက်တကမ်းအကွာမှကြည့်လျှင်တောင် ရုတ်တရက် တွေ့မြင်ဖို့ လွယ်မည်မဟုတ်။

အကြောင်းကား . . . အနက်ရောင်ခြုံလွှာကို လွှမ်းခြုံထားသောကြောင့် ဖြစ်၏။ ၎င်းခြုံလွှာအတွင်း ရှိနေသူမှာလည်း လူသားစင်စစ်ပင် ဖြစ်၏။ ထိုလူသားသည် တစ်ရွာလုံးအိပ်မောကျသည့် ၎င်းအချိန်ကို စောင့်ဆိုင်းရင်း ရွာထဲမှ ခိုးကြောင်ခိုးဝှက်ထွက်လာ

www.burmeseclassic.com



ခဲ့ခြင်း ဖြစ်သည်။

ထိုလူသားမှာ အခြားမဟုတ်။ ရွာတောင်ပိုင်းရှိ စိန်အိုးတို့ ခြံဝိုင်းနှင့်ကပ်လျက်ရှိသည့် ခြံဝိုင်းတွင်နေထိုင်သော အသက်သုံးဆယ်ဝန်းကျင်အရွယ်ခန့်ရှိ နိုင်နိုင်ဟူသော လူငယ်ဖြစ်၏။

နိုင်နိုင်သည် ရွာနှင့်အတော်ဝေးကွာနေပြီဖြစ်သော်လည်း ခြံစောင်ကြီးကို ဖယ်ခွာခြင်း မပြုရသေး . . .။ ခြံပြင်ချောင်းစပ်ရောက်ဖို့ကိုသာ စိတ်လောကြီးလျက် ခြေကုန်သုတ်နေလေ၏။ ထိုအချိန်အထိ အခက်အခဲမရှိ ဖြတ်ကျော်နိုင်ခဲ့၍ အတန်ငယ်စိတ်သက်သာရာရသွား၏။

သို့သော်လည်း နောက်ပိုင်းဖြတ်ကျော်ရမည့် အပိုင်းကသူ့အဖို့ တွေးပင်မတွေးရဲသည့် အနေအထားမျိုးဖြစ်သည်။ မည်သူမျှ စိတ်မကူးဝံ့၊ မလုပ်ဝံ့သည့် အလုပ်မျိုးဖြစ်သည်ကြောင့် သူသည် ကိုယ့်ကိုယ်ကို အပြင်းအထန်မောင်းတင်ခဲ့ရ၏။

ခနိုပင်များ အုပ်ဆိုင်းလျက်ရှိသည့် ခြံပြင်ချောင်းစပ်သို့ ရောက်ရှိလာသည်နှင့် သူသည် ခန္ဓာကိုယ်ကို မြေနှင့်နီးနိုင်သမျှ နီးအောင် ဝပ်လိုက်ပြီး အကြိမ်ကြိမ်မှတ်သားထားသည့် လမ်းကြောင်းအတိုင်း ခနိုပင်ကြားသို့ တိုးဝင်သွား၏။ ထိုအခါမှာတော့ သူသည် ခြံစောင်ကို ဖယ်ခွာလိုက်ပြီဖြစ်၏။

ခြေလှမ်းဆယ်လှမ်းခန့် တိုးဝင်ပြီးသည်နှင့် ရှေ့ဆက်မတိုးသေးဘဲ ကျင့်သားရနေသည့် မျက်ဝန်းဖြင့် အနီးဝန်းကျင်ကို တစ်ချက်စူးစမ်းကြည့်လိုက်၏။ လုံးဝစိတ်ချရသည့် အနေအထားမျိုးရှိနေသည်ကြောင့် ကျောပိုးအိတ်ကို ပခုံးပေါ်မှ ဖြုတ်ချလိုက်ပြီး အိတ်ထဲက ပစ္စည်းတစ်ခုကို ထုတ်လိုက်၏။

ထိုအရာမှာ မီးအုပ်ဆောင်းလေး ဖြစ်၏။ မီးညှိလိုက်ပြီး





မီးအလင်းရောင်ကို ခပ်မှိန်မှိန်အနေအထားမျိုးဖြစ်အောင် မီးစာကိုလျှော့လိုက်၏။ အလင်းရောင်က သူ့အနီးတဝိုက်ကို မြင်ရရုံမျှသာ။

တွေ့ပြီ . . . လွှန်စွာပစ်အားကောင်းသည့် မှိန်းတစ်လက်။ သူသည် ၄င်းမှိန်းကို မည်သူမျှ မရိပ်မိအောင် ယခင်နေ့ကပင် လာရောက်ဝှက်ထားခဲ့ခြင်း ဖြစ်၏။ နေရာလွဲချော်မှုမရှိသည့်အတွက် စိတ်အားတက်သွားသည်။

ထိုမှိန်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ခနိုတောအတွင်း ခပ်မြန်မြန်တိုးသွားလိုက်သည်။ မကြာပါ . . . ချောင်းစပ်သို့ ရောက်သွား၏။ ရွှံ့နုံးထဲ သိပ်မဆင်းလိုက်ရ။ ရေတက်ခါစဖြစ်နေသည်ကြောင့် လှေက ကမ်းနဖူးနှင့် ကပ်လျက်ရှိနေ၍ ဖြစ်သည်။

သူသည် လှေကို ကမ်းမှခွာပြီးသည်နှင့် ခပ်သွက်သွက်ပင် လှော်ခတ်ကာ ထွက်ခွာခဲ့လေ၏။ သူဦးတည်ရာအရပ်က ဘုရားလေးကုန်းတော်ရှိရာသို့ ဖြစ်၏။ သိပ်ဝေးလှသည်မဟုတ်။ ချောင်းရိုးအတိုင်း ရေစီးအရှိန်ဖြင့် လှော်ခတ်ပါက မိနစ်နှစ်ဆယ်ခန့်အတွင်း ရောက်ရှိနိုင်သည့် ခရီးဖြစ်သည်။

နိုင်နိုင်သည် အခြားသူတွေလို လယ်ပိုင်ယာပိုင်ရှိသူ မဟုတ်။ သူ့မိဘလက်ထက်တုန်းကတော့ ရှိသည်။ ထိုစဉ်ကတည်းက သူသည် လယ်အလုပ်ကို လက်ကြောတင်းအောင် လုပ်ချင်သူမဟုတ်။

သူဝါသနာပါပြီး အထူးကျွမ်းကျင်တာက ငါးဖမ်းသည့်အလုပ် . . .။ ဆိုရသော် တံငါသည်ဘဝကိုသာ လုပ်ကိုင်ချင်သူဖြစ်သည်။ ထိုအလုပ်ဖြင့်သာ အကျိုးပေးသည်ဟု ယူဆရမည်ဖြစ်၏။

သူသည် နေပူ၊ မိုးရွာမရှောင် ပင်ပန်းကြီးစွာ လုပ်ကိုင်ကြသည့် လယ်လုပ်သူများရရှိသည့် ဝင်ငွေထက်ပင် သူ၏ဝင်ငွေက



www.burmeseclassic.com

www.burmeseclassic.com



ပို၍ရရှိနေ၏။ မြစ်၊ ချောင်းများ လက်ညှိုးထိုးမလွဲအောင်ရှိနေသည့် သူတို့ဒေသတွင် သူ့အဖို့ လှေငယ်လေးတစ်စီးလောက်ရှိလျှင် ကောင်းစွာအလုပ်ဖြစ်၏။

လယ်လုပ်သူများလို အရင်းအနှီးများစွာ မလို . . .။

ထိုညမှာတော့ သူသည် သူ၏လုပ်ငန်းကျွမ်းကျင်မှုကို အမြင့်ဆုံးအသုံးချဖို့ လွန်စွာစိတ်လှုပ်ရှားနေလေ၏။ ကြက်သီးတဖျင်းဖျင်းထလောက်အောင် ကြောက်စိတ်က တစ်ချက်တိုးဝင်လာသဖြင့် သူသည် အတင်းမောင်းထုတ်နေရ၏။ မဖြစ် . . . နောက်ကြောင်းပြန်လှည့်လို့ ဘယ်လိုမှ မဖြစ် . . .။ လက်ရှိ သူရင်ဆိုင်နေရသည့် အခြေအနေက နောက်ကြောင်းပြန်လှည့်လိုက်သည်နှင့် သေမင်းခံတွင်းဝသို့ တိုးဝင်သည်နှင့်မခြား ဖြစ်သွားပေလိမ့်မည်။

အဓိကပြဿနာက အရေးတကြီးငွေလိုနေခြင်း ဖြစ်၏။ ၄င်းငွေကို ပုံမှန်ရှာဖွေနေပါက တစ်လနှင့်ပင် ပြည့်မှီမည်မဟုတ်။ အကြွေးရှင်ချစ်တီးသူဌေးယူနွတ်က သူချေးယူထားသည့် ငွေများကို မနက်ဖြန်အကျေအလည်ပေးဖို့ ရာဇသံပေးထား၏။ ယူနွတ်အကြောင်း သူသိသည်။

သူကြီးထက်ပင် ကြောက်စရာကောင်းသည့် ကုလားဖြစ်သည်။ ထိုနယ်တစ်ဝိုက်ရှိ ငွေတိုးချေးသူများထဲတွင် ချစ်တီးကုလား ယူနွတ်သည် ငွေကြေးအင်အားတောင့်တင်းသလို အရှိန်အဝါလည်း ကြီး၏။ အာဏာရှိသည့် ပုဂ္ဂိုလ်များကိုလည်း ခါးပိုက်ထည့်ထားသလို သိမ်းသွင်းထားနိုင်၏။

ထို့ပြင်သာမက မိုက်ရူးရဲများကိုလည်း အိမ်မွေးတိရစ္ဆာန်များပမာ ပေးကမ်းကျွေးမွေးထား၏။ အကြောင်းမဲ့တော့ မဟုတ် . . .။ သူ၏ငွေတိုးချေးသည့် လုပ်ငန်းတွင် လက်ကိုင်တုတ်သဖွယ် အသုံးချ





ရန်အတွက် ဖြစ်သည်။

ချစ်တီးကုလားယူနွတ်ထံမှ ငွေချေးယူမည့်သူသည် ချေးငွေယူခင် အသေအချာစဉ်းစားဖို့လို၏။ သူ လက်မခံနိုင်သည့် ပစ္စည်းမျိုးဘာမှမရှိ။ အခြားငွေချေးသူတွေပေးနိုင်သည့် ငွေပမာဏမျိုး ပေးနိုင်သည်။ ပိုင်ဆိုင်မှုသေချာဖို့ပဲ လိုသည်။

၄င်းထံမှ ချေးငွေယူပြီးသည်နှင့် ထိုသူသည် တိတိကျကျ ပေးဆပ်နိုင်ဖို့ အသေအလဲ ကြိုးစားပေတော့ . . .။ လူမှုရေးတွေဘာတွေဆိုတာကို ထိုကုလားက လက်ခံသူမဟုတ်။ မရှိ၊ ရှိတာကို သိမ်းမည်။ ဘာမှသိမ်းလို့မရနိုင်တဲ့ အနေအထားမျိုးဆိုရင်တော့ ထိုသူကို သူ၏လက်ပါးစေများက မှတ်လောက်သားလောက်အောင် ရိုက်နှက်ထိုးကြိတ်မည်။

"အောင်မလေး . . ."

နိုင်နိုင်သည် ယူနွတ်၏အဆီပြန်မျက်နှာကြီးကို ဘာရယ်မဟုတ် မြင်យောင်လိုက်မိသဖြင့် ကြောထဲ၌ စိမ့်ကနဲ ဖြစ်သွား၏။

"ဟော့ကောင် နိုင်နိုင် . . . မင်းက လူသနားအောင် အမြဲတမ်းငိုပြနေတဲ့ ကောင်ဆိုတာ ငါသိတယ်၊ မင်းအဖိုကောင်းလို့ မင်းဆီက ဘာအပေါင်ပစ္စည်းမှမယူဘဲ အရင်တစ်ခါ ငါချေးလိုက်တယ်၊ အဲဒီငွေကို မင်းပြန်ဆပ်တာ အခုမှ တစ်ဝက်တောင် မရှိသေးဘူး၊ မင်းက ငွေထပ်ချေးတယ်၊ ငါ့ရာဇဝင်မှာတော့ အဲဒီလို ငွေချေးတာမျိုး တစ်ခါမှ မလုပ်ဖူးဘူး"

ကုလားယူနွတ်သည် စကားကိုမဆက်သေးဘဲ သူ့ကို မိန့်မိန့်ကြီးပြုံးကြည့်လေ၏။ နိုင်နိုင်လည်း သူ့အကျင့်အတိုင်း မျက်နှာကို သနားစဖွယ် အနေအထားမျိုးဖြင့် အသနားခံတောင်းပို၏။

နိုင်နိုင်အောင်မြင်သွားပါသည်။ ချစ်တီးကုလားယူနွတ်က



www.burmeseclassic.com

www.burmeseclassic.com



လည်း သူတောင်းဆိုသည့်ငွေကို ထုတ်ချေးပေးလိုက်ပါသည်။ သို့သော်လည်း သူ့လက်ထဲငှင်းငွေရောက်သည်နှင့် ချစ်တီးကုလား ပြောလိုက်သည့်စကားကို ကြားလိုက်စဉ်မှာတော့ . . .

"ဟေ့ကောင် နိုင်နိုင် . . . မင်းက ဒီကုလားလောက်တော့ အချဉ်ပဲလို့ လျှောင်ချင်လှောင်နေမှာပေါ့ ဟား . . . ဟား . . . ဟား . . . ငါကလည်း မင်းကို တကယ့်သနားစရာသတ္တဝါလေးလို့တွေးပြီး သဘောကျနေတာကွ၊ ဘာလို့လဲသိလား . . . အခုတလော ငါ့ရဲ့ တပည့်တွေ အတော်ပျင်းနေကြတယ်၊ ဒီကောင်တွေ လက်ရည်ပျက်မှာစိုးလို့ ငါ့မှာ ညနေခင်းတိုင်း သဲအိတ်တွေစီစဉ်ပေးပြီး ထိုးခိုင်းနေရတယ်၊ ဒီကောင်တွေက အသက်မရှိတဲ့ သဲအိတ်ကို ထိုးရတာ အဓိပ္ပါယ်မရှိဘူးလို့ ပြောနေကြတယ်။

ငါလည်း ဒီကောင်တွေအတွက် ဘယ်လိုစီစဉ်ပေးရမှန်း မသိဘူး၊ အခုတော့ မင်းကြောင့် အဆင်ပြေသွားပြီလေ၊ မင်းရယ် ကျောက်နီမော်က နေခဆိုတဲ့ ကောင်ရယ်ကြောင့်ပေါ့၊ မင်းတို့လို ကောင်တွေက ငွေကို အလွယ်ယူပြီး ဘယ်တော့မှ ပြန်ဆပ်ချင်တဲ့ ကောင်တွေ မဟုတ်ဘူး၊ ဒီတော့ ငါလည်း ငါ့တပည့်ကြီးတွေအတွက် သဲအိတ်စီစဉ်ပေးဖို့ မလိုတော့ဘူးပေါ့ကွာ၊ အကြွေးမဆပ်နိုင်တိုင်း မင်းတို့နှစ်ကောင် ဘယ်လိုဖြစ်သွားမယ်ဆိုတာ တွေးသာကြည့်ပေတော့ . . ."

"ဟူး . . ."

နိုင်နိုင်၏ပင့်သက်ရှိုက်သံကြီးက နှာမှုတ်သံကြီးအလား ထွက်ပေါ်သွားလေ၏။ ကြောက်ပါတယ်ဆိုမှ အတွေးက ကြောက်စရာကောင်းသည့် အကြောင်းများဆီသို့ ရောက်,ရောက်သွား၏။ မရောက်ဘဲလည်း မနေနိုင်။ ငှင်းအဖြစ်များကြောင့်ပင် သူသည်





ယခုကဲ့သို့ မည်သူမှ စွန့်စားလုပ်ကိုင်ဖို့ မတွေးဝံ့သည့်အလုပ်ကို လုပ်ဖို့ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ရေစီးနှင့်အတူ လှော်ခတ်နေရသဖြင့် လှေငယ်လေးက သိပ်ပြီးအားမစိုက်ရဘဲ အတော်ခရီးရောက်လာပြီ ဖြစ်၏။ ဆယ်မိနစ်ခန့်အကြာတွင် သူသည် လွန်စွာနာမည်ကြီးသည့် ဥစ္စာစောင့်ကုန်း အနီးသို့ ရောက်ရှိလာ၏။

ငှင်းကုန်းကို ဖြတ်အကျော်မှာတော့ သူကြက်သီးနည်းနည်း ထသွားသေး၏။ ရှေးယခင်ကတော့ သည်ကုန်းကို အမည်ပေးထားခြင်း မရှိသေး။ ရွာသားများ ဖြတ်သွားဖြတ်လာရင်းက ငှင်းကုန်း မြေအနီးတွင် ရှေးခေတ်ဝတ်စားဆင်ယင်မှုမျိုးဖြင့် မိန်းမချောလေးတွေ မြင်ရသည်ဟူသော အချိန်မှစ၍ ငှင်းကုန်းမှာ ဥစ္စာစောင့်ကုန်း ဟူ၍ တွင်သွားခဲ့ခြင်း ဖြစ်သည်။

သူသည် ငှင်းကုန်းကို ခပ်သွက်သွက်ပင် ဖြတ်ကျော်သွားလိုက်၏။ အတော်လေးသွားမိသည်တွင် ကြီးမားသည့် တာရိုးကြီးကို တွေ့ရလေ၏။ ထိုတာရိုးကြီးကျော်လွန်သွားသည်နှင့် ကြီးမားသော အကိုင်းအရွက်များနှင့် အုပ်အုပ်ဆိုင်းဆိုင်းရှိနေသည့် ညောင်မှတ်ဆိတ်ပင်ကြီးကို တွေ့ရတော့၏။

ညောင်မှတ်ဆိတ်ကြီးတွေက တဖားဖား၊ တလွင့်လွင့်။ လေတိုးလိုက်သည်နှင့် ကိုင်းဖျား၊ ကိုင်းနားများက ယိမ်းကသည့်နှယ်။ အရိပ်ရိပ်အသံများ ထွက်ပေါ်သွားစမြဲဖြစ်၏။

ညောင်ပင်တစ်ဖက်တွင် မေတ္တာရေစင်ဟူ၍ အမည်ပေးထားသည့် ကမ်းများစွာကျယ်ဝန်းသော ရေကန်ကြီးရှိ၏။ သူသည် ငှင်းရေကန်ကြီးဆီသို့ ဦးတည်ထွက်ခွာလာခဲ့ခြင်း ဖြစ်သည်။ ထိုရေကန်ကြီးမှာ သာမန်တူးဖော်ထားသည့် ရေကန်မျိုးမဟုတ်။

www.burmeseclassic.com



ဘာသာရေးအရ ဒေသခံများ အထွတ်အထိပ်ထားသည့် ဘေးမဲ့ရေကန်ဖြစ်သည်။ နှစ်စဉ် ကဆုန်လပြည့်နေ့သို့ရောက်တိုင်း ရွာနီးချုပ်စပ်မှ ဒေသခံများသည် ပျော်ပွဲရွှင်ပွဲအမျိုးမျိုးဖြင့် ထိုကန်ကြီးသို့ ရောက်ရှိလာပြီး ငါးလွှတ်ပွဲပြုလုပ်ကြ၏။

ရွာသူကြီးက ထိုကန်မှ ငါးများကို မည်သည့်အကြောင်းနှင့်မှ ဖမ်းဆီးခြင်းမပြုရန် အပြင်းအထန်အမိန့်ထုတ်ထား၏။ ကျူးလွန်သူများကို ထိထိရောက်ရောက် အပြစ်ပေးအရေးယူ၏။ အရေးယူသည့် ပြစ်ဒဏ်ကလည်း လွန်စွာကြောက်ဖို့ကောင်း၏။

ခြောက်ပေါင်ထိပ်တုံးခတ်ပြီး ခပ်မြော့မြော့ဖြစ်သည်အထိ ကြိမ်ဒဏ်ပေးခံရခြင်း ဖြစ်၏။ ထိုမျှနှင့် မပြီးသေး . . .။ လူအများအလယ်တွင် စာတန်းချိတ်ပြီး ခေါင်းမဖော်ဝံ့လောက်အောင် အရှက်ခွဲခံရသေး၏။ ထိုအဖြစ်ကြောင့် ငါးခိုးသူမှာ ရွာထဲ၌ လူတွေ၏ လှောင်ရယ်စရာအဖြစ်မျိုး ရင်ဆိုင်ရတော့၏။

နိုင်နိုင်သည် ထိုအခြေအနေကို မသိမဟုတ်။ သူ့အဖို့ ရွေးစရာလမ်းလည်း မရှိ။ တစ်ခုလိုလျှင် တစ်ခုကိုတော့ ရင်းရတော့မှာပေါ့။

ကန်ကြီးအနားသို့ ရောက်သွားလေပြီ။ ထိုအချိန်မှာတော့ သူသည် အလင်းရောင်တိုးမြှင့်ဖို့ မီးစာကို မြှင့်တင်လိုက်၏။ သူသည် ထိုအလင်းရောင်ဖြင့် ကန်စပ်တလျှောက် အတန်ငယ်လျှောက်ရင်း အခြေအနေကို အကဲခတ်ကြည့်ရှုလေ၏။

လျှောက်နေရင်းကပင် သူသည် ညာဘက်လက်တွင် ပုခုံးနှင့်ထိန်းထားသော မှိန်းကို အသင့်အနေအထား ပြင်ဆင်ထား၏။ အမြင်အာရုံကိုလည်း အစွမ်းကုန်ဖြန့်ကျက်ထား၏။ သူ့အဖို့ အချိန်နှင့်အမျှ လွန်စွာတန်ဖိုးရှိနေသည်ကြောင့် အခွင့်အခါမလွှတ်ကမ်း





သုံးချရမည် ဖြစ်သည်။

သူသည် ခါးကြားတွင် ထိုးထားသည့် သောက်လက်စအရက်ပုလင်းကိုထုတ်ပြီး ပုလင်းလိုက်ပင် မော့သောက်လိုက်၏။ ဓိရေ့ဝေ အားမှုအရှိန်က ရုတ်ချည်းပင် ထိုးတက်လာသလို စိုးရိမ်ထိတ်လန့်မှုလည်း ကွယ်ပျောက်လို့သွား၏။ တော်သေးသည်။ သူ့အဖို့ ရဲဆေးတင်ရမည့်အရက်များက လုံလုံလောက်လောက်ရှိနေသဖြင့် ဖော်ဆွေကောင်းတစ်ဦးရှိနေသလို စိတ်ချမ်းသာနေ၏။

"ဟား . . . တွေ့ကြပြီပေါ့ကွာ"

သူသည် တာကောင်ကို မြင်လိုက်ရသည့် မုဆိုးပမာ အသင့်အနေအထားဖြင့် ချဉ်းကပ်သွား၏။ ကမ်းပေါ်တွင် မေးတင်လျက်နေသည့် ငါးရံ့ကြီးတစ်ကောင် . . .။ တကယ့် နှစ်ချိုကြီး . .။ ခြသလုံးအရွယ်လောက်တော့ ရှိ၏။

သူသည် စိတ်ကို တည်တည်ငြိမ်ငြိမ်ထားတာ အားကုန်ထိုးလိုက်၏။

"ဖွပ် . . ."

"ဝုန်း . . . ဝုန်း . . ."

ပစ်မှတ်က လုံးဝကွက်တိ . . .။ မှိန်းက ငါးရံ့ကြီး၏ဂုတ်ကို ဖောက်ထွင်းသွား၏။ ဘာဆက်လုပ်ရမည်ကို နိုင်နိုင်ကျွမ်းသား . . .။ မှိန်းကို အားစိုက်ပြီး ခဏစောင့်ဆိုင်းနေပြီးမှ နှုတ်လိုက်ရာ ငါးရံ့မှာ တန်းလန်းကြီးပါလာ၏။

နိုင်နိုင်က ငါးရံ့ကို ကျွမ်းကျင်စွာ ဖြုတ်ယူလိုက်ပြီး ပလိုင်းထည့်လိုက်၏။ ပွဲဦးထွက်လာဘ်ကောင်းသွားသည်ကြောင့် စိတ်အားတက်သွားပြီး ရှေ့သို့ဆက်လျှောက်သွား၏။ သို့သော်လည်း ကြာလှခန့်သာ အချိန်ကုန်သွား၏။ မည်သည့်ငါးကိုမှ မတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



သူစဉ်းစားမရ ဖြစ်သွား၏။ ဤကန်လောက် ငါးပေါမှာ သည့်ကန် ဘယ်မှာရှိတော့လို့လဲ။ သူတွေးထားသည်က အချိန်တင် နာရီခန့်အတွင်း ပလိုင်းငါးလုံးလောက် သာသာလေးရနိုင်မည်ဟု ဖြစ်၏။ အခုတော့ . . .

“တောက် . . . သောက်ငါးတွေက လိုရင်မတွေ့ဘူး၊ မဟုတ် တဲ့အချိန်ကျရင် ပေါက်ပေါက်ဆုပ်တွေလို ပလူပျံနေတာပဲ . . . ဟူး

“မဖြစ်ဘူး . . . မဖြစ်ဘူး . . . စိတ်ဓါတ်ကျနေလို့ မဖြ ဘူး၊ မရ,ရအောင်တော့ ကြိုးစားရှာရမှာပဲ”

စိတ်ကိုတင်းပြီး တစ်နေရာပြီးတစ်နေရာပြောင်းကာ ရှာ သည်။ နာရီဝက်ခန့် ထပ်မံအချိန်ကုန်သွား၏။ ကန်ကြီးလည်း တ ပတ်ပြည့်သွားပြီ။ ငါးရံ့တစ်ကောင်သာ ပွဲဦးထွက်ရသေး၏။ စိတ် ၍ အတော့်ကို ခံပြင်းမိသည်။

မှူးနေသည့် အမူးကလည်း ဘယ်ရောက်သွားမှန်းမသိတော့ အရက်ရှိန်လျော့လို့တော့ မဖြစ် . . .။ စိက်ဓါတ်ခွန်အားရှိဖို့ သူ့မှာ ထိုအရာသာ ရှိ၏။ အရက်ရှိန်လေးမပါလျှင် အလုပ်က လုပ်လို့ မကောင်း . . .။

သူသည် ညောင်ပင်ကြီး၏အခြေတွင်ထိုင်ကာ အရက်တ လုံးကိုဖွင့်ပြီး အတော်လေးမော့ချလိုက်၏။ ရေမလို . . .။ အမြည် မလို . . .။ အရက်ကလေး ရင်ထဲဝင်သွားတော့် ရှိန်းမြ,ရှိန်းမြ နေသာထိုင်သာ ဖြစ်လို့သွား၏။

“ရှဲရှဲ . . . ရှဲရှဲ . . . ရှဲရှဲ . . . ”

“ဟိုက် . . . ဒါပုံမှန်တော့ မဟုတ်လောက်ဘူး”

ထိုင်ရာမှ ဆတ်ကနဲ ထလိုက်သည်။ တော်သေးသည် အရက်ရှိန်ကလေးရှိနေလို့ ကြောက်စိတ်ကို အတော်အတန် ထိန်





သားနိုင်လိုက်၏။ ထိုသို့ ရှိနေစဉ်မှာပဲ . . .

“မိတ်ဆွေ . . . ကျုပ်ကို အရက်နည်းနည်းလောက် တိုက် မ်းပါ”

“ဟင် . . . ”

သူ့ခြေလှမ်းတွေက နောက်သို့သုံးပေခန့် ရွေ့လျားသွား၏။ တ်လုံးတွေလည်း ပြူးကျယ်ဝိုင်းစက်လို့ သွား၏။ အသံက ခပ်သြ ြ၊ ခပ်အစ်အစ် အသံ . . .။ ဘယ်နေရာက ထွက်လာမှန်းလည်း သိ။

“မကြောက်ပါနဲ့ မိတ်ဆွေ၊ ထွက်လည်း မပြေးပါနဲ့၊ ကျုပ် ာ မိတ်ဆွေကို ရန်ပြုမယ့်သူ မဟုတ်ပါဘူး”

“ဒီအချိန်မှာ ဒီလိုနေရာကို ရောက်နေတဲ့သူဟာ ကျုပ် တွက် အန္တရာယ်ရှိတဲ့သူပဲ၊ ခင်ဗျားဘယ်သူလဲ၊ ဘယ်ကလဲ”

သူ အရဲစွန့်ပြီး မေးလိုက်သည်။ ပြီးနောက် ဘေးဘီသို့ လျှင်အမြန် လှည့်ပတ်ကြည့်လိုက်၏။

ဟော . . . တွေ့ပြီ။ ခပ်ဝါးဝါးအလင်းရောင်တွင် မည်း ည်းသဏ္ဍာန်တစ်ခု . . .။

“ကျုပ်က ဒီကန်ကို စောင့်တဲ့သူ၊ ကန်စောင့်ပေ့ါဗျာ”

ဟုဆိုလိုက်ရာ ထိုအခါမှာတော့ နိုင်နိုင်လည်း အတော် တန် ကြောက်စိတ်ပြေသွားပြီဖြစ်၍ ထိုသူကို အသေအချာအကဲ တ်ကြည့်လိုက်၏။

သာမန်အချိန်မျိုးဆိုလျှင် နိုင်နိုင်သည် ထိုမျှအထိ တောင့်ခံ ်မည်မဟုတ်။ ချက်ချင်းပင် အော်ဟစ်ပြေးထွက်မိမှာ သေ ည်။ ဆံပင်က စုတ်ဖွားဖွားရှိနေပြီး အသားအရည်ကလည်း မီး သွားလို မည်းနက်နေရာ ဘယ်လိုမှ ကြည့်ပျော်ရှုပျော်မရှိသည့်



www.burmeseclassic.com

www.burmeseclassic.com



အနေအထားမျိုး ဖြစ်၏။

"ခင်ဗျားက ဘာကြီးလဲ၊ လူလား . . . တစ္ဆေလား"

"မိတ်ဆွေ ဘာလို့များ မလိုလားအပ်တဲ့ စကားတွေနဲ့ အချိန် ဖြုန်းနေတာလဲ၊ ဒီနေရာကို မိတ်ဆွေရောက်လာကတည်းက ကျုပ် တွေ့ပြီးသား၊ မိတ်ဆွေဘာအတွက် လာတာကိုလည်း ကျုပ်သိတယ်"

ဟုပြောပြီး ထိုသူက ရှေ့သို့အနည်းငယ် တိုးလာ၏။ သူ့ကို ကြည့်ရင်း နိုင်နိုင်လည်း ကြောက်စိတ်က ပြန်ဝင်ချင်သလို ဖြစ်လာ ၏။ ချက်ချင်းပင် အရက်ကို ပုလင်းလိုက်မော့ချလိုက်ရ၏။

"ကျုပ် . . . ကျုပ်ကို သနားပါ မိတ်ဆွေရယ်၊ ကျုပ် အရက် နည်းနည်းလောက် သောက်ပါရစေ"

ထိုသူက အရက်ပုလင်းကို မြင်လိုက်ရ၍ထင်သည်။ တုန် အက်ကွဲသော လေသံဖြင့် သနားစဖွယ် တောင်းခံလေ၏။ ထိုအခါ မှာတော့ နိုင်နိုင်လည်း သနားသွား၏။ သနားချင်၍ သနားသည် တော့ မဟုတ်။ အရက်သမားချင်း ကိုယ်ချင်းစာသည့်သဘောဖြင့် သနားခြင်းမျိုး ဖြစ်သည်။

သူသည်လည်း ထိုအဖြစ်မျိုး ကြုံခဲ့ရဖူး၏။ အရက်သမားတို့ မည်သည် အခြားသော ကိစ္စများတွင်သာ ငြင်းသော်လည်းကောင်း ငြင်းမည်။ အရက်နှင့်ပတ်သက်လာလျှင်တော့ ကိုယ်သောက်နေသည့် အရက်ကို မျှဝေပေးဖို့ ဝန်လေးကြသူများ မဟုတ်ပေ။

မထူးပါဘူးလေ . . . လူဖြစ်ဖြစ်၊ တစ္ဆေဖြစ်ဖြစ် . . .၊ သူဒီလောက် သောက်ချင်နေမှတော့ . . .။

နိုင်နိုင်သည် ပုလင်းတစ်ဝက်ခန့် ကျန်ရှိနေသေးသည့်အရက် ကို ထိုသူထံ ကမ်းပေးလိုက်၏။

"ရော့ . . ခင်ဗျားဒီလောက် သောက်ချင်နေမှတော့ အကုန်





သာသောက်ပစ်လိုက်"

ထိုသူသည် ဘယ်ခေတ်ကမှာထဲက အရက်ငတ်နေသလဲ မသိ။ ပုလင်းကို လက်နှစ်ဖက်နှင့်ကိုင်ပြီး အားပါးတရ မော့သောက် ရာ တခဏချင်းပင် ကုန်စင်သွား၏။

"အားပါး . . . ကောင်းလိုက်တာ၊ သူ့ထက်ကောင်းတာ တောင် သူ့လောက်ကောင်းမှာ မဟုတ်ဘူး"

ဟု ဝမ်းခေါင်းသံကြီးနှင့် ပြောလိုက်ပြီး နှုတ်ခမ်းပေါ်တွင် ပေကျံနေသည့် အရက်များကို လျှာဖြင့် ကပျာကယာသပ်နေလိုက်သေး ၏။ ထိုအဖြစ်ကိုကြည့်ရင်း နိုင်နိုင်လည်း အတော့်ကို ဂရုဏာသက် သွား၏။

သူက ကျောပိုးအိတ်ထဲက နောက်အရက်တစ်လုံးကို ထုတ် ယူလိုက်ပြီး . . .

"ဒီလောက်အရက်ကို အငမ်းမရသောက်နေမှတော့ ခင် ဗျားရေချိန်ကိုက်မှာ မဟုတ်သေးဘူး၊ ကျုပ်မှာ အရက်နှစ်လုံးကျန် သေးတယ်၊ နှစ်လုံးစလုံးတော့ ခင်ဗျားကို မတိုက်နိုင်ဘူး၊ တစ်ယောက် တစ်လုံးပေါ့"

ဟုပြောပြီး အရက်ပုလင်းကို ထိုသူထံသို့ ပစ်ပေးလိုက်၏။ ထိုသူလည်း စောစောတုန်းကလိုပင် ပုလင်းလိုက်မော့၍ အငမ်းမရ သောက်လေ၏။ ၎င်းအရက်တစ်လုံးမှာလည်း တခဏအတွင်း ကုန် စင်သွားပြန်၏။

နိုင်နိုင်လည်း ထိုမျှအသောက်ကြမ်းသည့်သူမျိုး မတွေ့ဘူး သဖြင့် စိတ်မသက်မသာဖြင့် ဦးခေါင်းကို ခါရမ်းလိုက်၏။ ထိုစဉ် မှာပဲ ၎င်းပုဂ္ဂိုလ်၏စကားကို ကြားလိုက်ရသဖြင့် နိုင်နိုင်သည် တအံ့ တဩဖြစ်သွားပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



“ဘာ . . . ဘယ်လို . . . ခင်ဗျားက ကျုပ်ကို ကျေးဇူးပြုမယ် ဟုတ်လား၊ ခင်ဗျားလို အရက်ဂျိုးက ဘာများစွမ်းဆောင်နိုင်လို့လဲဗျာ”

“ဩော် . . . မိတ်ဆွေက ကျုပ်ကို အတော်အထင်သေးတာပဲ၊ ကဲပါလေ . . . ပြောနေရင် အချိန်ကုန်တယ်၊ လက်တွေ့ဆိုတာ အကောင်းဆုံးပဲ”

ဟုပြောလိုက်ပြီး ထိုပုဂ္ဂိုလ်သည် ဖော့တုံးလေးတစ်တုံးပမာ ပေါ့ပါးသည့်အလျင်ဖြင့် ကန်ကြီး၏အစပ်မှ အတော်ဝေးဝေးရောက်သည်အထိ ဂွမ်းပစ်ကာ ခုန်ချလိုက်လေ၏။

“ဝုန်း . . .”

မျက်စိတစ်မှိတ်၊ လျှပ်တပြက်ဟူသော တခဏအတွင်းမှာပဲ ထိုသူသည် ရေပေါ်သို့ ပြန်ပေါ်လာပြီး ခြေသလုံးခန့်ရှိ ငါးရံ့ကြီးတစ်ကောင်ကို ကုပ်ချီးပြီး နိုင်နိုင်ထံ ပစ်တင်ပေးလေ၏။

ရုတ်တရက်တော့ နိုင်နိုင်လည်း ဘာလုပ်ရမှန်းမသိအောင် တအံ့တဩဖြင့် ထိုသူလုပ်သမျှကို ငေးကြည့်နေမိ၏။ ထိုသို့ကြည့်နေစဉ်မှာပဲ သူ့ခြေရင်းသို့ ငါးများ တစ်ကောင်ပြီးတစ်ကောင်ကျရောက်လာ၏။

“ဗျို့ . . . မိတ်ဆွေ၊ ခင်ဗျား ဘာကြောင်နေတာလဲ၊ ဘာလဲ . . . နောက်နေ့ကျရင် ချစ်တီးကုလားယူနွတ်ရဲ့ သဲအိတ်ကြီးဖြစ်သွားချင်လို့လား”

ဟု ထိုပုဂ္ဂိုလ်က လှမ်းအော်ပြောလိုက်တော့မှ နိုင်နိုင်လည်း ရုတ်တရက် သတိဝင်လာပြီး ငါးများကို ပလိုင်းထဲသို့ အလျင်အမြန်ကောက်ထည့်လေတော့၏။

ထိုသူက စွပ်ကနဲ ငုပ်လိုက်၊ ဘွားကနဲ ပေါ်လာလိုက်၊ ငါး





များကို ကုတ်ချီးပြီး ပစ်တင်ပေးလိုက်၊ ကုန်းပေါ်မှ နိုင်နိုင်က ပလိုင်းထဲကောက်ထည့်လိုက်ဖြင့် လွန်စွာဟာမိုနီဖြစ်နေလေရာ မိနစ်နှစ်ဆယ်ခန့်အချိန်အတွင်း ငါးများမှာ ပလိုင်းပင် မဆန့်တော့သဖြင့် တန်ဘောင်တွင် ပုံထားရ၏။

နိုင်နိုင်အံဖို့ ထခုန်မတတ်ပင် အူမြူးနေတော့၏။ ငါးများမှာ သုံ့မျှော်မှန်းသည်ထက်ပင် များစွာရရှိနေပြီဖြစ်၏။ ပုဂ္ဂိုလ်ကြီးက ငါးရံ့ကြီးတစ်ကောင်ကို နောက်ဆုံးအနေနှင့် ပစ်တင်ပေးလိုက်ပြီး ကုန်းပေါ်သို့ လွှားကနဲ ခုန်တက်လိုက်လေ၏။

“ကဲ . . . မိတ်ဆွေ . . . ကြာကြာဝါးမယ့်သွားက အရိုးကြည့်ရှောင်ဆိုတဲ့ စကားကြားဖူးတယ် မဟုတ်လား၊ ခင်ဗျား ကြာကြာဝါးချင်တယ်ဆိုရင်တော့ ဒီလောက်နဲ့ ရပ်လိုက်တော့၊ ဘယ့်နှယ်လဲ . . . ကျေနပ်တယ်မို့လား”

“ကျေ . . . ကျေနပ်ပါတယ်ဗျာ”

နိုင်နိုင် ဝမ်းသာလုံးဆို့နေလေပြီ။ ဒီငါးတွေကို ရောင်းလို့ရတဲ့ ငွေနဲ့ဆိုရင် ချစ်တီးကုလားယူနွတ်၏ရန်ကို မှုစရာမလိုတော့။ နိုင်နိုင်သည် ငါးများကို သိမ်းဆည်းရင်း တစ်စုံတစ်ခုကို သတိရသွားပြီး . . .

“ဟား . . . မိတ်ဆွေ . . . ကျုပ်မှာ အရက်တစ်လုံးကျန်သေးတယ်၊ မိတ်ဆွေကို ကျေးဇူးတုန့်ပြန်တဲ့အနေနဲ့ တစ်ဝက်တိုက်ပါ့မယ် . . . ရော့”

ဟုပြောပြီး ကျောပိုးအိတ်ထဲက အရက်ပုလင်းကိုထုတ်၍ ပေးလိုက်ရာ ထိုသူက အားရဝမ်းသာ အမူအရာဖြင့် ပုလင်းကို လှမ်းယူလိုက်ပြီး တစ်ချက်တွေဝေသွားကာ . . .

“တစ်ယောက်တစ်ဝက်ဆိုရင်တော့ မိတ်ဆွေက အရင်



www.burmeseclassic.com

www.burmeseclassic.com



သောက်လိုက်ပါ၊ တစ်ဝက်ကျိုးတော့မှ ကျုပ်ကိုပေး . . .”

ဟုပြောပြီး ပုလင်းကို ပြန်ပေးလေ၏။

“ဟာဗျာ . . . ခင်ဗျားကလည်း အရက်သမားအချင်းချင်း သူအရင်သောက်၊ ကိုယ်အရင်သောက် လုပ်နေရသေးတယ်”

“ကျုပ်ပြောသလို လုပ်စမ်းပါ မိတ်ဆွေရာ၊ အလကား အချိန်ဖြုန်းမနေပါနဲ့”

ဟုထိုသူက စိတ်မရှည်သလို ပြောလိုက်သဖြင့် နိုင်နိုင်လည်း ဘာမှမေးမနေတော့ဘဲ အရက်တစ်ပိုင်းခန့်ကျိုးသွားအောင် သောက်ပစ်လိုက်၏။ ထိုအခါ ထိုပုဂ္ဂိုလ်လည်း ကျန်အရက်တစ်ပိုင်းကို အငမ်းမရသောက်လေ၏။ ပြီးနောက် ထုံးစံအတိုင်း နှုတ်ခမ်းကို လျှာဖြင့် တပျပ်ပျပ်လျှက်လိုက်ပြီး . . .

“မိတ်ဆွေ . . . နောက်နေ့လာဦးမှာ မဟုတ်လား”

“ဟား . . . ဘယ်နှယ့်ပြောပါလိမ့်ဗျာ၊ လာချင်တာပေါ့”

“လာရင် . . . ကျုပ်အတွက် အရက်များများသာ ယူလာခဲ့၊ မိတ်ဆွေကို ကျုပ်ကောင်းကောင်းကူညီမယ်၊ တစ်ခုတော့ မိတ်ဆွေကို အလေးအနက် ကျုပ်မှာထားမယ်၊ ဒီအကြောင်းတွေကို မိတ်ဆွေ ဘယ်သူ့မှ မပြောပါနဲ့”

“ဟာ . . . ဒါတော့ စိတ်ချ၊ ကျုပ်ကတောင် ဒီစကားမျိုး ခင်ဗျားကို ပြောရဦးမှာ၊ ဒီကိစ္စကို သူကြီးသိလိုက်လို့ကတော့ . . . အောင်မလေး . . . ကျုပ်တစ်ကိုယ်လုံး မျော့သွားအောင် ထိပ်တုံးခတ်မှာဗျ”

“ကောင်းပြီ . . . ဒါဆို ကျုပ်စိတ်ချပြီ၊ ဒါနဲ့ ခင်ဗျားပါလာတဲ့ ပလိုင်းထဲမှာ ငါးတွေပြည့်နေပြီဆိုတော့ မြေပေါ်မှာ ပုံထားတဲ့ ငါးတွေကို ဘယ်လိုယူမှာလဲ”





“လွယ်ပါတယ်ဗျာ . . . ပုဆိုးချွတ်ပြီး ထည့်မှာပေါ့”

“ဟာ . . . မိတ်ဆွေ . . . အတော်အရှက်မရှိတဲ့လူပဲ”

“ဒီလောက်မှောင်နေတာဗျာ . . သေချာကြည့်ရင်တောင် ကျုပ်ကိုယ်တုံးလုံးကြီးဆိုတာ မသိနိုင်ပါဘူး”

နိုင်နိုင်က ပြောလည်းပြော ပုဆိုးကိုလည်း ချွတ်ချလိုက်ရာ ထိုသူမှာ အထိတ်တလန့်ဖြစ်သွားပြီး . . .

“ဟာ . . . မိတ်ဆွေ . . . ကျုပ်မကြည့်ရဲဘူး၊ သွားတော့မယ် . . . မနက်ဖြန်လာရင်သာ ကျုပ်အတွက် အရက်ယူခဲ့ဖို့မမေ့နဲ့”

ဟုပြောပြီး အလျင်အမြန်ထွက်သွားရာ ညောင်ပင်ခြေရင်း အရောက်မှာပဲ ရုတ်ချည်းပင် ပျောက်ကွယ်သွားတော့၏။

* * * *



www.burmeseclassic.com

## အခန်း (၆)

စိန်ဖိုးသည် နေကလည်းပူ၊ ခေါင်းကလည်း ရှုတ်နေသည် ကြောင့် ရွာအလယ်ရှိ ရေကန်ကြီးဘေးက ဇရပ်ပေါ်တွင် တစ်ကိုယ်တည်း ငူငူကြီးထိုင်နေလေ၏။ သူသည် အလုပ်လည်း ဖြောင့်ဖြောင့် မလုပ်နိုင် . . .။ လုပ်ချင်စိတ်လည်း ဘာမှမရှိ။

ဆေးပေါ့လိပ်ကို မီးမပြတ်အောင် တစ်လိပ်ပြီးတစ်လိပ် မီးကူးဖွာရှိုက်ရင်း အချိန်ဖြုန်းနေခြင်းဖြစ်၏။ ထိုသို့ မဖြုန်း၍လည်း မဖြစ်။ အိမ်မှာရှိနေပါက မိန်းမက မကြာခဏဆိုသလို လာပြီး ဂျီတိုက်တာကို ခံရဦးမည်။

စိန်ဖိုးသည် ကျောပူတာကို ခံနိုင်ပြီး၊ နားပူတာကို ဘယ်လိုမှမခံနိုင် . . .။ စိတ်ထိန်းနိုင်ရင် ကောင်းရဲ့၊ စိတ်မထိန်းနိုင်ပါက ထပြီး နားရင်းရိုက်မိလိမ့်မည်။ ထိုသို့ မခံနိုင်၍ ရိုက်မိသည်မှာလည်း အကြိမ်ပေါင်းမနည်းတော့ . . .။

မိန်းမဆိုတဲ့ အမျိုးကလည်း အခတ်သား . . .။ ပတ်မကြီး





လို နာနာတီးလေ ပိုပြီးအသံမြည်လေဆိုတဲ့ သူမျိုးတွေ . . .။ ကြာတော့ တီးတဲ့လူကပဲ လက်လျှော့ခဲ့ရသည်ချည်း။

ထိုအချိန်မှာတော့ သူသည် မိန်းမနှင့် ပဋိပက္ခမဖြစ်ချင် . . .။ မိန်းမကိုလည်း ရိုက်နှက်တာမျိုး မလုပ်ချင် . . .။ တကယ်တော့ သူ့မိန်းမပြုံးကြည်က အလွန်သနားဖို့ကောင်းသည့် မိန်းမ . .။ သမီးကျန်းမာရေးသာမက မိသားစုစားဝတ်နေရေးကိုပါ ခေါင်းထဲထည့်ပြီး လှုပ်ရှားနေရသူ . . .။ မိသားစုအရေးနှင့် ပတ်သက်လာလျှင် သူ့ထက်ပိုပြီး တာဝန်ယူဖြေရှင်းနိုင်စွမ်းရှိ၏။ သူကတော့ အမြဲလို ပေါ့ပေါ့ပါးပါးနှင့် နောက်ကလိုက်သည်ချည်း ဖြစ်၏။

အစီခံနားထိအောင် ကျွမ်းနေသည့် ဆေးပေါ့လိပ်ကို အဆုံးသတ်ဖွာရှိုက်လိုက်ပြီး နောက်တစ်လိပ်ကိုထုတ်ကာ မီးကူးပြီးနောက် ငှင်းဆေးလိပ်တိုကို အဝေးသို့ တောက်ထုတ်လိုက်၏။

"ဟူး . . ."

ဆေးလိပ်မီးခိုးများနှင့်ရော၍ ပင့်သက်ရှည်တစ်ချက်ရှိုက်လိုက်၏။

"ဘုတ် . . ."

"ဟင် . . ."

ရုတ်တရက် သူလန့်သွားသည်။ သူ့ရှေ့သို့ ဘုတ်ကနဲ ကျလာသည့် အထုပ်တစ်ထုပ် . . .။ ဘေးသို့ကြည့်လိုက်တော့ သူ့ကို မိန့်မိန့်ကြီးပြုံးကြည့်နေသည့် နိုင်နိုင် . . .။

နိုင်နိုင်သည် ထိုရက်ပိုင်းအတွင်း အတော့်ကို ကိုယ်ရောင်ကိုယ်ဝါ တောက်ပနေသည်။ အရင်ကဆိုလျှင် ဘယ်အချိန်ကြည့်ကြည့် ညစ်ထေထေ၊ ညစ်စုတ်စုတ် . . .။ သူ ထိုသို့ပြောင်းလဲသွားသည်ကို အားလုံးက တအံ့တသြဖြစ်ကြ၏။

www.burmeseclassic.com



အားလုံးအထင်ကတော့ ထိုသို့ပြောင်းလဲသွားခြင်းမှာ မယ်တော်ကြီးပေါက်ကောင်တိုးသွားသောကြောင့်ဟူ၍ ဖြစ်၏။

နိုင်နိုင်သည် အိတ်ထဲက ပိုလိုစီးကရက်တစ်လိပ်ကို ထုတ်ယူလိုက်ပြီး ဟန်ပါပါ မီးညှိဖွာရှိုက်ကာ စိန်အိုးအနီးတွင် ဝင်ထိုင်ရင်းက . . .

"ဘာလဲဗျ . . . ကိုစိန်အိုး၊ ခင်ဗျားက ကျုပ်ကို မမြင်ဘူးလို့ ကြည့်နေတာလား . . . ဟဲ . . . ဟဲ . . . ဟဲ"

ဟု ပြုံတီတီမျက်နှာပေးဖြင့်ပြောရာ စိန်အိုးလည်း မျက်မှောင်တစ်ချက်ကျုံ့လိုက်ပြီး . . .

"နေပါဦး . . . မင်းက ဘယ်ကဘယ်လို ရောက်လာတာလဲ"

"ခင်ဗျားဆီကိုပဲ ရောက်လာတာပေါ့ဗျာ၊ ခင်ဗျား အပြင်ထွက်သွားတယ်လို့ ခင်ဗျားမိန်းမကပြောတော့ ခင်ဗျားဘယ်နေရာမှာ ရှိတတ်တယ်ဆိုတာ ကျုပ်က သိထားပြီးသား၊ ရွှေပုအရက်ဆိုင်နဲ့ ဗီဇရပ်ကလွဲပြီး ဘယ်မှမရှိနိုင်ဘူး မဟုတ်လား . . .

ရွှေပုအရက်ဆိုင်သွားဖို့က ခင်ဗျားမှာ ငွေစ၊ ကြေးစလေးရှင်နေမှ ရောက်နိုင်တာမဟုတ်လား၊ 'အခုတလော ခင်ဗျားဘယ်လောက်ဘိုင်ပြတ်နေတယ်ဆိုတာ ကျုပ်သိနေတော့ ခင်ဗျားသွားနိုင်တဲ့ နေရာဆိုလို့ ဗီဇရပ်ကလွဲပြီး ဘယ်နေရာရှိသေးလို့လဲဗျာ . . . ဟဲ . . . ဟဲ"

ဟုပြောလိုက်ပြီး နိုင်နိုင်သည် စောစောတုန်းက သူပစ်ချလိုက်သည့် အဝတ်ထုပ်လေးကို ကောက်ယူကာ အူကြောင်ကြောင်ဖြစ်နေသည့် စိန်အိုးလက်ထဲသို့ ထည့်ပေးလိုက်၏။ ၎င်းအဝတ်ထုပ်လေးမှာ ငွေတစ်ရာခန့်ရှိသော အကြွေထုပ်လေးဖြစ်၏။

"ခင်ဗျား ဘယ်လောက်စိတ်ဆင်းရဲနေတယ်ဆိုတာ ကျုပ်





သိတယ်၊ ခင်ဗျားသမီးအတွက် ဆေးဆရာပင့်လို့ရအောင် ကျုပ်ကူညီတာ"

ဘယ်လိုမှ ထင်မှတ်မထားသည့်အဖြစ်ကြောင့် စိန်အိုးသည် ပါးစပ်ပင်ဟလျက် တအံ့တဩမျက်ဝန်းဖြင့် နိုင်နိုင်ကို ကြည့်နေလေ၏။ နိုင်နိုင်က စာနာနားလည်သည့်အပြုံးမျိုး ပြုံးလိုက်ပြီး . . .

"စိတ်ထဲမှာ ဘယ်လိုမှမထားနဲ့ ကိုစိန်အိုး၊ ကျုပ်တို့ဟာ တစ်ရွာတည်းသားလည်း ဖြစ်တယ်၊ ခင်ဗျားရဲ့စိတ်ရင်းကိုလည်း သိတယ်၊ ကျုပ်အပေါ်မှာ ခင်ဗျားဘယ်လောက်ကောင်းခဲ့တယ်ဆိုတာ ကျုပ်အသိဆုံးပါဗျာ၊ အရေးကြုံလာတဲ့အခါ တစ်ယောက်အခက်အခဲ တစ်ယောက်ကူညီရမှာပေါ့"

ဟူ၍ပြောကာ စိန်အိုး၏လက်မောင်းကို ခပ်တင်းတင်းဆုပ်ကိုင်ပြီး စကားဆိုလေ၏။

"အေးကွာ . . . ငါလည်း ဝမ်းသာလွန်းလို့ ဘယ်လိုစကားမျိုး ပြောရမှန်းတောင် မသိတော့ဘူး"

စိတ်လှုပ်ရှားလွန်းသည်ကြောင့် စိန်အိုးအသံတွေက အက်ကွဲတုန်ရီလို့သွား၏။

စိန်အိုးသည် တစ်ရွာတည်းသားဖြစ်သည့် နိုင်နိုင့်အကြောင်းကို အသိဆုံး . . .။ အပြောလွယ်သည်။ အလုပ်မှာတော့ သူ့လိုပင်သိပ်ပြီး လက်ကြောတင်းသူ မဟုတ်။ ငွေအချေးအငှားပြုရာတွင်လည်း ရှေ့နောက်စဉ်းစားချင့်ချိန်မှုမရှိ . . .။

လွယ်လွယ်ယူသည်။ လွယ်လွယ်ကတိပေးသည်။ ပြဿနာဖြစ်လာရင်လည်း မျက်နှာသေလေးဖြင့် ကြွေးရှင်ပြောသမျှ ဆဲသမျှကြိမ်းမောင်းသမျှကို ငုံ့ခံပြီး တောင်းပန်ဖြေရှင်း၏။ ဖြေရှင်းလို့မရလျှင်လည်း ထိုကြွေးရှင်နှင့် မဆုံတွေ့အောင် ကွေ့ပတ်ရှောင်တိမ်း



www.burmeseclassic.com

www.burmeseclassic.com



နေစမြဲဖြစ်၏။ အခုအခါတော့ နိုင်နိုင်သည် ထိုကြွေးရှင်များကို အပေါ်စီးကပင် ဆက်ဆံနေသည်ဟု ကြားနေရ၏။

သို့သော်လည်း နိုင်နိုင်သည် အပေါင်းအသင်းစိတ်ဓါတ်ရှိ၏။ သူ့ရှိကိုယ်စား၊ ကိုယ့်ရှိသူစားဆိုသည့် လူစားမျိုး . . ။ အရေးကြုံလျှင် နေတတ်သူမဟုတ်။

"မင်း . . . အခုတလော အတော်လေး ငါးရကောင်းနေတယ်လို့ ကြားတယ်"

"ဆိုပါတော့ဗျာ . . ."

"အေးကွာ . . . ငါလည်း ဒီရက်ပိုင်းအတွင်း စိတ်ညစ်လွန်းလို့ သေချင်စိတ်ကိုပေါက်ရော၊ အခုတော့ အဲဒီစိတ်ညစ်တာတွေ ပျောက်သွားပြီ၊ စိတ်ချပါကွာ . . . ငါ့သမီးကျန်းမာရေးကောင်းပြီး အလုပ်ပြန်လုပ်နိုင်တဲ့အခါ ဒီငွေတွေကို ပြန်ဆပ်ပါ့မယ်"

"ခင်ဗျားသမီး ကျန်းမာရေးကောင်းဖို့ကလွဲပြီး ကျန်တာတွေကို ခေါင်းထဲထည့်မနေနဲ့ ကိုစိန်အိုး"

ဟုပြောလိုက်ပြီး နိုင်နိုင်က နေရာကထကာ သွားဖို့ဟန်ပြင်ပြီးမှ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် . . .

"ဟေ့လူ . . . အဲဒီငွေတွေနဲ့ မယ်တော်ကြီးပေါက်ကောင်လည်း ထိုးမပစ်လိုက်နဲ့ဦးနော်"

"စိတ်ချပါ နိုင်နိုင်ရာ၊ ငါ ဒီလောက်အသိဉာဏ်မမဲ့ပါဘူး"

စိန်အိုးသည် အချိန်ဆိုင်းမနေတော့ . . . ။ အိမ်ပြန်ကာ မိန်းမကို အကျိုးအကြောင်းပြောပြီး သူတို့ရွာနှင့် နေ့တစ်ဝက်ခရီးမျှကွာဝေးသည့် ဘော်ဒီဈေးဟူသောရွာမှ ဆေးဆရာကို အားချင်းသွားပင့်တော့၏။

နောက်တစ်နေ့မှာပဲ ၄င်းရွာမှ အသက်(၆၀)အရွယ်ခန့်ရှိ





ပြီး နှုတ်ခမ်းမွှေးကားကားနှင့် ဆေးဆရာကြီးရောက်ရှိလာလေ၏။

"ကလေးမလေးကိုကြည့်ရတာ အားမရဘူး၊ အခုလိုဖြစ်နေ ဘာ အတော်ကြာရောပေါ့"

ဆေးဆရာကြီးက သမီးလေးကြိုးကြာကို အတန်ငယ် ကိုင်တွယ်စမ်းသပ်ပြီးနောက် ထိုသို့ဆိုလိုက်ခြင်း ဖြစ်သည်။

မပြုံးကြည်က ခပ်ရိုရိုအမူအရာဖြင့် . . .

"ဖြစ်စကတော့ တရှောင်ရှောင်နဲ့ ဟိုဆေးလေးတိုက်လိုက်၊ ဒီဆေးလေးတိုက်လိုက်ပေါ့ ဆရာကြီးရယ်၊ ကျွန်မတို့ကလည်း သိပ်ပြီး ချောင်လည်တာမဟုတ်တော့ တကယ့်သမားတော်ကြီးတွေနဲ့ ဘယ်ကုနိုင်ပါ့မလဲ၊ ဒါပေမယ့် တခါတလေ အဆင်ပြေတဲ့အခါတွေမှာတော့ အမြဲမဟုတ်တောင် ရံဖန်ရံခါပင့်ပြီး ကုတာမျိုးတော့ ရှိပါတယ်၊ အမြဲမကုလို့လားတော့ မသိပါဘူး ဆရာကြီးရယ်၊ သမီးရဲ့ အခြေအနေက မထူးခြားသလိုပါပဲ"

"အင်းလေ . . . ကျုပ်လည်း ကျုပ်ရဲ့ဆေးနည်းနဲ့ ကျုပ်အတတ်နိုင်ဆုံးကုကြည့်ပါ့မယ်၊ သိသိသာသာ တိုးတက်မှုမရှိရင်တော့ ဆေးအသစ်တစ်ဖုံပြောင်းပြီး ကုရမှာပေါ့"

တစ်ချိန်လုံးငြိမ်ပြီး အကဲခတ်နေသည့် စိန်အိုးက ဆေးဆရာကြီးကို မျက်နှာငယ်လေးနှင့် ကြည့်လိုက်ပြီး . . .

"ဆ . . . ဆရာကြီးရယ် . . . ဆေးအတွက် အတော်လေး ကုန်ကျမှာလားဟင်"

ဟုမေးလိုက်ရာ ဆေးဆရာကြီးက စိန်အိုးရင်ထဲက သောကကို စာနာ,နားလည်သည့်သဘောမျိုး ပြုံးလိုက်ပြီး . . .

"ဆေးဆိုတဲ့သဘောက အမျိုးမျိုးရှိပါတယ်၊ ရောဂါအနုအရင့်ပေါ် မူတည်ပြီး ဆေးဖော်စပ်မှုကိုလည်း ပြောင်းပြရလေတော့



www.burmeseclassic.com

www.burmeseclassic.com



ဆေးအတွက်အသုံးပြုရမယ့် ပရဆေးတွေကလည်း တန်ဖိုးအမျိုးမျိုး ပြောင်းသုံးရတယ်လေ၊ ထိုက်သင့်သလောက်တော့ အကုန်အကျရှိမှာပေါ့"

စိန်အိုးက ပင့်သက်တစ်ချက်ရှိုက်လိုက်ပြီး . . .

"တစ်မျိုးမထင်ပါနဲ့ ဆရာကြီးရယ်၊ အခုတောင် ဆရာကြီးကိုပင့်ဖို့ အခက်အခဲရှိနေတာကို မိတ်ဆွေတစ်ယောက်က ကူညီလို့ ပင့်နိုင်တာပါ"

"ကိုစိန်အိုး . . ."

စိန်အိုးခန္ဓာကိုယ်က တွန့်ကနဲဖြစ်သွားပြီး သူ့မိန်းမကို လှည့်ကြည့်လိုက်၏။ သူ့မိန်းမက မျက်ထောက်နီကြီးနှင့် အံကြိတ်လျက်-

"ရှင် . . . အတော်အံလိုက်ကန်းဆိုး မသိတာပဲ၊ ဆေးကုတယ်ဆိုမှတော့ အလကားကုလို့ ဘယ်ရမလဲ၊ ဆရာကြီးက ရှင့်အမေလင်မဟုတ်ဘူးရှင့်"

"ဟာ . . . ဒီမိန်းမတော့ ငါနားရင်းထရိုက်လိုက်ရင် ဟုတ်ပေ့ဖြစ်တော့မယ်"

စိန်အိုးဒေါသက ငယ်ထိပ်တက်ဆောင့်သွား၏။ ဆေးဆရာရှေ့မို့ မနည်းသီးခံလိုက်ရ၏။ နို့မို့ဆို သူ့လက်ဝါးက နားရင်းအုပ်ပြီးသားဖြစ်နေပြီ။ လင်သားအပေါ်မှာ ဒီလောက်ထိ မခန့်လေးစားလုပ်တဲ့မိန်းမ . . . ဆရာကြီးပြန်သွားမှ မှတ်လောက်အောင် ဆုံးမလိုက်ဦးမယ်။

ဆေးဆရာကြီးမှာလည်း တစ်ကြိမ်တစ်ခါမှ သိကျွမ်းဖူးခြင်းမရှိ၍ သူတို့လင်မယား၏အမူအကျင့်ကို သိသူမဟုတ်သဖြင့် ဘယ်လိုစကားဖြင့် ဝင်ရောက်ဟန့်တားရမှန်းမသိ အူကြောင်ကြောင်ဖြစ်နေ၏။





သို့သော်လည်း သူတို့လင်မယားကို ရုတ်ချည်းစိတ်ပြောင်းသွားစေမည့် စကားသံလေးထွက်ပေါ်လာ၏။

"အကုန်အကျများမယ်ဆိုရင်လည်း ဆက်ပြီး ကုမနေ နဲ့တော့ ဖေဖေရယ်"

ဟူ၍ ခပ်ယဲ့ယဲ့အသံလေးဖြင့် ပြောလိုက်သည့် ကြုံကြာ၏ သံပင် ဖြစ်၏။

စိတ်အလိုမကျဖြစ်နေသည့် မပြုံးကြည်လည်း မနေသာတော့ . . .။ ရင်၌နင့်ကနဲ ခံစားလိုက်ရပြီး တုန်တုန်ရီရီလေသံဖြင့်-

"အို . . . မဟုတ်တာဘဲ သမီးရယ်၊ ဘယ်က ကုန်ကျရမှာ ဒီလောက်တော့ မေကြီးတို့ တတ်နိုင်ပါတယ်၊ သမီးရောဂါပျောက်အောင် မေကြီးမဖြစ်ဖြစ်အောင် ကုမယ်၊ မေကြီးက နင့်အဖေလို ပျော့လူညံ့မဟုတ်ဘူး၊ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ တယ်"

ဟုပြောလိုက်ပြီး လင်ဖြစ်သူစိန်အိုးအား မဲ့ကာရွဲ့ကာ မျက်စောင်းထိုးလိုက်၏။ စိန်အိုးလည်း အံကြိတ်လိုက်ပြီး . . .

"တယ် . . . ဒီမိန်းမ . . . စကားပြောရင် အနှောင့်အသွားတွတ်အောင် ပြောတယ်၊ နင်နော် . . . ဆေးဆရာရှိနေလို့ ငါသီးခံတာ"

ထိုအခါမှာတော့ ဆေးဆရာကြီးလည်း ဘယ်လိုမှမနေသာတော့ဘဲ . . .

"ကဲ . . . ကဲ . . . တော်ကြပါတော့ဗျာ၊ ခင်ဗျားတို့တစ်ယောက်ကိုတစ်ယောက် မာန်မဲနေတာနဲ့ လူနာကိုကုဖို့ ကျုပ်တွေး ထားတဲ့ အတွေးတွေတောင် ဘယ်ရောက်သွားမှန်း မသိဘူး၊ ဗျားတို့ဖြစ်ချင်ရင် ကျုပ်ပြန်သွားမှ ဖြစ်ကြ၊ အခုတော့ သီးခံ



www.burmeseclassic.com

www.burmeseclassic.com



နေကြဦး”

ဟုပြောလိုက်တော့မှ နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် မျက်စောင်းချီရင်း ငြိမ်ကျသွားတော့၏။

“ကျုပ်ဟာ အသပြာဆရာမဟုတ်ဘူးဆိုတာ လူတိုင်းသိတယ်၊ ရှိတဲ့သူလည်း ရှိတဲ့အလျောက် ကန်တော့တာကို လက်ခံသလို မရှိတဲ့လူဆိုရင်လည်း ကျုပ်က ဇီဝိတဒါနသဘောမျိုး ကုပေးလိုက်တာချည်းပဲ၊ အခု ဒီကလေးမဖြစ်နေတဲ့ ဝေဒနာက ဆန်းတယ် ဖြစ်ရိုးဖြစ်စဉ် မဟုတ်ဘူး”

“ဆရာကြီးကောင်းမယ်ထင်သလိုသာ စီစဉ်ပါဆရာကြီးရယ်”

မပြုံးကြည်က ယုံကြည်စွာ ပုံအပ်သည့် စကားဆိုလိုက်၏။ စိန်အိုးကတော့ ငူငူကြီးထိုင်နေဆဲ . . .။

“ကျုပ် အခုလို စီစဉ်မယ်၊ ဒီကလေးမလေးအတွက် ဆေးဖိုးကိုပဲ ကျုပ်ယူမယ်၊ ကုသစရိတ်ကိုတော့ ကျုပ်က ပညာဒါနအဖြစ် အခကြေးငွေမယူတော့ဘူး”

“ကျေး . . . ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်၊ ဒါဆိုရင် ကျွန်မတို့ကြိုပြီး စီစဉ်လို့ရအောင် အဲဒီဆေးဖိုးဘယ်လောက်ကုန်ကျမယ်ဆိုတာ သိပါရစေ”

“အခုလောလောဆယ်တော့ နေဦး၊ နောက်တစ်ခေါက်ပြန်လာကုတော့မှ ပြောမယ်”

ထို့နောက် ဆရာကြီးသည် သူသိလိုသမျှကို သမီးလေးကြီးကြာထံ မေးမြန်းပြီး စာရွက်လွတ်တစ်ရွက်ပေါ်တွင် ရေးမှတ်လေ၏။ တစ်ခါတလေ ခြေ၊ လက်၊ ခေါင်းတို့ကို တို့ထိစမ်းသပ်ရင်း ရေးမှတ်ပြန်၏။ အတန်ကြာ မေးမြန်းစမ်းသပ်ပြီးနောက် ဆေးအချို့ကိုပေး





ပြီး ပြန်လည်ထွက်ခွာသွားလေ၏။

သမီးလေးကြီးကြာက ဆရာကြီးတိုက်ကျွေးခဲ့သည့် ဆေးအရှိန်ကြောင့် ထင်သည်။ မေ့စက်အိပ်ပျော်သွားလေ၏။ စိန်အိုးက သမီးကို တစ်ချက်ကြည့်လိုက်ပြီး မသက်မသာ သက်ပြင်းချကာ အပေါ်မှ ဆင်းသွား၏။ မပြုံးကြည်က မကျေမနပ် ဘုကြည့်ကြည့်လိုက်ပြီး . . .

“ဒါက ဘယ်လဲ”

“ရွာထဲ . . .”

“ရွှေပုအရက်တဲလို့ ပြောစမ်းပါ”

စိန်အိုး ဘာမှမပြောချင်တော့ . . .။ အခြေအတင်ပြောနေလို့ စိတ်မထိန်းနိုင်ပါက နားရင်းရိုက်မိမှာစိုး၍ ထိုနေရာမှ ဝေးသထက်ဝေးအောင် ခပ်မြန်မြန်ပင် ထွက်ခွာခဲ့လေ၏။

အစကတော့ ဘာရယ်မဟုတ်။ သူမပြောလိုက်မှ ရွှေပုအရက်တဲကို သတိရသွားသည်။

“အဲဒီကို သွားတာပဲ ကောင်းပါတယ်လေ၊ ဒီအချိန်မှာ တစ်လုံးလောက်ချပြီး ရီဝေဝေခံစားနေတာပဲ ကောင်းပါတယ်”

မကြာခင်မှာပဲ သူသည် ရွှေပုအရက်တဲသို့ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရောက်ရှိသွား၏။ သူ့လက်ထဲတွင် သူတော်ကောင်းလေး နိုင်နိုင်ကောင်းမှုကြောင့် ငွေစလေးတွေ ရှိနေ၏။ တစ်ပတ်စာ အရက်ဖိုးလောက်တော့ ကောင်းကောင်းဖူလုံနေပြီ။

အရက်တစ်လုံးမှာလိုက်ပြီးစဉ်မှာပဲ ထိုသူတော်ကောင်းလေးကို သတိရလိုက်သဖြင့် . . .

“မရွှေပု . . . နိုင်နိုင်တစ်ယောက် မလာဘူးလား”

“လာပါ့တော် . . . ပြန်သွားတာ ဘာကြာသေးလို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား . . . ဒါဆို ကျုပ်နဲ့ ကပ်လွဲလေးပေါ့၊ ဒီကော
နဲ့ ဆုံချင်နေတာ"

"ဘာလဲ . . . ရှင့်အရက်ဖိုးအကြွေးကြောင့်လား၊ ပူမ
တော့ . . . သူစိုက်ရှင်းသွားပြီ၊ ပြီးတော့ မှာသွားသေးတယ်၊
သောက်ချင်တယ်ဆို သူ့စာရင်းထဲ မှတ်ထားလိုက်ပါတဲ့"

"ဟာ . . . တယ်ဟုတ်ပါလား၊ ဒီကောင် . . အခုတ
တော်တော်အဆင်ပြေနေပုံပဲ"

"ဟုတ်တယ် . . . ဟုတ်တယ်၊ ငါးများများရအောင် အ
လိုနတ်ကောင်း၊ နတ်မြတ်တွေကများ မ,စနေလဲ မသိဘူး"

စိန်အိုးသည် မည်သည့်စကားမှ မဆိုတော့ဘဲ ရွှေပုလ
ပေးသည့်အရက်ကို နှစ်ခွက်ခန့် ခပ်သွက်သွက် မော့ချလိုက်
အတော့်ကို နေသာထိုင်သာ ရှိလိုက်သည့်ဖြစ်ခြင်း . . .။

ဆိုင်ထဲမှာလည်း သောက်သုံးသူဟူ၍ သူတစ်ယောက်
လျှင် ရှိ၏။ စကားပြောဖော်လည်း မရှိသဖြင့် ကိုယ့်အတွေးနှင့်
အရက်ကလေးမော့လိုက်၊ ဆေးလိပ်ကလေးဖွာလိုက် ရှိနေစဉ် . .

"ဒီမှာ ကိုစိန်အိုး . . ."

တိတ်တိတ်ကလေးရောက်လာပြီး အနားကပ်ခေါ်လို
သည်ကြောင့် စိန်အိုးလည်း လန့်သွားပြီး . . .

"နင့်မေကလွှား . . . လန့်လိုက်တာဟာ၊ တိုးတိုးခေါ်လ
ရပါကယ်ဟာ"

ရွှေပုက သဘောကျစွာ တခစ်ခစ်ရယ်လိုက်ပြီး . . .

"ရှင်ကလည်းတော် . . ယောကျာ်းတန်မယ့် အသည်း
လိုက်တာ၊ ကျုပ်က တော့်ကို ကိ[illegible]ဖောက်သည်မို့လို့ သတင်းကော
ပေးချင်လို့၊ ကျွန်မ ရှင်ကလွဲပြီး ဘယ်သူ့မှပြောတာ မဟုတ်





တွန့်မရသလို ရှင်လည်း ရစေချင်လို့၊ ရှင်တို့မှာလည်း မိကြိုးကြာ
အတွက် အပူတပြင်းငွေလိုတယ်မို့လား"

ရွှေပုက စိန်အိုးစားပွဲဝိုင်းရှိ ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်
ရင်း အကျအန စကားဆိုလေ၏။ စိန်အိုးက ငှဲ့ထားသည့်အရက်ကို
တစ်ချိုင့်တည်း မော့သောက်လိုက်ပြီး ရွှေပုကို မချိုမချဉ်မျက်နှာမျိုး
ဖြင့် ကြည့်လေ၏။ ၄င်းပြောမယ့်စကားကို ငါသိပါတယ်ဆိုသည့်
သဘော . . .။

သို့သော်လည်း သူမစကားကို ကြားရစဉ်မှာတော့ သူသည်
လွန်စွာစိတ်ဝင်စားသွား၏။

"ရွှေတစ်ပတ် ဒိုင်ဖွင့်မယ့်ရက်က ဒိုင်ချုပ်ကြီးရဲ့မွေးနေ့နဲ့
တိုက်နေတယ်တဲ့"

"ဟုတ်လား . . . ကျုပ်မကြားမိပါလား"

"အို . . . ရှင်ကလည်း အဲဒီသတင်းကို ဘယ်သူမှ မသိ
အောင် လျှို့ဝှက်ထားတာ၊ ဒိုင်ချုပ်ကြီးရဲ့လက်ရင်းတပည့်တောင်
မသိဘူး၊ ကျုပ်တောင် ကံကောင်းလို့ သိလိုက်ရတာ"

ဟုပြောပြီး သူမသိထားသည့် လျှို့ဝှက်သတင်းကို သူမဟန်
အတိုင်း စကားလုံးများနှင့်သာမက မျက်နှာအမူအရာပါ ပေါင်းစပ်
ပြီး စိတ်အားထက်သန်စွာ ပြောလေတော့၏။

ဒိုင်ချုပ်တရုတ်ကြီးဦးကျော်ဇံသာက သူ့မွေးနေ့မှာ ထူးထူး
ခြားခြား အလှူကြီးပေးမယ့်အကြောင်း၊ ရန်ကုန်မြို့က ဘိန်းခန်းဖွင့်
ထားတဲ့ သူ့သားမက်ကိုကိုဇော်က မွေးနေ့လက်ဆောင်အဖြစ် ဒေါင်း
တစ်ကောင် လက်ဆောင်ပေးထားကြောင်း၊ ထိုဒေါင်းကို ဘယ်သူမှ
မမြင်အောင် လျှို့ဝှက်စောင့်ရှောက်ထားကြောင်း၊ သူ့မွေးနေ့ရောက်
မှ ဒေါင်းကို သူများမြင်သာအောင် ပြမှာဖြစ်ကြောင်း . . .။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ၄င်းသတင်းရရှိဖို့ တရုတ်ကြီးရဲ့လူယုံတစ်ဦးကို အရက်သုံးလုံးခန့် တိုက်လိုက်ရကြောင်း၊ ထိုသူက သူမကလွဲပြီး ဘယ်သူ့ကိုမှမပြောဖို့ မှာသွားကြောင်း၊ ဒေါင်းရုပ်ဟာ လာမယ့် ပေါက်ကောင်ဖွင့်ပွဲမှာ နံပါတ်တစ်ဖြစ်ကြောင်း စသဖြင့် ပြောဆိုလေ၏။

"ကိုစိန်အိုး . . . ရှင်တို့မှာလည်း ဘယ်လိုဒုက္ခရောက်နေတယ်ဆိုတာ ကိုယ်ချင်းစာလို့ ပြောတာနော်၊ ဒီအကြောင်းကို ရှင့်ဝမ်းထဲမှာပဲထား . . ."

ဒေါင်း . . . ဒေါင်း . . . ဒေါင်း . . .။

စိန်အိုးသည် ထိုနေ့တစ်နေ့လုံး ခေါင်းထဲ၌ တဒေါင်းတည်း ဒေါင်းနေတော့သည်။ ဘာအလုပ်မှလည်း လုပ်မရ . . .။ ခေါင်းထဲကလည်း ထုတ်မရ . . .။ ကြာတော့ ခေါင်းတစ်ခုလုံး ထူပူလာလေ၏။

"ဟူး . . ."

သူပေါက်ကောင်မတိုးသည်မှာ ကြာပြီ။ နှစ်နှင့်ချီပြီး ရှိခဲ့ပြီ။ ဖြောင့်ဖြောင့်ကြီးလွဲတာ တစ်မျိုး ပွတ်ကာသီကာလွဲတာ တစ်မျိုးနှင့် အပတ်တိုင်းလွဲခဲ့သည်ချည်းပင်။

မရွှေပုထံမှ ကြားရသည့်သတင်းက အလွန်ထူးခြားသည်။ ထိုသတင်းမျိုး တစ်ခါမှ မကြားဘူးခဲ့ . . .။ ကံအားလျော်စွာ မရွှေပုပြောသလို သည်တစ်ကြိမ်ပွပေါက်တိုးခဲ့လျှင်တော့ . . .။

ဟူး . . . အတွေးနှင့်ပင် စိတ်ထဲ၌ ကြည်နူးလိုက်ပါဘိ။ စိတ်ဓါတ်ခွန်အားတွေလည်း ရုတ်ချည်းနိုးထလာသလို တက်တက်ကြွကြွဖြစ်လာ၏။

ခက်သည်က အခါကောင်းဖြစ်သော်လည်း သူ့မှာထိုးဖို့





ငွေမရှိ . . .။ ရွာထဲက ငွေတိုးချေးသည့် မသန်းမွေးဆီမှာလည်း အကြွေးတွေက ထပ်နေပြီ။ ပြန်ဆပ်ဖို့တောင် နားပူနားဆာလုပ်နေလို့ မိန်းမနားထဲရောက်မသွားအောင် မနည်းတားထားရ၏။

တခြားငွေရပေါက်ကလည်း လမ်းမမြင် . . .။ နိုင်နိုင်ဆီက အကူအညီတောင်းဖို့ ဆိုတာကလည်း အားနာဖို့ ကောင်းနေပြီ။ မတော်လို့ သူ့မိန်းမသိသွားရင် ရွာထဲမှာ နေစရာမရှိလောက်အောင် ပေါက်ပေါက်ဖောက်သလို ရန်တွေ့ခံရဦးမည်။

ဟူး . . .။

ထိုတစ်ကြိမ်မှုတ်ထုတ်လိုက်သည့် ပင့်သက်ရှည်ကြီးက တက်ကြွနေသည့် ခံစားမှုများကို အဆုံးစွန်ဆွဲချလိုက်ခြင်း ဖြစ်၏။

အရက်တစ်ပုလင်းကုန်သွားပြီ။ ဆေးပေါ့လိပ်ကို မီးခိုးထောင်းထောင်းထအောင် ဖွာပြီး အကြံညာဏ်ထုတ်သည်။ ဦးခေါင်းထဲက မီးတောက်က ဆေးလိပ်မီးထက်ပင် ပို၍ကြီးထွားနေ၏။ ငယ်ထိပ်က မီးခိုးများအူထွက်သွားမလား မဆိုနိုင် . . .။

သူသည် ထွက်ပေါက်ပိတ်နေသည့်အတွေးကို ခေါင်းပူခံပြီး တွေးမနေတော့ . . .။ ပူနေသည့်ခေါင်းကို ရုတ်ချည်းပင် ငြိမ်းသတ်လိုက်တော့၏။

"အိုကွာ . . . ဖြစ်ချင်ရာဖြစ်၊ အဲဒီနေ့တော့ အခြေအနေလေး ပေးလာမှာပဲ"

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ဘုရားလေးကုန်း၏မြောက်ဘက် . . .။

ထိုနေရာသည် ရှေးလူကြီးသူမတို့ ပြောပြချက်အရ သမိုင်းကြောင်းအစဥ်အလာရှိသည့် နေရာဖြစ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်းသုံးရာခန့်က ထိုဒေသတွင် ငလျင်အကြီးအကျယ်လှုပ်ခဲ့၏။ ၎င်းငလျင်ကြောင့် ထိုနေရာတွင် တည်ထားသည့်စေတီမှာ ပြိုပျက်သွားခဲ့၏။

၎င်းစေတီမှာ ရခိုင်ပြည်၏ဘုရင်တစ်ပါး တည်ထားကိုးကွယ်သည့် စေတီဟု အဆိုရှိ၏။

ရခိုင်ဘုရင်သည် ကျူးကျော်ရန်စလာသည့် ဘင်္ဂါလီကုလားများကို သွေးချောင်းစီးအောင် အပြင်းအထန် တိုက်ခိုက်နှိမ်နင်းပြီး ၎င်းကုလားသံ့ပန်းများကို စေခိုင်းကာ ထိုစေတီကို တည်ထားခဲ့ခြင်းဖြစ်သည်။

၎င်းသမိုင်းကြောင်းမှာ မှတ်တမ်းမှတ်ရာနှင့် အခိုင်အမာ





ရှိခဲ့သည်တော့မဟုတ်။ ရှေးလူကြီးသူမတို့က အဆင့်ဆင့်ပြောခဲ့သည့် ပါးစပ်ရာဇဝင်သာလျှင် ဖြစ်၏။ မည်သို့ဆိုစေ . . . ဒေသခံများမှာ ၎င်းရာဇဝင်ကို လက်ခံယုံကြည်ကြသလို သူတို့ကလည်း အခြားသူများကိုလည်းကောင်း၊ သူတို့၏မျိုးဆက်များကိုလည်းကောင်း ထိုအတိုင်းပင် လက်ဆင့်ကမ်းပြောကြလေ၏။

အချို့ကလည်း ထိုမျှသမိုင်းကြောင်းကောင်းသည့် ရှေးဟောင်းစေတီကို ပြုပြင်တာမျိုး မလုပ်ဘူးလားဟု မေးခွန်းထုတ်ကြ၏။

"ဒေသခံတွေက အဆက်ဆက်ပြုပြင်ဖို့ ကြိုးစားကြပါသေးတယ်၊ နယ်ကြမ်းတယ်လို့ ပြောရမလား၊ နတ်ကြမ်းတယ်လို့ ဆိုရမလားဘဲ၊ စီစဥ်လိုက်တာနဲ့ အဲဒီလိုစီစဥ်သူတွေဟာ တစ်မျိုးမဟုတ်တစ်မျိုး ကျန်းမာရေးချို့ယွင်းလာကြတယ်၊ ဦးစီးဦးဆောင်လုပ်တဲ့သူက ပိုဆိုးပေါ့၊ ဝမ်းတွေသွား . . . အိပ်မက်ဆိုးတွေမက်နဲ့ . . .။

တစ်ချို့လူကြီးသူမတွေ ပြောကြတာတော့ အဲဒီဘုရားကိုပြုပြင်ဖို့ဆိုတာ သာမန်လူတွေ ပြုပြင်လို့မရနိုင်ဘူးတဲ့၊ ပဋ္ဌာန်းဆက်ရှိတဲ့လူမှ ပြုပြင်နိုင်မယ်လို့ ပြောတယ်၊ တစ်ချိန်ချိန်မှာ အဲဒီပဋ္ဌာန်းဆက်ရှိတဲ့သူ ရောက်လာလိမ့်မယ်တဲ့"

မေးခွန်းထုတ်သူတွေလည်း ဟုတ်တာ၊ မဟုတ်တာ ဘေးဖယ်ထားပြီး ထိုသို့ပင် လက်ခံလိုက်ကြရ၏။ ထိုနေရာတစ်ဝိုက်တွင်လည်း နေပြောက်မထိုးနိုင်လောက်အောင် ခြုံနွယ်ပိတ်ပေါင်းတို့ ထူထပ်နေလေ၏။ လွန်စွာသက်တမ်းရင့်သည့် ညောင်ပိန္နဲပင်ကြီးက ထိုစေတီကို ဝါးမြိုထားသလိုရှိနေရာ စေတီကိုပင် တိတိပပမြင်တွေ့နိုင်ခြင်း မရှိတော့ပေ။

ဒေသခံများသည် ၎င်းဘုရားလေးကုန်းမြင့်ဆီသို့ အကြောင်းမရှိဘဲ မည်သူမှ သွားလာခြင်းမရှိကြ။ သွားဖို့အကြောင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



မရှိ။ သွားလည်း မသွားရဲကြပေ။

ခေတ်အဆက်ဆက် တစ္ဆေခြောက်သည်ဟု သတင်းကြီးသလို တစ်ချို့မလွဲမရှောင်သာ ဖြတ်သန်းသွားရင်း တစ္ဆေခြောက်ခံရသူများလည်း ရှိကြ၏။ ခြောက်သည့်တစ္ဆေကလည်း ပုံသဏ္ဍာန်အမျိုးမျိုး . . .။ တစ်ယောက်နှင့်တစ်ယောက် ခြောက်ခံရပုံခြင်းမတူ . . .။

တစ်ချို့ကျတော့လည်း ပုံပျက်ပန်းပျက် ရုပ်အဆင်းမျိုး၊ တစ်ချို့ကျပြန်တော့ လွန်စွာလှပသည့် ကုလားမလေးအသွင်ဖြင့်၊ တစ်ချို့ကျတော့ ထူးဆန်း၏။ ချစ်စဖွယ်မိန်းမချောလေးနှစ်ယောက်၊ သုံးယောက်ရှိနေပြီး ကာလသားများကို ဆွဲဆောင်ကာ ပျော်ပါး၏။

စားကောင်းသောက်ဖွယ်များ ကျွေးမွေး၏။ လွန်စွာထူးကဲသည့် အရသာမျိုးရှိသည်ဟု ကိုယ်တွေ့ကြုံခဲ့သူ ကာလသားအချို့က ပြောပြ၏။ သူတို့လည်း အငမ်းမရစားသောက်ကြ၏။ စားသောက်ပြီးနောက် လွန်စွာအိပ်ငိုက်လာ၏။ ထိုအခါ မိန်းမချောလေးများက သူတို့ရဲ့ပေါင်ကို ခေါင်းအုံးစေပြီး အိပ်စက်ခိုင်း၏။

သူတို့သည် ပေါင်တံ၏နူးညံ့သည့် အထိအတွေ့ကို ကြာကြာမခံစားလိုက်ရ . . .။ တခဏအတွင်း နှစ်ခြိုက်စွာ အိပ်ပျော်သွားကြ၏။ မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ သူတို့နိုးသည့်အချိန်မှာတော့ အသည်းငယ်သူများဆိုလျှင် အကြောက်လွန်ပြီး နေရာမှာပင် အသက်ထွက်သွားမှာ သေချာ၏။

ထိုအချိန် သူတို့ရောက်ရှိနေသည့်နေရာမှာ အခြားနေရာမဟုတ်။ ရွာပြင်သင်္ချိုင်းမြေ ဖြစ်နေ၏။ သူတို့ခေါင်းအုံးထားကြသည်မှာလည်း လူအရိုးခေါင်းများ ဖြစ်နေကြ၏။ ထိုမျှနှင့် မပြီးသေး။ သူတို့သည် အစာမကြေသလိုဖြစ်လာပြီး အော့အန်ကြပြန်၏။ ထို





အခါ သူတို့ဝမ်းထဲက ထွက်လာသည်က အစာဟောင်းများမဟုတ်။ မြက်များ၊ သစ်ရွက်ခြောက်များ ဖြစ်နေ၏။

အချို့ဆိုလျှင် ခုနှစ်ရက်၊ ခုနှစ်လီ ဝမ်းလျှောပြီး မသေရုံတမယ် ခံကြရ၏။ ကဲ . . . ဘယ်လောက်ထူးဆန်းပြီး ဘယ်လောက်ကြောက်ဖို့ကောင်းလိုက်ပါသလဲ။ ထို့ကြောင့်လည်း ငှင်းဘုရားလေးကုန်းမြေမှာ သုသာန်တစပြင်လို ဖြစ်နေရခြင်းပင်။

အတွေ့မဆိုနှင့် အကြားနှင့်ပင် လွန်စွာထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းလှသည့် ငှင်းဘုရားလေးကုန်းမြေအနီးသို့ လူတစ်စုသည် ညအမှောင်ကို အကာအကွယ်ယူရင်း တိတ်တဆိတ် ချဉ်းကပ်လာကြ၏။

လူတစ်စုဆိုသော်လည်း သုံးယောက်တည်းသာ ဖြစ်၏။ မြနိုင်ဟူသော ပုဂ္ဂိုလ်မှာ ခေါင်းဆောင်ဖြစ်၏။ သူတို့သုံးဦးသည် အကြောင်းမဲ့ ချဉ်းကပ်လာကြခြင်းမဟုတ်။ ငှင်းနေရာမှာ အဘယ်မျှနယ်ကြမ်း၊ နတ်ကြမ်းသည်ကို သူတို့လည်း သိထား၏။

သို့ကြောင့်လည်း သူတို့သည် အရက်ကို ရေချိန်လွန်သောက်သုံးပြီး ရဲဆေးတင်ကာ ရောက်လာကြခြင်း ဖြစ်သည်။ မည်သို့ပင် ရဲဆေးတင်ထားသော်လည်း တစ်ဦးနှင့်တစ်ဦး ပူးပူးကပ်ကပ်ဖြင့် ဘုရားကုန်းတော်ကို လှည့်ပတ်ကြည့်ရှုကြ၏။

မိနစ်အတော်ကြာမျှ လှည့်ပတ်ကြည့်ရှုနေစဉ် ထိတ်လန့်တုန်လှုပ်စရာ မြင်ကွင်းဟူ၍ အနည်းငယ်မျှ မတွေ့ရသဖြင့် အတန်ငယ် စိတ်သက်သာမှုရသွားကြ၏။ မြနိုင်က ဦးဆောင်ပြီး အရက်တစ်လုံးကိုဖွင့်ကာ အမူးရှိန်ကို မြှင့်တင်လိုက်၏။ ပြီးနောက် အဖော်နှစ်ဦးကိုလည်း ခွက်လှည့်သောက်ဖို့ ကမ်းပေးလိုက်၏။

"ကိုမြနိုင် . . . သေချာပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"သေချာပါတယ်ကွာ၊ ငါ အတိအကျစုံစမ်းပြီးသား၊ ဒီအကြောင်းကိုသိချင်လို့ ဦးဇင်းကြီးဦးရေဝတဆီမှာ နှစ်ပေါက်အောင် ဝတ်ကြီးဝတ်ငယ်ပြုစုခဲ့ရတာ၊ ဦးဇင်းကြီးကလည်း ဒီအကြောင်းကို ဘယ်သူ့ကိုမှ ပြောတာမဟုတ်ဘူး၊ လူဆိုး၊ ဓါးပြသိသွားရင် ဌာပနာကို ဖောက်မှာစိုးလို့တဲ့"

"ဟား . . . ဟား . . . ဟား . . . ဦးဇင်းကြီးတော့ ခံလိုက်ရပြီ၊ လူဆိုး၊ ဓါးပြတွေကိုတော့ မသိစေချင်ဘူး၊ ခင်ဗျားကိုတော့ သိစေချင်တယ်ပေါ့ . . . ဟုတ်လား၊ ဦးဇင်းကြီးတော့ လူပေါင်းမှားသွားပြီ . . . ဟား . . . ဟား . . . ဟား"

အဖော်လိုက်ပါလာသူ မြင့်ထွန်းက သဘောကျစွာရယ်တော့ မြခိုင်လည်း မနေသာဘဲ လိုက်ရယ်လေ၏။ သူ့အဖြစ်က မြင့်ထွန်းပြောလည်း ပြောစရာပင်။

သူတို့သည် အရက်သောက်ခြင်းကို လက်စသတ်လိုက်ပြီး လုပ်ငန်းစတင်ဖို့ ပြင်ဆင်ကြလေ၏။ သူတို့သည် ကြိုတင်စီစဉ်ထားသည့်အတိုင်း ပေါက်တူး၊ ဂေါ်ပြားများကို အသင့်ကိုင်ဆောင်လိုက်ကြ၏။

ဆိုရသော် သူတို့သုံးဦးသည် ကျိန်ချောင်းရွာသားများဖြစ်ကြပြီး မယ်တော်ကြီးပေါက်ကောင်၏ သားကောင်များပင် ဖြစ်၏။ လယ်မရှိ၊ ယာမရှိ၊ ကိုင်းမရှိ . . .။ ထိုသို့မရှိသော်လည်း ရှိအောင်ရသည့်အလုပ်ကို ကြိုးစားလုပ်ဖို့ စိတ်မကူး . . .။

ရွာထဲတွင် အများအကျိုးဆောင်သူတွေယောင်ယောင်၊ အရေးရာတတ်သိနားလည်သူတွေလိုလို ကိုယ့်ကိုယ်ကို ဘဝင်လေဟပ်ပြီး ဘယ်သူ့ဆီက ဘယ်လိုအချောင်ရလေမလဲဟု ချောင်းနေသူတွေ ဖြစ်၏။ အခြေအနေပေးလျှင် ပေးသလို ဒုစရိုက်အမှုလည်း





...လွန်ကြ၏။ အထူးသဖြင့် ဝေးလံသည့်အရပ်မှ နွားများကို ခိုးသော်တတ်၏။ အဖော်ကောင်းလျှင် ဓါးပြပါတိုက်လိုက်သေး၏။

သူတို့အား မကောင်းမှုနွံထဲသို့ နစ်သထက်နစ်အောင် တွန်း...နေသည်မှာ မယ်တော်ကြီးပေါက်ကောင်ကစားပွဲဟု ယူဆရမည်ဖြစ်၏။ သူတို့သည် မည်သည့်အကြောင်းကြောင့်နှင့် ရလာသည့်ငွေဖြစ်ပစေ၊ မယ်တော်ကြီးပေါက်ကောင်ပွဲတွင် ပုံအောလိုက်ကြစမြဲဖြစ်သည်။

တစ်ခါတလေ ပေါက်ကောင်ပေါ်သည့် အခါများတွင်မတော့ သုံးလိုက်ကြ၊ ဖြုန်းလိုက်ကြသည်မှာ ဘုရင်ခံပင် အရှုံးပေးရမလားဆိုနိုင် . . .။ ပေါက်ကောင်ငုပ်ပြီဆိုလျှင်တော့ ကြက်ကြီးလည် ငြိမ်နေသလို ဝေါင်းစင်းစင်းနှင့် ချက်အရက်ကိုသာ အဖော်ပြုရင်းဖြင့် သံသရာလည်နေကြ၏။

အကြွေးတွေတလည်း ဆပ်လို့မဆုံးနိုင်လောက်အောင် ပတ်...တ်လည်နေပြီ။ ထို့ကြောင့် သူတို့သည် ဤစေတီပျက်ကိုတူးဖော်ပြီး ဌာပနာဖေါက်ဖို့ ကြံစည်ကြခြင်းဖြစ်၏။

"မြင့်ထွန်း . . . မင်းဟာ ပေါက်ချွန်းနဲ့ ဒီနေရာက တူး၊ ...ကျလာတဲ့ အုတ်ချပ်တွေကို ငါက သယ်ပြီး ရွှေ့မယ်၊ နေဝင်း . . . မင်းက မြင့်ထွန်းနဲ့ တစ်လံလောက်အကွာက တူး၊ နှစ်ယောက်ညှပ်ပြီးတူးရင် မြန်မြန်ခရီးရောက်မယ်"

မြခိုင်က စီမံခန့်ခွဲပြီး သူကပင်စ၍ အလုပ်ကို ဦးဆောင်လိုက်၏။

"ဒုတ် . . . ဒုတ် . . . ဒုတ် . . ."

မြခိုင်၏စီမံခန့်ခွဲမှုကောင်း၍လား မဆိုနိုင် . . .။ နှစ်...ယောက်ဆိုင်ပြီး ဇွဲကောင်းကောင်းနှင့် တူးလိုက်ရာ အချိန်အနည်း



www.burmeseclassic.com

www.burmeseclassic.com



ယ်အတွင်း နှစ်ပေခန့်အနက်သို့ ရောက်ရှိသွား၏။

သာမန်အချိန်တွင် မသိသာသော်လည်း လွန်စွာငြိမ်သက်သည့် ညဥ့်နက်ချိန်ဖြစ်သည်ကြောင့် ပေါက်ချွန်းပေါက်သံမှာ လွန်စွာကျယ်လောင်လှ၏။ အနက်ပိုင်းသို့ တဖြည်းဖြည်း တိုးဝင်သထက်တိုးဝင်လာသည်ကြောင့် ပို၍အားစိုက်တူးနေစဥ်မှာပဲ . . .

"ဂိ . . ."

"ဟိုက် . . ."

အမြင့်ပိုင်းမှာရှိနေသည့် မြခိုင်၏ကျောပြင်က စိမ့်ကနဲဖြစ်သွား၏။ သူသာလျှင် မဟုတ်။ အားပြိုင်တူးနေကြသည့် မြင့်ထွန်းနှင့် နေဝင်းတို့လည်း ရုတ်ချည်းပင် ရပ်လိုက်ပြီး မဲမှောင်နေသည့် ကောင်းကင်ကို မော့ကြည့်လိုက်ကြ၏။

တကယ်တော့ ထိုအသံမှာ သူတို့အဖို့ ထူးဆန်းလှသည် မဟုတ်။ ငှက်ဆိုးတစ်ကောင်၏အော်သံပင် ဖြစ်၏။ ငှက်ဆိုးမှာ သူတို့အပေါ်တည့်တည့်မှ ပျံသန်းရင်း အော်သွားခြင်း ဖြစ်သည်။ ထူးဆန်းသည်က ထိုအသံမှာ လေထဲကိုထိုးဖောက်ပြီး သူတို့ခန္ဓာကိုယ်ကို ကျဥ်စက်နှင့် တို့လိုက်သလား ဖြန်းကနဲ ခံစားလိုက်ရ၏။

သူတို့သည် လုပ်လက်စအလုပ်များကို ရပ်လိုက်ကြပြီး တိုင်ပင်ထားသည့်အလား ငှင်းငှက်ဆိုးပျံသန်းသွားသည့်နောက်သို့ လိုက်ကြည့်ကြလေ၏။

"သောက်ရေးထဲ ဒီငှက်ဆိုးက တမှောင့် . . ."

နေဝင်းက မျက်နှာပေါ်က ချွေးများကို ပုဆိုးစဖြင့် ပွတ်သုတ်လိုက်ပြီး မကျေမနပ် ဆဲဆိုလိုက်၏။ ငှက်ဆိုးမှာ ရုတ်ချည်းတွေ့လိုက်သော်လည်း ညောင်မုတ်ဆိတ်ပင်ကြီး၏ အကိုင်းအရွက်များအတွင်း တိုးဝင်သွားသလား၊ အဝေးသို့ပဲ ပျံသွားသလား သူတို့





အသေအချာ မတွေ့လိုက်တော့ . . .။

ထိုအခါမှ သူတို့လည်း အနီးဝန်းကျင်တဝိုက်ကို စူးစမ်းကြည့်မိကြတော့၏။ ထိုသို့ကြည့်ရင်းက လွန်စွာမျက်စိရှင်သည် င်တာ ထူးခြားမှုတစ်ခုကို သတိပြုမိသွား၏။

"ဟော့ . . . ဟော့ကောင်တွေ သေချာကြည့်စမ်း၊ ငါပဲ မျက်စိမှားသလားလို့" ဟု အလောတကြီးဆိုလိုက်ပြီး လက်ညှိုးထိုးပြလိုက်ရာ နေဝင်းနှင့် မြင့်ထွန်းလည်း သတိပြုမိသွားပြီး တအံ့တသြဖြစ်သွားကြ၏။

"ဟာ . . . ဟုတ်ပ၊ ဥပက္ခာဘေးမဲ့ကန်ဘက်က မီးရောင်ပဲ၊ ဒါ ငါးခိုးတဲ့ကောင်တွေပဲ ဖြစ်မယ်"

ဟု နေဝင်းက ပြောဆိုလိုက်တော့ မြင့်ထွန်းကလည်း သဘောကျစွာ တစ်ချက်ရယ်လိုက်ပြီး . . .

"ကိုယ့်လူတို့ ဘာမှမစိုးရိမ်နဲ့၊ ကိုယ့်ထက်မိုက်တဲ့ကောင်တွေ ရှိနေပြီ၊ ငါတို့လုပ်တဲ့အလုပ်က ဘာမှမဟုတ်ဘူး၊ အဲဒီကန်မှာ ငါးခိုးနေတဲ့ကောင်တွေက ငါတို့ထက် ဆယ်ဆမိုက်တဲ့ကောင်တွေ၊ သူကြီးမှန်ကြီး ဘယ်လောက်လက်သံပြောင်တယ်ဆိုတာ ဒီဒေသက ရွာတွေအားလုံး သိပြီးသား၊ အင်္ဂလိပ်အစိုးရထက်တောင် မှန်ကြီးက ပိုကြောက်ဖို့ကောင်းတာ သိလျက်နဲ့ ငါးခိုးရဲတယ်ဆိုတာ နည်းတဲ့သတ္တိမဟုတ်ဘူး၊ ဒီကောင်တွေ တစ်နေ့မဟုတ်တစ်နေ့ မိမှာပဲ၊ ငါတို့အခုအလုပ်က ဒီတစ်ချီပြီးရင်ပြီးပြီ"

သူတို့ယူဆသလိုပင် ငှင်းမီးရောင်မှာ ဥပက္ခာဘေးမဲ့ငါးကန်ဆီမှ မီးရောင်ဖြစ်၏။ သူတို့လိုပင် ညဥ့်နက်သန်းခေါင်ယံအချိန်ကို အကာအကွယ်ယူပြီး မသမာသည့်အလုပ်ကို လုပ်နေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . အချိန်ရှိခိုက် လှဲ့လစိုက်လိုက်ကြရအောင်"

မြခိုင်က ညာသံပေးလိုက်သည်နှင့် နောက်လိုက်နှစ်ဦးလည်း တက်ညီလက်ညီ စတင်လေတော့၏။ မိုးလင်းသွားလို့ မဖြစ် . . .။ သူတို့တွက်ဆထားသည်က အလွန်ဆုံးနောက်နှစ်နာရီခန့် အချိန် အတွင်း ထူးခြားမှုတွေ့ရမည်ဟူ၍ ဖြစ်၏။

နေဝင်းသည် ပေါက်ပြားဖြင့် အားစိုက်တူးဖော်နေရာမှ အမြင်အာရုံတွင်ထင်ဟပ်လာသည့် ပုံရိပ်ကြောင့် စကားမဆိုဘဲ မနေနိုင် ဖြစ်သွား၏။

"ကိုမြင့်ထွန်း . . . အခုတစ်ပတ်မှာ ခင်ဗျားဘာကောင်ကို အငြိုဆုံးလဲ"

ဟု စကားစလိုက်သည်နှင့် မြင့်ထွန်းလည်း သူ့ဆန္ဒနှင့် ထပ်တူ ဖြစ်သွားသည်ကြောင့် စိတ်အားတက်ကြွသည့် လေသံဖြင့်-

"မေးနေဖို့ လိုသေးလား နေဝင်းရာ၊ ပေါက်ကောင်က တစ်ပေါက်တည်းမှ တစ်ပေါက်တည်း၊ ဒါပေမယ့် အရန်ကောင်လေးတွေ 'ကာ'ထားမယ်လို့တော့ စိတ်ကူးတယ်"

တောင်းတစ်လုံးနှင့် မြေဇာများကို သယ်ယူနေသည့် မြခိုင် ကလည်း မနေသာတော့ဘဲ . . .

"မင်းပြောတဲ့ တစ်ပေါက်တည်းဆိုတာ လူတွေကြားမှာ တိုးတိုးတိတ်တိတ် ရေပန်းစားနေကဲ့ ဒေါင်းမဟုတ်လား"

"အဟုတ်ပေါ့ . . ."

"ငါလည်း အဲဒါကိုပဲ ပုံအောဖို့ စိတ်ကူးထားတယ်"

နေဝင်းက ပေါက်ပြားကို မြေမှာထောက်ပြီး ခဏအမော ဖြေရင်းက . . .

"ပုံအောတာလည်း အောတာပေါ့ဗျာ၊ ကျုပ်သဘောက





ကိုမြင့်ထွန်းလိုပဲ၊ တစ်ပေါက်တည်း အားမကိုးစေချင်ဘူး၊ ကိုယ်စိတ် ခန်ရာ အကောင်လေးတွေကိုလည်း ရံထားစေချင်တယ်"

ပေါက်ကောင်အကြောင်းကို ပြောဆိုရင်း အလုပ်၊ ရ ည်မှာ သူတို့အဖွဲ့ ပင်ပန်းမှုတွေ ပြေပျောက်သွားသလို ဖြ နေ ာ့၏။ စိတ်ဝင်စားမှုများက တစ်ထပ်တည်း ဖြစ်သွားကြသည် ကြောင့် ပြော၍မဆုံးနိုင်ဖြစ်နေကြ၏။

ထိုသို့ရှိနေစဉ်မှာပဲ သူတို့လုံးဝသတိမပြုမိလိုက်သည့် အခြေ နေတစ်ခုက သူတို့အနီးတွင် ပေါ်ထွက်လာလေ၏။ သူတို့မျှော် န်းထားသည့် နှစ်နာရီဟူသော အချိန်အထိပင် မစောင့်လိုက်ရ။ ူးခြားမှုက အမှန်ပင် ဖြစ်တည်သွား၏။

သို့သော် သူတို့မျှော်လင့်သည့် ဥာပနာသိုက်ကို တွေ့လိုက် ၍မဟုတ်။

"ရှူး . . . ရှူး . . . ရှူး . . ."

အစပိုင်းတွင် ထိုအသံက လေတိုးသံနှင့် ရောနေသဖြင့် တိမပြုမိကြ။ ပေါက်ကောင်အကြောင်းကို စိတ်ဝင်တစားရှိနေ၍ ည်း ဖြစ်ကောင်းဖြစ်မည်။

အသံက တိုးရာမှ သိသိသာသာ ထင်ရှားလာသဖြင့် မြေစ းကိုသယ်နေသည့် မြခိုင်လည်း တောင်းကိုချလိုက်ပြီး အသံထွက် ရာ ညောင်မုတ်ဆိတ်ပင်ကြီးပေါ်သို့ ကြည့်လိုက်၏။ တိုက်ခတ် သည့်လေမှာ တောက်လျှောက်သဘောမျိုး တိုက်နေခြင်းမဟုတ်။

ငြိမ်သက်သွားသည့်အခါလည်း ရှိ၏။ ထိုအချိန်တွင် လေမှာ သက်နေပြီဖြစ်ရာ လေငြိမ်နေသော်လည်း ၎င်းအသံကြီးက ရှ ွား . . .။ ကြည့်နေရင်းကပဲ ပိုလို့ပင် ကျယ်လာ၏။

"ရှူး . . . ရှူး . . . ရှူး . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဟော့ကောင်တွေ၊ နားစွင့်ကြစမ်း . . . ဘာသံ ကြီးလဲကွ"

ဟု မြခိုင်က အပင်ပေါ် မော့ကြည့်ရင်း မြင့်ထွန်းနှင့် နေဝ ကို ပြောလိုက်၏။

"လေတိုးသံလည်း မဟုတ်ဘူးဗျ"

နေဝင်းကလည်း အပင်ပေါ်ကြည့်ရင်း သူ၏ထင်မြင်ချ ကို ပြောလိုက်ရာ မြင့်ထွန်းက မျက်မှောင်တစ်ချက်ကျုံ့လိုက်ပြီ

"သတိတော့ ထားဗျို့၊ ကျုပ်အထင်တော့ အကောင်တ ကောင် နှာမှုတ်နေတဲ့အသံလို့ ထင်တယ်"

သူတို့အကြည့်တွေက မဲမှောင်အုံ့ဆိုင်းနေသည့် ညော မုတ်ဆိတ်ပင်ကြီးပေါ်သို့ ရောက်ရှိနေကြ၏။

ထိုအသံကြီးက တိုးတိတ်မသွားဘဲ စည်းချက်မှန်မှန်ထွ ပေါ်နေရာမှ နောက်အသံတစ်မျိုး ပြောင်းသွားရာ . . .

"ဟာ . . ."

"ဟင် . . ."

"ဟိုက် . . ."

သူတို့သုံးဦး၏ အထိတ်တလန့်ဖြင့် တအံ့တသြ ထွက်ေ သွားကြသည့် အသံများဖြစ်သည်။ ၎င်းအသံများကြားလိုက်ရသည် နှင့် သူတို့သုံးဦးသည် တိုင်ပင်ထားသည့်အလား ခန္ဓာကိုယ်ချင်း ကပ်သွားကြ၏။

"ဟီး . . . ဟီး . . . ဟီး . . . ဟီး . . ."

"ဟင်း . . . ဟင်း . . . ဟင်း . . . ဟင်း . . ."

"ဟဲ . . . ဟဲ . . . ဟဲ . . . ဟဲ . . ."

တောခြောက်သည့်အလား ဝန်းကျင်တစ်ခွင်လုံး သိမ့်သိ





ခါသွားလေ၏။ သူတို့တွေလည်း ခန္ဓာကိုယ်အမွေးများ ထောင် သွားပြီး မျက်လုံးများကျွတ်ထွက်သွားမတတ် ပြူးကျယ်သွားကြ၏။

လွန်စွာကြီးမားသည့် ညောင်မုတ်ဆိတ်ပင်ကြီး၏ ပင်စည် ၍ အကိုင်းအလက်များပါ ယိမ်းထိုးလှုပ်ရှားနေလေ၏။ သက်ရှိ တ္တဝါတစ်ကောင်ပမာ လူးလွန့်ရုန်းကြွလာခြင်း ဖြစ်သည်။ သို့မဟုတ် းကြွဖို့ လူးလွန့်လာသလား မဆိုနိုင် . . .။

သူတို့သုံးဦးသည် ပေါက်ချွန်း၊ ပေါက်ပြားများကို ကိုင်လျက် ပင် နောက်သို့အနည်းငယ် ဆုတ်သွားကြ၏။ အရက်ရှိန်ကလေး ားကိုးဖြင့် အစွမ်းကုန်တောင့်ခံထားကြ၏။

သို့သော်လည်း အခြေအနေတစ်ခု ရုတ်ချည်းဖြစ်တည်သွား ၌မှာတော့ . . .

"ဖုတ် . . ."

"ဟာ . . . ဟော့ကောင် နေဝင်း . . . ဟို . . . ဟိုမှာ . ."

ဦးဆုံးတွေ့လိုက်သည့် မြင့်ထွန်းက မျောက်တစ်ကောင်လို နောက်ဘက်ဝေးဝေးသို့ ခုန်ဆုတ်လိုက်၏။

လွန်စွာမြင့်မားသည့် သစ်ကိုင်းတစ်ကိုင်းပေါ်မှ မဲမဲသဏ္ဍာန် တစ်ခုသည် အထုပ်တစ်ထုပ်ပြုတ်ကျလာသလို မြေပေါ်သို့ ဖုတ်ကနဲ ရောက်လာခြင်း ဖြစ်သည်။ ပြီးနောက် . . . နောက်တစ်ကောင် . . .။ ချက်ချင်းပင် နောက်တစ်ကောင် ပြုတ်ကျလာပြန်၏။

ဘာကောင်ကြီးတွေမှန်း မသိ။ အရိုးပြိုင်းပြိုင်း၊ အမွေးထူထူ၊ က်တွင်းတွေက ဟောက်ပက်။ ဝမ်းဗိုက်ကြီးတွေက ဗိုက်ကြီးသည် တွေလို ဖေါင်းကားနေ၏။

ယမကာအရှိန်ဖြင့် အားတင်းထားသည့် သတ္တိတွေလည်း ဘယ်ရောက်သွားမှန်း မသိတော့။ သူတို့သည် အကြောက်လွန်ပြီး

www.burmeseclassic.com



ရုတ်တရက် ကြက်သေ,သေသလိုရှိနေရာမှ ငှင်းဘာစောင်ကြီး မှန်းမသိသော အကောင်ကြီးတွေ ရှေ့သို့တိုးလာသည်နှင့် . . .

"အ . . . အ . . . အမလေး"

"သ . . သရဲ . . . သရဲ . . . အမေရေ . . . ကယ်ပါဦး"

"ပြေး . . . ပြေးတော့ . . . ပြေးနိုင်မှလွတ်မယ်နော်"

သူတို့သုံးဦးသည် လက်ထဲက ပစ္စည်းများကိုပင် အပါမ နိုင်တော့ဘဲ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေး ကျက်ခဲ့တော့၏။

* * * *



## အခန်း (၈)

မောင်တောမြို့ကလေးသည် လင်းအာရုဏ်နှင့်အတူ လန်းဆန်းစွာ နိုးထလာခဲ့၏။ ထိုနေ့သည် အဒိုးရရှုံးပိတ်ရက် တနင်္ဂနွေနေ့ ဖြစ်သည်။ ဒေသခံများအဖို့ ရက်သတ္တတစ်ပတ်လုံး ရင်ခုန်လှုပ်ရှားစွာ စောင့်မျှော်ခဲ့ရသည့် ထိုနေ့သည် အမှန်ပင် ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

လင်းအာရုဏ်သန်းသည်နှင့် ဒေသခံများသည် ဝိရိယ ကောင်းကောင်းဖြင့် မယ်တော်ကြီးနတ်ကွန်းရှေ့သို့ ရောက်လာကြ၏။ ထုံးစံအတိုင်း မိမိတို့ယူဆောင်လာသည့် အမွှေးနံ့သာ၊ ပန်း၊ ဆီမီးများဖြင့် မယ်တော်ကြီးရုပ်တုရှေ့ဟွင် ထွန်းညှိပူဇော်ကြပြီး မရိုးနိုင်သည့် ဆုတောင်းမှုများ ပြုလုပ်ကြ၏။

အထူးသဖြင့် ထိုသို့ဆောင်ရွက်သူအများစုမှာ အမျိုးသမီး များ ဖြစ်ကြ၏။

ဗိုင်ချုပ်ကြီးဖြစ်သည့် တရုတ်ကြီးကလည်း အစပ်တစ်စဉ် သူ



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်နေကြအတိုင်း ဝတ်ဖြူစင်ကြယ်ဖြင့် ပေါက်ကောင်ထည့်ထားသည့် ကတ္တီပါအိတ်ကို အနီရောင်တိုင်လုံးထိပ်တွင် ချိတ်ဆွဲထားပြီး ဖြစ်၏။ နတ်ကွန်းရှေ့ရောက်လာကြသူများလည်း ငှင်းတိုင်ထိပ်ရှိ အိတ်ကို ကြည့်မဝ၊ ရှုမဝ ဖြစ်နေကြပြီး ထုံးစံအတိုင်း ကိုယ်ထင်ရာ ပေါက်ကောင်ကို ပြောနေကြ၏။

ပေါက်ကောင်အရောင်းဖွင့်သည့် ဒိုင်များမှာ ယခင်အပတ်စဉ်များကလို နံနက်ဆယ်နာရီတွင် အရောင်းဖွင့်နိုင်ခြင်းမရှိဘဲ တစ်နာရီခန့်နောက်ဆုတ်ပြီး ဖွင့်မည်ဟု ကြေငြာထား၏။ အကြောင်းကား ဒိုင်ချုပ်ကြီး၏မွေးနေ့အလှူရှိနေသဖြင့် ရွာလုံးကျွတ်လိုလို လာရောက်စားသောက်နေသောကြောင့် ဖြစ်သည်။

ဒိုင်ချုပ်တရုတ်ကြီးတို့ လှူပြီဟေ့ဆိုလျှင် အခြားသူတွေလို မစို့မပို့ လှူဒါန်းသည်မဟုတ်။ ထမင်းရည်ချောင်းစီး မောင်းတီးလှူသည့်စကားလို . . .။ စားကြစမ်း၊ ကလေးလူကြီး၊ နောက်ဆုံး ခွေးပါ မကျန် လှူသည့် အလှူမျိုး . . .။

ထိုအလှူတွင် ကျွေးသည့် ဟင်းလျာများက ကြက်သား၊ ဝက်သား၊ ငါး ဟူ၍ အဓိကဟင်းသုံးမျိုးပါဝင်ပြီး အရန်ဟင်းအဖြစ် ငံပြာရည်ကြော်၊ ကင်ပွန်းချဉ်ရွက်ဟင်းချိုနှင့် သရက်ချဉ်သုတ်တို့ ဖြစ်သည်။ လာရောက်စားသောက်သူများမှာ ငှင်းဟင်းလျာများကို ကြည့်ရင်း ထင်မြင်ချက်အမျိုးမျိုး ပြောဆိုကြပြန်၏။

ပေါက်ကောင်သည် အဓိကဟင်းလျာများဖြစ်သည့် ကြက်၊ ဝက်၊ ငါးတို့လည်း ဖြစ်နိုင်ကြောင်း ပြောဆိုကြ၏။ အဓိကပစ်မှတ် မဟုတ်လျှင်တောင်မှ ထိုအကောင်သုံးကောင်ကို အရန်အဖြစ်ကာ ရန်ပြီး ထိုးထားသင့်ကြောင့် စသဖြင့် အကြံပြုသူများက ပြုကြ၏။

အလှူကလည်း ဘုန်းကြီးအလှူကိုပင် သနားသည်ဟု ပြော





ရမလိုပင်။ ဝင်လာမစဲ တသည်းသည်းဆိုသလို တိုးမပေါက်အောင် ရှိနေတော့၏။ ပုံမှန်နေ့ရက်မျိုးမဟုတ်ဘဲ ပေါက်ကောင်ဖွင့်သည့် ရက်နှင့် တိုက်ဆိုင်နေသဖြင့် ထိုသို့စည်ကားသွားခြင်း ဖြစ်သည်။

စားသောက်နေကြသူအများစုမှာ စားသောက်နေရင်းကပင် သိသာထင်ရှားစွာ မြင်နေရသည့် ပေါက်ကောင်ချိတ်ဆွဲထားသည့်တိုင်ကို မကြာခဏ လှမ်းမျှော်ကြည့်ကြလေ၏။ မကြာပါ . . . ပေါက်ကောင်ဖြတ်ပိုင်းရောင်းသည့် အစီအစဉ်ကို ဒိုင်များက စတင်လိုက်လေ၏။

ဒေသခံများသည် ထုံးစံအတိုင်း ကိုယ့်အုပ်စုနှင့်ကိုယ် ထင်ရာမြင်ရာတွေကို အတိတ်ကောက်ရင်း ဒိုင်များထံမှာ အလုအယက် ထိုးကြ၏။ အချို့လူတွေ၏အမူအကျင့်ကလည်း တစ်မျိုး . . .။

မနက်ပိုင်းမှာ ကိုယ်ယုံကြည်သည့် ပေါက်ကောင်ကို ထိုးထားပြီးပါလျက် ကျေနပ်မှုမရနိုင်သေးဘဲ ဟိုအုပ်စုနှင့်ဝင်ရော၊ ဟိုလူ့ထံက ထင်မြင်ချက်တောင်း၊ ဟိုလူ၏အိပ်မက်ကို သဘောကျစသဖြင့် ဂဏာမငြိမ်ဖြစ်နေပြီး ကိုယ့်စိတ်ကိုယ် မထိန်းနိုင်၊ မသိမ်းနိုင်ဖြစ်လျက် နေ့ဖို့ညစာပင် မချိန်တော့ဘဲ ဒိုင်များထံ အကြိမ်ကြိမ် ဖြတ်ပိုင်းဖြတ်ကြလေ၏။

ထိုးဖို့ငွေမရှိလျှင်လည်း လွယ်လွယ်ပင် ဖြေရှင်းလိုက်ကြ၏။ အိမ်သို့ပြန်ပြီး ပေါင်နှံဖို့ ပစ္စည်းများကိုယူကာ မြို့လယ်တွင် ဖွင့်ထားသည့် ဒေါ်ရိတ်ကြီးအပေါင်ဆိုင်သို့ အချိန်မီပြေးပြီး ပေါင်ကြ၏။ ဒေါ်ရိတ်ကြီးဟူသောအမည်မှာ ဒေသခံများက သူတို့သဘောနှင့် သူတို့ အမည်ပေးထားခြင်း ဖြစ်သည်။

ထိုအမည်ကို သူတို့သည် အပေါင်ဆိုင်ပိုင်ရှင်အမျိုးသမီး၏ ကွယ်ရာတွင်သာ ပြောဆိုရဲကြ၏။ ဆိုင်ရှင်အမျိုးသမီးသာကြားပါ

www.burmeseclassic.com



က ထိုသို့ပြောလိုက်သူမှာ မာန်မဲကြိမ်းမောင်းခံရမှာဖြစ်သလို သူ
ဝွင်ထဲရောက်ပါက ကောင်းကောင်းပညာပေးခံရ၏။ ရွာခံအဘော
များများမှာ သူမအပေါင်ဆိုင်နှင့် လွတ်ကင်းကြသည်မဟုတ်။

ငွေကြေးအင်အားတောင့်တင်းသည်။ ပစ္စည်းမရွေး . . .
လာသမျှပစ္စည်းအားလုံး လက်ခံသည်။ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား
ကြိုက်တာလာခဲ့ . . .။ အဝတ်အထည်၊ ဒန်အိုးဒန်ခွက်၊ ဘယ်လော
ပိန်ချိုင့်ပြီး ချေးအထပ်ထပ် တက်နေပါစေ။ လက်ခံပြီးသား . . .

ပေးသည့်ငွေ အနည်းအများသာ ကွာမည်။ ပစ္စည်းပေ
ကြည့်ပြီး အတိုးကို သတ်မှတ်၏။ အတိုးကတော့ ဘယ်သူမှ လိုက်
မမီသည့် အတိုးမျိုး . . .။ ထို့ကြောင့်လည်း သူမသည် ဒေါ်ရိတ်ကြီး
ဟူသော အမည်တွင်သွားခြင်း ဖြစ်၏။

သူမ၏အမည်က မြင့်မြတ်ကြည်ဖြူ . . .။ အပေါင်ဆိုင်
နာမည်က မီးအိမ်ရှင် . . .။ အံ့ဩဖို့ကောင်းသည်က သူမသည်
အခြားသူမဟုတ်။ ဗိုင်ချုပ်တရုတ်ကြီးချန်ခိုးပေါင် (ခေါ်) ဦးကျော်ခံ
သာ၏ သမီးကြီးဖြစ်နေခြင်းပင် ဖြစ်၏။

သူမအပေါင်ဆိုင်သည် နေ့စဉ်နှင့်အမျှ လူပြတ်သည်ဟူ၍
မရှိ။ ပေါက်ကောင်ဖွင့်သည့်နေ့မျိုးဆိုလျှင်တော့ အလကားပေးနေ
သလားထင်ရအောင် ကြိတ်ကြိတ်တိုးနေစမြဲ ဖြစ်သည်။ ပစ္စည်းလာ
ပေါင်သူများမှာ ကိုယ့်အလှည့်ရောက်ဖို့ အတော်ကြာအောင် တန်းစီ
ကြရ၏။

ထိုနေ့မှာတော့ ပေါက်ကောင်လောင်းကြေးသည် ကြောက်
ခမန်းလိလိ ရောင်းအားတိုးသွား၏။ မည်သို့ဆိုစေ . . . သူတို့ရင်ထဲ
၌ ဒေါင်းက ရှိနေပြီးသား . . .။

"ဒုက္ခပဲ . . . ဒီဒေါင်းသာ ပေါ်သွားလို့ကတော့ ဗိုင်ချုပ်ကြီး





တရုတ်ပြည်ကို ဖင်လှန်ပြေးရင်တော့ ဒုက္ခ . . ."

"ဟား . . . မင်းကလည်း တရုတ်ကြီးက အခုမှ ချမ်းသာ
တာ မဟုတ်ဘူး၊ ဒီမြို့မှာစပြီး အခြေချဖို့ ရောက်လာတဲ့ လွန်ခဲ့တဲ့
နှစ်,နှစ်ဆယ်လောက်ကတည်းက ချမ်းသာတဲ့သူ၊ အဲဒီနှစ်,နှစ်ဆယ်
အတွင်းမှာ နတ်ကွန်းမယ်တော်ကြီး မ,စလိုက်တော့ ဘယ်လောက်
ချမ်းသာသွားသလဲ၊ ဒီနယ်တစ်ဝိုက်မှာ သူပိုင်ဆိုင်တဲ့ လယ်မြေတွေ၊
ကျွဲနွားတွေ၊ ငါးဖမ်းစက်လှေတွေဆိုတာ လက်ညှိုးထိုးမလွဲဘူး"

"ဒါတော့ ဒါပေါ့ကွာ၊ လူဆိုတာက ကိုယ်ကသာ ရချင်တာ၊
ပေးရဖို့ဆိုရင်တော့ ဘယ်လိုပတ်ပြေးရမလဲလို့ စဉ်းစားကြတာချည်းပဲ"

နောက်တစ်ဦးက မနေသာတော့ဘဲ . . .

"မင်းကလည်း စိုးရိမ်စရာမဟုတ် စိုးရိမ်နေပြန်ပြီ၊ တရုတ်
ကြီးရဲ့ရာဇဝင်မှာ ထိုးသားကို မလျော်နိုင်လို့ ပြေးတာမဆိုနှင့် ဆိုင်းငံ့
တာမျိုးတောင် မရှိခဲ့ဘူး၊ ဘာမှတွေးမနေနဲ့ . . . ကိုယ်ယုံကြည်ရာ
ပေါက်ကောင်ကို ရဲရဲသာထိုး"

"ဟုတ်တယ် ဟေ့လူ၊ တွေဝေနေရင်တော့ နောင်တရသွား
မှာနော်၊ ဗိုင်တွေဆီမှာ ဒေါင်းရုပ်ဖြတ်ပိုင်းတောင် ကုန်သလောက်
ရှိသွားပြီ"

ဘယ်နေရာကြည့်လိုက်,ကြည့်လိုက် သည်အကြောင်း ပြော
ကြသည့်စကားများနှင့် မလွတ် . . .။

ယခင် ပေါက်ကောင်ဖွင့်ပွဲနေ့နှင့်မတူ။ လွန်စွာစည်ကား၏။
လက်ဖက်ရည်ဆိုင်များမှာလည်း ထိုင်ဖို့ ခုံလွတ်မရှိသလောက် ဖြစ်
နေ၏။

လွန်စွာစည်ကားသည့် အချိန် . . .။ ပေါက်ကောင်ဖွင့်ရန်
နှစ်နာရီခန့်သာ လိုတော့သည့်အချိန် . . .။ ကျိန်ချောင်းရွာသား



www.burmeseclassic.com

www.burmeseclassic.com



နိုင်နိုင်သည် ထိုအချိန်ကို ရွေးချယ်ပြီး မယ်တော်ကြီးနတ်ကွန်းရှိရာသို့ မော်မော်ကြွားကြွား လျှောက်လှမ်းရင်း ရောက်ရှိလာလေ၏။ သူ့ခန္ဓာကိုယ်ပေါ်တွင် မြို့သားနှင့်မခြား ဆင်မြန်းထားသည့် အရောင်အသွေးများကြောင့် လူအများက ဂရုတစိုက် မကြည့်ဘဲ မနေနိုင်ဖြစ်နေကြ၏။

သူသည် ယခင်က အခြေအနေနှင့် ဆန့်ကျင်ဘက်လို ပြောင်းလဲသွားလေပြီ။ ထိုဒေသတစ်ဝိုက်တွင် နေထိုင်သည့် ရွာချင်းသာ မကူကြသော်လည်း မည်သူဟာ မည်သည့်ရွာသားဖြစ်သည်ကို ကောင်းစွာသိကြ၏။ နိုင်နိုင်သည်လည်း ဒေသခံဖြစ်သည်ကြောင့် လူအများက သူ့ကိုသိနေသည်မှာ မထူးဆန်းလှပေ။

မယ်တော်ကြီးနတ်ကွန်းနှင့် တစ်ခေါ်လောက်သာ ကွာဝေးသည့်နေရာတွင် လွန်စွာကြီးမားကျယ်ဝန်းသည့် လက်ဖက်ရည်ဆိုင်ကြီးရှိ၏။ နေရာကလည်း လမ်းဆုံလမ်းခွ . . .။ တကယ့်နေရာကောင်း . . .။ လွန်ခဲ့သည့်ဆယ်နှစ်ခန့်က ၎င်းမြေနေရာမှာ မောင်တောမြို့သား တင်မြင့်ဦးပိုင်သည့် ခြံဝိုင်းဖြစ်သည်။

ထိုစဉ်က တင်မြင့်ဦးသည် ထိုခြံဝိုင်းထဲ၌ သူပိုင်ကျွဲ၊ နွားများကို နွားတင်းကုတ်ဆောက်ပြီး ထိန်းသိမ်းထားခဲ့၏။ မယ်တော်ကြီးပေါက်ကောင်ပေါ်လာပြီး နောက်ပိုင်းမှာတော့ တင်မြင့်ဦးလည်း တဖြည်းဖြည်း စီးပွားရေးကျဆင်းလာပြီး ၎င်းခြံဝန်းလေးကို မရောင်းချင်ဘဲ ရောင်းလိုက်ရ၏။

သူသည် ရိုးသားသည့် လယ်သမားဖြစ်၍ အရာရာကို ရိုးရိုးစင်းစင်းပင် မြင်၏။ မိမိပိုင်ဆိုင်သည့် မြေနေရာမှာ ဘယ်လောက်အချက်အချာကျပြီး နောင်တစ်ချိန်တွင် အဘယ်မျှတန်ဖိုးရှိလိမ့်မည်ဟု တွေးခေါ်နိုင်စွမ်းမရှိခဲ့ပေ။





ထိုမြေနေရာကို ဝယ်လိုက်သူမှာ အချောင်ရလိုက်ခြင်းဖြစ်၏။ ဝယ်သူမှာလည်း အခြားသူမဟုတ်။ တရုတ်ကြီးချန်ခိုးပေါင်၏ သားမက် ယူနွတ်ဟူသော ပုဂ္ဂိုလ်ဖြစ်၏။ တကယ်တော့ အခြေအနေအရပ်ရပ်ကို ကြိုးကိုင်လှုပ်ရှားသွားသူမှာ ယူနွတ်မဟုတ်။ တရုတ်ကြီးချန်ခိုးပေါင်ပင် ဖြစ်၏။

သားမက်ယူနွတ်ကတော့ သမီးကိုလည်း ရလိုက်သေး . . .။ ယောက္ခမစည်းစိမ်အပေါ်မှာလည်း အလိုက်သင့်ဆိုသလို ဇိမ်ရှိရှိခံစားသွားနိုင်သဖြင့် ထိုစဉ်က လူငယ်များကြားတွင် အထင်ကြီးအားကျစရာ ဖြစ်ခဲ့၏။

ယူနွတ်လက်ဖက်ရည်ဆိုင်၏ မျက်နှာစာရှိ စားပွဲဝိုင်း တွင် တင်မြင့်ဦးသည် အခြားသူများနှင့်အတူ စကားဝိုင်းဖွဲ့နေရာက ဆိုင်နှင့်မလှမ်းမကမ်းသို့ ရောက်လာနေပြီဖြစ်သည့် နိုင်နိုင်ကို တွေ့လိုက်ရသဖြင့် မျက်မှောင်ကျုံ့ကာ ကြည့်လိုက်လေ၏။ အမြင်များ မှားသလားဟု အသေအချာကြည့်လိုက်ပြန်၏။

မမှား . .။ ဒီကောင်မှ ဒီကောင်အစစ်။ ကြည့်ပါဦး . . ကိုယ်ရောင်ကိုယ်ဝါ တောက်ပနေလိုက်တာ . . .။ အရင်တုန်းကတော့ ဖိုသီပတ်သီနဲ့ . . .။ ဝတ်စရာမရှိလို့ ငါ့ဆီက တစ်ပတ်နွမ်းအဝတ်တွေ လာ,လာတောင်းတဲ့ကောင် . .။ ဒီကောင် အခုလောက်ပြောင်းလဲသွားတာ ထူးတော့ထူးခြားတယ်။

တင်မြင့်ဦးသည် ထိုသို့တွေးနေမိစဉ်မှာပဲ နိုင်နိုင်က ဘိုင်စကုတ်မင်းသားစတိုင်မျိုး ပြုံးလိုက်ပြီး . . .

"ဟော့ . . . တင်မြင့်ဦး၊ ကျုပ်ကို မမှတ်မိတော့ဘူးလား၊ နိုင်နိုင်လေဗျာ . . . နိုင်နိုင်"

ဟုပြောလိုက်ပြီး စားပွဲထိုးဘင်္ဂါလီကုလားလေးကို ခုံတစ်လုံး



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ယူခိုင်းလိုက်၏။ ခိုလာပေးတော့ တင်မြင့်ဦးတို့ဝိုင်းမှာပင် ထိုင်ရင်း လက်ဖက်ရည်မှာသောက်လေ၏။ ပြီးနောက် အိတ်ထဲက လွန်စွာ တန်ဖိုးကြီးသည့် ပိုလိုစီးကရက်ဗူးကိုထုတ်ကာ တစ်လိပ်ကို မီးညှိ ဖွာရှိုက်လိုက်ပြီး ဗူးကို ပြန်မသိမ်းတော့ . . .။

တင်မြင့်ဦးနှင့် အခြားသူများကို ဧည့်ခံလိုက်၏။ တင်မြင့်ဦး တို့မှာလည်း ၄င်းစီးကရက်မျိုး မသောက်ဘူးသဖြင့် အကြိုက်တွေ့ သွားတော့၏။ ပိုလိုစီးကရက်ကို မှန့်များထင်မှတ်သွားသလားမသိ။

လက်က မချစတမ်း တစ်လိပ်ပြီးတစ်လိပ် မီးကူးဖွာရှိုက် ကြရာ စီးကရက်မှာ အချိန်အနည်းငယ်အတွင်း ဗူးခွံချည်းသာ ကျန် ရှိတော့၏။

"မင်းကို အခုလိုပုံစံမျိုးတွေ့ရတာ ငါလည်း ရုတ်တရက် အံ့သြနေတာပေါ့"

"ဟင်း . . . ဟင်း . . . ဟင်း . . ."

နိုင်နိုင်က စီးကရက်ကို ဖွာရှိုက်ရင်း ဘိုင်စကုတ်မင်းသား ခင်မောင်ရင်စတိုင်မျိုး ရယ်လိုက်၏။

"ငါလည်း မိန်းမပြောတုန်းက ဒီလောက်ထိတော့ မဟုတ် နိုင်ပါဘူးလေလို့ တွေးမိသေးတယ်၊ အခုကိုယ်တွေ့မြင်ရတော့မှပဲ ယုံတော့တယ်၊ ငါတောင် ဟိုတလောက မင်းလာရှင်ပေးဖို့ဆိုပြီး တစ်ပတ်နွမ်းအထည်တွေ ထုတ်ထားသေးတယ်"

"ဟာဗျာ . . . ကိုကြီးတင်မြင့်ဦးကလည်း . . .၊ အရေးထဲ မှာ တစ်ပက်နွမ်းအထည်ထုဘ်က ဝင်ရှုပ်နေရသေးတယ်၊ လူဆိုတာ ချမြဲတမ်း တသတ်မတ်တည်း ရှိမနေဘူးဗျ၊ အနိမ့်အမြင့်ဆိုတာ ရှိကြတာချည်းပဲ၊ အခု ကျွန်တော့်အခြေအနေက အမြင့်ပိုင်းကို ရောက်နေပြီ၊ အရင်တုန်းက ဘဝလို တစ်ပတ်နွမ်းနိုင်နိုင်မဟုတ်





တော့ဘူး"

"ဒါဆို မင်းအတွက်ထုတ်ထားတဲ့ တစ်ပတ်နွမ်းတွေကို ဘယ် လိုလုပ်ရမလဲ"

"ကိုတင်မြင့်ဦးကတော့ ပြောလေဆိုးလေပဲ၊ လုပ်ချင်သလို လုပ်လိုက်ဗျာ"

နိုင်နိုင်က မကြည်မလင်မျက်နှာဖြင့် ဘုတော,တောလိုက် ရာ တင်မြင့်ဦးလည်း အူကြောင်ကြောင် ဖြစ်သွား၏။ အမှန်တော့ တင်မြင့်ဦးက သဘောရိုးနှင့် ပြောလိုက်ခြင်းဖြစ်သည်။ သို့သော် သည်း သူ့အပြောက အခြားသူများရှေ့တွင် ငယ်ကျိုးငယ်နာဖော် သိုက်သလို ဖြစ်သွား၍ မောင်းတင်ထားသည့် နိုင်နိုင်လည်း မောင်း ကျိုးသည့်အဖြစ်မျိုး အောင့်သက်သက်ဖြစ်သွားခြင်း ဖြစ်၏။

ထိုဝိုင်းတွင် လူ့အရိပ်အခြေကို ကောင်းစွာနံ့စပ်သည့် လှဦး အောင်က ပိုလိုစီးကရက်ကို အားပါးတရဖွာရှိုက်လိုက်ပြီး စကားလမ်း ကြောင်းကို ပါးပါးနပ်နပ် ဝင်ထိန်းလိုက်၏။

"ကိုနိုင်နိုင် . . . အခုအချိန်မှရောက်လာတာ နောက်ကျ နေဘူးလား၊ သူများတွေက ပေါက်ကောင်ဖြတ်ပိုင်းလေးကိုယ်စီနဲ့ ရှင်ခုန်နေကြပြီ"

ဟုဆိုလိုက်ရာ နိုင်နိုင်က ခြေထောက်ကိုချိတ်လျက် ဆရာ ကြီးလေသံမျိုးဖြင့် . . .

"ဒီတစ်ပတ်က သိပ်ရင်ခုန်ဖို့ မလိုပါဘူးဗျာ၊ တစ်ပေါက် တည်း အပိုင်ကိုင်ဖို့ပဲ လိုတယ်"

"ဘာလဲ . . . ဒေါင်းလား"

"ဒါကလွဲပြီး ဘာရှိဦးမှာလဲ"

"ကိုနိုင်နိုင် ဘယ်လောက်အောဖို့ စိတ်ကူးထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်မများပါဘူး၊ တစ်ရာဖိုးလောက်ပဲ အောမှာပါ"

"ဗျာ . . ."

အားလုံးမျက်လုံးတွေက ဖားပြုတ်မျက်လုံးကြီးများပမာ ပြူးအစ်လို့သွား၏။ နည်းလှသည့် ငွေကြေးမဟုတ်။ လယ်ဧကများစွာ ဝယ်နိုင်သည့် ငွေပမာဏ . . .။ ရွှေဆိုလျှင်လည်း တစ်ဆယ်သားခန့်ပင် ဝယ်ယူနိုင်သည့်ငွေတန်ဖိုး . . .။

နိုင်နိုင်က တအံ့တသြဖြစ်နေကြသည့် သူတို့မျက်ဝန်းတွေကို ပြီတီတီအပြုံးဖြင့် ကြည့်လိုက်ပြီး ၄င်းတို့ပိုပြီး ယုံကြည်သွားအောင် အိတ်ထဲက ဂျော့တံဆိပ်ခေါင်းပုံ ငွေစက္ကူတစ်ရာတန်ကို ထုတ်ပြလိုက်၏။

"ကဲ . . . အချိန်ရှိတုန်း သွားအောလိုက်ဦးမယ်၊ ရှင်ရွှေထီး သေမြေကြီးပေါ့ဗျာ"

ဟုပြောလိုက်ပြီး သူ့အတွက် လက်ဖက်ရည်ဖိုးကိုသာမက တစ်ဝိုင်းလုံးအတွက်ပါ ရှင်းလိုက်လေ၏။ ကျသင့်ငွေထက်ပိုသော အကြွေကိုပင် မယူတော့ဘဲ စားပွဲထိုးကုလားလေးကို မုန့်ဖိုးပေးလိုက်သေး၏။

တင်မြင့်ဦးတို့အုပ်စုသည် ခေါင်းလေးတမော့မော့နှင့် ထွက်ခွာသွားသည့် နိုင်နိုင်ကို မည်သို့နားလည်ရမှန်းမသိအောင်ဖြစ်လျက် ငေးကြည့်ကျန်ရစ်ခဲ့တော့၏။

* * * *



## အခန်း (၉)

ပေါက်ကောင်ဖွင့်မည့်အချိန်မှာ တဖြည်းဖြည်းနီးကပ်လို့လာ၏။ ဘုရားသိုက်တူးသမား မြခိုင်တို့အုပ်စုလည်း ရွာလယ်ထန်းတဲတွင် ခေါင်းချင်းဆိုင်နေကြ၏။ သူတို့သည် သိုက်တူးရင်း အသက်ထွက်မတတ် ဒုက္ခကြုံခဲ့ရ၏။ သို့သော်လည်း စိတ်ပျက်လက်လျှော့ခြင်း မရှိခဲ့ . . .။ တစ်ခုမရလျှင် တစ်ခုရအောင် ကြံတတ်သူတွေဖြစ်၍ ပေါက်ကောင်လောင်းပွဲဆင်နွှဲရန် သူတို့သည် ရွာတောင်ပိုင်းက ကြက်နှစ်ကောင်ကို ခိုးရောင်းခဲ့ကြ၏။

၄င်းငွေဖြင့် ခေါင်းကို ပုံအောထားကြ၏။ ထန်းရည်ကတော့ ထုံးစံအတိုင်း အကြွေး . . .။

"ငါလဒ္ဒီး . . . အခုအချိန်ထိ ဘုရားလေးကုန်းမှာ မြင်ခဲ့ရတဲ့ အကောင်တွေကို မျက်လုံးထဲက ဖျောက်လို့ရမသေးဘူး"

"အေး . . . ငါလည်း မင်းလိုပဲ၊ ပြေးသာပြေးနေရတာ ကိုယ်ဘာဖြစ်လို့ ဖြစ်မှန်းတောင် မသိဘူး၊ အိမ်ရောက်မှ သိတော့တယ်



www.burmeseclassic.com

www.burmeseclassic.com



. . . ဟား . . . ဟား . . . ဟား . . ."

မြင့်ထွန်း၏စကားကို နေဝင်းက ထောက်ခံပြောဆိုပြီး ကိုယ့်ဘာသာကိုယ် သဘောကျစွာ ရယ်လေ၏။ မြခိုင်က အရယ်တစ်ဝက်ဖြင့် . . .

"ဘာလဲ . . . မင်းတစ်ကိုယ်လုံး ချေးစော်နံနေလို့ မဟုတ်လား"

"အေးပေါ့ဗျာ . . . ဒါတောင် မိန်းမပြောလို့ သိတာ၊ ဘယ်အချိန်ထွက်ကျသွားမှန်းတောင် မသိလိုက်ဘူး"

"ဟာ . . . ဟား . . . ဟား . . . ဟား . . ."

သူတို့ပြိုင်တူရယ်လိုက်မိကြ၏။ ထို့နောက် မြင့်ထွန်းက ခွက်ထဲငှဲ့ထားသည့် ထန်းရည်ကို တစ်ချိုင့်တည်း မော့ချလိုက်ပြီး-

"ဒါနဲ့ ကျွန်တော်တို့တွေ့ခဲ့တဲ့ အကောင်ကြီးတွေက သရဲတွေလား၊ တစ္ဆေတွေလား၊ မိစ္ဆာတွေလား"

"ဘယ်သိပါ့မလဲကွာ၊ အဲဒီအမျိုးအစားထဲက တစ်မျိုးမျိုးတော့ ဖြစ်မှာပေါ့"

သူတို့နှစ်ဦး၏အသံက ကျယ်သွားသဖြင့် မြခိုင်လည်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး . . .

"ဟော့ကောင်တွေ . . တိုးတိုးပြောပါကွ၊ ဘေးလူတွေကြားလို့ တို့လုပ်တာတွေ ပေါ်သွားဦးမယ်"

ဟု ဝင်ဟန့်လိုက်တော့မှ နေဝင်းနှင့် မြင့်ထွန်းတို့လည်း ငြိမ်ကုပ်သွားတော့၏။

အချိန်မှာ မွန်းလွဲပိုင်းသို့ ရောက်လာပြီဖြစ်၏။ ထိုနေ့မှာပဲ စိန်အိုး၏သမီးလေးကြိုးကြာမှာ ကိုယ်အပူချိန်တွေ သိသိသာသာ တိုးလာ၏။ မနက်ခင်းကတည်းက တိုးနေသည့် အပူချိန်မှာ မွန်းလွဲ





ပိုင်းရောက်သည့်တိုင် အနည်းငယ်မျှ ကျဆင်းသွားခြင်း မရှိ . . .။

မိခင်မပြုံးကြည်လည်း စောင့်ကြည့်နေလျက်က နေမတိထိုင်မသာ ဖြစ်လာပြီး ခြံထဲရှိ သရက်ပင်အောက်ရှိ ကွပ်ပစ်(.. )ငထိုင်ရင်း ဆေးပေါ့လိပ်ကို မီးခိုးခေါင်းတိုင်ပမာ ဖွာရှိုက်နေသည့် စိန်အိုးဆီသို့ ခပ်သုတ်သုတ် လျှောက်သွားလိုက်ပြီး . . .

"ကိုစိန်အိုး . . . လာစမ်းပါဦး၊ ကျွန်မတို့ ဒီအတိုင်းကြည့်နေလို့တော့ မဖြစ်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲ . . ."

စိန်အိုးက ဆေးလိပ်ဖွာမပျက်ပင် အေးစက်စက် တုန့်ပြန်လိုက်သဖြင့် မပြုံးကြည်လည်း စိတ်ထဲဘဝင်မကျဖြစ်သွားပြီး . . .

"ရှင်ဟာလေ . . . တစ်မနက်လုံး ဘာဖြစ်နေမှန်းကို မသိဘူး၊ ရှင် စိတ်နဲ့ကိုယ်ရော ကပ်သေးရဲ့လား"

စိန်အိုးမျက်စောင်းထိုးရင်း ဘုကြည့်ကြည့်လိုက်၏၊ မပြုံးကြည်က ဆက်ပြီး . . .

"ဒီနေ့မှ သမီးကိုယ်အပူရှိန်က အရမ်းတိုးနေတယ်၊ ဒီအတိုင်းသာ တိုးနေရင်တော့ သမီးဒုက္ခရောက်သွားနိုင်တယ်"

"ဟင် . . . ဟုတ်လား"

စိန်အိုး အေးစက်စက်လုပ်မနေနိုင်တော့ . . .။ ချက်ချင်းပင် နေရာကထပြီး သမီးရှိရာသို့ ခပ်သွက်သွက် လျှောက်သွားလိုက်၏။

"အမလေး . . . ရေနွေးအိုးပူသလို ပူနေပါလား"

ဟု အထိတ်တလန့် ရေရွတ်လိုက်ပြီး "ဒုက္ခပါပဲကွာ" ဟု ညည်းကာ စိတ်ပျက်လက်ပျက်ငြီးငြူလိုက်၏။

"ဒုက္ခလုပ်မနေနဲ့ ကိုစိန်အိုး၊ မနက်တုန်းက ဆေးခန်းဒီဈေးရွာ



www.burmeseclassic.com

www.burmeseclassic.com



က သမားတော်ကြီးက လူကြုံနဲ့ မှာလိုက်တယ်၊ သမီးအတွက် ဆေး ဖော်ပြီးပြီတဲ့၊ ငွေယူပြီး လာခဲ့ပါလို့ မှာလိုက်တယ်၊ ရော့ . . . ဒီငွေ ကိုယူပြီး ဆေးကို အမြန်သွားယူချေ"

စိန်အိုးသည် သူ့လက်ထဲထိုးထည့်လိုက်သည့် ငွေကိုတစ် လှည့် သူ့မိန်းမကိုတစ်လှည့် ကြည့်ရင်း နားမလည်နိုင်ဖြစ်နေ၏၊ ငွေ . . . ငွေ . . . ထိုငွေကို သူ့မိန်းမ မည်သို့ရှာလိုက်မှန်း သူမသိ လိုက် . . .။

"မင်း . . . မင်း . . . ဒီငွေကို . . ."

"အို . . . ဘာခက်တာမှတ်လို့၊ သမီးအတွက် ဆေးဖိုးထ ပေးရတော့မှာလေ၊ ရှင့်ကိုကြည့်တော့လည်း ငူငူငိုင်ငိုင်နဲ့ အရက် ဆိုင်ပဲ ရောက်နေတော့ ကျွန်မလည်း ကိုယ့်ဘာသာကိုယ်ပဲ ရှာဖြ ရတော့တာပေါ့၊ ပြီးခဲ့တဲ့နှစ်လလောက်က မောင်တောက ဒေါ်ရိုတ် ကြီးအပေါင်ဆိုင်မှာ ပေါင်ထားတဲ့ နားတောင်းလေးကို အပြတ်ရောင်း လိုက်တာ"

စိန်အိုး ငြိမ်ကျသွားသည်။ မင်္ဂလာဦးကတည်းက ရွှေနှင့် တူဘာဆို၍ တစ်ခုတည်းသာ ကျန်ရှိတော့သည့် နားတောင်းကလေး . . .။ မည်သို့ပင် ဒုက္ခရောက်ရောက် အပင်ပန်း၊ အဆင်းရဲခံပြီး ထိန်းသိမ်းခဲ့သည့် ပစ္စည်းကလေး . .။ အခုတော့ ပျောက်ပြတ်သွားပြီ။

"ကဲပါ ကိုစိန်အိုးရယ် . . . စိတ်မကောင်းဖြစ်မနေပါနဲ့ သမီးလေးကျန်းမာရေးထက် ဘာမှအရေးမကြီးဘူး၊ ရှင်သာ အလုပ် ကို လက်ကြောတင်းအောင်လုပ်၊ အလုပ်ကောင်းလို့ကတော့ အဲဒီ နားတောင်းမျိုး တစ်ရံမဟုတ်ဘူး၊ ဆယ်ရံ၊ အရံနှစ်ဆယ် ဝယ်လို့ ရတယ်၊ ကဲ ကဲ . . . အချိန်ရှိတုန်း ဆေးသွားယူဖို့ အဝတ်အစား လဲတော့ . . ."





စိန်အိုးသည် အတွေအထူး လဲလှယ်မနေတော့ . . .။ ရှပ် အင်္ကျီလက်တိုကလေးကိုသာ လဲဝတ်လိုက်ပြီး ဆောင်းနေကျဦးထုပ် ကိုဆောင်းကာ အလျင်အမြန် ထွက်လာခဲ့၏။ အချိန်မှာ မွန်းလွဲ ၂) နာရီခန့် ရှိပြီဖြစ်၏။

စိန်အိုးသည် ခပ်သွက်သွက် လျှောက်လှမ်းရင်း ရွာ၏ထူး ခြားမှုကို သတိပြုမိသွား၏။ ရွာထဲတွင် သက်ကြီးရွယ်အိုများနှင့် ကလေးများကိုသာတွေ့ရပြီး လူငယ်၊ လူရွယ်များ မတွေ့ရသလောက် ရှိနေ၏။

အတွေအထူးတွေးနေဖို့ မလို . . .။ ထိုလူတွေအားလုံး မယ်တော်ကြီးနတ်ကွန်းသို့ ရောက်နေကြပြီဖြစ်၏။ ဒီနေ့ဖွင့်မည့် ပေါက်ကောင်ဖွင့်ပွဲက တကယ့်ပွဲကြီးပွဲကောင်း . . .။ ဒီအချိန်ဆို လျှင် နတ်ကွန်းရှေ့တွင် ဘယ်လောက်များ စည်ကားလိုက်မလဲ။

"တောက် . . ဒီတစ်ပတ်လွတ်သွားတာ နာလိုက်တာကွာ"

စိန်အိုး၏ရာဇဝင်တွင် ပေါက်ကောင်လောင်းပွဲ လွတ်သွား သည့်အပတ်ဟူ၍ မရှိဘူးခဲ့။ မဖြစ်ဖြစ်တဲ့နည်းနဲ့ အနည်းဆုံးတစ် ပတ်တစ်စောင်လောက်တော့ ထိုးဖြစ်သည်ချည်းပင်။

အခုလို ပွဲကြီးပွဲကောင်းအလှည့်ရောက်မှ တစ်စောင်မှ ထိုးနိုင်ဖြစ်ရသည်ကြောင့် သူသည် ထိုနေ့တစ်နေ့လုံး မရိုးမရွဖြစ် နေခြင်း ဖြစ်၏။

မကြာခင်မှာပဲ ရွာထိပ်သို့ ရောက်ရှိသွားလေ၏။ ခြေလှမ်း တွေက သမားတော်ကြီးရှိသည့် ဘော်ဒီဈေးရွာဘက်သို့ ဦးတည်နေ သော်လည်း စိတ်ကတော့ မယ်တော်ကြီးနတ်ကွန်းဆီသို့ ရောက်နေ ၏။ မယ်တော်ကြီးက ပြုံးဖြီးဖြီးမျက်နှာပေးဖြင့် သူ့အား မြူဆွယ် နေသယောင် . . .။ သူသည် ထိုပုံရိပ်များကို အမြင်အာရုံထဲမှ



www.burmeseclassic.com

www.burmeseclassic.com



အတင်းမောင်းထုတ်နေရ၏။

ရွာပြင်ဇရပ်ကြီးအနီးသို့ အရောက်မှာတော့ တင်းခံထားသည့် သူ၏စိတ်ခံစားမှုများက ဇရပ်အဆောက်အဦး၏တိုင်ကို မှီလျက်ရှိနေသူတစ်ဦးကြောင့် ထိန်းမနိုင်၊ သိမ်းမရ ဆိုသလို ယိုင်နဲ့သွားတော့၏။

ထိုသူမှာ အခြားသူမဟုတ်။ ရွာရိုးကိုးပေါက် ဦးတည်ရာမဲ့လျှောက်သွားနေသည့် မင်းပုညဟူသော အရူးဖြစ်၏။ မင်းပုညသည် ရူးတော့ရူးသည်။ သို့သော်လည်း အသိတရားလွတ်ကင်းလောက်အောင် ရူးသည့်အရူးမျိုး မဟုတ် . . .။

အရူးပါးဟုပင် ဆိုရမည်။ သူ့ကိုသွားပြီး အမြတ်ထုတ်ဖို့ စိတ်မကူးလေနှင့်။ သူကတောင် ကိုယ့်ကိုပြန်ပြီး ရောင်းစားသွားလိမ့်ဦးမည်။ ပြီးတော့ အချို့အရူးတွေလို စားရမယ့်၊ သောက်ရမယ့် အရူးမျိုးမဟုတ်။

လူကောင်းတွေထက်ပင် သူက ပိုပြီး အစုံနေသေး၏။ တစ်ခါတလေ သူကပင် ပြန်ပြီး အခြားသူတွေကို စွန့်ကျဲတာမျိုးတောင်ရှိ၏။ သူ့ကို ကျွေးမည့်မွေးမည့်သူ မရှား . . .။ အထူးသဖြင့် အမျိုးသမီးများဖြစ်ကြ၏။ တချို့အမျိုးသမီးများဆိုလျှင် သူဘယ်အရပ်ရောက်နေသလဲဆိုတာကို အပင်ပန်းခံစုံစမ်းပြီး သူနှင့်သွားတွေ့ကြ၏။

ဆိုရသော် အရူးမင်းပုညသည် ထိုဒေသတစ်ဝိုက်တွင် မင်းသားကြီးခင်မောင်ရင်ထက်ပင် အမျိုးသမီးများကြား၌ ရေပန်းစားလှ၏။ ထိုသို့ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ မယ်တော်ကြီးပေါက်ကောင်ကြောင့်ပင် ဖြစ်၏။ တစ်ခါတရံတွင် မင်းပုညသည် အမျိုးသမီးများဝန်းရံလျက် မင်းဧက္ကရာဇ်ကြီးက မိဖုရားများ





မှာတမ်းချွေနေသည့်အလား တွေ့ရတတ်၏။

အမျိုးသမီးများကလည်း သူပြောသမျှကို တလေးတစားနားထောင်ကာ မှတ်သားနေကြ၏။ သူက ဘိုသို့မှာတမ်းချွေနေလျက်က ရေသောက်ချင်တယ်ဟု မိန့်ဆိုလိုက်သည်နှင့် အမျိုးသမီးများမှာ ဗျာဗျာသလဲ ဖြစ်သွားကြပြီး တစ်ယောက်သော အမျိုးသမီးက ရေခွက်သန့်သန့်ဖြင့် ရေဗူးထဲကရေကို ငှဲ့ထည့်ကာ တရိုတသေကမ်းပေးလေ၏။

ကွမ်းဟုဆိုလိုက်လျှင်လည်း ထိုအတိုင်းပင်။ ဗိုက်ဆာနေပြီဟု ငြီးလိုက်လျှင်လည်း အမျိုးသမီးတွေက သူတို့အိတ်ထဲက ပါလာသည့် မုန့်များကိုထုတ်၍ တွန့်တိုမှုမရှိဘဲ အလုအယက်ကျွေးကြ၏။ အကယ်၍များ မင်းပုညက . . .

"ငါ ဟိုဟာငတ်နေတာကြာပြီ၊ နင်တို့ငါ့ကို ဆက်သကြစမ်း"

ဟု တောင်းဆိုလိုက်ပါက ထိုအမျိုးသမီးများသည် လင်ယောကျ်ားများ ငုတ်တုတ်ရှိလျက်နှင့် ဘယ်လောက်များ ဆက်သလိုက်လေမလဲ မသိ . . .။

မင်းပုညက လူကသာ ရူးနေသော်လည်း ထိုကိစ္စမျိုးမှာတော့ စည်းထားသည်ဟု ဆိုရမည်။ သူအမြဲသုံးနေသည့် လက်သုံးစကားတစ်ခွန်းရှိ၏။

"ကျုပ်က ရူးချင်လို့ ရူးနေတာ မဟုတ်ဘူး၊ ခုနှစ်ရက်သားသမီးတွေကိုကယ်ဖို့ ဂန္ဓာရီလှည့်နေတာ"

ဟူသော စကားဖြစ်၏။

သူ၏အသွင်အပြင်ကလည်း အမျိုးသမီးများ ယုံကြည်လောက်၏။ သူသည် အရောင်အဆင်းရှိသည့် အဝတ်အထည်မျိုး ဘယ်တော့မှ ဝတ်သူမဟုတ်။ ဒိုင်ချုပ်တရုတ်ကြီးကဲ့သို့ ကော်ဖြူစင်



www.burmeseclassic.com

www.burmeseclassic.com



ကြယ်ကို အမြဲလို ဝတ်ဆင်သူဖြစ်၏။ အဝတ်ကသာ ဖြူနေပေမယ့် ဖြူသည့်အရောင်က ပျောက်နေ၏။ အမြဲလို ညစ်၊ ထေး၊ ပေကျံ နေသောကြောင့် ဖြစ်သည်။

စိန်အိုးသည် ဇရပ်ထဲတွင် မင်းပုညရှိနေသည်ကို တွေ့၏။ အာရုံနောက်မှာစိုး၍ မသိချင့်ယောင်ဆောင်ပြီး ခပ်သွက်သွက် ဖြတ်ကျော်လိုက်၏။

"ဗျို့ . . . ကိုစိန်အိုး၊ ခင်ဗျားအတော်နောက်ကျနေပါလား ဟိုမှာ မယ်တော်ကြီးက ခင်ဗျားရောက်မလာလို့ စိတ်ကောက်နေပြီ"

"ဟာ . . . ဒီသောက်အရှုးနဲ့တော့ ခက်ပြီ"

မင်းပုညကို ဘုကြည့်ကြည့်လိုက်ပြီး ပြစ်ပြစ်နှစ်နှစ် ဆဲလိုက်၏။ မင်းပုညစကားက စိန်အိုး၏အရှိက်ကို ထောက်လက်သီး တစ်လုံး ပစ်သွင်းလိုက်သလို လွန်စွာအထိနာသွား၏။ နောက်ထပ် ထောက်လက်သီးတစ်လုံး ပစ်သွင်းခံရစဉ်မှာတော့ စိန်အိုးသည် နေရာမှာပင် ဘိုင်းကနဲ လဲကျသွားတော့၏။

"စိတ်ကူးမလွဲနဲ့ဗျို့၊ ခင်ဗျားကို ဓါတ်ကျတုန်း ကျုပ်ပေါက်ကောင်ပေးလိုက်မယ်၊ ဒေါင်းကိုတော့ သူများဒေါင်းတိုင်း လိုက်မဒေါင်းနဲ့၊ တကယ်ပေါက်မယ့်ကောင်က 'လိပ်' . . ."

"ဟိုက် . . ."

စိန်အိုးခြေလှမ်းတွေက တုန့်ကနဲ ရပ်သွား၏။ ရင်တစ်ခုလုံးပူလောင်လာပြီး ဦးခေါင်းကလည်း ချာလည်လည်လို့သွား၏။ မင်းပုညကို ဘာရယ်မဟုတ် လှည့်ကြည့်လိုက်သည်။ အရှုးမင်းပုညကလည်း အဟီးဟုရယ်ပြပြီး သူ့ကို လက်မထောင်ပြ၏။

သည်အရှုးကလည်း ခေသူမဟုတ်။ သူ့ကို ယုံကြည်ဆည်းကပ်ကြသည့် အချို့အမျိုးသမီးတွေက ပေါက်ကောင်ဘိုးတော်ဟုပင်





တင်စားပြောဆိုကြ၏။ သူပြောသမျှ မှန်သည်တော့ မဟုတ် . . .။ လွဲသည်များလည်း ရှိ၏။ လွဲချော်သည်ကပင် ပိုမည်ထင်၏။

မည်သို့ပင်လွဲသော်လည်း အမျိုးသမီးများမှာ အမှတ်မရှိကြ။ ပေါက်ကောင်ဖွင့်ရက် နီးလာသည်နှင့် သူ့ထံ ချဉ်းကပ်လာကြမြဲဖြစ်၏။

စိန်အိုးသည် မှတ်မှတ်ရရ သတိထားမိ၏။ အရှုးမင်းပုညပြောသည့်ပေါက်ကောင်မှာ နှစ်ကြိမ်မှန်ဖူး၏။ ထိုစဉ်က အရှုးစကားကို မယုံ၍ မထိုးဖြစ်ခဲ့ . . .။ အခု သူ့စကားနှင့် ဆက်စပ်ပြီး တိုက်ဆိုင်မှုတစ်ခုကို သတိရသွား၏။ တစ်နေ့က မက်သည့်အိပ်မက်တွင် လိပ်များကို အုံနှင့်ကျင်းနှင့် မြင်မက်ခဲ့ခြင်းဖြစ်သည်။

ငါ အဲဒီအိပ်မက်ကို ဘာလို့သတိမရမိပါလိမ့်။ ကြည့်စမ်း . . . တိုက်ဆိုင်လိုက်တာ . . .။ ဒီလို အတိတ်နမိတ်ဆိုတာ တိုက်ဆိုင်ဖို့ လွယ်တာမဟုတ်ဘူး။ ငါ့အိပ်မက်က လိပ် . . .။ အရှုးပြောတာကလည်း လိပ် . . .။

ကံကြမ္မာက သနားစရာသတ္တဝါဖြစ်နေတဲ့ ငါ့ကို မကြည့်ရက်လို့ သိသိသာသာ အလှည့်ပေးနေပါလား။ ဒီအခွင့်အရေးမျိုးဆိုတာ နောင်ကြုံဖို့ လွယ်တာမှတ်လို့ . . .။

စိန်အိုးလက်က အိပ်ကပ်အတွင်းသို့ ရောက်သွား၏။ သမီးအတွက် ဆေးဖိုးလေး . . .။ ဒါကို အရင်းပြုလိုက်တာနဲ့ အဆပေါင်းများစွာ ပွားစည်းလာမည့် ငွေကြေးများ . . .။ အတွေးနှင့်ပင် လူတစ်ကိုယ်လုံး လေထဲလွင့်ပြီး ကြည်နူးပျော်ရွှင်သွား၏။

သို့သော် မတော်လွဲချော်သွားလျှင် ဘယ်နှယ့်လုပ်မလဲ။ မိန်းမကို ဘယ်လိုမျက်နှာမျိုးနှင့် ရင်ဆိုင်ရမလဲ။

"မဖြစ်သေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



လည်ဝသို့ ဆို့တက်လာသည့် တံတွေးကို အတင်းမြိုချပြီး ခြေလှမ်းကို စတင်လိုက်၏။

"ဟား . . . ဒီလူ . . . အတော်တုံးတဲ့ ငတုံးပဲ၊ ပါးစပ်ရှေ့ ရောက်နေတဲ့ ထမင်းလုတ်ကိုများ ပုတ်ချရတယ်လို့၊ တော်ပြီ . . . နောင် ခင်ဗျားကို ကျုပ်ဘယ်တော့မှ မပေးဘူး"

"ဟူး . . ."

ပင့်သက်ရှိုက်သံနှင့်အတူ စိန်အိုးခြေလှမ်းက ရပ်သွားပြန်၏။ ဆိုရသော် တင်းခံထားသမျှ အလုံးစုံပြိုလဲသွားခြင်းပင် ဖြစ်၏။

"ဟေး . . . ဒီလိုမှပေါ့ကွ၊ ပေးဦးမယ် . . . ခင်ဗျားကို နောက်ထပ်ပေါက်ကောင်တွေ ပေးဦးမယ် . . . ဟား . . . ဟား . . . ဟား"

ရုတ်တရက် လမ်းကြောင်းပြောင်းကာ မယ်တော်ကြီးနတ်ကွန်းရှိရာသို့ ဦးတည်လိုက်သည့်သူ့ကို နောက်ဖက်တွင် ကျန်နေခဲ့သည့် အရှုံးမင်းပုညက အားပါးတရ ကောင်းချီးပေးလိုက်ခြင်း ဖြစ်သည်။

သူ၏ခြေလှမ်းများက မပြေးရုံတမယ် ဖြစ်နေ၏။ မယ်တော်ကြီးနတ်ကွန်းဆီသို့ အရောက်မှာတော့ ပေါက်ကောင်ဖွင့်ရန် တစ်နာရီခန့်သာ လိုတော့၏။ အရောင်းဒိုင်များလည်း ပိတ်တော့မည်။ လက်မတင်လေး အချိန်မီသွား၏။

"လိပ် . . . လိပ်ဗျာ"

"ဟုတ်ပြီ . . ."

ထိုအကောင်ကို ဦးစားပေးပြီး ကြေးများများထိုးလိုက်သည်။ ထိုးပြီးမှ မတင်မကျအတွေးမျိုး ဝင်လာပြန်၏။ ဒေါင်း . . . အများ ထင်ကြေးပေးနေကြသည့် ဒေါင်း . .။ ဒေါင်းကိုလည်း လက်မလွှတ်





ချင် . . .။ နည်းနည်းရုံထားမှ ကောင်းမည်။

"ဒေါင်း . . . ဒေါင်းကို တစ်စောင်ဖြတ် . . ."

"ကောင်းတယ် . . . ကောင်းတယ် . . . မလွှတ်တော့ဘူး ပေါ့"

ဒေါင်းဖြတ်ပိုင်း လက်ထဲရောက်လာပြီ။ လှည့်ထွက်ဖို့ ဟန်ပြင်ပြီးမှ အတွေးတစ်ချက်ဝင်လာပြန်၏။ စိတ်ထဲက အလိုလိုကြိုက်နေတဲ့ ယုန်ကလေး . . .။ မထူးတော့ . . . လက်ကျန်ငွေများကို အိတ်သွန်ဖာမှောက် ထိုးချလိုက်တော့၏။

"ယုန်ထပ်ပေးဗျာ . . ."

"ဒီလိုသတ္တိမျိုးမှကြိုက်တာ . . ."

ဖြတ်ပိုင်းဖြတ်ပေးသူကလည်း ထိုသို့အားပါးတရပြောပြီး ဖြတ်ပိုင်းရေးပေးလိုက်လေ၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

ပေါက်ကောင်ဖွင့်မည့် (၄) နာရီထိုးဖို့ မိနစ်အနည်းငယ်သာ လိုတော့သည်။ မယ်တော်ကြီးနတ်ကွန်းအနီးတဝိုက်တွင် ပွဲတော်ကြီးအလား ကြိတ်ကြိတ်တိုး စည်ကားနေတော့၏။ ထိုသူများအားလုံး ကိုယ့်နည်းကိုယ့်ဟန်နှင့် ကိုယ်စိတ်လှုပ်ရှားနေကြ၏။

ထိုသူများထဲတွင် အများနှင့်မတူသည့် စိတ်လှုပ်ရှားမှုမျိုး ရှိနေသူမှာ ကျွန်ုပ်၏ဇာတ်ကောင် စိန်ဇိုးဖြစ်၏။ စိန်ဇိုးသည် မည်သူနှင့်မျှလည်း စကားမပြောချင် . . .။ စကားပြောလိုစိတ်လည်း မရှိ . . .။ ထို့ကြောင့် သူသည် လူသူအတန်ငယ်ရှင်းသည့် နေရာကိုရွေးပြီး တစ်ကိုယ်တည်း ငူငူကြီးထိုင်နေလေ၏။

"အင်း . . . မိန်းမကတော့ ငါ့ကို ဒီအချိန်လောက်ဆိုရင် ဆေးယူပြီး ဘော်ဒီဈေးရွာက ထွက်လာလောက်ပြီလို့ ထင်နေမှာပဲ"

သူထိုင်နေသည့်နေရာမှာ နတ်ကွန်းနှင့် အတော်ကွာလှမ်းသည့် နေရာတွင်ရှိသော ကုက္ကိုလ်ပင်ကြီးအောက်တွင် ဖြစ်၏။ သူ





သည် ဆေးပေါ့လိပ်ကို မီးမပြတ်ဖွာရှိုက်ရင်း လှုပ်ရှားနေသည့်စိတ်ကို အတင်းထိန်းချုပ်နေရ၏။

"တောက် . . . ပေါက်ကောင်ကလည်း ကြာလိုက်တာကွာ၊ ဖွင့်စရာရှိ ဖွင့်လိုက်တာ မဟုတ်ဘူး"

နတ်ကွန်းရှိရာသို့ကြည့်ရင်း စိတ်မရှည်စွာ စကားဆိုလိုက်၏။ သွားရမည့်ခရီးက နီးလှသည်မဟုတ်။ ပေါက်ကောင်ဖွင့်၊ ဆုကြေးငွေထုတ်၊ အားချင်းသုတ်ခြေတင်ရမည့် ခရီး . . .။

ဟူး . . . ကိုယ့်တွက်ကိန်းနှင့်ကိုယ်တော့ ဟုတ်နေတာပဲ၊ ပေါက်ကောင်ဖွင့်တာနဲ့ ငွေထုတ်မယ်တဲ့ . . .။

"ဟေး . . ."

နတ်ကွန်းဆီမှ ထွက်ပေါ်လာသည့်အသံကြောင့် စိန်ဇိုးခန္ဓာကိုယ်က ဆတ်ကနဲ တောင့်မတ်သွား၏။ သူသည် ဆေးပေါ့လိပ်မီးကို တံတွေးဖြင့် ငြိမ်းသတ်လိုက်ပြီး လွတ်မပစ်ဘဲ အိတ်ကပ်ထဲသို့ ထည့်လိုက်၏။ ထို့နောက် မယ်တော်ကြီးနတ်ကွန်းရှိရာသို့ ခြေလှမ်းသွက်သွက်ဖြင့် ထွက်ခွာသွားလေ၏။

ပေါက်ကောင်ဖွင့်ပေတော့မည်။

ဒိုင်ချုပ်တရုတ်ကြီးချန်ခိုးပေါင်သည် ထုံးစံအတိုင်း ဝတ်စုံဖြူဖြင့် နတ်ကွန်းရှိရာသို့ ရောက်ရှိလာလေ၏။ သူသည် ရွှေနားကွပ်ထားသည့် တုတ်ကောက်ကို ဟန်ချက်ညီညီထောက်ရင်း ပေါက်ကောင်မဖွင့်မီ ပြုနေကျအစဉ်အလာအတိုင်း မယ်တော်ကြီးရုပ်တုရှေ့တွင်ရပ်ကာ ဦးခိုက်လိုက်၏။

ပြီးနောက် ပေါက်ကောက်ချိတ်ဆွဲထားသည့် အနီရောင်တိုင်လုံးကြီးဆီသို့ လျှောက်လှမ်းသွား၏။ ထိုစဉ် ကတ္တီပါဖြင့်အထက်တန်းကျကျ ပြုလုပ်ထားသည့် ခုံအမြင့်တစ်လုံးကို အစေခံကုလား



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးက မနိုင်မနင်းထမ်းလျက် ရောက်ရှိလာလေ၏။

အစေခံ၏အနီးတွင် တရုတ်ကြီး၏သားအကြီးက တည်ကြည်သော ဣန္ဒြေဖြင့် လိုက်ပါလာလေ၏။ ထိုမြင်ကွင်းကိုကြည့်ရင်း လူအများမှာ အထူးအဆန်းလို ဖြစ်နေကြ၏။ ဒိုင်ချုပ်ကြီးသည် တစ်ခါမှ ထိုသို့ပြုလုပ်ခြင်း မရှိခဲ့ . . .။ သားအကြီးက ဖခင်တရုတ်ကြီးလက်ကို ဖေးမတွဲယူကာ ခုံအမြင့်ထက်သို့ တင်ပေးလိုက်ပြီး ၎င်းခုံဘေးမှာပင် လက်နောက်ပစ်လျက် ရပ်နေလေ၏။

တရုတ်ကြီးသည် ခုံပေါ်တွင် မတ်မတ်ရပ်ရင်း ထိုးသားပရိသတ်ကြီးကို လက်ဝှေ့ရမ်းနှုတ်ဆက်လိုက်၏။

"ဟေး . . ."

လူအုပ်စုကြီးက ဘာရယ်မဟုတ်။ ထူးထူးခြားခြားပြုလုပ်နေသည့် တရုတ်ကြီးကို သဘောကျသွားသဖြင့် အော်ဟစ်လိုက်ခြင်းဖြစ်သည်။ စိန်အိုးကတော့ ထိုအထဲမပါဝင် . . .။ သူသည် စိတ်မရှည်နိုင်ဖြစ်ပြီး တောက်တစ်ခေါက်,ခေါက် ဖြစ်နေ၏။

"ဟာကွာ . . . ဒီတရုတ်က ပေါက်ကောင်ဖွင့်စရာရှိ ဖွင့်တာမဟုတ်ဘူး၊ အရစ်ရှည်နေရသေးတယ် . . . တောက်"

ဒိုင်ချုပ်တရုတ်ကြီးသည် ပရိသတ်ကြီးအား စူးစူးစိုက်စိုက်ကြည့်ရင်း လွန်စွာပြုံးရွှင်သော မျက်နှာအမူအရာဖြင့် . . .

"အဟမ်း . . . အဟမ်း . . . ရွာသူရွာသားများ ခင်ဗျား ဒီနေ့ဟာ ကျုပ်ရဲ့အသက် (၇၀) ပြည့်မွေးနေ့ဖြစ်ပါတယ်၊ ခင်ဗျားတို့နဲ့ အခုလို တရင်းတနှီးတွေ့ဆုံရလို့ ကျုပ်အလွန်ပဲ ဝမ်းမြောက်မိပါတယ်၊ ဒါကြောင့် ကျုပ်ရဲ့အသက် (၇၀) ပြည့်မွေးနေ့မှာ အမှတ်တရစကားလေး ပြောချင်ပါတယ်၊ ပြောခွင့်ပြုပါလို့ ကျုပ်တောင်းဆိုပါတယ်"





"ပြောပါ . . . ပြောပါ"

"ပြောတော့ပြောဗျို့ . . . တိုတိုတုတ်တုတ်ပြော၊ ပေါက်ကောင်ကြည့်ချင်နေပြီ"

လူအုပ်ကြီး၏အသံနှင့်မတူ ကွဲပြားစွာ ထွက်ပေါ်သွားသည့်အသံမှာ စိန်အိုး၏အသံဖြစ်၏။ ဒိုင်ချုပ်တရုတ်ကြီးလည်း သတိပြုမိသွားပြီး ပျာပျာသလဲ အမူအရာဖြင့် . . .

"ဟာ . . . စိတ်ချပါ . . . စိတ်ချပါ၊ ကျုပ် တိုတိုတုတ်တုတ်ပဲ ပြောပါ့မယ်"

ဟု လက်ကိုဝှေ့ရမ်းကာ ပြောလိုက်ပြီး . . .

"မနက်က ကျုပ်ရဲ့မွေးနေ့အလှူမှာ စားသောက်ဖွယ်တွေနဲ့ ကျုပ်အလှူပြယ်လှူခဲ့တယ်၊ လာရောက်စားသောက်သူ ပရိသတ်ကြီးတိုကြည့်ရင်း ကျုပ်အတိုင်းမသိ ကြည်နူးဝမ်းမြောက်ရတယ်၊ တကယ်တော့ ကျုပ်အခုလို မယ်တော်ကြီးခိုးမြင့်ပွဲကျင်းပနိုင်ဖို့ အခက်အခဲတွေ အများကြီးကြားထဲက ကြိုးစားခဲ့ရတာပါ၊ အင်္ဂလိပ်အစိုးရကိုလည်း အခွန်တော်တွေ အများကြီးပေးဆောင်ခဲ့ရတယ်၊ ခင်ဗျားတို့အတွက် ပျော်ရွှင်စရာလည်းဖြစ်စေ၊ ကံကြမ္မာကိုလည်း စမ်းသပ်ရာရောက်စေ၊ ကံကောင်းသူတွေအတွက်လည်း ဘဝအဆင့်အတန်းမြင့်မားစေ ဆိုတဲ့စေတနာနဲ့ အကောင်အထည်ဖော်ခဲ့တာပါ၊ အနည်းအများသာ ကွာပေမယ့် အပတ်တိုင်းတော့ ပေါက်ကောင်တိုးတဲ့သူတွေ ရှိပါတယ်"

"တောက် . . . တော်တော်လေကြောရှည်တဲ့ တရုတ်"

စိန်အိုးက ထိုသို့ပြောဆိုလိုက်သည်ကို ဘေးနားက လူတွေလည်း ကြားသွားပြီး စိန်အိုးကဲ့သို့ပင် မကျေမနပ်အသံများ ထွက်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ကွာ . . . ဒီမှာ အီးပါချင်တာတောင် မပါဘဲ ပေါက်ကောင်ကြည့်ချင်လို့ တောင့်ထားရတယ်၊ ဒီတရုတ် ဆက်ပြီး လေကြောရှည်နေရင်တော့ ဒုက္ခပဲ"

"ဟာ . . . ဘာခက်တာမှတ်လို့၊ မအောင့်နိုင်လည်း လွတ်ချလိုက်ပေါ့၊ ဒီတရုတ်လေကြောရှည်လို့ ဖြစ်တာဆိုပြီး သူ့ကိုသွားပြီး အီးကုန်းခိုင်းလိုက်"

"ဟုတ်တယ် . . . ဟုတ်တယ်"

"ဟား . . . ဟား . . . ဟား . . . ဟား"

ဒိုင်ချုပ်တရုတ်ကြီးလုပ်နေပုံကလည်း ထိုသူတို့ ပြောလည်း ပြောစရာပင်။ စကားတွေက ဦးတည်ရာမရှိဘဲ ဟိုရောက်၊ သည်ရောက် ဖြစ်နေပြီး အတော်နှင့် စကားအဆုံးမသတ်နိုင်ဖြစ်နေ၏။ အကြောင်းအရာတွေကလည်း အများသိပြီးသားတွေချည်း။

ဒီကြားထဲ မယ်တော်ကြီးနတ်ကွန်းအကြောင်းကို တဖွဲ့တနွဲ့ ခင်းကျင်းနေလိုက်သေး၏။ ထိုးသားပရိသတ်ကြီးလည်း သိသိသာသာ လှုပ်ရှားလာကြ၏၊ ထိုအခြေအနေကို တရုတ်ကြီးလည်း ရိပ်မိသွားပုံရ၏။ သူ၏စကားကို တုံးတိတိပင် ရပ်တန့်လိုက်ပြီး . . .

"ကဲ . . . ကဲ . . . မိတ်ဆွေကြီးတို့ မျှော်လင့်စောင့်စားနေတဲ့ ပေါက်ကောင်ကို ဖွင့်ပါတော့မယ်"

ဟု ကြေညာလိုက်သည့်အခိုက်မှာပဲ . . .

"ဖလပ် . . . ဖလပ် . . . ဖလပ် . . ."

"ဟင် . . ."

"အို . . ."

လူအုပ်စုကြီး၏အကြည့်များက ရုတ်ချည်းထွက်ပေါ်လာသည့် ၄င်းအသံရှိရာသို့ ကြည့်လိုက်ရာ လွန်စွာအံ့သြသွားကြ၏။





ဘယ်ကဘယ်လို ထွက်လာမှန်းမသိသော ဒေါင်းကြီးတစ်ကောင် . . .။ ဒေါင်းကြီးသည် အိမ်လက်ရမ်းဆီသို့ ခုန်တက်လိုက်ပြီး အမြီးကို လှပစွာ ဖြန့်ကားလိုက်၏။

ကြည့်စမ်း . . .။ မြစိမ်းရောင်အသွေးဖြင့် လှပသည့်ဒေါင်းကြီး . . .။ အမြီးမှ အကွက်တွေက တင့်တယ်လှပါဘိ။

ဒေါင်းထိုးထားသူများ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားကြ၏။ ထိုးဖြစ်လိုက်သူများထဲမှ တဖျစ်တောက်တောက် ငြီးတွားသံထွက်ပေါ်သွားလေ၏။

"သေချာပြီကွ . . . သေချာပြီ၊ ဒေါင်းမှဒေါင်းပဲ"

ထိုအခိုက်မှာပဲ တရုတ်ကြီးက ပေါက်ကောင်ကတ္တီပါအိတ်ကို ဖြုတ်ယူလိုက်၏။ ထိုးသားတွေလည်း မီးကိုရေနှင့် ဖြန်းလိုက်သလို ဝပ်ဆင်းသွားလေပြီ။

တရုတ်ကြီးက ကတ္တီပါအိတ်ထဲသို့ လက်နှိုက်လိုက်၏။ ဖြည်းဖြည်းချင်း ပြန်ထုတ်၏။ လက်ဖဝါးပေါ် တင်လိုက်တဲ့အခါမှာတော့-

"မိချောင်း . . ."

"ဟာ . . ."

"ဘာတွေလဲကွာ၊ သောက်တလွဲအကောင်ကြီး"

"တောက် . . . ရှိုင်းလိုက်တာကွာ"

အာမေဋိတ်သံများ၊ အံ့သြသံများ၊ မချင့်မရဲအသံများ၊ ကျေမနပ်အသံများ . . .။

စိန်အိုးသည် ထိုသူများလို အသံပင် မထွက်နိုင်တော့ပေ။ ဦးခေါင်းက ဆံပင်တွေ မိုးပေါ်ထောင်တက်သွားပြီလား မဆိုနိုင်။ မျက်လုံးတွေ ပြာဝေကာ နှလုံးသွေးပင် ရပ်သွားတော့မလို . . .။

"သေပြီဆရာ . . . ဒီတစ်ခါတော့ တကယ့်ကို သေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိသမျှလေး အကုန်ကုန်ပြီ"

မက်လိုက်တဲ့ အိပ်မက် . . .။ ဒေါင်းတွေ၊ မျောက်

ယုန်တွေ . . .။ ဒီအကောင်တွေ ဘယ်သွားသေနေကြလဲ။ အလ
အိပ်မက်တွေ . . .။ သည်ကြားထဲ ဟိုသောက်အရူးက တစ်
မြှောက်ထိုးပင့်ကော် လုပ်လိုက်သေးတယ်။ မယ်တော်ကြီးက
ကောက်နေတယ် ဆိုလိုက်သေး . . .။

ကိုယ့်လမ်းကိုယ်သွားနေလျက်သားနဲ့ ဒင်းကြောင့် အ
ဖြစ်ရတာ . . .။ အရူးမင်းပုညှ မင်းကိုတွေ့လို့ကတော့ကွာ။

သူသည် မည်မျှကြာအောင် ရပ်နေမိသည်မသိ။ သူ့
လှမ်းခေါ်လိုက်သည့် တင်မြင့်ဦးအသံကြားမှ အနီးဝန်းကျင်ကို
ပြုမိသွား၏။ လူအုပ်ကြီးမှာ မရှိသလောက် ကျဲပါးသွားပြီး သူ
လျှင် ငူငူကြီးရပ်နေလျက် ကျန်ရှိနေခဲ့၏။

"ဟေ့ . . . စိန်အိုး၊ မင်းဘာလုပ်နေတာလဲ၊ ဘော်ဒီ
က ဆေးဆရာဆီမှာ ဆေးသွားယူတယ်ဆို"

"ဟာ . . . အဲ . . . အဲ . . . ဟို . . . ဟို . . . ဟုတ်
ဟုတ် . . ."

"ဟာ . . . ဒီကောင်တော့ တယ်ခက်တာပဲ၊ ဒီလော
သေရေးရှင်ရေးအချိန်မျိုးမှာ မင်းက ဒီဝိုင်းမှာလာခွေရတယ်
စိန်အိုးရာ၊ ဟိုမှာ မင်းသမီး အပူရှိန်တွေများပြီး သံတိလစ်,လစ်သွ
လို့ ဘေးအိမ်က လူတွေပါ မနေသာဘဲ ပြုစုနေတယ်"

"ဟင် . . . ဒါ . . . ဒါဆို . . ."

"ဟေ့ကောင် စိန်အိုး . . . ဒါက ဘယ်လဲ"

"အိမ် . . . အိမ်ကိုလေ"

"ဟာ . . . မင်းသွားရမှာ အိမ်ကို မဟုတ်ဘူးကွ၊ ဘော်





ဈေးက ဆေးဆရာဆီကို မြန်မြန်သွားပြီး ဆေးသွားယူရမှာ"

"အာ . . . ဟုတ်တယ် . . . ဟုတ်တယ်၊ ကျုပ် . . . ကျုပ် အဲဒီကို သွားရမှာ"

စိန်အိုးသည် အချိန်အနည်းငယ်အတွင်း ထိုနေရာနှင့် လွန်စွာအလှမ်းကွာဝေးသည့် နေရာသို့ ရောက်ရှိသွားလေ၏။ ခြေလှမ်းတွေက မပြေးရုံတမယ် . . .။ တစ်ကိုယ်လုံး ချွေးများရွှဲနစ်နေပြီး ရင်တစ်ခုလုံး ဗလောင်ဆူဝေလို့နေ၏။ လယ်ကွက်တွေကို ဖြတ်ကျော်ရာမှာတော့ ခရီးတွင်အောင် အလျင်အမြန်ပြေး၏။

ညနေက စောင်းပြီ။ ဆေးဆရာကြီးနေထိုင်သည့် ရွာသို့ ရောက်ဖို့ ရွာလေးရွာကို ဖြတ်ကျော်ရမည်ဖြစ်၏။

ခရီးက နီးသည်မဟုတ် . . .။ ခပ်သွက်သွက် လျှောက်လျှင်တောင် အနည်းဆုံး နှစ်နာရီခန့် အချိန်ယူရ၏။ သည်ကြားထဲ ဖိနပ်စုတ်က ပြတ်သွားသေးသည်။ သံယောဇဉ်ထားမနေတော့ . . .။ လွှင့်ပစ်လိုက်၏။

"ငါသွားတာတော့ ဟုတ်ပါပြီ၊ ဟိုရောက်ရင် ဆရာကြီးကို ဘယ်လိုပြောရမလဲ"

ထိုသို့ တွေးလိုက်မိသည်နှင့် ထိုင်ငိုချင်လောက်အောင် ဖြစ်သွား၏။ သူမတွေးတော့ . . .။ ဖြစ်ချင်တာဖြစ် ဆရာကြီးကို အမှန်အတိုင်းဝန်ခံပြီး ခြေသလုံးဖက်တောင်းပန်မည်။ ရှစ်ခိုးအသနားခံမည်။

ဆေးဆရာကြီးနေထိုင်သည့် ဘော်ဒီဈေးရွာသို့ ရောက်သည်နှင့် မိုးက စုန်းစုန်းချုပ်သွားပြီဖြစ်၏။ ဆေးဆရာအိမ်ရောက်သည်နှင့် စိန်အိုးသည် အမောဆို့မတတ် ဟပ်ထိုးလိုက်လေ၏။ ထိုအဖြစ်ကိုကြည့်ရင်း ဆေးဆရာလည်း တအံ့တဩဖြစ်သွားပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ကိုစိန်ဒိုး၊ ဒီလောက် အမောတကြီးနဲ့ ဘယ်လို များဖြစ်လာရတာတုန်း"

"ကျွန် . . . ကျွန်တော် . . ."

စိန်ဒိုးသည် တော်တော်နှင့် စကားမပြောနိုင်ဖြစ်နေရာ ဆေးဆရာကြီးက ရေတစ်ခွက်တိုက်လိုက်တော့မှ အနည်းငယ်နေသာထိုင်သာ ဖြစ်သွားလေ၏။ ထိုအခါမှ စိန်ဒိုးသည် ဦးခေါင်းငိုက်စိုက်ဖြင့် အကြောင်းစုံရှင်းပြလေတော့၏။

"ခွင့် . . . ခွင့်လွှတ်ပါ ဆရာကြီးရယ်"

ဟု ငိုသံကြီးနှင့် အစပျိုးလိုက်ပြီး ချက်ချင်းပင် ကြမ်းပြင်ပေါ် ဆင်းထိုင်ကာ လက်အုပ်ချီလျက် . . .

"ကျွန် . . . ကျွန်တော့်ကို သနားပါဆရာကြီးရယ်၊ ကျွန်တော့်သမီးလေးရဲ့အသက်ကို ကယ်ပါဦးဗျာ၊ ကျွန် . . . ကျွန်တော့်ရဲ့ မိုက်မဲမှုတွေကြောင့် . . . အဟီး . . . ဟီး . . ."

စိန်ဒိုးသည် ရင်၌ဆို့နင့်လာသည့် ကြေကွဲဝမ်းနည်းမှုတွေကြောင့် ချုံးပွဲချငိုလိုက်လေ၏။ ဆေးဆရာကြီးက စိန်ဒိုးလက်မောင်းကို ဆုပ်ကိုင်ကာ ဖေးမတွဲယူလိုက်ပြီး ကုလားထိုင်တွင် ထိုင်စေလိုက်၏။

"ကဲ . . . ကိုစိန်ဒိုး၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ဖြစ်အောင် ခဏနေလိုက်ဦး၊ ရော့ . . . ရေတစ်ခွက်ထပ်သောက်လိုက်၊ ပြီးမှ ဆက်ပြော . . . ဟုတ်လား"

စိန်ဒိုးလည်း ဆရာကြီးပြောသလို လုပ်လိုက်တော့မှ သူ့ကိုယ်သူ အတော်ထိန်းချုပ်နိုင်သွား၏။ သူသည် ကြာကြာအမောမဖြေအား . . .။ ဆရာကြီးကို အသနားခံသည့်မျက်ဝန်းဖြင့် ကြည့်လိုက်ပြီး ဖြစ်ကြောင်းကုန်စင်ပြောလေတော့၏။





စိန်ဒိုးစကားအဆုံးသတ်သွားသည်နှင့် ဆေးဆရာကြီးသည် မသက်မသာ ပင့်သက်ရှိုက်လိုက်ပြီး အကြည့်ကို လွှဲလိုက်လေ၏။ ပြီးနောက် အသင့်ထည့်ထားသည့် ဆေးတံအိုးကို မီးညှိဖွာရှိုက်လေ၏။ နှစ်ဖွာ၊ သုံးဖွာခန့် အားပါးတရ ဖွာရှိုက်ပြီးတော့မှ . . .

"အင်း . . . ခင်ဗျားအဖြစ်က ဒေါသထွက်ရလည်း ခက်၊ သနားရမှာလည်း အခက်ဆိုသလို ဖြစ်နေပြီ၊ ဖြစ်ပြီးမှတော့ တယ်မိုက်ပါလားလို့ အပြစ်လည်း မတင်ချင်ဘူး"

"ဆ . . . ဆရာကြီးရယ်၊ ကျွန် . . . ကျွန်တော်ကတိပေးပါတယ်၊ ဒီဆေးဖိုးတွေကို ကျွန်တော်တစ်ပတ်အတွင်း မဖြစ်မနေလာဆပ်ပါ့မယ်၊ အနူးအညွတ်တောင်းပန်ပါတယ် ဆရာကြီးရယ်၊ သမီးလေးရဲ့အသက်ကို ကယ်ပါဗျာ"

ဟု ဗျာဗျာသလဲစကားဆိုလိုက်ရာ ဆရာကြီးက ဂရုဏာသက်သည့် မျက်ဝန်းဖြင့် ကြည့်လိုက်ပြီး . . .

"ကျုပ် . . . ခင်ဗျားကို အပြစ်ဆိုနေတာ မဟုတ်ဘူး၊ ကျုပ်စိတ်ထဲမကျေမနပ်ဖြစ်နေတာက ဒီမယ်တော်ကြီးနတ်ကွန်းကိုပဲ၊ ဒီလိုအဖြစ်မျိုးတွေက ခင်ဗျားတစ်ယောက်တည်း မဟုတ်ပါဘူး၊ ဒီဒေသက လူတွေအတော်များများကို စည်းစိမ်ပြုတ်၊ လမ်းဘေးရောက်အောင် လုပ်နေတာ၊ ဒီဘာမှန်းမသိတဲ့ မယ်တော်ကြီးပဲ၊ ခင်ဗျားအဖြစ်ကို ကျုပ်ကိုယ်ချင်းစာနိုင်ပါတယ်၊ ဘာလို့လဲဆိုတော့ ကျုပ်ကိုယ်တိုင်လည်း ခင်ဗျားလို အဖြစ်မျိုး ကြုံခဲ့ရလို့ပေါ့"

ဟုပြောပြီး ဆရာကြီးသည် ခပ်သွက်သွက်ပင် နေရာကထကာ အသင့်ထုတ်ပိုးပြီးသား ဆေးထုပ်ကို ပေးလိုက်လေ၏။ ဆေးကို မည်သို့မည်ပုံ တိုက်ရမည်ဟုလည်း ညွှန်ကြားလိုက်ပြီးနောက် . . .

"ကဲ . . . ကိုစိန်ဒိုး၊ အမြန်သာ ခရီးဆက်တော့၊ အချိန်



www.burmeseclassic.com

www.burmeseclassic.com



အတော်လင့်နေပြီ၊ ခင်ဗျားခရီးတွင်ဖို့ ဒီမီးတုတ်ကို ယူသွား၊ မနက်ဖြန် ကျုပ်လာကြည့်မယ်"

"ကျေး . . . ကျေးဇူးကြီးလှပါတယ် ဆရာကြီးရယ်"

စိန်အိုးသည် ဆရာကြီးကို ဦးချကန်တော့ပြီး အမြန်သုတ်ခြေတင်တော့၏။ ရွာအပြင်သို့ရောက်သည်နှင့် မီးတုတ်ကို ထွန်းညှိပြီး မြန်နိုင်သမျှမြန်မြန် လျှောက်လှမ်း၏။ ခရီးက ချောချောမွေ့မွေ့တော့ မဟုတ်။ မကြာခဏဆိုသလို ကျင်းတွေ၊ ချိုင့်တွေထဲ အကြိမ်ကြိမ်ပြုတ်ကျသဖြင့် ခြေထောက်က ပွန်းပွဲ့နေလေ၏။

သို့သော်လည်း သူသည် နာလို့နာရကောင်းမှန်းမသိ . . ။ သမီးအတွက် ဆေးထုပ်ကိုတော့ လက်ထဲမှာ ကျစ်ကျစ်ဆုပ်ထား၏။

ရွာသို့ပြန်ရောက်တော့ အချိန်က ည(၈)နာရီ ရှိနေပြီဖြစ်၏။ အမှောဆို့မတတ် ရှိနေသော်လည်း အနည်းငယ်မျှ ရပ်နားမနေတော့ . . . ။ ပန်းဝင်ခါနီး အပြေးသမားလို လက်ကျန်အင်အားဖြင့် အရှိန်မြှင့်ကာ ပြေးလိုက်၏။

"ဒုတ် . . ."

"အား . . . သေပါပြီဗျ"

သူ့ခန္ဓာကိုယ်က မြေပေါ်တွင် နှစ်ပတ်၊ သုံးပတ်ခန့် လှိမ့်သွား၏။ မီးအရှိန်လျှော့နေပြီဖြစ်သည့် မီးတိုင်လည်း ငြိမ်းသွားပြီး လက်ထဲက လွတ်ကျသွား၏။ ဆေးထုပ်ကတော့ လက်ထဲမှာ ရှိနေဆဲပင်။

စိန်အိုးသည် အတော်နှင့် မထနိုင်ဖြစ်လျက် စုတ်တသတ်သတ် ငြီးငြူနေလေ၏။ ညာခြေမမှာ သွေးများဖြန်းကနဲ ပန်းထွက်လာ၏။ ဒဏ်ရာက အတော်ကြီးသည်။

သူက အပြေး၊ တိုက်လိုက်မိသည်က ရွံ့ခဲမဟုတ်။ အတော်





တန်ကြီးမားသည့် ကျောက်ခဲကြီးတစ်လုံးဖြစ်သည်ကြောင့် သူ့ခြေမမှာ ဟတ်တက်ကွဲသွားခြင်း ဖြစ်သည်။ နာလိုက်သည်မှာ ဆိုဖွယ်ရာမရှိတော့ . . . ။

သူသည် အနာပေါ်သို့ ဖုန်မှုန့်များကို ဖိသိပ်လိုက်ပြီး ထော့ထော့နဲ့ခြေလှမ်းဖြင့် ပြေး၏။

သူ့ပုံစံက ခွေးများကို မျက်စေ့နောက်သွားစေသလား မဆိုနိုင်။ ဝိုင်းကာ ဟောင်ကြပြန်၏။ လမ်းပေါ်က ခဲလုံးဖြင့် ခွေးများကို ပစ်ပေါက်မောင်းထုတ်ပြီး အမြန်လျှောက်လှမ်းရာ မကြာခင်မှာ သူ့အိမ်ကို လှမ်းမြင်ရတော့၏။

"ဟင် . . . ဘယ်လိုဖြစ်တာပါလိမ့်"

ခြေထောက်က နာကျင်မှုကို လုံးလုံးမေ့သွားပြီး ခြေကုန်သုတ်တော့၏။ တစ်အိမ်လုံး မီးရောင်လင်းထိန်နေသလို လူတချို့လည်း တွေ့လိုက်ရ၍ ဖြစ်သည်။

ခြံအဝင်တံခါးကို ဖြတ်ကျော်လိုက်စဉ်မှာတော့ . . .

"ဟော . . . ဟို . . . ဟိုမှာ ကိုစိန်အိုးပြန်လာပြီ"

မီးဖိုအနီး၌ ရေနွေးအိုးတည်နေသည့် အိမ်နီးချင်းအမျိုးသမီးက လှမ်းပြောလိုက်စဉ်မှာပဲ တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည့် အသံကြီးက ကြောက်မက်ဖွယ် ထွက်ပေါ်လာလေ၏။

"အမလေး . . . ခွေးထက်မိုက်တဲ့လူကြီး၊ ခွေး . . . ခွေးကြီး . . . ဟီး . . . ဟီး . . ."

ကြွေကြွေကွဲကွဲ၊ ဆို့ဆို့နစ်နစ် အော်ဟစ်လိုက်သည့်အသံ။ စိန်အိုးအဖို့ ဦးခေါင်းတစ်ခုလုံး တစ်စစီပေါက်ကွဲသွားပြီလား မဆိုနိုင် . . . ။ သူ့မိန်းမက ထိုအသံနှင့် အားမရ . . . ။ တဲအတွင်းမှ ဝုန်းကနဲ ခုန်ဆင်းကာ သူ့ဆီပြေးလာပြီး တဘုန်းဘုန်းထုတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဟာ ဘယ်လိုဖခင်မျိုးလဲ၊ ရှင့်ခေါင်းထဲမှာ အသိဉာဏ်မှ ရှိသေးရဲ့လား၊ ခေါင်းထဲမှာ ဦးနှောက်မရှိဘဲ ချေးပဲရှိတဲ့လူကြီး . . . အီး . . . ဟီး . . . ဟီး . . ."

စိန်အိုးသည် မိန်းမထုရိုက်သမျှကို တောင့်ခံရင်းရှိနေရာက တဲအတွင်းသို့ ကြည့်မိစဉ်မှာတော့ . . .

"ဟင် . . . သ . . . သမီး . . . သမီးမိကြီးကြာ"

မျက်လုံးတွေက ကျွတ်ထွက်ရတော့မတတ် ပြူးကျယ်သွားပြီး ဆေးထုပ်က လက်ထဲမှ လွတ်ကျသွားလေ၏။

"သမီး . . ."

သူသည် အသံကုန်ဟစ်လိုက်ပြီး သမီးဆီသို့ ပြေးသွားလိုက်၏။ အသက်ကင်းမဲ့နေသည့် သမီးရုပ်အလောင်းကို ပွေ့ယူဖက်တွယ်ရင်းက . . .

"သမီး . . . ငါ့သမီးသေတာ မဟုတ်ဘူး၊ သမီးမသေရဘူး လုံးဝမသေရဘူး"

ဟုပြောရင်းကပင် စိန်အိုးအသံက တုန်ရီအက်ကွဲစွာ တိုးတိတ်သွား၏။ ပိုးပိုးပေါက်ပေါက်ကျလာသည့် မျက်ရည်များက သူ့သမီး၏အင်္ကျီစပေါ် ကျရောက်သွားသဖြင့် ရွှဲရွှဲစိုသွားလေ၏။ မျက်ရည်များကို အစွမ်းကုန်သွန်ချလိုက်၍ထင်၏။ မျက်လုံးတွေက ရဲရဲနီနေတော့၏။

"ဟုတ်တယ် . . . သမီးသေရတာ ငါ့ကြောင့်၊ ငါအသုံးမကျလို့ အခုလိုဖြစ်ရတာ၊ အဖေ့အပြစ်တွေပါ သမီးရယ်၊ အဖေ့အပြစ်တွေပါ"

သူသည် ကိုယ့်ကိုယ်ကို ထိန်းချုပ်နိုင်စွမ်းမရှိလောက်အောင် လွတ်ထွက်သွား၏။ သမီးအလောင်းကို ချလိုက်ပြီး နေရာက ရုတ်





ချည်းထကာ တိုင်နှင့်ခေါင်း ပြေးဆောင့်လေ၏။

"ဒုန်း . . . ဒုန်း"

"ဟေ့လူ . . . အဲလို မလုပ်နဲ့လေဗျာ၊ ခင်ဗျား အဲဒီလို လုပ်နေလို့လည်း သေတဲ့သူက ပြန်ရှင်လာမှာမှ မဟုတ်ဘဲ၊ စိတ်ကို ထိန်းစမ်းပါဗျာ"

အိမ်နီးချင်းတွေက ဝင်ဆွဲပြီး ဖျောင်းဖျနှစ်သိမ့်ကြ၏။ ထိုအခါမှ စိန်အိုးလည်း ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး ရှိုက်ကြီးတငင်ငိုသံဖြင့် . . .

"ကျုပ် . . . ကျုပ်စိတ်သိခိုက်လွန်းလို့ဗျာ၊ ကျုပ် ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်လို့ အပြစ်ပေးတာပါ . . . ဟီး . . . ဟီး . . . ဟီး"

"တခြားနည်းနဲ့ အပြစ်ပေးစမ်းပါ စိန်အိုးရယ်၊ နင့်အပြစ်ပေးပုံက မသာတစ်လောင်းက နှစ်လောင်းဖြစ်မယ့်ကိန်းဆိုက်နေပြီ"

"ဟာဗျာ . . . မရွှေပုကလည်း စကားကို ထိန်းထိန်းသိမ်းသိမ်း ပြောစမ်းပါ၊ ဘာလဲ . . . တစ်လောင်းတွေ၊ နှစ်လောင်းတွေ"

"နို့ . . . ငါပြောတာ မဟုတ်လို့လား"

အရေးထဲ အရက်ရောင်းသည့် မရွှေပုနှင့် တင်မြင့်ဦးတို့ အပြန်အလှန် စကားများနေကြသေး၏။ မရွှေပုဆိုတာကလည်း အရက်ရောင်းတာသာ ကျွမ်းကျင်သည်။ စကားအပြောအဆို ပြေပြစ်သူမဟုတ်။ စိတ်မထင်လျှင် မထင်သလို ပြောတတ်သည့် စရိုက်မျိုးရှိ၏။

တင်မြင့်ဦးကပင် စိန်အိုးစိတ်ပြေဖို့ ဖျောင်းဖျပြောဆိုရတော့၏။

"ကဲ . . . စိန်အိုး၊ ကာယကံရှင် မင်းမပြောနဲ့၊ ငါတို့လည်း စိတ်မကောင်းဖြစ်ကြတာပါပဲ၊ ဘယ်တတ်နိုင်မလဲကွာ၊ လူဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကံရှိသလောက် နေကြရတာပဲ မဟုတ်လား၊ မိကြိုးကြာရဲ့ကံ တရားက ဒီလောက်ပဲ ပါလာတယ်လို့ မှတ်လိုက်ပါတော့ကွာ၊ နောက် ပိုင်းစီစဉ်ရမယ့် ကိစ္စတွေက ရှိသေးတယ် မဟုတ်လား"

အသုဘအိမ်လေးက စည်စည်ကားကားဖြစ်လာ၏။ သတင်း ကြားသည်နှင့် နိုင်နိုင်လည်း ရောက်ရှိလာပြီး လိုအပ်တာတွေကို လုပ်ကိုင်ပေးလေ၏။ မကြာပါ . . . မြခိုင်နှင့် မြင့်ထွန်းတို့ ရောက် လာကြပြန်၏။

ရွာမလေ့ဖြစ်သည်ကြောင့် ဝိုင်းကြ၊ ဝန်းကြ၊ လုပ်ကိုင်ကြ သဖြင့် အသုဘရှင်တွေအဖို့ သေဆုံးသူအတွက် စိတ်မအေးလက်အေး ဝမ်းနည်းပူဆွေးခွင့်ရနေတော့၏။

* * * *



## အခန်း (၁၁)

သမီးလေးကြိုးကြာ၏အလောင်းကို တဲဝိုင်း၏တောင်ဘက် အစွန်တွင် ထုတ်ထား၏။

နှစ်ရက်မြောက်နေ့တွင် ဖြစ်သည်။

စိန်အိုးသည် အသုဘကိစ္စများကို ဘာတစ်ခုမှ ဆောင်ရွက် နိုင်ခြင်းမရှိဘဲ အိပ်ယာပေါ်တွင် ပက်လက်ဖြစ်နေ၏။ ခြေထောက်မှ ဒဏ်ရာကြောင့် အနာဆိပ်တက်ပြီး အပြင်းအထန်ဖျားနေခြင်း ဖြစ် သည်။ အိပ်ယာက ထမရလောက်အောင် အဖျားက ပြင်းထန်လှ၏။

အဖျားအရှိန်ကြောင့် မက်လိုက်သည့် အိပ်မက်တွေက သည်း အထူးအဆန်းတွေချည်းပင်။ မက်လိုက်သည့် အိပ်မက်တွေက သည်း တစ်ခုမှ စိတ်ချမ်းသာစရာမရှိ။ အထိတ်တလန့် အိပ်မက် များချည်းသာ ဖြစ်၏။ ကြာတော့ . . . အိပ်ပျော်သွားမှာကိုပင် ကြောက်နေတော့၏။

အဖျားအရှိန်ကျအောင် သောက်ရသည့်ဆေးက သောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးသည်နှင့် မျက်ဝန်းတွေက ငိုက်လာ၏။ တောင့်ခံထားရင်းကပဲ မှေးကနဲ အိပ်ပျော်သွားပြန်၏။

ကြည့်ပါဦး . . . သူ ဘယ်ကဘယ်ပုံ အခန်းကျဉ်းကလေးထဲ ရောက်နေလဲမသိ။ ဟင် . . . အကောင်တွေ . . . အကောင်တွေ၊ လုပ်ပါဦး . . . အား . . . အမလေး သေပါပြီဗျ။ ကျုပ် . . . ကျုပ်ခန္ဓာကိုယ်မှာ အသွေးအသားဆိုလို့ ဘာမှမရှိတော့ဘူး။ အရိုးချည်းပဲ ကျန်တော့ပါလား။

အမေရေ . . . လုပ်ပါဦးဗျ . . . ဟီး . . . ဟီး . . . ဟီး။

*(၄င်းအိပ်မက်နှင့်ပတ်သက်ပြီး ကျွန်ုပ်၏ဇာတ်ကောင်စိန်အိုး မည်သို့ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ဖြစ်စဉ်ကို စာဖတ်ပရိသတ်များ ဦးဦးဖျားဖျား ဖတ်ရှုစေလိုသော စေတနာဖြင့် ဤဝတ္ထု၏ရှေ့အဖွင့်နိဒါန်းတွင် ဖော်ပြခဲ့ပြီးဖြစ်၏။*

*စာရေးသူ)*

ဘယ်ကဘယ်လို ရောက်လာမှန်းမသိသော တိရစ္ဆာန်မျိုးစုံက သူ့တစ်ကိုယ်လုံးကို အငမ်းမရကိုက်ဖဲ့စားသောက်ကြ၏။ ခန္ဓာကိုယ်မှာ အသားဟူ၍ တစ်တုံးတစ်ဖဲ့မျှ မကျန်ရှိတော့ . . .။

သူသည် နာကျင်လွန်း၍ အပြင်းအထန် အော်ဟစ်နေရ၏။ အရိုးငေါငေါဖြစ်နေသည့်တိုင် သေဆုံးသွားခြင်းမရှိသလို သတိလည်း လစ်မသွား . . .။ သူသည် အာခေါင်ခြစ်အော်ပြန်၏။

"ကိုစိန်အိုး . . . ကိုစိန်အိုး . . . ဟေ့ ကိုစိန်အိုး . . ."

ဘယ်ကဘယ်လို ထွက်လာမှန်းမသိသော အသံက ခပ်တိုးတိုး . . .။ ထိုအချိန်တွင် သူသည် အရိုးခန္ဓာကိုယ်ကြီးဖြစ်နေပြီ။ အသံက စောစောကထက် နည်းနည်းပိုကျယ်လာ၏။ ထိုအခါမှာတော့ သူလည်း ဝမ်းသာအားရဖြစ်သွားပြီး . . .





"ကျုပ် . . . ကျုပ်ဒီမှာဗျို့၊ ကယ် . . . ကယ်ကြပါဦး"

ဟု အားကုန်အော်ဟစ်လိုက်၏။ သို့သော် အသံသာကြားရပြီး မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရ . . .။ အသံက တဖြည်းဖြည်း ပြတ်သားလာ၏။

"ဟင် . . . ဒါ . . . ဒါ . . . ဟိုကောင် နိုင်နိုင် . . . နိုင်နိုင်အသံပဲ"

"ကိုစိန်အိုး . . . ကိုစိန်အိုး . . . ခင်ဗျားဘာတွေယောင်ပြီး အော်နေရတာလဲ"

ခန္ဓာကိုယ်ကို တွန်းထိုးလိုက်သည့် အတွေ့အထိကြောင့် စိန်အိုးလန့်နိုးသွား၏။ ကြောက်ရွံ့တုန်လှုပ်မှုကြောင့် တစ်ကိုယ်လုံး ချွေးစေများနှင့် ရွဲနစ်နေလေ၏။

"နာ . . . နာလွန်းလို့ပါကွာ"

"ခြေထောက်က တဆစ်ဆစ် ကိုက်နေတာမို့လား"

ထိုအခါမှ အိပ်မက်,မက်နေမှန်း သဘောပေါက်သွားပြီး ခေါင်းကိုညိတ်လိုက်၏။ ချွေးများ အလွန်အကျွံထွက်သွားသည်ကြောင့် အဖျားအရှိန်က သိသိသာသာ လျော့ကျသွားရာ ခန္ဓာကိုယ်က အတော်လေးနေသာထိုင်သာ ရှိသွား၏။ သူသည် နိုင်နိုင်အကူအညီနှင့် လဲနေရာက ထလိုက်ပြီး . . .

"ငါ့ကိုကွာ . . မယ်တော်ကြီးဖေါက်ကောင်တွေ ဝိုင်းကိုက်လိုက်ကြတာ၊ အသည်းခိုက်အောင် နာလိုက်တာ"

ဟု ရှုံ့မဲ့ပြောလိုက်ရာ နိုင်နိုင်က သဘောကျစွာ ရယ်လေ၏။

"ဟား . . . ဟား . . . ဟား . . . ဖြစ်မှဖြစ်ရလေဗျာ၊ ဒါကြောင့် ခင်ဗျားအော်ဟစ်နေတာကိုး၊ ခင်ဗျားက ပြန်မကျဘူးလား



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားမို့လို့ . . . ကျုပ်သာဆိုရင် မီးဖိုချက်ချင်းဖိုပြီး ဒီအကောင်တွေကို တစ်ကောင်ချင်း ချက်စားပစ်မှာ . . . ဟား . . . ဟား . . . ဟား . . ."

မည်သို့ဆိုစေ စိန်အိုးသည် အိပ်ယာမှ လန့်နိုးသွားသဖြင့် အတော်စိတ်ချမ်းသာသွား၏။ အချိန်မှာလည်း နေရောင်ပင် ကွယ်ပျောက်တော့မည်။ နိုင်နိုင်ရောက်လာသည့်အတွက် အားငယ်မှုများ ပြေပျောက်သွားသလို ခံစားလိုက်ရ၏။

နိုင်နိုင်က ပြီတီတီအပြုံးဖြင့် သူ့ကိုကြည့်ရင်း လွယ်အိတ်ထဲလက်နှိုက်လိုက်၏။ ပြန်ဆွဲထုတ်လိုက်သည်တွင် ပါလာသည်က လွန်စွာတန်ဖိုးကြီးမားသည့် အာမီရမ့်အရက်ပုလင်း . . .။ တော်ရုံလူ မသောက်နိုင် . . .။ သောက်ကောင်းသလို ပြင်းလည်းပြင်းသည်။

အင်္ဂလိပ်စစ်တပ်များတွင် ခွဲတမ်းဖြင့် တပ်သားများကို ထုတ်ပေးသည်ဟုတော့ စိန်အိုးကြားဖူးသည်။ နိုင်နိုင်သည် ၎င်းအရက်ပုလင်းကို တန်ဖိုးကြီးပေး၍ ဝယ်ခဲ့ရမှာ သေချာသည်။

"ဒီအရက်ရဖို့ ကျုပ် ဒီနေ့တစ်နေ့လုံး အသေအလဲကြိုးစားထားတာ၊ ခင်ဗျားကို တိုက်ချင်လို့ပေါ့ဗျာ၊ ခင်ဗျားဒုက္ခရာက ကိုက်တာခဲတာတွေ၊ ဖျားနေတာတွေကို ဒီကောင်နဲ့ တိုက်ထုတ်ပစ်ရမယ်"

မကြာပါ . . . သူတို့နှစ်ဦးသည် တဲအနောက်ဘက်ရှိ မန်ကျည်းပင်ကြီးအောက်သို့ ရောက်သွားကြ၏။ မန်ကျည်းပင်ကြီး၏ အောက်ခြေတွင် ကွပ်ပျစ်ရှည်တစ်ခုရှိ၏။ သူတို့နှစ်ဦးသည် အာမီရမ်ကို ခွက်လှည့်သောက်ရင်း ထွေရာလေးပါးစကားများကို ပြောကြလေ၏။

ကုလားဖျင်းတွင် အောက်လင်းဓါတ်မီးအိမ်များ ထွန်းထား





သည်ကြောင့် ထိန်ထိန်ငြီးနေ၏။ ဖဲဝိုင်းလေးဝိုင်းဖြင့် တစ်ညလုံး လှုပ်ရှားသည်မရှိ . . .။ မယ်တော်ကြီးပေါက်ကောင်ထံမှ သန္ဓေတည်ခဲ့သည့် လောင်းကစားဝါသနာကြောင့် ရွာသားတွေအကြိုက်တွေ့နေကြ၏။

"ငါ လူအတော်များများကို သတိထားကြည့်မိတယ်၊ ငါက အစပေါ့ကွာ၊ လက်ကြောတင်းအောင် အလုပ်သာ မလုပ်ချင်ရှိရမယ်၊ လောင်းဖို့ပြဖို့ဆိုရင် ငွေတွေက ဘယ်ကထွက်လာမှန်းကို မသိဘူး"

"ခင်ဗျားလိုပေါ့ဗျာ၊ အဲဒီအချိန်ကျရင် ဘယ်ကဘယ်လို ကြံဖန်ရမယ်ဆိုတာ ထွက်လာကြတာပဲ မဟုတ်လား"

"အေး . . . ဟုတ်ပါ့ . . . ဟုတ်ပါ့ . . . ဟား . . . ဟား"

ခွက်လှည့်သောက်ရင်း အရက်တစ်ပိုင်းခန့် လျော့ကျသွားစဉ်မှာတော့ သူတို့လည်း အတော်လေးအာသွက်လျှာသွက် ဖြစ်နေတော့၏။ စိန်အိုးသည် စကားပြောနေရင်းက တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် . . .

"ဒါနဲ့ မင်း ဒီနေ့ငါးရှာမထွက်ဘူးလား"

"အေးဆေးပေါ့ဗျာ၊ ခင်ဗျားသမီးအသုဘကိစ္စပြီးမှပဲ ထွက်တော့မယ်"

နိုင်နိုင်က ပေါ့ပေါ့ပါးပါး ပြောလိုက်သော်လည်း စိန်အိုးကတော့ အံ့သြသည့်မျက်ဝန်းဖြင့် ကြည့်လိုက်ပြီး . . .

"မဟုတ်သေးဘူးလေကွာ၊ မိသားစုသဘောမျိုး အခုလို ဝိုင်းဝန်းကူညီတာကိုတော့ ငါသိပ်ကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကိုယ့်မိသားစုအရေးကို ပစ်မထားစေချင်ဘူး"

နိုင်နိုင်က သဘောကျစွာ ဟက်ကနဲ တစ်ချက်ရယ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး . . .

"ခင်ဗျား အတော်လူကဲခတ်ညံ့သေးတာပဲ၊ ကျုပ်က သူများလို အပူတပြင်းရှာဖို့ မလိုဘူးဗျ၊ တစ်ရက်လောက်ရှာလိုက်ရင် တစ်ပတ်လောက် ဒူးနန့်ပြီး ထိုင်စားလို့ရတယ်"

"ကောင်းလှချည်လား နိုင်နိုင်ရာ၊ ငါ့ကိုလည်း ဂွင်လေး ဘာလေး ပြစမ်းပါဦး"

နိုင်နိုင်က ဘေးဘီဝဲယာကို တစ်ချက်ငဲ့စောင်းကြည့်လိုက်ပြီး . . .

"ဒီကိစ္စက ကျုပ်ကလွဲပြီး တစ်သက်လုံး လျှို့ဝှက်ထားရမယ့် ကိစ္စဗျ၊ ဒါပေမယ့် ကျုပ်အခင်မင်ဆုံးပုဂ္ဂိုလ်ဖြစ်တဲ့ ခင်ဗျားကိုတော့ ကျုပ်တွဲခေါ်ဖို့ စိတ်ကူးထားပါတယ်"

ညအမှောင်သိပ်သည်းလာသည်နှင့်အမျှ ဖဲဝိုင်းမှာ ပို၍ပင် စည်ကားလာလေ၏။ ဖဲဝိုင်းအနီးတွင် ထိုင်နေသည့် မရွှေပုသည် ဝင်ရောက်ဆင်နွှဲခြင်း မပြုသော်လည်း သူများဖဲအိမ်မှလိုက်၍ ထိုးရင်းဖြင့် ပါသမျှငွေမှာ ကုန်သွားလေပြီ။

သို့သော်လည်း သူမသည် ဖဲဝိုင်းက မထနိုင်သေး . . .။ ဖဲသမားတို့၏ထုံးစံအတိုင်း ဘေးထိုင်ဘိုင်ကျရင်း သူများဖဲကိုကြည့်ရင်း အာသာဖြေနေလေ၏။ ထိုသို့ဖြေနေရင်းက တစ်နေကုန်အရက်ရောင်းရသဖြင့် ပင်ပန်းနေသည်ကြောင့် မျက်ဝန်းဇတွက မှေးစင်းလာလေ၏။

"ဝါး . . ."

ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ သန်းဝေလိုက်သည့်အသံဖြစ်သည်။ ထိုအခါမှာတော့ အနီးဆုံးတွင် ရှိနေသည့် တင်မြင့်ဦးလည်း မရွှေပုကို ဘုကြည့်ကြည့်လိုက်၏။





"ခင်ဗျားအိပ်ချင်ရင် အိမ်ပြန်အိပ်ဗျာ၊ အနားလာပြီး တဝါးဝါးသန်းမနေနဲ့၊ ခင်ဗျား အဲဒီလိုလုပ်နေလို့ ကျုပ်တစ်လှည့်မှ မဒေါင်းဘူးဖြစ်နေတယ်"

"အမလေး တင်မြင့်ဦးရယ်၊ ဖြစ်မှဖြစ်ရတယ်လို့၊ ငါအိပ်ချင်တာနဲ့ပဲ နင့်ဖဲက ရှုံးရတယ်ရှိသေး၊ ဖဲဆိုတာ ရှုံးချင်ရင် ရှုံးမယ်၊ နိုင်ချင်ရင် နိုင်မယ်၊ ဒီနှစ်လမ်းပဲ ရှိတယ်"

"ဒါ ခင်ဗျားပြောမှလား၊ နိုင်ဖို့ဆိုတာ လာဘ်ကောင်းဖို့လိုတယ်ဗျ၊ ခင်ဗျားက ကျုပ်လာဘ်ပိတ်အောင် လာလုပ်နေတာကိုး"

"ကြီးကျယ်လိုက်တာတော်၊ ဘယ်တုန်းကမှ လာဘ်မပွင့်တဲ့ သူကများ၊ ရှုံးပါစေတော် . . . လက်ထဲမှာ တစ်ပြားမှ မကျန်တဲ့အထိ ရှုံးပါစေ"

မရွှေပုက မဲ့ကာရွဲ့ကာပြောပြီး ထိုင်ရာက ထလိုက်၏။ ထိုအခိုက်မှာပဲ သူမသည် မန်ကျည်းပင်ကြီးအောက်တွင် နှစ်ယောက်တည်းဝိုင်းဖွဲ့နေသည့် စိန်အိုးတို့ကို တွေ့မြင်သွားပြီး ထိုနေရာသို့ လျှောက်လှမ်းသွားလေ၏။ သူမသည် လူကလည်း အငြိမ်မနေသလို ပါးစပ်ကိုလည်း အနားပေးတတ်သူမဟုတ်။

စိန်အိုးတို့အနီးရောက်သည်နှင့် သူမပြောဖို့ ခေါင်းစဉ်ကို တွေ့သွား၏။

"တော်တို့က ကျုပ်အရက်တော့ မသောက်ဘဲ၊ ဘယ်က အရက်တွေ ဝယ်သောက်နေကြတာလဲ"

နိုင်နိုင်က သူမကို ပြုံးဖြီးဖြီးမျက်နှာနှင့် မော့ကြည့်လိုက်ပြီး . . .

"ခင်ဗျားအရက်က တစ်လုံးသောက်လည်း မမူး၊ နှစ်လုံးသောက်လည်း မမူး၊ ရှုံးရှုံးပေါက်လိုက်ရင် ကုန်ရော၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးတည်းနဲ့ ထိရောက်တဲ့အရက်ကို သောက်နေတာပေါ့ဗျာ"

"လာပြန်ပြီ ကိုကြီးကျယ်တစ်ယောက်၊ ငါ တုတ်လိုက်ရရင် ဟုတ်ပေ့ဖြစ်တော့မယ်"

သူမစကားကြောင့် စိန်အိုးတို့လည်း ဘာရယ်မဟုတ် ရယ်လိုက်ကြ၏။ စိန်အိုးက လာရောက်ဝိုင်းဝန်းကူညီတဲ့အတွက် ကျေးဇူးတင်သည့်မျက်ဝန်းဖြင့် ကြည့်လိုက်ပြီး . . .

"မရွှေပု ပြန်တော့မလို့လား"

"ပြန်တော့မယ်လေ . . . လုပ်စရာရှိတာတွေလည်း လုပ်ပေးပြီးပြီဆိုတော့ ပြန်လိုက်တော့မယ်၊ မနက်မှပဲ စောစောလာခဲ့မယ်"

"ဟုတ် . . . ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် မရွှေပုရယ်"

မရွှေပုသည် နေရာက လှည့်ထွက်ပြီး အတော်လှမ်းလှမ်းရောက်မှ နိုင်နိုင်ရှိရာသို့ လှမ်းကြည့်လိုက်ပြီး အသံစွာစွာဖြင့် . . .

"ဟဲ့ . . . နိုင်နိုင်၊ ငါသတိရလို့ မေးပါဦးမယ်၊ နင်ညနေတိုင်း ငါ့ဆီက အရက်တွေ ဝယ်သွားတာ မနည်းဘူး၊ နင်တစ်ယောက်တည်း သောက်ဖို့တော့ မဟုတ်လောက်ဘူး၊ နင် ဘယ်သူတွေကို သွားပြန်ရောင်းနေလဲ"

ဘယ်လိုမှ မထင်မှတ်သည့် စကား . . .။ နိုင်နိုင်အဖြေရကြပ်သွားသည်။ အတော်အလိုက်ကန်းဆိုးမသိတဲ့ မိန်းမကြီး . . .၊ သူမအသံစွာစွာကြောင့် တချို့လူများပင် သတိထားမိသွား၏။ သူ အမူအရာပျက်နေလို့ မဖြစ် . . .။

"အဟဲ . . . ဒီလိုပေါ့ဗျာ၊ ကျုပ်က အပေါင်းအသင်းများတယ်လေ၊ ကိုယ်က ကြွေးရမွေးရမှ ကျေနပ်တဲ့သူဆိုတော့ သူတို့တွေကိုပြုစုဖို့ ဝယ်သွားတာပေါ့"





"ကောင်းတယ် . . . ကောင်းတယ်၊ နင်များများဝယ်လေ ငါရောင်းရလေပဲ၊ နောက်ဆို အဲသလို မှန်မှန်သာဝယ်"

ဟုပြောပြီးသည်နှင့် မရွှေပုသည် တဲဝိုင်းအပြင်ဘက်သို့ ထွက်ခွာသွားတော့၏။ ထိုအခါ သူတို့နှစ်ယောက်လည်း စကားဘက်ဆုံကျရင်း လက်ကျန်အရက်ကို ခွက်လှည့်သောက်ကြလေ၏။ ကြောပါ . . . တကယ့်ကို ခဏလေး . . .။

စိန်အိုးတို့ခြံဝိုင်းအတွင်း ကမ္ဘာပျက်သလို ပွက်ပွက်ညံသွားတော့၏။ ခြံဝိုင်းအပြင်ဘက်မှ အူယားဖားယားအော်လျက် ပြေးဝင်လာသည့် မရွှေပုကြောင့် ဖြစ်သည်။ သူမဖြစ်နေပုံက နေရာမှာပင် အသက်ထွက်သွားမလားမဆိုနိုင်။ ဝဖိုင့်ဖိုင့် ခန္ဓာကိုယ်ကြီးကို အနိုင်နိုင်သယ်ရင်း လျင်မြန်သော အဟုန်ဖြင့် ပြေးဝင်လာခြင်းဖြစ်သည်။

"အမလေး . . . လုပ် . . လုပ်ကြပါဦး . . . ကယ်ကြပါဦး"

အရှိန်ဖြင့် ပြေးဝင်လာရင်းက ကုလားဖျင်းအောက်သို့ရောက်မှာပဲ ဘိုင်းကနဲ လဲကျသွားတော့၏။ ဖဲဝိုင်းလည်း ပျက်သွားလေပြီ။ အားလုံးမှာလည်း ရုတ်ရုတ်သဲသဲနှင့် သူမအနီး ဝိုင်းအုံရောက်ရှိလာကြ၏။

"ဘာဖြစ်တာလဲ မရွှေပု . . . ဘာဖြစ်လာလို့လဲ"

"ဟို . . . ဟို . . . အ . . . အခေါင်းကြီး . . ."

"အခေါင်းကြီး ဘာဖြစ်လို့လဲ"

"သူ . . . သူ . . . သူ . . ."

"ကဲ . . . ကဲ . . . ရေတိုက်လိုက်ကြ"

စိန်အိုးမိန်းမက ရေတစ်ခွက်ကို ကပျာကယာခပ်ပြီး တိုက်လိုက်၏။ မရွှေပုလည်း ရေကိုအငမ်းမရသောက်လိုက်ပြီး ခဏ



www.burmeseclassic.com

www.burmeseclassic.com



အမောဖြေပြီးမှ . . .

"ကျုပ် . . . ကျုပ် အပြင်ရောက်လို့ အခေါင်းကို တစ်ချ ကြည့်လိုက်တော့ အားပါးပါး အခေါင်းအဖုံးကြီးက ပွင့်နေပြီ၊ မိကြ ကြာ ငုတ်တုတ်ထိုင်နေတယ်လေ၊ အမလေး . . . ပြောရင်း ကြ သီးထလာပြီ . . . ဟီး . . . ဟီး . . ."

ထိုစကားကြောင့် သူတို့အားလုံး တစ်ယောက်မျက်နှာတ ယောက် ကြည့်လိုက်ကြ၏။

"မဟုတ်တာ မရွှေပုရာ"

တင်မြင့်ဦးက ပြောလိုက်ခြင်း ဖြစ်သည်။

"ကျုပ်က မဟုတ်ဘဲ ပြောပါ့မလား၊ ကျုပ်ကိုယ်တိုင် ဒီမျက် ကြီးနဲ့မြင်ခဲ့ရတာ"

ဟု မရွှေပုက အခိုင်အမာပြောလိုက်သဖြင့် အမျိုးသ များမှာ ကြောက်လန့်ပြီး ဇက်ကလေးများပုသွားကြ၏။ တင်မြင့် ဦးဆောင်သည့် အမျိုးသားများက မီးတုတ်များဖြင့် အလောင်း သွားရောက်ကြည့်ကြ၏။ အခေါင်းမှာ ပုံမှန်အတိုင်းပင်။ ပွင့်ခြ ပြခြင်း မရှိ။ ငုတ်တုတ်ထိုင်ဖို့ဆိုတာ ဝေလာဝေး . . .။

"မရွှေပုတို့ကတော့ လုပ်ချလိုက်ပြီကွာ၊ ငါတို့ကို သက်သ ဝိုင်းပျက်အောင် လာလုပ်တယ်"

"ဘာမှမဟုတ်ဘူးကွ၊ ဒီရက်ပိုင်း စီမံချက်ဆိုပြီး သူ့အရ ပုန်းဆိုင်ကို ပိတ်ခိုင်းထားလို့၊ ဒီမိန်းမ ကယောက်ချောက်ချာ သွားတာ"

"ဟုတ်မယ် . . . ဟုတ်မယ်၊ ဒါကြောင့် ဒီမိန်းမ ဟို လိုက်ရမ်း၊ ဒီလူ့လိုက်ရမ်း လုပ်နေတာ"

"တောက် . . . ဖဲက တက်နေတာကွ၊ ဒီမိန်းမကြောင့်





ပျက်သွားပြီ၊ နာလိုက်တာကွာ"

"ဒါဆိုလည်း သူ့ဆီက အလျော်ပြန်တောင်းကွာ"

"အလျော်တောင်းမယ် ဟုတ်လား . . . ဟား . . . ဟား . . ဟား . . အလျော်တော့ ရမှာမဟုတ်ဘူး၊ စောစောက အကြောက် လွန်ပြီး ရှုးရှုးတွေထွက်ကျသွားတဲ့ သူ့ထဘီပဲ မင်းကိုပေးလိုက်လိမ့် မယ်"

"ဟား . . . ဟား . . . ဟား . . . ဟား"

တစ်ယောက်တစ်ပေါက် ပြောရင်းက ခြံဝိုင်းထဲ သူတို့တွေ ပြန်ရောက်လာကြ၏။ ထိုအခါမှာလည်း သူတို့သည် မျက်စိသူငယ် နှင့် အူကြောင်ကြောင်ကြည့်နေသည့် မရွှေပုကို တစ်ယောက်တစ်မျိုး နှိုးနိုင်အောင် ပြစ်တင်ကြပြန်၏။

မရွှေပုကလည်း သူ့ထင်မြင်ချက်ကို အခိုင်အမာပြောပြီး ာကွယ်နေဆဲပင်။ မည်သို့ဆိုစေ . . . မရွှေပု၏အပြောကိုလည်း ယုံကြည်သူများရှိ၏။

"ပရလောကဆိုတာ ပြောလို့တော့ မရဘူးပေါ့ဟာ၊ ကြိုးကြာ ာ သူခင်မင်တဲ့သူကို ကိုယ်ထင်ပြတာမျိုး ဖြစ်ချင်ဖြစ်မှာပေါ့"

အမျိုးသမီးတစ်ဦးက မရွှေပု၏အဆိုကို ထောက်ခံပြောဆို လိုက်၏။ နောက်အမျိုးသမီးတစ်ဦးကလည်း . . .

"ဟုတ်တယ် . . . ဟုတ်တယ်၊ ဒါမျိုး ကျွန်မလည်း ကြား ဖူးတယ်"

ဟုပြောလိုက်ရာ မရွှေပုလည်း ထောက်ခံမဲများ ရသွား သည်ကြောင့် စိတ်အားတက်သွားပြီး . . .

"တော်တို့ မယုံရင်တော့ မတတ်နိုင်ဘူး၊ ကြိုးကြာက ကိုယ် ထင်ပြရုံတင်မကဘူး၊ ကျွန်မကိုတောင် လက်ယပ်ခေါ်နေသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ . . . ခင်ဗျားကလည်း ပြောလေဆိုးလေပဲ၊ လယ်
ယပ်ခေါ်နေလဲ တစ်ခါတည်းသွားပြီး ကြိုးကြာနဲ့ ဝင်အိပ်လိုက်တော့"

"ဟား . . . ဟား . . . ဟား . . ."

လူပုသလောက် စိတ်မရှည်တတ်သည့် တင်မြင့်ဦးစကားကြောင့် ရယ်သံများလျှံထွက်သွား၏။

"ကျုပ် ပြန်မယ်၊ တစ်ယောက်ယောက်လိုက်ပို့ပေး"

"ကိုယ့်ဘာသာကိုယ် ပြန် . . ."

"မပြန်ရဲလို့ပေါ့ဟယ် . . ."

"ကျုပ်တို့နှစ်ယောက် လိုက်ပို့မယ်၊ အရက်တိုက်မလား"

ဘေးထိုင်ဘိုင်ကျပြီး ထိုင်နေကြသည့် မြခိုင်နှင့် နေဝင်းတို့က ပြုံးစိစိအမူအရာဖြင့် အရေးဆိုလိုက်၏။

"ဟုတ်တယ် . . . ခင်ဗျား အဲဒါကိုတော့ လိုက်လျှော့သင့်တယ်၊ ကဲ . . . သွား . . . သွားတော့၊ ခင်ဗျားထဘီက သေးနံ့တွေနဲ့ ကျုပ်တို့ရှူရတာ အသက်ရှူကြပ်သေတော့မယ်"

"သေချင်းဆိုးတွေ . . . မသာကောင်တွေ"

ဟုပြောပြီး မရွှေပုသည် မြခိုင်နှင့် နေဝင်းတို့နှစ်ဦးကို ခြံရဲလျက် ခြံဝိုင်းထဲမှ ထွက်ခွာသွားတော့၏။

* * * *



## အခန်း (၁၂)

ရပ်ရွာအေးချမ်းသာယာရေးနှင့် တည်ငြိမ်မှုရှိဖို့ အဓိက အကျဆုံးအရာမှာ တရားဥပဒေစိုးမိုးရေး ဖြစ်သည်။ ထိုစကားမှာ ရွာသူကြီးဦးမှုန်ကြီး၏ လက်သုံးစကားဖြစ်၏။ သူသည် တစ်လလျှင် တစ်ကြိမ်ဆိုသလို ၎င်းစကားကို အာပေါင်အာရင်းသန်သန်ဖြင့် ပြောစမြဲဖြစ်၏။

ကြာတော့ ထိုစကားကို လူကြီးများမဆိုနှင့် ကလေးများပင် အလွတ်ရနေကြ၏။ တကယ်တော့ ၎င်းစကားမှာ သူ့ကိုယ်ပိုင်စကားမဟုတ်။ လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က မျက်နှာဖြူခရိုင်ဝန်တစ်ဦးက ရွာသူကြီးများကို ဆင့်ခေါ်ပြီး မှာတမ်းချွေရာတွင် ပြောခဲ့သည့် စကားဖြစ်၏။

မှုန်ကြီးသည် ထိုစကားကို လွန်စွာနှစ်သက်သွား၏။ ရွာသို့ ရောက်သည်နှင့် တစ်အိမ်တစ်ယောက်ဆင့်ခေါ်ပြီး သူသည် ၎င်းစကားကိုပင် ထပ်တလဲလဲ မိန့်ဆို၏။ ဥပဒေကို ဖောက်ဖျက်သူသည်



www.burmeseclassic.com

www.burmeseclassic.com



ရပ်ရွာအေးချမ်းသာယာရေးနှင့် တည်ငြိမ်မှုကို ပျက်ပြားအောင် လုပ်သူဖြစ်ကြောင်း၊ ထိုသူကို ဥပဒေအရ ထိရောက်စွာ အရေးယူ အပြစ်ပေးရမည်ဖြစ်ကြောင်း အမိန့်ထုတ်လေ၏။

မှုန်ကြီးသည် ပြောရဲ လုပ်ရဲသည့် ရွာသူကြီးဖြစ်၏။ ဆုံးဖြတ်လုပ်ကိုင်ရာမှာလည်း သမာသမတ်ကျ၏။ ထို့ကြောင့် သူနေထိုင်အုပ်ချုပ်သည့် ကျွန်ချောင်းရွာသာမက အခြားသောရွာများကပင် သူ့ကို တလေးတစား ဆက်ဆံကြ၏။

အရေးကြုံလျှင် အများရှေ့က ရပ်ပြီး မကြောက်မရွံ့ရင်ဆိုင်သူဖြစ်၏။ ထိုရက်ပိုင်းအတွင်း မှုန်ကြီးသည် တစ်စုံတစ်ရာအပေါ်တွင် အစာမကြေဖြစ်နေ၏။ အခြားကြောင့် မဟုတ် . . .။ ရွာတောင်ပိုင်းက နိုင်နိုင်ကြောင့်ဖြစ်၏။

မိမိမှာ တစ်ရွာလုံးကို အုပ်ချုပ်နေရသူဖြစ်၍ အားလုံးကို အမြင့်က ကြည့်နေသူလို ဘယ်သူဟာ ဘာဆိုတာကို သိနေပြီးသား။ ဘယ်လိုစရိုက်မျိုး ရှိနေတယ်ဆိုတာလည်း သိ၏။

နိုင်နိုင်၏အခြေအနေက လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေသဖြင့် မသိမသာ စောင့်ကြည့်နေသည်မှာ ကြာပြီ။ မကြည့်လို့ကလည်း မဖြစ် . . .။ ဒီလောက် လက်ကြောမတင်းတဲ့ကောင်က အချိန်တိုတိုအတွင်း ရွှေတွဲလွဲ၊ ငွေတွဲလွဲ အခြေအနေမျိုး ဖြစ်လာတာဆိုတော့ . . .။

သူသာလျှင် မဟုတ် . . .။ သူ့မိန်းမမိထော်ဆိုရင် ပိုဆိုးသေး . . .။ အရင်တုန်းကဆိုရင် ရွာထဲမှာ ဒီလိုမှ မဟုတ်ဘဲ။ အခုများတော့ ငါ့ရဲ့မိန်းမကိုတောင် ဟိုနေ့က မထေမဲ့မြင်လုပ်သွားသေးတယ်။ အပေါ်စီးက ပြောသွားတယ်။ သူကြီးမိန်းမလောက်တော့ အချဉ်ပဲ ဆိုတဲ့လေမျိုး . . .။





မှုန်ကြီးတင်းသွားသည်က သူ့မိန်းမ ထိုသို့ဆက်ဆံခံလိုက်ရ၍ ဖြစ်သည်။

နိုင်နိုင်အပေါ် သံသယဖြစ်နေသည့်အတွေးကို အားချင်းအကောင်အထည်ဖော်ဖို့ တွန်းအားပေးလိုက်သလို ဖြစ်သွား၏။ သို့သော်လည်း မှုန်ကြီးသည် လူတစ်ယောက်ကို သက်သေအထောက်အထား ခိုင်လုံမှုမရှိဘဲ ဘယ်တော့မှ အရေးယူအပြစ်ပေးသူမဟုတ်။ ပုဂ္ဂိုလ်ရေးနှင့် တရားဥပဒေကို ကောင်းစွာခွဲခြားဆောင်ရွက်သည့် ရွာသူကြီးဖြစ်သည်။

မှုန်ကြီးသည် ထိုရက်ပိုင်းအတွင်း အထောက်အထားခိုင်လုံဖို့ သတင်းအချက်အလက်များကို စုဆောင်း၏။ ရရှိသည့် အချက်အလက်များက သူ့သံသယဖြစ်လည်း ဖြစ်လောက်စရာပင် . . .။

နိုင်နိုင်သည် ထိုကာလအတွင်း ရလိုက်သည့်ငါးများမှာ အံ့သြစရာကောင်းလောက်၏။ ငါးတွေကလည်း တကယ့်နှစ်ချို့ငါးကြီးတွေ . . .။ သို့ဆိုလျှင် ၎င်းငါးများမှာ မြစ်၊ ချောင်းအတွင်း ဖမ်းဆီးရရှိသည့် ငါးများမဟုတ်နိုင် . . .။

ဒုတိယအချက်က နိုင်နိုင်သည် အခြားငါးရှာသူတွေလို နေ့ဘက်တွင် မထွက် . . .။ နေ့ဆိုလျှင် သေကောင်ပေါင်းလဲအိပ်နေပြီး ညလုံးပေါက်ငါးရှာထွက်၏။

၎င်းအချက်နှစ်ချက်ကို ပေါင်းစပ်တွေးယူလိုက်တော့ သူရရှိသည့် ငါးများမှာ မိမိအာဏာကုန်တားမြစ်ထားသည့် ဘေးမဲ့ကန်ကြီးက ငါးများဖြစ်ဖို့များ၏။ ဒီကောင့်လုပ်ရပ်ကလည်း မသက်ာဖြစ်ဖို့ အတွေးကို စေ့ဆော်နေသလို . . .။

ရလာသည့် ငါးများကို ဤအနီးအနားတွင် ရောင်းခြင်းမပြု . . .။ ရောင်းလျှင်လည်း အနည်းငယ်မျှသာ . . .။ ရွာနှင့်



www.burmeseclassic.com

www.burmeseclassic.com



အတော်ဝေးသည့် ဈေးများတွင် သွားရောက်ရောင်းချ၏။ ကိုယ်တိုင်ရောင်းခြင်းမဟုတ် ...။ တစ်ဆင့်ခံ ရောင်းခြင်းဖြစ်၏။

ခွေးမသား နိုင်နိုင် ...။ သက်သေအထောက်အထားနိုင်မာလို့ကတော့ကွာ ...။

ထိုနေ့ညဦးပိုင်းအချိန်တွင် သူကြီးဦးမှုန်ကြီးသည် လက်ပါးစေနှစ်ဦးကိုခေါ်ပြီး ဘယ်တုန်းကမှ တိုက်ကျွေးခြင်းမရှိခဲ့ဘူးသည့် ဧည့်ခံမှုမျိုးနှင့် ဧည့်ခံနေလေ၏။ ထိုသူနှစ်ဦးမှာ အရက်သောက်ရလျှင် ပြီးရော ...။ ဘာခိုင်းခိုင်း လုပ်မည်ဆိုသည့် နေခနှင့် ဆန်းဝင်းတို့ဖြစ်၏။

သူတို့နှစ်ဦးသည် သူကြီးက ထိုသို့အရေးတယူဧည့်ခံနေခြင်းကို တစ်ခါမှ မရခဲ့ဘူးသဖြင့် ကိုယ့်ကိုယ်ကို အကျေနပ်ကြီး ကျေနပ်နေကြ၏။ အရက်တစ်လုံးကုန်သွားပြီး နောက်တစ်လုံးဖွင့်သည့်အချိန်မှာတော့ သူကြီးဦးမှုန်ကြီးက သူ၏အကြံအစည်များကိုပြောပြီး တစ်ဆက်တည်းပင် သူတို့နှစ်ဦးကို တာဝန်ပေးလိုက်၏။

နေခနှင့် ဆန်းဝင်းလည်း ဗိုလ်ချုပ်ကြီးတစ်ဦး၏အမိန့်ကို နာခံရသည့် တပ်သားလေးများလို ...။

"ဟား ... စိတ်ချ ... သူကြီး၊ ဒီကိစ္စကို ကျွန်တော်တို့ အကောင်အထည်ဖော်ပေးမယ်၊ ကျွန်တော်တို့လည်း ဒီကောင့်ကို မသက်ာဖြစ်နေတာ ကြာပြီ၊ သူကြီးက အခုလို တာဝန်ပေးလိုက်တော့ ကျွန်တော်တို့အကြိုက်ဖြစ်သွားတာပေါ့ သူကြီးရယ်"

"အားရတယ်ကွာ၊ မင်းတို့နှစ်ယောက် ဒီကိစ္စကို ခိုင်ခိုင်မာမာ စုံစမ်းခဲ့၊ ဒီကိစ္စမှာ မင်းတို့နှစ်ယောက်က မျက်မြင်သက်သေတွေပဲ၊ ကိစ္စအောင်မြင်ခဲ့ရင် ဒီရွာမှာ မင်းတို့နှစ်ယောက်ကို ငါသူကြီးအမှတ်တံဆိပ်နဲ့ နာမည်ကောင်းချီးမြှင့်မယ်"





နေခနှင့် ဆန်းဝင်းလည်း လွန်စွာစိတ်အားတက်သွားပြီး အရက်ကို ခပ်မြန်မြန်ပင် ငှဲပြီး သောက်လိုက်ကြ၏။

ထိုညက သူတို့နှစ်ဦးသည် အရက်ကို စိတ်ကြိုက်သောက်ရင်း နိုင်နိုင်၏လှုပ်ရှားမှုများကို ချောင်းမြောင်းစောင့်ကြည့်နေကြ၏။ သူကြီးစိတ်ကျေနပ်အောင် စောစောထွက်လာခဲ့သော်လည်း အချိန်မှာ စောနေသေးသဖြင့် အရက်တစ်လုံးကို ခပ်ဖြည်းဖြည်းသောက်ရင်း ထွေရာလေးပါးစကားများကို ပြောနေကြ၏။

"မနေ့က စိန်အိုးသမီးလေး အသုဘချတော့ အလောင်းပြုတ်ကျသွားတာ မဖြစ်သင့်ဘူး"

"စိန်အိုးကလည်း စိန်အိုးပါပဲကွာ၊ သမီးအသုဘချတဲ့နေ့မှ သူကစပြီး မူးနေမှတော့ ကျန်တဲ့ကောင်တွေကို ဘယ်လိုသွားထိန်းမလဲ၊ မထိန်းတဲ့အပြင် သူကတောင် အရက်ကို အလျှံပယ်တိုက်လိုက်သေးတယ်"

"တင်မြင့်ဦးက အူရိုင်းကွ၊ အရက်ပြင်းကို တစ်ခွက်နှစ်ခွက်ထက်ပိုပြီး သောက်နိုင်တာ မဟုတ်ဘူး"

"အဲဒီလူ အဆိုးဆုံးပေါ့၊ ကိုယ့်ကိုယ်ကိုတောင် မဟန်နိုင်ဘဲ အလောင်းကိုများ သွားကစားရတယ်လို့၊ တော်သေးတာပေါ့ ... အလောင်းက အခေါင်းထဲက ထွက်လာပြီး သူ့အပေါ် ခွမစီးမိတာ ကံကောင်း ..."

"မင်းတော့ ဘယ်လိုရှိမယ် မသိဘူး၊ ငါတော့ အဲဒီအလောင်းပြုတ်ကျတာကို မြင်ယောင်မိရင်း ကြက်သီးထမိတယ်"

ဆန်းဝင်းစကားက နေခကို ငိုချင်လျက် လက်တို့ဆိုသလိုဖြစ်သွား၏။ တကယ်တော့ သူတို့သည် လူကိုမကြောက်သော်လည်း သရဲကိုတော့ ကြောက်ကြ၏။ နေခ မည်သည့်စကားမှ မဆို ...။



www.burmeseclassic.com

www.burmeseclassic.com



အရက်နှစ်ခွက်ခန့် ဆင့်ကာသောက်လိုက်၏။

ည (၉) နာရီခန့်ရောက်လာသည်တွင် သူတို့မျှော်လင့်စောင့်စားနေသည့် ဖာတ်ကောင်နိုင်နိုင်သည် ရှေ့တန်းစစ်မျက်နှာသို့ ထွက်ခွာမည့် စစ်သူကြီးလို ပြင်ဆင်မှုများလုပ်နေ၏။

"ရှင့်မိတ်ဆွေအတွက် ကျုပ်အရက်ကို အလျှံပယ်ထည့်ပေးလိုက်တယ်နော်၊ ဝါးဆစ်ပူးနဲ့ အပြည့်ပဲ"

"ငါ့အတွက်ရော . . ."

"ရှင့်အတွက်က ပုလင်းနဲ့ ထည့်ထားတယ်၊ ရေချိန်ပြည့်အောင်ပဲ သောက်နော်၊ ရှင့်မိတ်ဆွေနဲ့ ပြိုင်ပြီးတော့ သောက်မနေနဲ့ဦး၊ ဒီရက်ပိုင်းအတွင်း ကျွန်မဆွဲကြိုးကို ထပ်ကြီးဖို့ ပန်းထိမ်ကို ပြောထားပြီးသား"

ခြုံကွယ်၌ဝပ်ကာ နားစွင့်နေသည့် နေခနှင့် ဆန်းဝင်းလည်း ထိုစကားကို သဲကွဲစွာကြားလိုက်ရသဖြင့် လှုပ်လှုပ်ရွရွဖြစ်သွားကြ၏။ သူတို့နှစ်ဦးသည် အသာခေါင်းထောင်ကြည့်လိုက်ရာ ကျောပိုးအိတ်ကြီးလွယ်လျက် ဝါးဆစ်ပူးကို လက်ကဆွဲရင်း ထွက်သွားသည့် နိုင်နိုင်ကို တွေ့လိုက်၏။

သူတို့နှစ်ဦးသည် အထက်အောင်အနက်ရောင် အဝတ်များကို ဝတ်ဆင်ထားသဖြင့် အမှောင်နှင့် ဟသားတည်းဖြစ်နေ၏။ နိုင်နိုင့်ကိုကြည့်ရင်း စဉ်းစားမရအောင် ဖြစ်နေကြ၏။

နိုင်နိုင်ပွင် ငါးဖမ်းကိရိယာဟူ၍ တစ်စုံတစ်ရာ ပါမသွားခဲ့ . . .။ မည်သည့်လက်နက်မှလည်း မပါ။ သူတို့နှစ်ဦးသည် ခြေသံလုံလုံဖြင့် လိုက်ပါသွားရာ အတော်ကြာသည်တွင် ဘုရားလေးကုန်းကို ရောက်သွား၏။

"ဒီကုန်းက နာမည်ကြီးကွ"





"အေးကွာ . . . ဒီကောင် နိုင်နိုင် မကြောက်မလန့် သွားရဲတယ်"

သူတို့လည်း ကြောက်လန့်စိတ်ကို အတင်းမောင်းထုတ်ရင်း ဆက်ပြီး လိုက်ပါသွား၏။ မိနစ်နှစ်ဆယ်ခန့် အကြာမှာတော့ . . .

"ဟာ . . ."

"ဟင် . . ."

သူတို့နှစ်ဦး တအံ့တသြဖြစ်သွားပြီး မှောင်ထဲမှာပင် တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက်ကြ၏။ သူတို့တွေးထင်သည့်အတိုင်းဆိုရသော် လွန်စွာညဏ်အမြော်အမြင်ကြီးမားသည့် သူကြီးဦးမှန်ကြီးအတွေးက လုံးဝမှန်ကန်သွားလေပြီ။

နိုင်နိုင်သည် ဘေးမဲ့ငါးကန်ကြီး၏ တာပေါင်အပေါ်သို့ သွက်လက်သော ခြေလှမ်းဖြင့် လှမ်းတက်သွားသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

"တွေ့ကြပြီပေါ့ကွာ . . ."

နေခက စိတ်အားတက်ကြွစွာဖြင့် ကြိမ်းမောင်းလိုက်၏။

ထိုညက လဆန်းရက်မို့ လရောင်နည်းနည်းပို၏။ နိုင်နိုင်သည် လေကလေးတချွန်ချွန်၊ သီချင်းလေးတမြမြနှင့် ညောင်မုတ်ဆိတ်ပင်ကြီးဆီသို့ ဦးတည်သွားလေ၏။ သူသည် အမြဲလိုလာနေကျဖြစ်သည်ကြောင့် သူ့အမူအရာက ပေါ့ပေါ့ပါးပါးပင်။

လူတိုင်းအနားသီဖို့ မဝံ့ရဲသည့် ထိုကန်ကြီးနှင့် နိုင်နိုင်သည် အဘယ်ကြောင့် ထိုမျှအကျွမ်းတဝင်ရှိနေရတာလဲ။

နိုင်နိုင်သည် ညောင်ပင်ကြီးခြေရင်းတွင် ထိုင်ချလိုက်ပြီး ခေတ္တအနားယူနေသေး၏။ နေခနှင့် ဆန်းဝင်းတို့လည်း မျက်ခြေပြတ်မခံစောင့်ကြည့်နေကြ၏။ သူတို့အဖို့ သက်သောအထောက်



www.burmeseclassic.com

www.burmeseclassic.com



အထားခိုင်မာဖို့ အရေးကြီးသည်။

မျက်နှာကောင်းရမည့်ကိစ္စ၊ အခွင့်အရေးရမည့်ကိစ္စ ဖြစ်နေ၍ သူတို့သည် နိုင်နိုင်ဘာလုပ်လုပ် တိတိပပမြင်နိုင်မည့် ကိုင်းတောပင်တန်းထဲဝင်ကာ ချောင်းကြည့်နေလေ၏။

"ဆန်းဝင်း . . . ကြည့်ပါဦး၊ ဒီကောင် ဘာမှမလုပ်ဘဲ ညောင်ပင်အောက်မှာထိုင်ပြီး အရက်သောက်နေပါလား"

"ဟေ့ကောင် . . . ရှူးတိုးတိုး၊ ဒီကောင် တစ်ခုခုလုပ်ဖို့ အရှိန်ယူနေတာ ဖြစ်မယ်"

"ဒီကိစ္စအောင်မြင်လိုက်စမ်းပါကွာ၊ ဒါမှ သူကြီးက တို့သိပ်လုပ်ချင်နေတဲ့ အရက်ဆိုင်ဖွင့်ခွင့်ပေးမှာ"

သူတို့တွက်ကိန်းနှင့် သူတို့တော့ ဟုတ်နေကြသည်။ မကြာပါ . . . သူတို့အား ဘယ်လိုမှ လက်ခံနိုင်စွမ်းမရှိသည့် လုပ်ရပ်ကို နိုင်နိုင်က ရုတ်ခြည်းပင် လုပ်ပြလိုက်လေ၏။

"ဗျို့ . . . မိတ်ဆွေကြီးရေ၊ ကျုပ် ရောက်ပြီဗျ"

ဟု အသံခပ်အုပ်အုပ်ဖြင့် အော်လိုက်ပြီး သူဆွဲလာသည့် အရက်ထည့်ထားသော ဝါးကျည်တောက်ကို ထောင်လိုက်လေ၏။ ပြီးနောက် သူက ဆက်ပြီး . . .

"ခင်ဗျားသိပ်ကြိုက်တဲ့ အမဲကြော်လည်း ပါတယ်ဗျ၊ ကျုပ်မိန်းမက ကျုပ်ကိုတောင် ကျွေးတာမဟုတ်ဘူး၊ ခင်ဗျားအတွက်ဆိုပြီး စပါယ်ရှယ်ထည့်ပေးလိုက်တာ"

ထိုစကားကို ကြားနေရသည့် နေခနှင့် ဆန်းဝင်းတို့နှစ်ဦးမှာ တစ်ဦးကိုတစ်ဦးကြည့်ရင်း အူကြောင်ကြောင် ဖြစ်နေကြ၏။ နိုင်နိုင်ဆိုတဲ့ကောင် စိတ်မှကောင်းသေးရဲ့လား။ ဒီကောင် မရူးပါဘူး။ ဒါဆို ဘာလို့တစ်ယောက်တည်း စကားပြောနေရတာလဲ။





"ဩော်ဩော် . . . မိတ်ဆွေကြီးက ရောက်လာပြီကိုး၊ ကျုပ်အနံ့ရပါတယ်ဗျာ၊ မိတ်ဆွေကြီး ကျုပ်ကို စိတ်မဆိုးနဲ့နော်၊ ဒီရက်ပိုင်းမှာ မလွှဲမရှောင်သာတဲ့ကိစ္စကြောင့် ကျုပ်အလုပ်ရှုပ်သွားတယ်ဗျာ၊ ကျုပ်မိတ်ဆွေရဲ့သမီးလေး အသုဘကိစ္စကြောင့်ပေါ့၊ ဒါကြောင့် ကျုပ်မရောက်ဖြစ်တာပါ၊ ဒါပေမယ့် ကျုပ်မိတ်ဆွေကြီးအတွက် အရက်ကို အလျှံပယ်ထည့်ခဲ့ပါတယ်"

နိုင်နိုင်သည် သူ့ရှေ့အရက်ခွက်ထဲသို့ အရက်များကို ငှဲ့ထည့်ပေးသလို၊ သူကိုယ်တိုင်လည်း ပုလင်းလိုက်မော့သောက်နေလေ၏။ ကြာတော့ ဆန်းဝင်းနှင့် နေခတို့လည်း နိုင်နိုင်၏လုပ်ရပ်ကိုကြည့်ရင်း ကြောက်ရွံ့စိတ်တွေ ဖြစ်လာကြ၏။

အသံလည်း မထွက်ရဲကြ . . .။ နိုင်နိုင်က အရက်ကိုသောက်ပြီးတိုင်း သူ့ရှေ့က ခွက်ကိုမြှောက်၍ မြေကြီးပေါ် သွန်ချ၏။ နေခက နှစ်ယောက်ကြားရုံလေသံဖြင့် . . .

"ဒီကောင် ဘာသဘောနဲ့ ဟိုခွက်ထဲက အရက်တွေကို သွန်နေတာလဲ"

"ရည်ရွယ်ချက်တစ်ခုခုတော့ ရှိမယ်ကွ"

"ရှိးတော့ မရှိးဘူး"

"ငါလည်း အဲဒီလိုပဲ ထင်နေတာ"

ပြောသာပြောနေသော်လည်း သူတို့အဖို့ ကြောက်စိတ်က တဖြည်းဖြည်း ကြီးထွားလာနေပြီဖြစ်ရာ ချွေးသီးချွေးပေါက်များပင် ကျလို့လာ၏။ ထိုသို့ရှိနေစဉ်မှာပဲ နိုင်နိုင်က လျှာလေးအာလေး အသံကြီးဖြင့် . . .

"ကဲ . . . မိတ်ဆွေကြီးရေ၊ ကျုပ် တအားမူးနေပြီ၊ ခင်ဗျားလည်း ဒီလောက်ဆိုရင် ဇရချိန်ပြည့်လောက်ပါပြီ၊ ကိုကြီးတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်စောစောပြန်ချင်တယ်ဗျာ၊ မိန်းမအနားမကပ်ရတာ ကြာပြီဗျ ဟဲ . . . ဟဲ . . . ဒီလောက်ပြောရင် မိတ်ဆွေသဘောပေါက်မှာပါ"

ဟုပြောလိုက်ပြီး ရေစပ်သို့ ဒယီးဒယိုင်ခြေလှမ်းဖြင့် လျှောက်သွားလေ၏။ ရေစပ်ရောက်သည်နှင့် ဘယ်အချိန်က ထောင်ထားမှန်းမသိသော ဝါးချွန်တစ်ချောင်းကို ကောက်ယူလိုက်သည်ကို တွေ့လိုက်ရ၏။ ထို့နောက် ရေထဲသို့ ဒူးဆစ်မြုပ်သည်အထိ ဆင်းသွားပြန်၏။

ထိုအခါမှာတော့ သူသည် အသံကျယ်ကျယ်ဖြင့် . . .

"ရှော့ကွာ . . . လာထား . . . တစ်ကောင်"

"စွပ် . . ."

ရေထဲသို့ ဝါးချွန်ကို ထိုးစိုက်လိုက်ပြီး ပြန်မြှောက်လိုက်ရာ ဝါးချွန်ထိပ်ဖျားတွင် ငါးကြီးတစ်ကောင်ပါလာ၏။ ချောင်းကြည့်နေသူနှစ်ဦးမှာ အံ့သြလွန်းသည်ကြောင့် မျက်လုံးကျွတ်ထွက်သွားမတတ်ရှိနေတော့၏။

တစ်ချက်ထိုး တစ်ကောင်ပါဆိုသလို ထိုးမလွဲပါလာသည်ကြောင့် အချိန်အနည်းငယ်အတွင်း ငါးများအတော်ရရှိသွားလေ၏။ ငါးများမှာ အကောင်သေးများ မဟုတ် . . .။ တကယ် ဈေးကောင်းရမည့် စံချိန်မီငါးများဖြစ်၏။

"ဒီ . . . ဒီကောင် လုပ်နေပုံက တကယ့်သွေးရိုးသားရိုး မဟုတ်လောက်ဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ"

သူတို့နှစ်ဦးမှာ ထိုသို့ တစ်ယောက်တစ်မျိုး ထင်မြင်ပြောဆိုနေကြသော်လည်း ရှေ့သို့အနည်းငယ်မျှပင် တိုးမသွားဝံ့ကြပေ။ မကြာပါ . . . သူတို့အား ဆက်လက်ကြည့်ရှုနိုင်စွမ်းမရှိလောက်သည့် အခြေအနေက ရုတ်ခြည်းဖြစ်တည်လို့သွား၏။





နိုင်နိုင်သည် ကန်ဘောင်ပေါ်တွင် စုပုံနေသည့် ငါးများကို သိမ်းဆည်းထုပ်ပိုးပြီး ထိုအထဲက အကြီးဆုံးငါးတစ်ကောင်ကို ရွေးထုတ်ကာ ကုတ်ချီးလိုက်ပြီး . . .

"ဟို့ . . . မိတ်ဆွေကြီးရေ၊ သိပ်ကို ကျေးဇူးတင်တယ်ဗျာ၊ ဒီလောက်ဆိုရင် အိမ်ပြန်ရောက်တာနဲ့ ကျုပ်မိန်းမက ကျုပ်ကို ဖက်နမ်းမှာဗျ . . . ဟား . . . ဟား . . . ဟား"

ဟုပြောကာ လက်ထဲက ငါးကို အပင်ကြီးဆီသို့ ပစ်လိုက်ပြီး . . .

"ရော့ . . . အဲဒီငါးကြီးက မိတ်ဆွေအတွက်"

ထိုငါးကြီး အပင်အောက်ရောက်သွားသည်နှင့် ညောင်ခုတ်ဆိပ်ပင်ကြီးမှာ လေပြင်းမုန်တိုင်းဝင်ဆောင့်ခြင်းကို ခံလိုက်ရသလို ဝေါကနဲ အသံမြည်ကာ ယိမ်းထိုးလှုပ်ရှားသွားလေ၏။

"ဘုရား . . . ဘုရား"

ယောင်လို့တောင် မ'တ'ဖူးတဲ့ ဘုရားကို 'တ'လိုက်ပြီး နေခသည် ဝပ်တွားနေရာက ရုတ်ချည်းပင် ထလိုက်၏။ ဆန်းဝင်းကသည်း တိုင်ပင်ထားသည့်အလား ထရပ်လိုက်၏။ မူးနေသည့် အရှိန်တွေလည်း ဘယ်ရောက်ကုန်ပြီ မသိတော့ . . .။

ဒူးတွေဆတ်ဆတ်တုန်၊ အသံတွေကလည်း ကတုန်ကရီ . . .။

"နေ . . . နေခ . . . ငါ . . . ငါတို့ . . . ဘာ . . . ဘာလုပ်ကြမလဲ"

"ဘာ . . . ဘာလုပ်ရမလဲကွာ၊ ပြေး . . . ပြေးကြတာပေါ့၊ ငါ . . . ငါကြောက်လွန်းလို့ သေး . . . သေးတွေ ထွက်ကုန်ပြီ"

"ငါ . . . ငါရောပဲ . . . ဟီး . . . ဟီး . . ."

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဒိုင်ချုပ်တရုတ်ကြီးချန်ဒိုးပေါင် (ခေါ်) ဦးကျော်ဇံသာသည် သူ၏လက်သုံးတော် တောင်ဝှေးကို အားပြုလျက် နတ်ကွန်းရှိရာသို့ လျှောက်လှမ်းလာလေ၏။ သူ၏နံဘေးတွင် အစေခံလူယုံကုလား တစ်ဦးက ကျို့ကျို့ရို့ရို့လိုက်ပါလာ၏။

ထိုကုလားသည် ကတ္တီပါစဖြင့် ချုပ်လုပ်ထားသည့် လက်ဆွဲအိတ်တစ်လုံးကို တရိုတသေကိုင်ရင်း လိုက်ပါလာခြင်းဖြစ်သည်။ သူသည် တရုတ်ကြီး၏ခြေလှမ်းတိုင်းကို ဂရုတစိုက်ကြည့်နေလေ၏။ ခြေလှမ်းကိုသာမက တစ်ကိုယ်လုံးကိုလည်း သတိမလစ်စောင့်ကြည့်နေ၏။

အကြောင်းကား အသက်အရွယ် အိုမင်းကြီးရင့်လာသည့် တရုတ်ကြီး တစ်စုံတစ်ရာဖြစ်သွားမှာကို လွန်စွာစိုးရိမ်သောကြောင့် ဖြစ်သည်။ တရုတ်ကြီးမှဲ့တစ်ပေါက်စွန်းသွား၍ မဖြစ်။ သူ့ဘဝရပ်တည်မှုက တရုတ်ကြီးပေါ်၌တွင် မူတည်နေသည် မဟုတ်လား။





ဆိုရသော် တရုတ်ကြီးက သူ့ကို ငယ်စဉ်လူမမယ်ကလေး ဘဝကတည်းက အစေခံအဖြစ် ကောင်းစွာကျွေးမွေးစောင့်ရှောက်ခဲ့သဖြင့် သူသည် မပူမပင် ကြီးပြင်းလာခဲ့ရခြင်း ဖြစ်သည်။

ထို့ကြောင့် သူသည် သူ၏အသက်ထက်ပင် တရုတ်ကြီး...ကို တန်ဖိုးထား၏။

နတ်ကွန်းရှေ့သို့အရောက်တွင် မယ်တော်ကြီးထံ လာရောက်ဆုတောင်းနေကြသည့် လူအချို့ကို တွေ့ရ၏။ ထိုသူတွေက တရုတ်ကြီးကိုမြင်သည်နှင့် တရိုတသေ လမ်းဖယ်ပေးကြ၏။

တရုတ်ကြီးက အသားကျလေ့ကျင့်ထားသည့် ရင်းနှီးဖော်ရွေမှုရှိသော အပြုံးမျိုးပြုံးပြလိုက်ပြီး နတ်ကွန်းအတွင်း ဝင်ရောက်သွားလေ၏။ တကယ်တော့ ထိုသူများမှာ နောက်တစ်နေ့တွင် ဖွင့်တော့မည့် ပေါက်ကောင်အတွက် မယ်တော်ကြီးထံ လာရောက်ဆုတောင်းကြသူများ ဖြစ်၏။

အပတ်တိုင်း ကြုံတွေ့နေကျဖြစ်၍ ထူးဆန်းလှသည်တော့ မဟုတ် . . .။

ဩော် . . . မယ်တော်ကြီး . . . မယ်တော်ကြီး . . .။ ဘယ်ကဘယ်လို ရောက်လာပြီး ဒီလောက်အထိ ဘုန်းတန်ခိုးကြီးသွားရပါလိမ့်။

တရုတ်ကြီးသည် မယ်တော်ကြီးရုပ်တုရှေ့တွင်ရပ်ကာ ရုပ်တုကို အသေအချာကြည့်ရင်း သူသာလျှင် နားလည်သည့် အပြုံးမျိုး ပြုံးလိုက်လေ၏။

အစေခံကုလားကတော့ ပြောစရာမလို . . .။ သူလုပ်နေကျအတိုင်း ကတ္တီပါလက်ဆွဲအိတ်ထဲမှ အမွှေးနံ့သာများ ဆီမီးများကို ထုတ်ယူပြီး မယ်တော်ကြီးရုပ်တုရှေ့တွင် ထွန်းညှိနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အင်း . . . နှစ်ပေါင်းနှစ်ဆယ်တောင် ကြာသွားပါရော လား။ တွေးကြည့်လိုက်ရင် အဖြစ်အပျက်တွေက မနေ့တစ်နေ့က လိုပါပဲလား။ လူတွေရဲ့ဘဝတွေသာ အမျိုးမျိုးပြောင်းလဲသွားကြ တယ်။ ငါ့ရဲ့မယ်တော်ကြီးကတော့ အရင်အတိုင်း လှတုန်း၊ ချော တုန်း၊ ကျက်သရေရှိတုန်း . . .။

"အိုင်ယာလန်ထီ . . .၊ မယ်တော်ကြီး . . . ဟား . . . ဟား . . . ဟား . . ."

တရုတ်ကြီးချန်ဒိုးပေါင်သည် ကိုယ့်အတွေးနှင့်ကိုယ် သဘော ကျစွာ ရယ်လိုက်လေ၏။

သူသည် ထိုနေ့မှာတော့ ဘယ်တုန်းကမှ မတွေးခဲ့ဘူးသည့် အတွေးများကို ထူးထူးခြားခြား တွေးနေမိ၏။ လွန်ခဲ့သည့်နှစ်နှစ် ဆယ်လောက်ကာလက အတွေးများဖြစ်သည်။

သူသည် မြို့ပြနှင့် လွန်စွာဝေးလံသည့် ဤမောင်တောမြို့ လေးသို့ အမှတ်မထင်ရောက်လာပုံ၊ ထိုမြို့ကလေးကို ရောက်သည် နှင့် အခြေချနေထိုင်ဖို့ ဘာကြောင့်ရွေးချယ်လိုက်ရပုံ၊ ရန်ကုန်မြို့ ကြီးတွင် ဂျင်လည်,လည်ခဲ့သည့် သူ့အဖို့ ထိုမြို့လေးတွင် ပွဲပေါ် တိုးအောင် မည်သို့ကြံရမည်ကို ကောင်းစွာသိရှိလိုက်ပုံ . . .။

ထို့အတွက် သူသည် အချိန်အတိုင်းအတာတစ်ခုနှင့် ငွေကြေး အတော်များများ ရင်းနှီးလိုက်ရ၏။ သို့သော်လည်း သူရရှိမည့် အကျိုးအမြတ်နှင့် နှိုင်းစာလျှင် ၎င်းပေးဆပ်လိုက်ရခြင်းက အသေး အမွှားမျှသာ ဖြစ်၏။

ရရှိလိုက်သည့် အကျိုးအမြတ်များက သူမျှော်မှန်းထား သည်ထက်ပင် အဆတစ်ရာမက ရရှိခဲ့လေ၏။

"လူလေးချန်ခိုးပေါင် . . . တစ်ရွာမပြောင်း သူကောင်





မဖြစ် ဆိုတဲ့စကားပုံကို အသည်းထဲစွဲအောင် မှတ်ထားလိုက်စမ်း၊ အဲဒီစကားပုံက အဘတို့ တရုတ်စကားပုံ မဟုတ်ဘူး၊ အခု လူလေး သွားရောက်စီးပွားရှာမယ့် မြန်မာနိုင်ငံက ပညာရှိကြီးတွေရဲ့စကား ပုံပဲ၊ အခု အဘတို့ပြည်ကြီးကို ကြည့်စမ်း၊ တိုင်းပြည်က အကျယ်ကြီး ပဲ၊ တိုင်းပြည်က ကျယ်သလို လူဦးရေကလည်း အဆမတန်များပြား တယ်။

ဒီကြားထဲ အုပ်စုဖွဲ့ပြီး အာဏာလုနေတဲ့ ကောင်တွေရဲ့ ရန်ကိုလည်း ကြောက်ရသေးတယ်၊ လူတွေများသလောက် ဆင်းရဲ ခွဲတေလိုက်တာလည်း လွန်ပါရော၊ ဒီတော့ လူလေးကြီးပွားချမ်းသာ ချင်ရင် အဘတို့ကို ငဲ့မနေနဲ့၊ စောစောက အဘပြောလိုက်တဲ့ မြန်မာ စကားပုံလို သူကောင်းဖြစ်ဖို့ ဘယ်လောက်ဝေးတဲ့ အရပ်ဒေသဖြစ် ဖြစ် စွန့်စားပြီး စီးပွားရှာပေတော့ . . .။

ခေတ်အနေအထားနဲ့ ပြောရရင် ကိုလိုနီနိုင်ငံဖြစ်တဲ့ မြန်မာ နိုင်ငံဟာ တကယ့်စီးပွားရှာလို့ကောင်းတဲ့ စားကျက်ကြီးပဲ၊ သမာရိုး ကျအလုပ်မျိုးတော့ မလုပ်နဲ့၊ သူများမတွေးတာကို တွေး၊ လူတွေကို ကြည့်၊ လူတွေရဲ့အားနည်းချက်တို ရှာ၊ အားနည်းချက်ကို တွေ့ပြီ ဆိုတာနဲ့ အမိအရသာ အသုံးချတော့၊ လူလေး အချိန်တိုတိုအတွင်း ကြီးပွားချမ်းသာလိမ့်မယ်"

မြန်မာပြည်သို့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်ပြီး စီးပွားရှာ ဖို့ ဆုံးဖြတ်စဉ်က အဘိုးဖြစ်သူ ပြောဆိုလိုက်သည့် စကားများပင် ဖြစ်၏။ ပြန်တွေးလိုက်လျှင်လည်း မနေ့တစ်နေ့ကလိုပင် ခံစားရ၏။

မြန်မာပြည်ထဲရောက်သည့်အခါ သူ့အဖို့ အတော့်ကို အံ့ဩ ခဲ့ရ၏။ သူ့ထက်လက်ဦးနေကြသည့် ပြည်ကြီးသားပေါက်ဖော် အများ အပြားကို ထင်တာထက်ပင် အဆများစွာ တွေ့လိုက်ရသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အထူးသဖြင့် ရန်ကုန်မြို့ကြီးတွင် ဖြစ်သည်။

တရုတ်တန်းဟုပင် အမည်တွင်နေပြီး ၄င်းနေရာသို့ ရောက်သွားပါက တကယ့်တရုတ်ပြည် ပြန်ရောက်သွားသလို ခံစားရ၏။ အချို့ဆိုလျှင် စီးပွားရေးအခိုင်အမာနှင့် လွန်စွာအားကျဖို့ ကောင်း၏။ အထူးသဖြင့် မြန်မာလူမျိုးတွေ မလုပ်သည့် စီးပွားရေးလုပ်ငန်းများဖြစ်သည်။

အရင်းအနှီးနည်းနည်းနှင့် အကျိုးအမြတ်များစွာရရှိသည့် လုပ်ငန်းများကို ရွေးချယ်လုပ်ကိုင်ကြ၏။ ဘိနပ်ခန်း၊ တည်းခိုခန်း ပြည့်တန်ဆာဂေဟာ စသည့်လုပ်ငန်းများကို အစီအစဉ်တကျ စီးပွားရှာ လုပ်ကိုင်၏။ ကိုလိုနီနိုင်ငံဖြစ်၍ တပည့်မွေး၊ လူမိုက်မွေး ရသည်မှာလည်း လွယ်ကူ၏။

လာဘ်ပေးလာဘ်ယူ ကိစ္စတွေကလည်း နေရာတိုင်းမှာ တွယ်ကျယ်နေ၏။ ထိုအချက်များကြောင့် မြန်မာပြည်သည် ခေတ်ပျက်သူဌေးလုပ်ဖို့ လွန်စွာကောင်းသည့် တိုင်းပြည်ဆိုတာ ချန်ခိုးပေါင်ကောင်းကောင်းသဘောပေါက်သွား၏။ ထို့နောက်မှာတော့ ဆယ်နှစ်ဟူသည့် ကာလအတွင်း မနေမနားအလုပ်လုပ်ရင်း စီးပွားရှာ၏။ သူတို့မျိုးနွယ်စုပိုင်ဆိုင်သည့် လောင်းကစားဒိုင်တစ်ခုတွင် ကြီးကြပ်တာဝန်ယူရင်းဖြင့် သူသည် လောင်းကစားဆိုသည့် သဘောသဘာဝကို ကောင်းစွာသိရှိသွားလေ၏။

အလျော်အစားဟူသော နိယာမကို မည်သို့ကိုင်တွယ်ရမည်ကိုလည်း ကောင်းစွာကျွမ်းကျင်သွား၏။

"ဟေ့ကောင် ချန်ခိုးပေါင်၊ မင်း . . . ငါ့ဆီမှာ အလုပ်လုပ်လာတာ ဆယ်နှစ်ရှိသွားပြီ၊ အဲဒီ ဆယ်နှစ်အတွင်းမှာ မင်းရဲ့ရိုးသားမှု၊ ကြိုးစားမှု၊ စိတ်ရှည်သီးခံမှု၊ သစ္စာရှိမှု စသဖြင့်ပေါ့ကွာ၊ ဘာတစ်





မှ ချွတ်ယွင်းချက်မရှိဘူး၊ တကယ့်ကို ကျေနပ်အားရစရာ ကောင်းတယ်၊ အဲဒီအဖြစ်အပျက်တွေကို ငါသတိထားမိတာ နှစ်နဲ့ချီနေပြီ၊ အချိန်မတန်လို့ မပြောသေးတာ၊ ဒီနေ့တော့ အချိန်တန်ပြီလို့ ငါယူဆတယ်၊ မင်း . . . ငါ့ဆီမှာ အလုပ်လုပ်လာတာ ဒီနေ့ဟာ ဆယ်နှစ်ပြည့်တဲ့နေ့ ဖြစ်လို့ပဲ။

အထက်ပါစကားများကို ပြောလာသူမှာ လင့်ဟိုတယ်ကြီးတွင် လောင်းကစားဒိုင်ဖွင့်ထားသည့် သူ၏အလုပ်ရှင် သူဌေးကြီး ဖြစ်၏။ ထိုသူဌေးကြီးမှာလည်း သူ့လိုပင် စီးပွားရှာဖို့ ပြည်ကြီးမှ စွန့်စားရောက်ရှိလာသူဖြစ်၏။

ထိုနေ့မှာတော့ သူဌေးကြီးသည် ဘယ်တုန်းကမှ မပြောဘူးသည့် စကားများပြောလာသဖြင့် သူသည် တအံ့တဩ ဖြစ်သွား၏။

"ချန်ခိုးပေါင် . . ."

"ခင်ဗျာ . . ."

"ပြည်မကြီးကနေ ဒီမြန်မာနိုင်ငံကို မင်းဘာကြောင့်ရောက်လာတာလဲ"

"ကျွန် . . . ကျွန်တော် ကြီးပွားချမ်းသာချင်လို့ပါ"

"ဟုတ်ပြီ . . . ဒါဆိုရင် ဒီနေ့ကစပြီး မင်းရဲ့ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်ဖို့ နေရာရွေးတော့"

"ကျွန် . . . ကျွန်တော် သဘောမပေါက်ဘူး ရှီးဖော်"

"ကောင်းပြီ . . . ငါရှင်းပြမယ်၊ လိုအပ်တာတွေလည်း ပံ့ပိုးပေးမယ်၊ အလကားတော့ မဟုတ်ဘူးနော်၊ မင်းရည်ရွယ်ချက်တွေပြည့်တဲ့နေ့ ပြန်ဆပ်ရမယ်"

"ဟုတ် . . . ဟုတ်ကဲ့ ရှီးဖော်၊ ကျေး . . . ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာတော့ သူ၏သူဌေးပေါက်ဖော်ကြီးက မိမိတို့မျိုးနွယ်စုတွေဟာ စီးပွားရှာတဲ့နေရာမှာ နေရာဒေသမရွေးကြောင်း ကမ္ဘာ့အရှေ့ဖျားနှင့် အနောက်ဖျားဖြစ်နေပါစေ စွန့်စားသွားရောက်ဖို့ ဝန်မလေးကြောင်း၊ ဒါကြောင့်လည်း ကမ္ဘာပေါ်က မည်သည့်တိုင်းနိုင်ငံမှာမဆို မိမိတို့တရုတ်လူမျိုးများကို တွေ့နိုင်ကြောင်း နိုင်ငံတိုင်းမှာ မိမိတို့ရဲ့ ချိုင်းနားတောင်း (တရုတ်မြို့) လေးတွေရှိကြောင်း စသဖြင့် ရှင်းလင်းပြောပြ၏။ ထို့နောက် သူနှင့်ပတ်သက်ပြီး အဓိကအကြောင်းအရာများကို ဆက်ပြောလေ၏။

"ဒီတော့ စီးပွားရှာမယ့်လူဟာ စီးပွားဖြစ်နိုင်မယ့်နေရာကို ရွေးချယ်တတ်ဖို့ အရေးကြီးတယ်၊ မင်းအနေနဲ့ကတော့ ဒီရန်ကုန်မြို့ကို မရွေးချယ်သင့်ဘူး၊ မင်းထက် အင်အားအများကြီးသာတဲ့ ပုဂ္ဂိုလ်တွေကိုယှဉ်ပြီး တိုးရမှာဆိုတော့ ထင်သလောက် ခရီးရောက်မှာမဟုတ်ဘူး၊ ပြီးတော့ မြို့ပြဖြစ်တဲ့အတွက် လူရည်လည်ကြသူတွေချည်းပဲ၊ မြို့ပြနဲ့ အလှမ်းဝေးတဲ့ အရပ်ဒေသကို ရွေးချယ်သင့်တယ် ဒီတော့ မြန်မာပြည်အနှံ့ခရီးဆန့်ပြီး စားကျက်မြေကောင်းကောင်းကို ရှာပါ၊ မင်းစုဆောင်းထားတဲ့ငွေနဲ့ လုံလောက်မှာ မဟုတ်ဘူး ငါ့ဆီက လိုသလောက်ငွေကို ထုတ်ယူ၊ ကိုယ်စားဖို့အတွက် လျော်ရမှာကို ဝန်မလေးနဲ့"

ချန်ခိုးပေါင်၏ဘဝသည် ထိုအချိန်မှစ၍ ဘဝတစ်ဆစ်ချိုးပြောင်းလဲသွားတော့၏။ သူသည် လုံလောက်သည့်ငွေကြေးကိုထည့်ပြီး မြန်မာပြည်တန်တလျား ခရီးထွက်ရာက မောင်တောမြို့ကလေးသို့ အရောက်တွင် ထိုမြို့ကလေးမှာ သူ၏စားကျက်မြေ အမှန်ကောင်ဖြစ်ကြောင်း ရွေးချယ်လိုက်တော့၏။

ထို့နောက်မှာတော့ သူသည် အလျော်ချည်းသက်သက် ပေး





ဆပ်၏။ အကြီးမားဆုံးနှင့် နောက်ဆုံးလျော်လိုက်သည်မှာ မယ်တော်ကြီးနတ်ကွန်းပင် ဖြစ်၏။ ထို့နောက်မှာတော့ အလျော်ဆိုတာ ရပ်သွားပြီး စားလိုက်ရသည်မှာ သောက်သောက်လဲ . . . ။ မစားချင်လို့လဲ မရတော့ . . . ။

တစ်ပတ်,တစ်ပတ် ရလိုက်သည့် ငွေကြေးတွေက သိမ်းမနိုင်လောက်အောင် များပြား၏။ တိုးပွားလာလိုက်သည့် ပိုင်ဆိုင်မှုတွေကလည်း လက်ညှိုးထိုးမလွဲရှိနေပြီ။ နှစ်,နှစ်ဆယ်ဟူသောကာလအတွင်း ထိုဒေသရှိ ရွာသူရွာသားများထံမှ ရယူခဲ့သည့် ငွေကြေးများက သူတို့မိသားစုအဖို့ တစ်သက်မဆိုနှင့် ဆယ်သက်ပင် စားမကုန်နိုင်တော့ . . . ။

အတွေးအခေါ် နည်းပါးသည့် သူတို့တွေ၏ဦးနှောက်ထဲသို့ ထင်ယောင်ထင်မှားဖြစ်စေသော အတိတ်စိမ်းများကို ပေးခဲ့သည်မှာလည်း မရိုးနိုင် . . . ။ အချိန်တန်လျှင် တလွဲတွေသာ များ၏။ ပေါက်သွားသူက မဆိုသလောက်သာ ရှိ၏။ လောဘဇောကြောင့် များများထိုးလေ သူ့အတွက် သည်းခြေကြိုက်လေ ဆိုသလိုပင်။

အများအမြင်မှာတော့ သူသည် မေတ္တာတရားကြီးမားသူ၊ သူတော်ကောင်းကြီးဖြစ်၏။ ပေးကမ်းစွန့်ကြဲရာတွင်လည်းကောင်း ရပ်ရွာကိစ္စများတွင်လည်းကောင်း မည်သူမှ လိုက်မမီသည့် ငွေကြေးမျိုးသုံးစွဲ၏။

အကြောင်းမဲ့တော့ မဟုတ်။ သူ၏နည်းဗျူဟာတစ်ခုပင်ဖြစ်၏။ အချိန်၏ရွေ့လျားမှုနှင့်အတူ နှစ်ကာလများစွာ လွန်မြောက်ခဲ့ရာ တရုတ်ကြီးချန်ခိုးပေါင်သည်လည်း အသက် (၇၀) အရွယ်သို့ရောက်ရှိခဲ့ပြီဖြစ်၏။ သူကသာ တဖြည်းဖြည်း အိုမင်းရင့်ရော်သွားသော်လည်း သူထုဆစ်ပုံဖော်ခဲ့သည့် မယ်တော်ကြီးကတော့ နုပို



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းနုပျိုနေသဲပင်။

သူသည် ရုပ်တုရှေ့တွင် အဘယ်မျှကြာအောင် ရပ်နေမိသည်မသိ . . .။ ဟယ်တုန်းကမှ မတွေးဘူးသည့် အတွေးများကိုလည်း ထူးထူးခြားခြား ပုံဖော်နေမိ၏။ ထိုသို့ တွေဝေငေးမောနေသည့် သူ့ကိုကြည့်ရင်း အစေခံကုလားသည် နားမလည်သည့် မျက်ဝန်းဖြင့် ကြည့်နေလေ၏။

ကြာတော့ အစေခံကုလားလည်း စိုးရိမ်သွားပုံရ၏။ အနားသို့ ခပ်ရို့ရို့ခြေလှမ်းဖြင့် ကပ်လာပြီး . . .

"သခင်ကြီး . . . အမွှေးနံ့သာတွေ၊ ဆီမီးတွေ ထွန်းထားတာ ကြာနေပါပြီ၊ ညလေက သိပ်အေးပါတယ်၊ မယ်တော်ကြီးဝတ်ပြုပြီးတာနဲ့ အမြန်ပြန်ခဲ့လို့ သခင်လေးဝမ်ပေါင်က မှာလိုက်ပါတယ်"

ဟု သတိပေးသာတော့မှ သူလည်း အဘယ်မျှ အတွေးလွန်သွားသည်ကို သတိပြုမိသွား၏။ အစေခံကုလားပြောလိုက်သည့် ဝမ်ပေါင်မှာ တရုတ်ကြီးချန်ခိုးပေါင်၏ သားအကြီးဖြစ်၏။ အစေခံများကို စီမံအုပ်ချုပ်ရာတွင် တာဝန်ယူထားသူဖြစ်၏။

အစေခံများသည် ဝမ်ပေါင်ကို မော်၍ပင်မကြည့်ဝံ့ကြ။ ပြီးတော့ ဝမ်ပေါင်သည် အတိုက်အခိုက်၊ အထိုးအသတ်တွင် နာမည်ကြီး၏။ အမြဲလိုလို ထိုးနေ၊ ကြိတ်နေရမှ နေသာထိုင်သာရှိသူဖြစ်၏။ သူ၏လက်ပါးစေ လူမိုက်တပည့်များလည်း များစွာရှိ၏။

သို့ . . . လည်း သူသည် အကြောင်းမဲ့ရမ်းကားခြင်း မရှိ။ သူ့စီးပွားကို ယာရောက်နှောက်တာမျိုး၊ အကြောင်းမဲ့ရန်စတာမျိုး လုပ်လာလျှင်တော့ ဘယ်သူ့ကိုမှ ခွင့်မလွှတ် . . .။ မှတ်လောက်သားလောက်အောင် နှိပ်ကွပ်လိုက်သည်ချည်းပင်။

လူတစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ဂရုစိုက်သူမဟုတ်။





သူ့အင်အားကလည်း စစ်တပ်မှာဆိုလျှင် တပ်စုတစ်စုစာမက အင်အားရှိနေသဖြင့် ရွာလူကြီးများထက်ပင် အရှိန်အဝါကြီးလှ၏။

တစ်ခါတလေတွင် ဝမ်ပေါင်သည် ဘာအလုပ်မှ လုပ်စရာမရှိလျှင် တခ်ကိုယ်တည်း အပျင်းဖြေတတ်၏။ ထိုသို့ အပျင်းဖြေပြီဆိုလျှင် အစေခံများအဖို့ နေစရာမရှိလောက်အောင် အထိတ်တလန့်ဖြစ်ကြ၏။ ကြာတော့ . . . ထိုအဖြစ်မှာလည်း မထူးဆန်းသောကိစ္စတစ်ခုလိုဖြစ်သွား၏။

အခြားမဟုတ် . . .။ တန်ဖိုးကြီး စကော့ဝီစကီကို တစိမ့်စိမ့်သောက်ရင်း အစေခံများကို အပြစ်မရှိ အပြစ်ရှာကာ ရိုက်နှက်ခြင်းပင် ဖြစ်၏။ အပြစ်ကြီးလျှင် ကြီးသလို ထိုးကြိတ်ကန်ကျောက်၏။ ကြာတော့ . . . အစေခံများလည်း သူ၏သဘောထားကို ကောင်းစွာသိသွားကြ၏။

သူသည် ရိုက်နှက်လိုက်သည်နှင့် မချိမဆန့် အော်တာမျိုးကို နှစ်သက်၏။ တင်းခံနေပါက ထိုအစေခံအဖို့ စက္ကူလုံးပမာဖြစ်သွားပေလိမ့်မည်။ ထို့ကြောင့် အစေခံများက ရိုက်နှက်ဖို့ လက်ရွယ်ခြင်းကို မြင်လိုက်သည်နှင့် ငယ်သံပါအောင် ကုန်းအော်ကြလေ၏။

အစေခံကုလားသည် အမွှေးနံ့သာများ ထွန်းညှိပြီးသော်လည်း အခါတိုင်းလိုမဟုတ်ဘဲ မယ်တော်ကြီးကို ကြောင်ကြည့်နေသည့် သခင်ကြီးကို နားမလည်နိုင်ဖြစ်သွားလေ၏။ သူစောင့်ကြည့်နေသေးသည်။ အချိန်အတော်ကြာသည့်တိုင်အောင် ထူးခြားမလာသည့်အတွက် မပြောမဖြစ် ပြောလိုက်ရခြင်း ဖြစ်သည်။

တရုတ်ကြီးချန်ခိုးပေါင်ကလည်း သူထိုသို့ဖြစ်သွားသည်ကို ကိုယ့်ကိုယ်ကို မလုံမလဲဖြင့် အနီးဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။ လူအများက စောင့်ကြည့်နေကြသည်ကို တွေ့လိုက်ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သူသည် ကပျာကယာပင် ဝတ်ပြုလိုက်လေ၏။

"ဟင် . . . ဘာ . . . ဘာကြီးလဲ"

သူ့ခန္ဓာကိုယ်က အထိတ်တလန့်ဖြင့် လဲကျသွားမတတ် ယိမ်းယိုင်သွားလေ၏။ အနီးတွင် အစေခံကုလားရှိနေ၍သာ ဆိုးဆိုးဝါးဝါး ဖြစ်မသွားခြင်းပင်။

မျက်လုံးတွေ ကျွတ်ထွက်သွားမတတ် ပြူးကျယ်သွားပြီး အမြင်များမှားသလားဟု အသေအချာကြည့်လိုက်၏။ မမှား . . .။ လုံးဝမမှား . . .။ ကြည့်လေ . . . ပုံရိပ်က သဲကွဲလာလေ ဖြစ်နေ၏။

ဖြူဖြူအရိပ်သဏ္ဍာန်တစ်ခု . . .။ ဆံနွယ်တွေက လေထဲလွင့်ကာ တဖျတ်ဖျတ် ရိုက်ခတ်နေ၏။ လှပနုပျိုသည့် မိန်းကလေးတစ်ယောက် . . .။ မိန်းကလေးက ပြုံတီတီအပြုံးဖြင့် မခိုးမခန့် ရယ်ပြလေ၏။

သူသိလိုက်သလိုပင်။ မိန်းကလေးအပြုံးနောက်ကွယ်မှ အဓိပ္ပါယ်က သူ့အား သနားစရာသတ္တဝါတစ်ကောင်ကို ကြည့်နေသည့် အကြည့်မျိုး . . .။ ဘာလို့ . . . အဲလိုကြည့်ရတာလဲ။ မကြည့်နဲ့ . . . မကြည့်နဲ့ . . .။

"အူ . . . အူ . . . အူ . . ."

"အမလေးဗျ . . ."

ခန္ဓာကိုယ်ထဲသို့ လျှပ်စီးကြောင်း ဖြတ်တိုးသွားသလို တစ်ကိုယ်လုံး ထုံကျင်သွားပြီး ကြောက်စိတ်က ငယ်ထိပ်တက်ဆောင့်သွား၏။

"သ . . . သခင်ကြီး . . . ဘာ . . . ဘာဖြစ်လို့လဲ၊ ခွေး . . . ခွေးအူသံပါ သခင်ကြီး"

အစေခံကုလားလည်း သူဖြစ်သွားပုံကိုကြည့်ရင်း သူ့ထက်





ပင်ပို၍ စိုးရိမ်ထိတ်လန့်သွား၏။ မတော်၍များ သခင်ကြီးတစ်ခုခုဖြစ်သွားလျှင်ဟူသော အတွေးက သူ့ကို ခြေပြည်ပို့လိုက်သလို ကြောက်ရွံ့သွားသောကြောင့် ဖြစ်သည်။

"သ . . . သခင်ကြီး . . . ဒီ . . . ဒီနေ့တော့ ပြန်လိုက်ရင် ကောင်းမယ်"

"အေး . . . အေး . . . ပြန် . . . ပြန်မယ် . . . ပြန်ပြန် ပြန်မယ်"

ဟု ကတုန်ကရီပြောလိုက်ပြီး တရုတ်ကြီးသည် အစေခံကုလားကိုတွဲလျက် နတ်ကွန်းအတွင်းမှ ခပ်သုတ်သုတ် ထွက်ခွာသွားလေ၏။

သူပဲ စိတ်က ထင်နေလို့လားမသိ . . .။ ခွေးအူသံများနှင့် ဖြူဖြူသဏ္ဍာန်ရိပ်က သူ့နောက်လိုက်ပါသလို ခံစားနေရသဖြင့် သူသည် တတ်သလောက်၊ မှတ်သလောက် ဘုရားစာများကို တတွတ်တွတ် ရွတ်ဆိုနေတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ထိုရက်ပိုင်းအတွင်း စိန်အိုးသည် တစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ်တစ်ခါမှ မဖြစ်ဘူးသော စိတ်ဆင်းရဲမှုမျိုး ခံစားနေရ၏။ တစ်ပူပေါ် နှစ်ပူဆင့်ဆိုသည့် အဖြစ်မျိုး။ သမီးအတွက် ကြေကွဲခံစားမှုများက ဇနီးအတွက်လည်း စိတ်မချမ်းမြေ့စရာ ဖြစ်နေရ၏။

ဇနီးအဖြစ်ကိုကြည့်ပြီး အပြစ်မဆိုရက် . . .။ လွန်စွာလည်း သနားမိ၏။ ထိုအဖြစ်ကိုကြည့်ရင်း ကိုယ့်ကိုယ်ကိုလည်း ခွင့်မလွှတ်နိုင်လောက်အောင် ဒေါသဖြစ်ရ၏။

ဖြစ်သမျှအားလုံး၏ အဓိကတရားခံမှာ မိမိကြောင့် မဟုတ်လား။

သူ့ဇနီးမပြုံးကြည်သည် သမီးသေဆုံးစဉ်အခါကတော့ သူ့ကို နာကျည်းစိတ်ဖြင့် အပြစ်ဆို၏။ ထုထောင်းရိုက်ပုတ်၏။ ဆဲဆိုကြိမ်းမောင်း၏။ လင်ယောကျ်ားအဖြစ်က စွန့်လွှတ်ဖို့ကိုပင် ပြောဆိုခဲ့သေး၏။





သူ့အဝတ်အစားများကို ထုပ်ပိုးပြီး ၄င်းအဝတ်ထုပ်ဖြင့် သူ့ကိုပစ်ပေါက်ပြီး နှင်ထုတ်ခဲ့သည်အထိပင်။

သို့သော်လည်း ထိုအဖြစ်မှာ သွေးပူတုန်း ဖြစ်ခဲ့ခြင်းသာ ဖြစ်၏။ နောက်တော့ သူ့မိန်းမသည် ထိုကိစ္စနှင့်ပတ်သက်ပြီး တစ်လုံးတစ်ပါဒမျှပင် ပြောဆိုခြင်း မပြုတော့ . . .။ ထိုသို့ မပြောတော့သည့်အတွက် သူ့အဖို့ ပို၍ပင် အနေခက်သလို ဖြစ်ရ၏။

သူ့ကို မျက်နှာချင်းမဆိုင်တော့သလို၊ စကားလည်း မပြောတော့ . . .။ တစ်ခါတလေတွင် သူ့ဘာသာတစ်ယောက်တည်း ထိုင်ရင်း ဘီဒီဆေးပေ့ါလိပ်ကို ဖွာရှိုက်ရင်းက ဦးတည်ရာမဲ့ ငေးမောနေတတ်၏။ သူကလည်း အလိုက်တသိပင် ခပ်ရှောင်ရှောင်နေပေးလိုက်၏။

သမီးကိစ္စများ ပြီးပြတ်သွားသည့်တိုင်အောင် သူ့ကို ထိုအတိုင်းပင် ဆက်ဆံ၏။ တစ်အိမ်တည်းအတူရှိနေပြီး စကားလည်း မပြော၊ မျက်နှာချင်းလည်း မဆိုင်။ သူ့အလုပ်သူလုပ်ပြီး ထုံးစံအတိုင်းပင် တွေတွေငေးငေး လုပ်နေစမြဲဖြစ်၏။

သမီးရက်လည်ပြီး၍ တစ်ပတ်ပြည့်မြောက်သည့်နေ့တွင် ဖြစ်သည်။ ထိုနေ့ညနေခင်းတွင် စိန်အိုးသည် ဇနီးမပြုံးကြည်၏ ဆက်ဆံမှုများကို ခံနိုင်စွမ်းမရှိတော့သလို၊ လွန်စွာလည်း စိတ်ညစ်သည်ကြောင့် သူ့အဖို့တစ်ခုတည်းသော ထွက်ပေါက်ဖြစ်သည့် မရွှေပုအရက်ဆိုင်သို့ ရောက်သွားလေ၏။

သူသည် သမီးအတွက် စိတ်သောကရောက်နေသည့် ဇနီးမပြုံးကြည်ကို သူ့ကြောင့် ပိုပြီးစိတ်ဆင်းရဲရသည့်အဖြစ်မျိုးမလိုလားသဖြင့် အရက်မသောက်ဘဲနေခဲ့၏။ လယ်ထဲသို့ ပုံမှန်ဆင်းပြီး လုပ်မြဲအတိုင်း အလုပ်,လုပ်၏။ အလုပ်ပြီးသည်နှင့် ဘယ်တို့မှ ဓေ



www.burmeseclassic.com

www.burmeseclassic.com



ဝိုက်မနေဘဲ အိမ်သို့အရောက်ပြန်၏။

မယ်တော်ကြီးပေါက်ကောင်ကိုလည်း အသည်းပေါက်မတတ်နာကျည်းသွားသဖြင့် လှည့်၍မကြည့်တော့ပေ။ တစ်ချက်,တစ်ချက်တွင်မတော့ စိတ်ထဲသို့ရောက်လာသော်လည်း စိတ်ထဲ၌ ကြာကြာလက်ခံမထားဘဲ အတင်းပြန်မောင်းထုတ်ရ၏။

ထိုသို့မလုပ်၍မဖြစ် . . . ။ မယ်တော်ကြီးက အတွေးထဲရောက်သည်နှင့် ချာလပတ်ရမ်းအောင် မွှေ့တတ်သည် မဟုတ်လား။

စိန်အိုးသည် အရက်တစ်လုံးမှာပြီး ချောင်ကျသည့်စားပွဲဝိုင်းတွင် တစ်ယောက်တည်း ထိုင်သောက်နေလေ၏။ အရက်တစ်ပိုင်းခန့် ကျိုးသွားတော့ ရေချိန်က အနည်းငယ်တက်လာ၏။ သူ၏ရင်တွင်းခံစားမှုများလည်း ယမကာအရှိန်ကြောင့် အနည်းငယ် လှုပ်လှုပ်ရှားလာ၏။

သူ့ဇနီး၏သနားစဖွယ်မျက်နှာလေးကို မြင်ယောင်လာပြီး အတွေးဖြင့် စကားများစွာပြောနေမိသည်။ အရက်တစ်လုံးကုန်သွားသည့်အခါမှာတော့ သူ့မျက်ဝန်းမှာ မျက်ရည်စများဖြင့် အိုင်ထွန်းနေတော့၏။ ထိုအခါမှ သူလည်း ကိုယ့်ကိုယ်ကို သတိထားမိသွားပြီး ပုဆိုးခါးပုံစဖြင့် မျက်ရည်များကို ဖယ်ရှားလိုက်ရ၏။

ယမကာ၏အရှိန်က မြင့်လာလေ သူ၏ခံစားမှုများ ပိုပြီးရှုန်းကြွလေ ဖြစ်လာပြီး နောက်အရက်တစ်ပိုင်းသောက်ပြီးသည့်အခါမှာတော့ သူ၏ခံစားမှုများကို အဆုံးတိုင်ဖွင့်ထုတ်ဖို့ ဆုံးဖြတ်လိုက်တော့၏။

အရေးထဲ ငွေရှင်းပြီး ဆိုင်ကအထွက်မှာ မရွှေပုက အာချောင်ပြီး ပေါက်ကောင်စကားတွေ လာပြောနေလို့ ဟောက်လိုက်ရသေး၏။





အရက်တော့ မူးနေ၏။ သို့သော် ရုပ်ပျက်ဆင်းပျက် အနေအထားမျိုးမရှိ။ ခြေလှမ်းတွေက ပုံမှန်အတိုင်း အိမ်ဆီသို့ ဦးတည်လျက် . . . ။ အတွေးမှာလည်း ပြောရမည့်စကားများကို စီစဉ်ထား ပြီးသား . . . ။

စိန်အိုးအရက်ဆိုင်ရောက်နေသည့် ညနေခင်းအချိန်မှာပဲ မပြုံးကြည်လည်း အိမ်အလုပ်များပြီးစီးသွား၍ ဘီဒီဆေးပေါ့လိပ်ဖွာရှိုက်ရင်း သူမထိုင်နေကျဖြစ်သည့် အိမ်ရှေ့ကွပ်ပြစ်လေးတွင်ထိုင်ကာ ခြံအဝသို့ ငေးနေလေ၏။ ထိုရက်ပိုင်းအတွင်း သူမသည်စိတ်ထောင်းကိုယ်ကြေဖြစ်နေမှန်း ကိုယ့်ကိုယ်ကို သတိထားမိ၏။

ထိုသို့ဖြစ်နေပါက အနေးနှင့်အမြန်ဆိုသလို ဘုန်းဘုန်းလဲသွားမှာကိုလည်း သူမသိ၏။ သို့သော်လည်း စိတ်ခံစားမှုက ပြင်းထန်နေတာကြောင့် သူမလည်း ဘယ်လိုမှမတတ်နိုင်ဖြစ်နေ၏။

အတွေး၌ ထိုနေ့မှ ထူးထူးခြားခြား အိမ်ပြန်နောက်ကျနေသည့် ကိုစိန်အိုးကို သတိရလိုက်မိ၏။ လစ်လျူရှုထားပါလျက် ဝင်ဖြစ်အောင်ဝင်လာသည့် အတွေးကို အတင်းပြန်မောင်းထုတ်လိုက်ပြီး သူမလွန်စွာသတိရအောင့်မေ့သည့် သမီးလေးမိကြိုးကြာ၏ပုံရိပ်များကို မြင်ယောင်ခံစားလိုက်၏။

အင်း . . . သမီးအလိမ္မာလေး၊ အသေစောလိုက်တာနော်။ ဘဝအပေါ်မှာ အလိုက်သိတတ်၊ ကျေးဇူးသိတတ်တဲ့ သမီးလေးကောင်းရာဘုံဘဝမှာ ပျော်မွေ့နေလောက်ပြီ ထင်တယ်။

သူမသည် ဘီဒီဆေးပေါ့လိပ်ကို မီးခိုးထောင်းထောင်းထအောင် ဖွာရှိုက်လိုက်၊ အတွေးဖြင့် စကားများစွာပြောလိုက်ဖြင့်အချိန်ကုန်လို့ ကုန်မှန်းမသိ ဖြစ်နေလေ၏။ ညဦးပိုင်းအချိန်သို့ရောက်ရှိလာသဖြင့် တိုက်ခတ်နေသည့်လေက အနည်းငယ်ကြမ်း



www.burmeseclassic.com

www.burmeseclassic.com



လာသလို အဘေးလည်း ပိုလာ၏။

အစိမ်းထိလောင်ကျွမ်းနေပြီဖြစ်သည့် ဆေးပေါ့လိပ်ကို လွှင့်မပစ်ခင် ထိုဆေးလိပ်မီးနှင့် နောက်တစ်လိပ်ကို မီးကူးညှိလိုက်ပြီးမှ လွှတ်ပစ်လိုက်၏။ မီးစွဲသွားအောင် ဆေးပေါ့လိပ်ကို မပြတ်ရှူရှိုက်လိုက်သဖြင့် မီးခိုးများ ဘောင်းထောင်းထသွား၏။

သူမသည် အုံလိုက်၊ ကျင်းလိုက် ပျံ့လွင့်သွားသော မီးခိုးငွေ့များကို ငေးရီကြည့်နေစဉ်မှာဘဲ အခိုးအငွေ့များနောက်ကွယ်မှ ထင်ဟပ်လာသည့် ပုံရိပ်တစ်ခုကို သတိပြုမိသွားစဉ်မှာတော့ . . .

"ဟင် . . . သ . . . သမီးလေး . . . ကြိုးကြာ"

စိတ်ထောင်းကိုယ်ကြေဖြစ်နေသည့် သူမခန္ဓာကိုယ်က မယုံနိုင်လောက်အောင် အားအင်ပြည့်ဝသွားပြီး ကွပ်ပြစ်ပေါ်မှ မည်သို့ခုန်ဆင်းသွားမှန်းပင် မသိလိုက် . . .။

"အမေ . . ."

ခြံဝမှာ ရပ်နေသည့် ဖြူဖြူသက္ကာန်ရိပ်ဆီမှ ထွက်ပေါ်လာသည့် အသံ . . .။

သေ . . . သေချာပြီ။ ဒါ . . . သမီး . . . ငါ့သမီး . . .။

သူမသည် ခြံဝဆီသို့ အပြေးအလွှားသွားလိုက်ရာ ခြံဝနှင့် ငါးပေခန့်အကွာအရောက်မှာတော့ သူမခြေလှမ်းတွေက ရှုံ့ရပ်သွား၏။

"အမေ . . . သ . . . သတိထားပါ၊ သမီးအနားကို အရမ်းမကပ်ပါနဲ့၊ အဲဒီနေရာမှာ ရပ်နေပါ"

ဟူ၍ မိကြိုးကြာက ဟန့်တားလိုက်သောကြောင့် ဖြစ်သည်။

မြင်ကွင်းက မပီဝိုးတဝါးဟုဆိုရပေမယ့် သမီးရုပ်သွင်ကသိသာစွာ ပေါ်လွင်နေ၏။ ကြည်နူးပျော်ရွှင်မှုကြောင့် သူမခန္ဓာကိုယ်က ကတုန်ကရီဖြစ်နေ၏။





"သ . . . သမီး . . . အမေတို့ဆီ ပြန်လာတာပေါ့နော်၊ ဝမ်း . . . ဝမ်းသာလိုက်တာ သမီးရယ်"

မိကြိုးကြာ၏မျက်နှာလေးက ဖျော့တော့ညှိုးနွမ်းနေ၏။ မျက်ရည်ပေါက်များကို မတွေ့ရသော်လည်း မျက်ပန်းအိမ်မှာတော့ မျက်ရည်များရစ်ဝိုင်းသလို တဖျတ်ဖျတ်တောက်ပနေလေ၏။

မိကြိုးကြာက နှုတ်ကမဖြေဘဲ ဦးခေါင်းကို တဖြည်းဖြည်းခါရမ်းပြလေ၏။

"သမီးရယ် . . ."

မပြုံးကြည် ဖြေမဆည်နိုင်တော့ . . .။ မျက်ရည်များက ဒီးပိုးပေါက်ပေါက် စီးကျသွား၏။ ရှေ့တိုးဖို့ ဟန်ပြင်လိုက်သော်လည်း ခြေထောက်ကို တုန့်ဆွဲထားခြင်းခံရသလို လှုပ်မရဖြစ်နေ၏။ ထိုသို့ရှိနေစဉ်မှာပဲ မိကြိုးကြာက လွန်စွာအုံ့ဩဖွယ် ကိစ္စတစ်ခုကို ပြုလုပ်လိုက်လေ၏။

မိကြိုးကြာ၏ ဖြူဖြူသက္ကာန်ရိပ်သည် ရုတ်ချည်းပင် ဒူးထောက်ထိုင်လိုက်ပြီး သူမ၏လက်ညှိုးလေးဖြင့် သဲစပ်စပ်မြေပေါ်တွင် တစ်စုံတစ်ရာကို ရေးခြစ်လိုက်၏။ တခဏမျှသာ ဖြစ်၏။

မပြုံးကြည်လည်း အံ့ဩသည့် မျက်ဝန်းဖြင့်ကြည့်ရင်း နားလည်နိုင်ဖြစ်နေစဉ် မိကြိုးကြာက ဒူးထောက်ရာက ပြန်ထလိုက်ပြီး သူမမိခင်ကို ကြင်နာစွာ ပြုံးပြလိုက်ပြီး ၄င်းမြေပြင်ပေါ်သို့ လက်ညှိုးထိုးပြလေ၏။

"ဘာ . . . ဘာတွေများလည်း သမီးရယ်"

ထိုသို့ပြောလိုက်သဖြင့် မိကြိုးကြာက ခြေဟန်လက်ဟန်ဖြင့် သဘောပေါက်အောင် ရှင်းပြလေ၏။

"ဟင် . . . သ . . . သမီး . . . ဒါ . . . ဒါက . . ."



www.burmeseclassic.com

www.burmeseclassic.com



မပြုံးကြည် ရုတ်ချည်းပင် နားလည်သွား၏။ မယုံနိုင်လောက်အောင် အံ့ဩသွားသလို မကြုံစဖူးထူးကဲစွာ ပျော်ရွှင်သွားလေ၏။

သဲမြေပေါ်တွင် သူ့သမီးရေးခြစ်ပြလိုက်သည်မှာ လိပ်တစ်ကောင်၏ပုံဖြစ်၏။ ပြီးနောက် လက်ဟန်ခြေဟန်ဖြင့် သရုပ်ပြလိုက်သည်မှာလည်း မနက်ဖြန်တွင် ဖွင့်လှစ်မည့် ပေါက်ကောင်ဖွင့်ပွဲတွင် ၄င်းလိပ်ကိုထိုးဖို့ ပြောဆိုလိုက်ခြင်း ဖြစ်သည်။

သူမက နားလည်သည့်သဘောဖြင့် ခေါင်းငြိမ့်ပြလိုက်တော့ သမီးကြိုးကြာက ချစ်စဖွယ်ပြုံးလျက် လက်လေးဝှေ့ရမ်းကာ အနောက်ဘက်သို့ ပြေးထွက်သွားလေ၏။ ထိုအခါမှ မပြုံးကြည်လည်း ခြေလှမ်းကို ရွေ့လျားလို့ရသွား၏။

သမီးရပ်နေခဲ့သည့်နေရာသို့ အပြေးလေးသွားရောက်ပြီး သမီးထွက်ခွာရာအရပ်သို့ကြည့်ရင်း မျက်ရည်များက ထိန်းမရတော့ဘဲ စီးကျလာလေ၏။ မည်မျှကြာအောင် ငေးကြည့်နေမိသည်မသိ။ နောက်ဘက်ဆီမှ ထွက်ပေါ်လာသည့်အသံကြောင့် ရုတ်တရက် အထိတ်တလန့် ဖြစ်သွား၏။

"မိန်း . . . မိန်းမ . . . မင်းခြံဝမှာ ဘာရပ်လုပ်နေတာလဲ"

ဟူ၍ ထွက်ပေါ်လာသည့် စိန်အိုးအသံကြောင့် ဖြစ်၏။

"ဟင် . . . ကို . . . ကိုစိန်အိုး . . ."

သူမသည် စိန်အိုးကို လက်ညှိုးထိုးလျက် ပြူးကြောင်ကြောင်ကြည့်နေ၏။ သူမအမူအရာကိုကြည့်ရင်း စိန်အိုးလည်း သူမအတွက် လွန်စွာစိုးရိမ်သွားပြီး ပြေး၍ထွေးပွေ့လိုက်လေ၏။

"သ . . . သတိထားပါဦး မိန်းမရယ်၊ မင်း အခုလိုဖြစ်နေတာ ငါဘယ်လောက် ကြေကွဲခံစားရတယ်မှတ်လဲ၊ ငါ မင်းကိုတောင်းပန်ပါတယ်ကွာ၊ တစ်သက်စာ တောင်းပန်နေတာပါ၊ နောက်နေ့ ဆိုင်ငြင်းမကြိုက်တဲ့အလုပ်မျိုး ငါဘယ်တော့မှ မလုပ်ဘူးဆိုတာ ယုံလိုက်ပါတော့။





အခုလည်း ဒီအရက်ကို သောက်ချင်လို့ သောက်ခဲ့တာ မဟုတ်ပါဘူး၊ မင်း ငါ့အပေါ်မှာ နာကျည်းပြီး သူစိမ်းတစ်ယောက်လို ဆက်ဆံနေတော့ ငါဘယ်လိုမှ မခံစားနိုင်ဘူး၊ တစ်နေ့လည်း မဟုတ်၊ နှစ်နေ့လည်း မဟုတ်၊ ငါ့နှလုံးသားကို ဓါးနဲ့ခွဲပြီး ဆားသိပ်နေသလို ခံမရပ်နိုင်ဖြစ်ရတယ် မိန်းမရယ်။

မင်း . . . မင်းကို ငါတောင်းပန်ပါတယ်၊ မင်း ငါ့ကို အဲဒီလို ဆက်ဆံနေမယ့်အစား ဟောဒီတံစဉ်နဲ့ ငါ့လည်ပင်းကို လှီးလိုက်စမ်းပါ၊ ငါကျေကျေနပ်နပ် ခံယူပါ့မယ်၊ ငါ ဒီထက်ပိုပြီး မခံစားနိုင်တော့လို့ပါ မိန်းမရယ် . . . ဟီး . . . ဟီး . . . ဟီး"

စိန်အိုးသည် မထင်မှတ်ဘဲ သူလိုချင်သည့်အကွက်မျိုး ဆိုက်ရောက်သွားသည်ကြောင့် သူ့ဇနီးကို တင်းကြပ်စွာ ပွေ့ဖက်ထားရင်းက ရင်တွင်းခံစားမှုများကို ဒလဟောဖွင့်ချလိုက်ခြင်း ဖြစ်သည်။ ထိုသို့ ပြောချင်လို့လည်း သူသည် အရက်ဖြင့် မောင်းတင်းခဲ့ခြင်း ဖြစ်သည်။

ရုတ်တရက်တော့ မပြုံးကြည်လည်း အူကြောင်ကြောင် ဖြစ်နေသေး၏။ သို့သော်လည်း စိန်အိုးထံမှ ထိုသို့သော စကားမျိုး တစ်ခါမှ မကြားဘူးခဲ့သလို ကြားရသည်မှာ လွန်စွာအရသာရှိသောကြောင့် အသာငြိမ်နေလိုက်၏။ သို့သော် သူမကြာကြာဆက်ငြိမ်နေလို့ မရတော့ . . .။

လူကြမ်းကြီးစိန်အိုးက အားကောင်းမောင်းသန်လက်ကြီးတွေနှင့် အတင်းပွေ့ဖက်ထားသဖြင့် ကြာလျှင် သူမအသက်ရှူရပ်ပြီး သမီးမိကြိုးကြာနောက်သို့ အမှန်ပင် လိုက်သွားရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



စိန်အိုးကတော့ ထိုအဖြစ်ကို ရိပ်မိပုံမပေါ် . . .။ တင်းသထက် တင်းအောင် အားပင်ထည့်လိုက်သေး၏။

မပြုံးကြည်က အတင်းရုန်းကန်အော်ဟစ်လိုက်တော့မှ သူ့ လက်တွေကို ဖြေလျှော့လိုက်လေ၏။ ထိုမျှနှင့် အားမရသေး . . . စိန်အိုးသည် မြေပေါ် ဒူးထောက်ချလိုက်ပြီး မျက်ရည်ပြည့်လျှံနေသည့် မျက်ဝန်းဖြင့် မော့ကြည့်ကာ ရင်တွင်းသံစဉ်များကိုထုတ်လွှင့်ဖို့ ဟန် ပြင်လိုက်သေး၏။

ထိုအခါမှာတော့ မပြုံးကြည်လည်း မနေသာတော့ . . . သူမပြောလိုသည့် စကားများကို အားရပါးရ ပြောချလိုက်လေရာ

"ဟင် . . . ဘယ် . . . ဘယ်လို မိန်းမ၊ သ . . . သမီးလေး လာ . . . လာသွားတယ် ဟုတ်လား"

စိန်အိုးသည် ဒူးထောက်နေလျက်က ရုတ်ချည်းပင် မတ် တပ်ရပ်သွားပြီး အထိတ်တလန့် ဖြစ်သွား၏၊ ဇနီးအတွက်လည်း လွန်စွာစိုးရိမ်သွားပြီး . . .

"မဟုတ်တာဘဲ မိန်းမရယ်၊ မင်းစိတ်စွဲလန်းပြီး မြင်မိမြင်ရာ တွေ မြင်တာဖြစ်ပါလိမ့်မယ်၊ ဒီရက်ပိုင်းအတွင်း သမီးစိတ်ကြောင့် မင်းအအိပ်ပျက်၊ အစားပျက်နဲ့ ကြာရင် မင်းဘုံးဘုံးလဲသွားတော့ မယ်၊ စိတ်ကိုလျှော့ပါ မိန်းမရယ်"

"အို . . . ရှင်ကလည်း ကျွန်မဘာမှ ကယောင်ချောက်ချား ဖြစ်တာ မဟုတ်ဘူး၊ သ . . . သမီးကလေး ကျွန်မတို့ကို ဒီလိုဘဝ လွတ်အောင် လာပြီးကယ်တင်နေတာ"

မယုံနိုင်လောက်အောင် ပျော်ပါးလန်းဆန်းနေသည့် မပြုံး ကြည်ကိုကြည့်ရင်း စိန်အိုးလည်း ဘာလုပ်ရမှန်းမသိ ဖြစ်နေ၏ သူ့အတင်းချော့မော့ပြီး ခေါ်သဖြင့် လိုက်ပါလာရင်းတဲ ကလေး





တစ်ယောက်လို မြူးကြွစွာ စကားဆိုနေဆဲပင်။

ကွပ်ပြစ်တွင် ထိုင်လျှင်ထိုင်မိသည်နှင့် . . .

"ဒီမှာ ကိုစိန်အိုး . . . ရှင့်ကို ဒီနေ့ကစပြီး ကျွန်မအပြတ် ပြောမယ်၊ ရှင်သေသေချာချာ နားထောင်၊ ပြီးတော့ တိတိကျကျ လိုက်နာ၊ ကဲ . . . ဘယ်လိုလဲ၊ ကျွန်မကို ကတိပေးနိုင်မလား"

"အေး . . . ပေး . . . ပေးပါတယ်၊ ငါ ဘာကယ်လိုက်နာ ပါ့မယ်"

"ဟုတ်ပြီ . . . နောက်နေ့တွေကစပြီး ရှင့်နေရာကို ကျွန်မ ယူလိုက်ပြီ"

"ဘယ် . . . ဘယ်လို"

စိန်အိုး မျက်လုံးပြူးသွား၏။ သူ့မိန်းမစိတ်များဖောက်ပြန် သွားပြီလား၊ သူမက လင်ဖြစ်သူ၏ ပြူးတူးပြဲတဲအမူအရာကိုကြည့် ကာ သဘောကျစွာ ရယ်လိုက်ပြီး . . .

"ဟား . . . ဟား . . . ဟား . . . ဩော် . . . ရှင်က အထူး အဆန်း ဖြစ်သွားတာကိုး၊ ဒီမှာ ကျွန်မစကားကို အသေအချာနား ထောင်စမ်း"

ဟုဆိုပြီး နောက်ဆက်တွဲစကားများကို ကြားလိုက်ရစဉ်မှာ တော့ စိန်အိုးအဖို့ မျက်လုံးပြူးရုံသာမက ကွပ်ပြစ်ပေါ်က နောက် ဂျွမ်းပစ်လဲကျသွားမဟုတ် တုန်လှုပ်ချောက်ခြားသွားတော့၏။

"ဘာ . . . ဘယ်လို မိန်းမ၊ အိမ်နဲ့ခြံဝိုင်းကို ပေါင်မယ် . . . ဟုတ်လား၊ ပြီး . . . ပြီးတော့ မယ်တော်ကြီးကို အနိုင်ယူစီးချင်း ထိုးဖို့ မနက်ဖြန်ပေါက်ကောင်းဖွင့်ပွဲမှာ သမီးပြောသွားတဲ့လိပ်ကို ထိုးမယ်၊ အောင် . . . အောင်မလေး . . . သေပါပြီဗျ"

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

သူကြီးဦးမှုန်ကြီးသည် သူ၏ခြေတံရှည်အိမ်ကြီးရှေ့ရှိ မြေကွက်လပ်တွင် ကြိမ်ကုလားထိုင်ကြီးဖြင့် မိန့်မိန့်ကြီးထိုင်လျက် ရှိနေ၏။ ၎င်းကြိမ်ကုလားထိုင်မှာ ထိုဒေသတစ်ဝိုက်ရှိ ရွာသူကြီးများထဲတွင် သူသာလျှင် အသုံးပြုနိုင်သည့် ကုလားထိုင်ဖြစ်၏။

တန်ဖိုးကြီးမားသလို ၎င်းကုလားထိုင်ပုံစံမျိုးလုပ်ဖို့လည်း မလွယ် . . .။

သူသည် ထိုကုလားထိုင်ကို အမြဲအသုံးပြုခြင်း မရှိ . . .။ သာမန်ကိစ္စများ ပြောဆိုသည့်အခါ သမားရိုးကျကုလားထိုင်ကိုသာ အသုံးပြုမြဲဖြစ်၏။ ဆိုရသော် သူကြီးဦးမှုန်ကြီးသည် ၎င်းကုလားထိုင်ကို လွန်စွာအလေးအမြတ် တန်ဖိုးထားသောကြောင့် ဖြစ်သည်။

သူအသုံးပြုသည့်ကိစ္စမှာ ရပ်ရွာအတွက် လွန်စွာအရေးကြီးသည့် တရားစီရင်ခြင်းအမှုမျိုး ဆောင်ရွက်သည့်အခါများတွင်သာ ဖြစ်၏။ ထိုကုလားထိုင် သူ့ဆီရောက်လာပုံကလည်း ထူးခြား၏။





ပြီးတော့ သူ့အတွက်သာလျှင်မက . . . သူအုပ်ချုပ်သည့် ရပ်ရွာအတွက်လည်း လွန်စွာဂုဏ်ယူဖို့ ကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်က သူတို့ဒေသဘက်ဆီသို့ ဘင်္ဂလားဘက်မှ ကျူးကျော်ဝင်ရောက်လာသည့် ကုလားသူပုန်အချို့ကြောင့် ရွာများမှာ ကျိုးလန့်စာစားဖြစ်ခဲ့ရ၏။ ၎င်းကုလားသူပုန်များ၏ အနိုင်ကျင့်စော်ကားမှုကို အချို့ရွာများကြုံတွေ့ရ၏။

အုပ်ချုပ်ရေးနှင့် လွန်စွာအလှမ်းဝေးကွာသည့် ဒေသဖြစ်၍ ရွာလူထုမှာ ရပ်ရွာအေးချမ်းသာယာရေးအတွက် ကိုယ့်အားကိုယ်ကိုးပြီး စည်းလုံးညီညွတ်စွာဖြင့် ၎င်းကုလားသူပုန်များ၏ အန္တရာယ်ကို ရင်ဆိုင်တွန်းလှန်ရတော့၏။

ဆိုရသော် သူကြီးဦးမှုန်ကြီးသည် အနီးအပါးရှိ လူကြီးများကို ဦးဆောင်စည်းရုံးပြီး တိုက်ရည်ခိုက်ရည်ရှိသည့် ရွာသားများဖြင့် စစ်တပ်သဖွယ် ဖွဲ့စည်း၏။ အရွယ်ရောက်လူငယ်များကိုလည်း တိုက်ရည်ခိုက်ရည် တတ်ကျွမ်းစေရန် သင်ကြားစေ၏။

အတော်အသင့်ပြင်ဆင်ပြီးသည်နှင့် သူသည် ကုလားသူပုန်များကို ရင်ဆိုင်တိုက်ခိုက်သည့်အခါ ထိရောက်မှုရှိစေဖို့ မဟာဗျူဟာများ ချမှတ်လေ၏။ ရာဇဝင်တွင်လောက်အောင် ပြောင်မြောက်သည့်တိုက်ပွဲဟု တင်စားနိုင်လောက်အောင် ဦးမှုန်ကြီးသည် စွမ်းဆောင်နိုင်ခဲ့၏။

ကုလားသူပုန်များသည် စည်းရုံးရေးစွမ်းရည်၊ ညီညွတ်မှုစွမ်းအား၊ ရဲစွမ်းသတ္တိပြည့်ဝသည့် ဒေသခံများ၏ တိုက်ခိုက်တွန်းလှန်မှုများကို တောင့်ခံနိုင်စွမ်းရှိဘဲ ကစဉ့်ကလျားပင် ဆုတ်ခွာပြေးရလေ၏။ ဦးမှုန်ကြီးက ကစဉ့်ကလျားပြိုကွဲသွားသည့် ကုလားသူပုန်များကြားသို့ အတင်းထိုးဖောက်ဝင်ရောက်ပြီး ကာစင်ဟူသော



www.burmeseclassic.com

www.burmeseclassic.com



သူပုန်ခေါင်းဆောင်ကိုပင် လက်ရဖမ်းဆီးနိုင်ခဲ့၏။

ဇွင်းသူပုန်ခေါင်းဆောင်ကာစင်ကို အကျဉ်းသား[illegible]ရက်အတန်ကြာချုပ်နှောင်ပြီး စစ်တွေမြို့တွင် ရုံးစိုက်သည့် အရေးပိုင်မင်းထံသို့ လွှဲပြောင်းအပ်နှံလိုက်၏။ အရေးပိုင်မင်းသည် အကျဉ်းသားကို လက်ခံရယူပြီး ဦးမှုန်ကြီး၏ရဲစွမ်းသတ္တိကို အများရှေ့တွင် အကျယ်တဝင့် ပြောဆိုချီးကျူးသွား၏။

ထို့နောက် အရေးပိုင်ကြီးက ဘယ်ကဘယ်လို စိတ်ကူးရသွားသည်မသိ။ အခြားမည်သည့်အရာကိုမှ ချီးမြှင့်ခြင်းမပြုဘဲ သူအသုံးပြုသည့် တစ်ပတ်နွမ်းကြိမ်ကုလားထိုင်ကြီးကို ဂုဏ်ပြုလက်ဆောင်အဖြစ် ပေးအပ်ချီးမြှင့်သွားလေ၏။

အထက်ပါဖြစ်စဉ်မှာ ဦးမှုန်ကြီးအသုံးပြုသည့် ကြိမ်ကုလားထိုင်ကြီးနှင့် ပတ်သက်သည့် အကြောင်းအရာ အကျဉ်းချုပ်ဖြစ်၏။

ထိုနေ့မှာလည်း ဦးမှုန်ကြီးသည် ရပ်ရွာအေးချမ်းသာယာရေးကို ထိပါးလာသည့် အမှုအခင်းကိစ္စဖြစ်၍ ၄င်းကုလားထိုင်ကို ထုတ်ယူအသုံးပြုလိုက်ခြင်း ဖြစ်သည်။ ထိုကုလားထိုင်မှာ ထိုင်မိသည်နှင့် ဦးမှုန်ကြီးလည်း မည်သို့ဖြစ်သွားသည်မသိ။

သူ့ခန္ဓာကိုယ်က သွေးသားများ ရှန်းကြွဆူဝေလာပြီး ဘုရင်ခံချုပ်ကြီးကိုယ်တိုင် အမှုအခင်းစစ်ဆေးနေသည့်အလား ခံစားရလေ၏။ အပြောအဆို အမူအရာများမှာလည်း ဘုရင်ခံချုပ်ကြီးပင် လက်ဖျားခါ[illegible]က်အောင် ဟိတ်ဟန်ကောင်းနေတော့၏။

ဦးမှုန်ကြီး၏ ဘေးတစ်ဖက်တစ်ချက်တွင် သက်တော်စောင့်များပမာ ရိုကျိုးစွာ ရပ်နေကြသူများမှာ ကျိန်ချောင်းရွာသားနေခနှင့် ဆန်းဝင်းတို့ ဖြစ်၏။ ဦးမှုန်ကြီးနှင့် ငါးပေမျှသာ ကွာဝေးသည့်နေရာတွင် လက်နောက်ပြစ်လျက် ကိုယ်ကို မတ်မတ်ရပ်ကာ ရှိနေ





သူမှာ တံငါအလုပ်ဖြင့် အသက်မွေးဝမ်းကြောင်းပြုနေသူ နိုင်နိုင်ဖြစ်၏။

ဦးမှုန်ကြီးသည် ကုလားထိုင်တွင် မိန့်မိန့်ကြီးထိုင်လျက် နိုင်နိုင်ကို အတန်ကြာစူးစိုက်ကြည့်ရင်း အကဲခတ်နေလေ၏။ နိုင်နိုင့်အမူအရာကိုကြည့်ရင်း စိတ်ထဲဘဝင်မကျဖြစ်ရသလို အောင့်သက်သက်လည်း ဖြစ်သွား၏။

တခြားသူတွေဆိုလျှင် ဤကုလားထိုင်ကြီးပေါ်မှာထိုင်ပြီး စူးစိုက်ကြည့်လိုက်ရုံနှင့် ထိုသူမှာ ထိုင်ရမလို၊ ထရမလိုနှင့် တုန်လှုပ်ချောက်ချားသွားကြသည်ချည်း ဖြစ်၏။ ဒီကောင်ကတော့ ထိုအမူအရာမျိုး အနည်းငယ်မျှ ရှိမနေသည်ကြောင့် ဦးမှုန်ကြီးအဖို့ ထူးဆန်းသလို ဖြစ်နေ၏။

ဦးမှုန်ကြီးကဲ့သို့ပင် အနီးတွင်ရှိနေကြသူများလည်း နိုင်နိုင့်ကိုကြည့်ရင်း အံ့သြနေကြ၏။

ဦးမှုန်ကြီးသည် ကျေနပ်လောက်အောင် အကဲခတ်ကြည့်ရှုပြီးပြီဖြစ်၍ သူ၏အသံသြသြကြီးဖြင့် စတင်စကားဆိုလိုက်၏။

"ကဲ . . . နိုင်နိုင်၊ စောစောက နေခနဲ့ ဆန်းဝင်းပြောတဲ့အပေါ်မှာ မင်းဘာပြောချင်သေးလဲ"

"လိမ်လည်ထွက်ဆိုသွားတာပါ၊ သူတို့ပြောတာ မဟုတ်ပါဘူး"

"ဟေ . . ."

နိုင်နိုင့်တုန့်ပြန်စကားက ဘယ်လိုမှ ထင်မှတ်မထားသည့်စကားဖြစ်၍ သူကြီးမျက်လုံးပြူးသွား၏။ တုန့်ပြန်စကားက ပြတ်သည်။ ရဲရဲဝံ့ဝံ့ရှိသည်။

ထိုစကားကြောင့် အပိုင်တွက်ထားကြသည့် နေခနှင့် ဆန်းဝင်းတို့လည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း အူ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ကြောင် ဖြစ်သွားကြ၏။ တရားခံဟု ယူဆထားသူက အပြတ် ငြင်းလိုက်ပြီဆိုတော့ တရားလိုဖြစ်ကြသည့် သူတို့နှစ်ဦးကို သူကြီးက ဘယ်လိုလဲဆိုသည့် အကြည့်မျိုး ကြည့်လိုက်၏။

သူတို့နှစ်ဦးအဖို့ ထိုအကြည့်ကြောင့် ဘယ်ချောင်သွားနေရမှန်းမသိအောင် ထိတ်လန့်တုန်လှုပ်သွား၏။ သို့သော်လည်း သူကြီးဦးမှုန်ကြီးက ဉာဏ်ကြီးသူပီပီ ပါးပါးနပ်နပ် စကားဆိုလိုက်ပြန်၏။

"ကောင်းပြီ . . . မင်းက အဲဒီလိုဘာကြောင့် ပြောနိုင်ရတာလဲ"

"သူတို့ပြောသလို ကျွန်တော်ဘယ်သရဲနဲ့မှ စကားမပြောဘူး"

"အရက်တိုက်တယ်ဆိုတာကရော . . ."

"အများရှေ့မှာ အဲဒီစကားမျိုးသွားပြောရင် ကျွန်တော့်ကို အရူးလို့ ပြောကြမှာပေါ့၊ သရဲက အရက်သောက်တယ်ဆိုတာ သူကြီးကြားဖူးလို့လား၊ ကျွန်တော့်တစ်သက် တစ်ခါမှမကြားဖူးဘူး"

သူကြီး အောင့်သက်သက်ဖြစ်သွား၏။ နိုင်နိုင်စကားတွေက သူ့ကိုပြန်ပတ်သလို အရှောင်မတတ်လျှင် သူကိုယ်တိုင် ငပေါသူကြီးအဖြစ်မျိုး ရောက်သွားနိုင်သည်။ ယုတ္တိမရှိမှန်းသိသော်လည်း မျက်မြင်သက်သေနှစ်ဦးက အခိုင်အမာထွက်ဆိုထားသည်ကြောင့် နိုင်နိုင်သည် အလွယ်တကူ ဝန်ခံလိမ့်မည်ဟု ထင်မှတ်ထားခဲ့၏။

သူကြီး အတော်လေးခေါင်းစားသွား၏။

"ကဲ . . . ဒါဆို မင်း ဘာလို့ အဲဒီတားမြစ်ရေကန်ကို သွားရတာလဲ"

ချောင်ပိတ်မေးလိုက်သည့် မေးခွန်း . . .။ တကယ်တော့ တရားခံကို ထိုသို့သော မေးခွန်းမျိုး မမေးချင်ပေမယ့် ဒီကောင့်အနေအထားက မမေးလို့မဖြစ်တော့ . . .။ နိုင်နိုင်ဖြေပုံကလည်း





ရိုးရိုးစင်းစင်းပင်။ ချောင်ပိတ်မခံ . . .။ ရှူးသလို ကြောင်သလိုနှင့် အသာရှောင်ထွက်သွား၏။

"ကျွန်တော် ဘယ်လောက်အရက်ကြိုက်တတ်မှန်း သူကြီးသိပါတယ်၊ ပြီးတော့ ကျွန်တော်က အုပ်စုဖွဲ့ပြီး အရက်သောက်တာမျိုးကို နှစ်သက်တဲ့သူ မဟုတ်ဘူး၊ တစ်ကိုယ်တည်း ဖိုးလ်လေးနဲ့ အရက်သောက်တတ်တော့ ကျွန်တော့်အတွက် အသင့်တော်ဆုံးဖြစ်တဲ့ အဲဒီရေကန်မှာ အရက်သွားသောက်တာပေါ့"

"ဘာကွ . . . အရက်သွားသောက်တယ် ဟုတ်လား၊ မင်း အရက်သောက်စရာ နေရာက ဒီလောက်ရှားသလား"

"ဟား . . . သူကြီးကလည်း အရက်သောက်တာပဲ၊ ကိုယ့်ဘာသာ ဘယ်နေရာသောက်သောက်ပေါ့၊ ပြီးတော့ သူကြီးထုတ်ပြန်ထားတာက ငါးမဖမ်းရတဲ့ အမိန့်မဟုတ်လား၊ အရက်မသောက်ရဘူးလို့ အမိန့်ထုတ်မထားပါဘူး"

သွားပြီ . . .။ အဆုံးသတ်ပြောလိုက်သည့် နိုင်နိုင့်စကားက သူကြီးအဖို့ ထောက်လက်သီးတစ်လုံး ပစ်သွင်းခံရသလို လွန်စွာအထိနာသွား၏။

နိုင်နိုင်ဆိုတဲ့ကောင်ကလည်း တစ်ချက်လေးမှ မျက်နှာထားမလျော့ . . .။ မတ်မတ်ရပ်ရင်းက ရင်ဘတ်ကိုပင် အနည်းငယ်ကော့လိုက်သေး၏။ သူကြီးသည် နိုင်နိုင့်ကို အရေးယူချင်နေပြီး ထိပ်တုံးခတ်ချင်ပြီ။ အထောက်အထား ခိုင်မာဖို့တည်ဆောက်နေရင်းက လမ်းကြောင်းက လွဲ,လွဲသွားတာကြောင့် ကြိတ်မနိုင်၊ ခဲမရဖြစ်နေ၏။

သူကြီး၏မျှားဦးက သူ့ဘေးမှာ ရပ်နေသည့် မျက်မြင်သက်သေနှစ်ဦးထံ ဒေါသတကြီးကျရောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် နေခ . . ."

"ခင်ဗျာ . . ."

"မင်းတို့ပြောတော့ သရဲအရက်သောက်ဖို့အတွက် အရက်ထည့်ထားတဲ့ခွက်ကို မြေကြီးပေါ် သွန်ချတယ်ဆို . . ."

"ဟုတ်ပါတယ် သူကြီး"

"အကြီးဆုံး ငါးတစ်ကောင်ကို သရဲအတွက် ဒီကောင့်က ပစ်ကျွေးတယ်ဆိုတာကရော"

"အသေအချာပေါ့ သူကြီး"

"သူ . . . အဲဒီလို လုပ်နေတာနဲ့ပဲ မင်းတို့က ဘာလို့ထွက်ပြေးလာရတာလဲ"

"ဒါ . . . သရဲငါးစားမှာကို မကြည့်ရဲလို့ပါ"

"ဟား . . . ဟား . . . ဟား"

အနီးတွင်ရှိနေကြသူများ၏ရယ်သံက ဝေါကနဲ ထွက်ပေါ်သွား၏။ ထိုအချိန်မှာတော့ တစ်ယောက်စကားတစ်ယောက်ကြားရင်းက စိတ်ဝင်တစား ရောက်ရှိလာသူများဖြင့် စည်ကားနေပြီဖြစ်၏။

သူကြီးသည် ယုံယုံကြည်ကြည် ခိုင်းစေလိုက်သည့် နေခနှင့် ဆန်းဝင်းတို့ကို လွန်စွာစိတ်ပျက်သွားပုံရ၏။ သူတို့ကို ဆက်မေးနေလျှင်လည်း မိမိလိုချင်သည့် လမ်းကြောင်းမျိုး ရောက်လာဖို့ အကြောင်းမရှိ . . .။

ထို့ကြောင့် သူသည် မျှားဦးကို နိုင်နိုင့်ဆီသို့ ပြန်ပြောင်းလိုက်ပြီး . . .

"ဒီကောင်တွေ ပြောတဲ့အပေါ်မှာ မင်းဘာပြောချင်သေးလဲ"

ဟု မျက်နှာတည်တည်ဖြင့် မေးလိုက်ရာ နိုင်နိုင်က စိတ်ပျက်လက်ပျက် အမူအရာမျိုးဖြင့် မျက်နှာကို ရှုံ့မဲ့လိုက်ပြီး . . .





"ဟား . . . သူကြီးရယ်၊ တစ်ရွာတည်းနေပြီး ဒီကောင်တွေ ဘယ်လိုအကျင့်စရိုက်မျိုးရှိတယ်ဆိုတာ သူကြီးမပြောနဲ့ ကလေးက အစ သိပါတယ်၊ အခု သူတို့ပြောတဲ့စကားကို သူကြီးတို့ ကျွန်တော်တို့လို လူကြီးတွေမပြောနဲ့ ကလေးတွေကို မေးရင်တောင် အဲဒီစကားဟာ ယုတ္တိရှိသလား၊ မရှိဘူးလားဆိုတာ သိပါတယ်။

အခု ကျွန်တော်သည်းခံပြီး အစစ်ခံနေတာ သူကြီးကို ကိုယ့်ရပ်မိရပ်ဖလို လေးစားနေလို့သာပေါ့၊ နို့မဟုတ်ရင် ကျွန်တော့်ကို အသရေဖျက်မှုနဲ့ ဒီကောင်နှစ်ကောင်ကိုပြန်ပြီး တရားစွဲမှာ"

ဟု ခပ်တင်းတင်းလေသံဖြင့် တုန့်ပြန်လိုက်တော့ သူကြီးသည် ထိုကိစ္စမှာ သူ့ပယောဂလည်း မကင်းသည်ကြောင့် မိန့်မိန့်ကြီးရှိနေသည့် ခန္ဓာကိုယ်ကြီးက လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားလေ၏။ ဟန့်မပျက်အောင် မနည်းထိန်းလိုက်ရ၏။

အခန့်မသင့်လျှင် အများရှေ့တွင် မိမိပါရောပြီး အရှက်တကွဲဖြစ်ရမည့် ကိန်းဆိုက်နေပြီ။

နိုင်နိုင့်ကို အရေးယူဖို့ဆိုလျှင် ဖမ်းမိသည့်ငါးများ သက်သေခံပစ္စည်းအဖြစ် ရှိဖို့လိုသည်။ မိမိအားကိုးယုံကြီး စေခိုင်းလိုက်သည့် နေခနှင့် ဆန်းဝင်းစကားတွေကလည်း ပြောလိုက်တာနှင့် သောက်တလွဲတွေချည်း ဖြစ်နေ၏။

မိမိဖြစ်စေချင်သည့်သဘောက ထိုငါးကန်က နိုင်နိုင်ပြန်အလာကို စောင့်ဆိုင်းပြီး နောက်ယောင်ခံကာ လိုက်ပါစေလိုသည်။ ဒီကောင်နှစ်ကောင်ရဲ့အဖြစ်က ထိုအဆင့်သို့ မရောက်ခဲ့ . . .။ အကြောက်လွန်ပြီး ထွက်ပြေးခဲ့ကြ၏။

မတော်လို့များ ဒီကောင်နှစ်ကောင်က သူကြီးက အရက်တိုက်ပြီး စေခိုင်းပါတယ်လို့ ပြောထွက်သွားပါက မိမိအဖြစ်က နေ



www.burmeseclassic.com

www.burmeseclassic.com



ရင်းထိုင်ရင်း သူကြီးဘဝက ခွေးလုံးလုံးဖြစ်သွားနိုင်သည်။ နိုင်နိုင်ဆိုသည့် ကောင်ကလည်း ငြိမ်နေတော့မှာ မဟုတ် . . .။

မိမိကို လူအများရှေ့မှာ လက်ညှိုးထိုးပြီး ရစရာမရှိအောင်ပြောပေတော့မည်။

မဖြစ် . . .။ ဒီကိစ္စကို မြန်မြန်ပွဲသိမ်းလိုက်ရမည်။

သူကြီးဦးမှုန်ကြီးသည် ရုတ်တရက် တွေဝေသွားရာမှ ချက်ချင်းပင် အမူအရာကိုပြင်လိုက်ပြီး လွန်စွာတည်ကြည်ခန့်ညားသောအသွင်ဖြင့် စားပွဲခုံအား လက်သီးကိုဆုပ်ရင်း ခပ်ဆတ်ဆတ်ထုလိုက်၏။

"ဒုန်း . . ."

ငှင်းလုပ်ရပ် ဘာဆိုသည်ကို အနီးတွင်ရှိနေသူများအားလုံးသဘောပေါက်နားလည်ကြသဖြင့် သူတို့တွေ၏ မျက်လုံးအကြည့်ကသူကြီးထံသို့ စူးစိုက်ကျရောက်သွားလေ၏။ အခြားမဟုတ် . . .။ သူကြီးသည် ကိစ္စတစ်ခုကို အပြီးတိုင်အမိန့်ချတော့မည်ဆိုလျှင် ထိုသို့ပြုလုပ်မြဲဖြစ်ကြောင်း သိနေကြ၍ဖြစ်သည်။

"ဟေ့ကောင် နိုင်နိုင် . . ."

"ခင်ဗျာ . . ."

"ဒီနေ့ကစပြီး ငါ့အမိန့်မရမချင်း အဲဒီကန်ကို မင်းလုံးဝမသွားရဘူး၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ငါ့နည်းငါ့ဟန် စုံစမ်းဦးမယ်၊ အဖြေတစ်ခုခုရမှ မင်းကို သွားခွင့်ပြုမယ်"

နိုင်နိုင်ကလည်း ခေသူမဟုတ်။ ချက်ချင်းပင် တုန့်ပြန်စကားဆို၏။

"သူကြီးသဘောအတိုင်းပါပဲ"

ပြီးပြီ။ တရားစီရင်ခြင်းကိစ္စက ထိုမျှနှင့် ပြီးဆုံးသွား၏။





သို့သော် ငှင်းကိစ္စထက်ပင် ပိုပြီးစိတ်ဝင်စားဖို့ ကောင်းသည့်သတင်းက သူတို့ထံသို့ အမှတ်မထင်ရောက်ရှိလာ၏။

ကိစ္စများပြီးပြတ်သွားသဖြင့် စုဝေးလျက် ရှိနေကြသူ ြန်လည်ထွက်ခွာဖို့ ဟန်ပြင်နေစဉ်မှာပဲ သူတို့ထံသို့ ရေးကြီးသုတ ာခြေလှမ်းဖြင့် ရောက်ရှိလာသည့် တင်မြင့်ဦးကြောင့် ဖြစ်၏။

"စိန်အိုးတို့မိသားစုတော့ တော်တော်အဆင်ပြေသွားပြီဗျို့၊ ာကယ့်ကို အချိုကြီးပဲ"

သူကြီးလည်း စိတ်ဝင်တစားဖြစ်သွားပြီး ထိုင်ရာကပင် ာလိုက်၏။

"ဟေ့ကောင် တင်မြင့်ဦး၊ အရင်းမရှိ အဖျားမရှိ ဘာအချို ျး်းလဲကွ"

"ဟာ . . . သူကြီးကလည်း ဘာအချိုကြီးရှိရဦးမှာလဲ၊ ါက်ကောင်အချိုကြီးမိသွားတာကို ပြောတာပေါ့၊ လောင်းကြေးက ာ်တော်များတယ်၊ အိမ်ပေါင်ပြီး ထိုးတာတဲ့"

"ဟေ . . ."

အားလုံးမယုံနိုင်လောက်အောင် တအံ့တသြဖြစ်သွားကြ ၏။ တင်မြင့်ဦးက အကြောင်းစုံကို ဆက်ပြီးရှင်းပြရာ မိမိမှာလည်း ယုံမရဲဖြင့် သူတို့ထိုးသည့် လိပ်ကောင်ကို လိုက်ထိုးခဲ့သဖြင့် အတော် လေးရလိုက်ကြောင်း၊ ထိုမျှအထိ စွန့်စားထိုးဖို့ ဆုံးဖြတ်လိုက်သူမှာ န်အိုးဇနီးဖြစ်ကြောင်း၊ အိမ်ပဲမက်အရထိုးခြင်းဖြစ်ကြောင်း စသဖြင့် ပြောလိုက်ရာ ကြားရသူများလည်း စိန်အိုးတို့အတွက် ဝမ်းသာပီတိ ဖြစ်ကြလေ၏။

"အခုလို ကြားရတာ ဝမ်းသာလိုက်တာဟယ်၊ ဒါဆိုရင် န်အိုးတို့လင်မယား သူ့သားအငယ်ကောင်ကို ကိုရင်ဝတ်ပေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြီပေါ့"

"စိန်အိုးလည်း လယ်မဲ့ ယာမဲ့ ဘဝရောက်နေတာ ဘယ်လောက်ကြာပြီလဲ၊ ဒီလောင်းကြေးမျိုးဆိုရင်တော့ လယ်ဧကနှစ်ဆယ်လောက်တော့ အသာလေး ဝယ်နိုင်ပြီ"

"တောက် . . . တို့ဧတွ မသိလိုက်တာ နာတယ်ကွာ"

"အေးကွာ . . . နောက်တစ်ပတ် စိန်အိုးတို့ ဘယ်ပေါင်ကောင်ရွေးမလဲ စောင့်ကြည့်ရမယ်"

ထိုသူတွေ၏ တစ်ယောက်တစ်မျိုးပြောနေသည့် စကားများကို မီးကိုရေနှင့် ငြိမ်းသတ်လိုက်သလို ဖြစ်သွားစေသည်က တင်မြင့်ဦး၏စကားပင် ဖြစ်၏။

"ဟေ့လူတွေ . . . အဲဒီအတွက်တော့ ခင်ဗျားတို့ အားမစိုးရိမ်နဲ့၊ စိန်အိုးတို့လင်မယားက ပြောတယ်၊ နောက်တစ်ပတ်လည်း သူတို့က အချိုကြီးပဲ ပုံအောထိုးမှာတဲ့၊ ခင်ဗျားတို့လည်း လိုက်တယ်ဆိုရင် လိုက်ထိုးပါတဲ့"

"ဟေး . . ."

ထိုအော်သံကြီးထဲတွင် အကျယ်လောင်ဆုံးအသံမှာ သူ၏အသံပင် ဖြစ်၏။

* * * *



## အခန်း (၁၆)

စိန်အိုးတို့နေထိုင်သည့် ကျိုန်ချောင်းရွာလေးသည် တစ်လတူသော ကာလအတွင်း လွန်စွာပြောင်းလဲသွားလေ၏။ တစ်လေမှုနှစ်လခန့် ကူးပြောင်းသွားစဉ်မှာတော့ တစ်ရွာလုံး ပဋ္ဌလက်ဆန်သည့်အလား အပြောင်းလဲကြီး ပြောင်းလဲသွားတော့၏။

အနည်းငယ်တင်ပြရသော် တစ်သက်လုံး ခနော်ခနဲ့ ဝါးတဲလေးဖြင့်သာ နေနိုင်ကြသူများမှာ သစ်ကြီးဝါးကြီးများဖြင့် လေးပင်တိုင်အိမ်ကြီးများကို အပြိုင်အဆိုင် ဆောက်လုပ်ကြ၏။ တစ်သက်လုံး သူရင်းငှားဘဝဖြင့် လယ်လုပ်ခဲ့ကြသူများမှာ ချက်ချင်းပင် လယ်ပိုင်၊ ယာပိုင်ဘဝသို့ ရောက်သွားကြ၏။

လှေငယ်လေး၊ ပိုက်ကွန်ငယ်လေးဖြင့်သာ ငါးဖမ်းနိုင်ကြသည့် နိုင်နိုင်တို့လို ရေလုပ်သားတွေလည်း ငါးဖမ်းစက်လှေကြီးများ ဝယ်ယူနိုင်ခဲ့ကြ၏။ ဇနီး၊ သား၊ သမီးများမှာလည်း ရွှေ ငွေများကို သူ့ထက်ငါသာအောင် အပြိုင်အဆိုင် ဆင်ယင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာလုံး အုံးအုံးကျွတ်ကျွတ်ဖြင့် ငရဲပြည်မှ နတ်ပြည် ရောက်သွားသလား ထင်မှတ်ရ၏။ ရွာလုံးကျွတ် မီးခိုးတိတ်ဆိုသလို လုပ်လိုက်ကြသည့် အလှူအတန်းတွေကလည်း ပြတ်သည်ဟူ၍မရှိ။

လူဟူသည်က လောဘနောက်လိုက်တတ်ကြစမြဲမို့ ရလေ လိုလေ၊ အိုတစ္ဆေ ဆိုသည့်စကားအတိုင်း လိုက်မဆုံးအောင် ရှိနေကြတော့၏။ စိန်အိုး၏အရှိန်အဝါမှာလည်း သူကြီးဦးမှုန်ကြီးထက် အဆမျှားစွာ သာလွန်သွားပြီဖြစ်၏။

စိန်အိုးအလိုရှိပါက သူကြီးသည် သူ၏အရှိန်အဝါဟူသမျှကို မြောင်းထဲလွှင့်ပစ်ပြီး ငယ်ကျွန်ကြီးပမာ စိန်အိုးထံသို့ ရောက်လာစမြဲဖြစ်၏။ ထိုသို့ဖြစ်သွားရသည်မှာ ကာလအားဖြင့် ဘာမျှရှိသေးသည်မဟုတ် . . .။

တစ်လဟူသော ကာလအတွင်း မည်သူကမှ တိုက်တွန်းခြင်းမရှိဘဲ သူ့အလိုလို ပြောင်းလဲသွားခြင်း ဖြစ်သည်။ အဓိကအကြောင်းရင်းမှာ မယ်တော်ကြီးပေါက်ကောင်ကြောင့် ဖြစ်၏။

စိန်အိုး၏ဇနီး မပြုံးကြည်သည် သူမကြိမ်းမောင်းလိုက်သည့်အတိုင်း မယ်တော်ကြီးကို အလဲထိုးအနိုင်ယူလိုက်ပြီ ဖြစ်၏။ လေးပတ် . . .။ နှစ်လဆိုတော့ ရက်သတ္တရှစ်ပတ် . . .။ ငှင်းရက်သတ္တရှစ်ပတ်လုံး တစ်ရွာလုံးပေါက်ကောင်တိုး၏။

အကောင်များများ ထိုးဖို့မလို . . .။ တစ်ကောင်တည်း အပိုင်ထိုးရုံသာ . . .။ ငှင်းတစ်ကောင်တည်းသော ပေါက်ကောင်ကိုပေးသူက စိန်အိုး . . .။ စိန်အိုးက ပေါက်ကောင်တော့ ပေးသည် ဘယ်လိုအကြောင်းနှင့် ပေါက်ကောင်ရသည်ကိုတော့ ပြောပြခြင်းမရှိ။ အိပ်မက်ဟူသော စကားတစ်ခွန်းနှင့်ပင် တုန့်ပြန်၏။

တလျှောက်လုံး ငြိမ့်ငြိမ့်လေး ကောက်စားလာသည့် တရုတ်ကြီးချန်ခိုးပေါင်သည်လည်း နှစ်လဟူသော ကာလအတွင်း လျော်လိုက်ရသည့် ငွေကြေးများက သောက်သောက်‹ › . . .။ အများနှင့်တစ်ယောက်ဖြစ်နေသည်ကြောင့် ဆယ်သက်စား၍ ဥ်နိုင်သည့် ငွေကြေးများပင် အဆမတန်လျော့ကျသွားလေ၏။

ကြာတော့ . . . သူသည် ပေါက်ကောင်ဖွင့်ဖို့ကိုပင် မဝံ့မရဲဖြစ်လာ၏။ ကတ္တီပါအိတ်အတွင်းသို့ ထည့်လိုက်ပြီးသည့်နောက်ပိုင်း မတို့မထိရသော ပေါက်ကောင်အား တန်းကနဲသိနေသော ကျိန်ချောင်းရွာသားများကို မည်သို့နားလည်ရမှန်း မသိတော့ . . .။

အထူးသဖြင့် ထိုရွာသား စိန်အိုးတို့လင်မယား ဖြစ်၏။

"သူတို့ ဘာလို့ဒီလောက်တိကျအောင် မှန်းဆနိုင်ကြတာလဲ"

လွှန်စွာမခံမရပ်နိုင်ဖြစ်နေသည့် သူ၏သားအကြီးဝမ်ပေါင်က ကြိတ်မနိုင်၊ ခဲမရလေသံဖြင့် စကားဆိုလေ၏။ ဝမ်ပေါင်သည် တရုတ်ကြီးချန်ခိုးပေါင် အားကိုးရဆုံးသားအကြီး . . .။ အဖေထက် လက်စောင်းထက်တယ်ဆိုတဲ့ အရည်အချင်းမျိုးရှိသူဖြစ်၏။

တရုတ်ကြီးချန်ခိုးပေါင်သည် သူ၏သား ဝမ်ပေါင်ကို တုန့်ပြန်စကားမဆိုနိုင် . . .။ ဆိုဖို့စကားလည်း မရှိ။ ဝမ်ပေါင်လည်း မေးသာမေးလိုက်ရပေမယ့် ထိုအဖြစ်ကို ရိပ်မိပြီးဖြစ်၏။

အခုရက်ပိုင်းအတွင်း တရုတ်ကြီးချန်ခိုးပေါင်သည် နှလုံးနေရာမှ စူးကနဲ၊ စူးကနဲ အောင့်လာသည့်ဝေဒနာကို ခံစားနေရ၏။ အထူးသဖြင့် စိတ်လှုပ်ရှားမှုများလျှင် ပို၍ပင် ဆိုးလာသလို ဖြစ်နေ၏။

"နောက်ထပ်လေးပတ်လောက် ကျွန်တော်တို့ အခုလိုဆက်ပြီး ထိနေဦးမယ်ဆိုရင်တော့ ကျွန်တော်တို့ အခြေအနေက မငွေ့ဝံ့စရာအဖြစ်မျိုး ရောက်သွားတော့မယ်ထင်တယ်"





www.burmeseclassic.com

www.burmeseclassic.com



တရုတ်ကြီးချန်ခိုးပေါင်ထံမှ ပင့်သက်ရှည်ကြီးရှိုက်လိုက်သံ ထွက်ပေါ်သွား၏။ ပြီးနောက် မသာမယာမျက်နှာဖြင့် ဦးခေါင်းကို ခပ်ဖြည်းဖြည်း ခါရမ်းလိုက်ပြီး . . .

"ဘယ်တတ်နိုင်မလဲ သားရယ်၊ ကံတရားပေါ့"

"ဒီလိုယူဆလို့ မဖြစ်ဘူးထင်တယ်နော်၊ အကြောင်းတစ်ခုခု ကြောင့်လို့ ကျွန်တော်ထင်တယ်၊ အထူးသဖြင့်တော့ စိန်အိုးတို့ လင် မယားပဲ"

ဟုပြောလိုက်ပြီး ဝမ်ပေါင်က စကားကို မဆက်သေးဘဲ သူ့ဖခင်၏မျက်နှာကို အကဲခတ်လိုက်လေ၏။

ပြီးနောက် ပိုင်နိုင်စွာ ဆုံးဖြတ်လိုက်သလို မျက်နှာကြောကို တင်းလိုက်ပြီး . . .

"ကျွန်တော် အခု အဖေနဲ့လာတွေ့တာ အဲဒီကိစ္စကို ဖြေရှင်း ချင်လို့ ခွင့်ပြုချက်လာတောင်းတာပါ၊ ဒီပြဿနာရဲ့ အဓိကတရားခံ ဖြစ်တဲ့ စိန်အိုးတို့လင်မယားကို ရှင်းပစ်လိုက်ချင်တယ်"

ဟု လေသံတင်းတင်းဖြင့် ပြောလိုက်ရာ တရုတ်ကြီးချန်ခိုး ပေါင်လည်း ဘယ်လိုမှ မျှော်လင့်မထားသည့်စကားကို ကြားလိုက် ရသဖြင့် လွန်စွာတုန်လှုပ်အံ့ဩသွားပြီး . . .

"ဟား . . . မလုပ်နဲ့ . . . မလုပ်နဲ့ သားကြီးဝမ်ပေါင်၊ ဒါ . . . ဒါမျိုး လုံးဝမလုပ်ရဘူး၊ အဖေလုံးဝခွင့်မပြုဘူး၊ ဒါဟာ အင် မတန်ကောက်ကျစ်တဲ့ စိတ်ကူးပဲ၊ ကိုယ်ပြုခဲ့တဲ့အမှု တစ်နေ့ကိုယ် ပြန်ခံရလိမ့်မယ်၊ ဒီလိုအောက်တန်းကျတာတွေ မတွေးစမ်းပါနဲ့ . . . သားရယ်"

ဟု ကတုန်ကရီလေသံဖြင့် ပြောလိုက်လေ၏။

သူတို့နှစ်ဦးသာလျှင် ရှိနေသည့် အခန်းကျယ်ကြီးမှာ အင်





ဘူးသံကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားလေ၏။ သူ တို့နှစ်ဦးသည် မည်မျှကြာအောင် အတွေးနက်နေကြမလဲမသိ . .။ သေချာတာကတော့ တစ်ဦးနှင့်တစ်ဦး တွေးခေါ်မှုခြင်း ခြားနားနေ ခြင်း ဖြစ်၏။

တရုတ်ကြီးချန်ခိုးပေါင်ကဟော့ ရှေ့နောက်မျှော်တွေးရင်း အကောင်းဆုံးနည်းလမ်းကို ရှာကြံတွေးနေခြင်း ဖြစ်၏။ သူ၏သား ကြီးဝမ်ပေါင်ကတော့ မခံမရပ်နိုင်သည့်ဒေါသဖြင့် ရန်လိုမှုများကို သာ တွေးတောပုံဖော်လျက် ရှိ၏။

အမြဲလို ကိုယ်ကျိုးအတ္တကိုသာ ရှေးရှုခဲ့သူများဖြစ်၍ ကိုယ် ဘာသာ အသာစီးရယူခဲ့ရာက ရုတ်တရက် မရှုနိုင်မကယ်နိုင်အဖြစ် မျိုး ရင်ဆိုင်ရသည့်အခါ ဆောက်တည်ရာမဲ့ တုန်လှုပ်ခြောက်ခြား ဘဝင်မမြဲပင် မဟုတ်ပါလား။

ဝမ်ပေါင်၏ နီစပ်စပ်မျက်နှာကြီးသည် ရင်တွင်းသောက အပူကြောင့် မီးခဲကြီးပမာ နီမြန်းလို့နေ၏။ ဆူဖြိုးသော ဝမ်းဗိုက် ကြီးကလည်း အသက်ရှူလိုက်တိုင်း လှိုင်းလုံးကြီးပမာ နိမ့်တုန်မြင့် တုန်ဖြစ်နေ၏။ အသက်ရှူလိုက်တိုင်း နှာဝဆီမှ ရှူးခနဲ၊ ရှဲခနဲ အသံ ကြီးတွေ ထွက်ပေါ်နေပြန်၏။

ပြီးခဲ့သည့် အပတ်ပေါက်ကောင်ဖွင့်ပွဲနေ့က ကြုံခဲ့ရသည့် ဖြစ်ရပ်များကို မြင်ယောင်မိလေ ရင်တွင်းဒေါသက ထိန်းမရလေ ဆိုသလို ဖြစ်နေ၏။ ထိုနေ့အဖြစ်ကလည်း ဝမ်ပေါင်အဖို့ သူ့တစ် သက်တွင် တစ်ခါမှ မကြုံခဲ့ရဘူးသည့် ခံပြင်းမှုပင် ဖြစ်၏။ သူသည် တောက်တစ်ခေါက်ခေါက်ဖြင့် မာန်လျှော့သည်းခံခဲ့ရ၏။

သို့ကြောင့်လည်း သူသည် ထိုမကျေနပ်မှုများကို တုန့်ပြန်ဖို့ သူ၏ဖခင်နှင့် လာရောက်ဆွေးနွေးခြင်း ဖြစ်၏။ ၎င်းအပတ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ကောင်ဖွင့်ပွဲနေ့က သူတို့သည် ယခင်အပတ်ဖွင့်ပွဲနေ့ကထက် အ
များစွာ လျော့လိုက်ရ၏။ အပေါင်ဆိုင်ဖွင့်ထားသည့် သူ၏ညီ
လျှင် ပေးလျော်ရမည့်ငွေများကို ရေတွက်နေရင်းက မူးမိုက်လဲ
သွားသည်အထိပင် ဖြစ်ခဲ့ရ၏။

လျော်ကြေးက တစ်ပတ်ထက်တစ်ပတ် အဆမတန်တိုး
သဖြင့် သူတို့မိသားတစ်စုလုံး ခြေမကိုင်မိ၊ လက်မကိုင်မိ ဆိုသ
ဖြစ်ကုန်ကြ၏။ ကျိန်ချောင်းရွာကို လျော်ရသည်က အများဆုံးဖြစ်၏

ပြီးခဲ့သည့်အပတ်က လွန်စွာအထိနာသွားရခြင်းမှာ
ချောင်းရွာကိုမှီပြီး ၄င်းပေါက်ကောင်ကိုမှ နောက်ကလိုက်ပြီး ပုံ
တိုးခဲ့သည့် ချစ်တီးကုလားယူနွတ်၏ လောင်းကြေးကြောင့်
သည်။ ဝမ်ပေါင်သည် မွေ့မွေ့ချင်းခြေမြင်ဆိုသလို ချစ်တီးကု
ယူနွတ်အကြောင်း ကောင်းကောင်းသိ၏။

ကုလားယူနွတ်သည် ထိုဒေသတစ်ဝိုက်တွင် ငွေတိုးချေ
၍ ဖြိုင်ဘက်ကင်းသည့် ချစ်တီးသူဌေးဖြစ်သည်။ ထိုလုပ်ငန်း
သူသည် အချိန်တိုတိုအတွင်း လွန်စွာကြီးပွားချမ်းသာလာသူဖြစ်
သို့သော်လည်း သူသည် လည်သည်။ နပ်သည်။ ပါးသည်။ လျင်သ

ဥစ္စာပစ္စည်းတိုးပွားလာသမျှကို ကုလားစုစုပြီး တိုးသ
တိုးဖို့ကိုသာ ကြံစည်၏။ ထိုဒေသက လူများလို မယ်တော်ကြီးပေ
ကောင်ဖွင့်ပွဲတွင် လာရောက်ကစမ်းသူမဟုတ်။ ရင်းနှီးသူမျ
သူ့ကို တိုက်တွန်းတာမျိုးရှိ၏။ ထိုအခါမျိုးတွင် သူသည် အင်းမ
အဲမလုပ်ဖြင့် ငြိမ်နေမြဲဖြစ်၏။

သို့သော်လည်း ကုလားယူနွတ်သည် မယ်တော်ကြီးပေ
ကောင်ကိုတော့ စိတ်ဝင်စား၏။ မယ်တော်ကြီး သက်ဆိုးရှည်ပါ
ဟုလည်း အမြဲဆုတောင်း၏။ အခြားသူများကိုလည်း မယ်တော်





ပေါက်ကောင်ဖွင့်ပွဲမှာ ဆင်နွှဲဖို့ တိုက်တွန်းစမြဲဖြစ်၏။

တကယ်တော့ သူသည် ထိုသို့လျှင်မြန်စွာ ကြီးပွားချမ်းသာလာခြင်း၏ အဓိကအကြောင်းရင်းမှာ ၄င်းမယ်တော်ကြီးကြောင့်ပင် ဖြစ်၏။ မယ်တော်ကြီးပေါက်ကောင်ဖွင့်ပွဲတွင် ဆင်နွှဲကြသူများ၏ ပိုင်ဆိုင်မှုအတော်များများမှာ သူ့ထံသို့ အောက်ဈေးဖြင့် ရောက်လာကြသည်ချည်းပင်။

ထိုသို့ဖြင့် ၄င်းဒေသတွင် တရုတ်ကြီးချန်မိုးပေါင်က သူ့နည်းသူ့ဟန်ဖြင့် ကြီးပွားချမ်းသာနေသလို ကုလားယူနွတ်ကလည်း သူ့နည်းလမ်းနှင့်သူ အလုပ်ဖြစ်နေလေ၏။ သူတို့နှစ်ဦးသည် ပတ်သက်ဆက်နွယ်မှုမရှိသော်လည်း တစ်ယောက်အကြောင်းကိုတစ်ယောက်က အတွင်းသိ၊ အစင်းသိ ဆိုသလို သိရှိထားကြ၏။

သို့သော်လည်း နှစ်ကာလများစွာ အပေါ်စီးက ကြိုက်လာခဲ့သည့် ကုလားယူနွတ်သည် လွန်စွာအံ့ဩဖွယ်အဖြစ်နှင့် ကြုံရစဉ်မှာတော့ ဘယ်တုန်းကမှ စိတ်မကူးခဲ့သည့်ကိစ္စကို ကိုယ်ရောစိတ်ပါ ဝင်ရောက်ဆင်နွှဲလေတော့၏။ မလုပ်လို့ကလည်း မဖြစ်တော့ . . .။ သူအတိုးကြီးကြီးဖြင့် အပေါင်ခံထားသည့် လယ်များ၊ နွားများ၊ စက်လှေများကို ပေါင်ထားသူများက အတိုးပေးပြီး ပျော်ပျော်ရွှင်ရွှင် ပြန်လည်ထုတ်ယူသွားကြ၏။

တစ်သက်မဆိုနှင့် ဆယ်သက်ပင် ရွေးနိုင်တော့မည်မဟုတ်သည့် ၄င်းအရာများကို သူတို့တွေ ဘာကြောင့်အလွယ်တကူ ရွေးနိုင်သွားကြတာလဲ။ အဖြေက ရှင်း၏။ ကျိန်ချောင်းရွာသားစိန်အိုးတို့ လင်မယားကြောင့်ပင် ဖြစ်၏။ သူစောင့်ကြည့်သည်။ တစ်ပတ်၊ နှစ်ပတ်၊ သုံးပတ် . . .။ အားပါး . . ကောင်းလိုက်တဲ့ လင်မယား . . .။

ရွာသူကြီးဦးမှုန်ကြီးပင် စိန်အိုးတို့လင်မယားကိုမယဝင်တွား



www.burmeseclassic.com

www.burmeseclassic.com



နေတယ်ဆိုပါလား။ မဖြစ် . . . ငါလည်း နောက်ချန်နေလို့ မဖြစ်တော့ဘူး။ ဒီလိုအခွင့်အရေးမျိုးဆိုတာ ရခဲလိုက်ပါဘိ။ ဟုတ်ပြီ . . . နောက်ဖ၊ချိန်နည်းနည်းယူပြီး စောင့်ကြည့်လိုက်ဦးမယ်။ ပိုင်ပြီ ဆိုလို့ကတော့ မဖေအာပြီးသားပဲ။

နှစ်လဟူသော ကာလ . . .။ ရှစ်ပတ်မြောက်ပေါက်ကောင်ဖွင့်မည့်ပွဲမှာတော့ ကုလားယူနွတ်သည် စိန်ဘိုးကို တန်ဖိုးကြီးလက်ဆောင်ပဏ္ဏာများဆက်သပြီး ချဉ်းကပ်လေ၏။ ပြီးနောက် မည်သူမှ လိုက်မမီသည့် ငွေပမာဏဖြင့် စိန်ဘိုးထိုးသည့် ပေါက်ကောင်ကို လိုက်ထိုး၏။

ထိုသို့ထိုးရင်းကလည်း အာချောင်လိုက်သေး၏။ ချန်ခိုးပေါင်၏သားအကြီးဝမ်ပေါင် ဒေါသဖြစ်ရသည်မှာ ၎င်းအာချောင်လိုက်သည့် စကားကြောင့် ဖြစ်၏။

"ကဲ . . . မယ်တော်ကြီးရေ၊ ကျွန်တော်မျိုးယူနွတ်ကို များများမဟုတ်ဘူး၊ နောက်နှစ်ပတ်လောက် ပေါက်ကောင်ဘိုးအောင်မ,စလိုက်စမ်းပါ၊ ဒီတရုတ်ကြီး ဘင်သံမပါဘဲ ဖင်လှန်ပြေးသွားစေရမယ်"

ဟူသော စကားပင် ဖြစ်၏။

ယခုပေါက်ကောင်ဖွင့်မည့် အပတ်မှာလည်း ကုလားယူနွတ်သည် ယခင်အပတ်တုန်းက လောင်းသည့်လောင်းကြေးထက် အဆများစွာပိုပြီး လောင်းကြေးတင်ဖို့ စီစဉ်နေသည့်သတင်းကို ကြားသိနေသဖြင့် ဝမ်ပေါင်သည် ကုလားယူနွတ်ကို ဒေါသလည်း ဖြစ်ရသလို လောင်းကြေးတင်လာမှာကိုလည်း စိုးရိမ်နေမိ၏။

ထိုကိစ္စကို မိမိကဲ့သို့ပင် ဖခင်ကြီးလည်း သိပြီးဖြစ်ရာ မိမိစိုးရိမ်သလို ဖြစ်နေပေလိမ့်မည်။ အတန်ကြာမျှ ငိုင်တွေနေသည့်





တရုတ်ကြီးချန်ခိုးပေါင်သည် ပင့်သက်တစ်ချက်လေးပင်စွာ ရှိုက်ရင်း သူ၏ဆုံးဖြတ်ချက်ကို ဖွင့်ဟလိုက်လေ၏။

"သားကြီးဝမ်ပေါင် . . . ဒီတစ်ကြိမ်တော့ ဖေကြီး ကံကြမ္မာနဲ့ အလောင်းအစားလုပ်ဖို့ ဆုံးဖြတ်လိုက်ပြီ၊ ဖေကြီးတည်ဆောက်ခဲ့တဲ့ ဒီမယ်တော်ကြီးပေါက်ကောင်ကစားပွဲကို ဒီတစ်ပတ်ဖွင့်ပြီးတာနဲ့ နိုင်နိုင်ရှုံးရှုံး ဖေကြီးအဆုံးသတ်ကော့မယ်"

"ဟာ . . . မဟုတ်တာပဲ ဖေကြီးရာ၊ ဒီလောက် အမြတ်ကြမ်းတဲ့လုပ်ငန်းမျိုး ဘာလို့ရပ်မှာလဲ၊ လုပ်ငန်းတစ်ခုဆိုတာ ဖျက်တာက လွယ်တယ်၊ ပြန်လည်တည်ထောင်ဖို့ ဘယ်လောက်ပင်ပန်းခက်ခဲတယ်ဆိုတာ ဖေကြီးက ပိုသိပါတယ်"

"သားကြီးပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ဘယ်တုန်းကမှ ဖေကြီးမတွေးခဲ့ဖူးတဲ့ အတွေးကို အခု ဖေကြီးလေးလေးနက်နက်တွေးနေမိတယ်၊ အဲဒါဘာလဲဆိုရင် ကံကြမ္မာ၊ ပြီးတော့ အလိုရမ္မက်ဆိုတာတွေပဲ၊ အခု ကံကြမ္မာက ဖေကြီးကို ရပ်တန့်ဖို့ တံခါးလာခေါက်နေပြီ . . . ငါ့သား"

ဝမ်ပေါင်သည် ဖခင်ကို မည်သို့နားလည်ရမှန်း မသိတော့။ ဖခင်စကားတွေကလည်း ဘယ်တုန်းကမှ မကြားဘူးခဲ့သည့် စကားမျိုးတွေ . . .။ ဖခင်ကိုကြည့်ရင်း သူလည်း အဲတိုက်အခံစကားမဆိုရက်တော့ . . .။

ထိုရက်ပိုင်းအတွင်း ဖခင်သည် သိသိသာသာ ပြီးနွမ်းဖျော့တော့နေလေ၏။ လေတိုးလျှင်ပင် လဲကျသွားမလား ထင်မှတ်ရလောက်သို့နှင့် သူသည် ဦးခေါင်းငိုက်စိုက်ဖြင့် အခန်းထဲမှ ထွက်သွားလေတော့၏။

တရုတ်ကြီးချန်ခိုးပေါင်သည် တစ်ကိုယ်တည်း ကျွန်ရစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

ပြီး ထိုရက်ပိုင်းအတွင်း ထူးခြားမှုများကို တွေးနေမိ၏။ သူမွေးထား သည့် ဒေါင်းကြီးမှာ မကြာခဏဆိုသလို အထိတ်တလန့်ဖြင့် ထ… နေသလို သူ၏အမြင်အာရုံမှာလည်း ဖြူဖြူသဏ္ဍာန်ရိပ်တစ်ခုကို အ… လိုလိုမြင်နေရ၏။

အုံ့ဩဖို့ကောင်းသည်က ကတ္တီပါအိတ်အတွင်းသို့ ပေါက် ကောင်ရုပ်တုလေးကိုထည့်တိုင်း တစ်ယောက်ယောက်က ချောင်း မြောင်းကြည့်နေသည်ဟု ခံစားနေရ၏။ စိတ်ထဲတွင် အမြဲလို မလုံ မလဲခံစားရ၏။

သူသည် ထိုင်ရာက လေးပင်စွာ ထလိုက်ပြီး သူ၏သီးသန့် အခန်းဆီသို့ လျှောက်လှမ်းသွား၏။ မနက်ဖြန်ဖွင့်မည့် ပေါက်ကောင် ကို သူသည် ကတ္တီပါအိတ်အတွင်း ထည့်ရပေဦးမည်။ သူသည် တုတ်ကောက်ကို အားပြုပြီး လျှောက်လှမ်းနေရင်းက အခန်းဝသို့ အရောက်မှာပဲ ခြေလှမ်းက တုန့်ရပ်သွား၏။

အခြားကြောင့် မဟုတ် . . .။ အနီးမှ ဖြတ်ကနဲ ရွေ့လျား သွားသည့် ဖြူဖြူသဏ္ဍာန်ရိပ်ကို သတိပြုမိလိုက်သောကြောင့် ဖြစ် ၏။

* * * *



## အခန်း (၁၇)

ကောင်းကင်တွင် လသာနေသည်။ သို့သော် မိုးကောင်း ကင်အနှံ့ပြန့်လျက်ရှိသော တိမ်စိုင်တိမ်လိပ် ညိုညိုညစ်ညစ်တွေက တစ်ချီတစ်ချီမှာ လကိုဖုံးကွယ်သွားသောကြောင့် အမှောင်ထုက တစ်ချက်တစ်လွင့်ဖြစ်ပေါ်လာသည်။

တရုတ်ကြီးချန်ခိုးပေါင်၏ စံတော်အိမ်ကြီးတစ်ခုလုံးသည် တိတ်ဆိတ်လို့နေ၏။ နေ့လည်ပိုင်းများတွင် အစေအပါးများ၊ အလုပ် သမားများနှင့် ခြံပြုပြင်သူတို့ကြောင့် အများအားဖြင့် လှုပ်လှုပ် ရှားရှား ရှိနေတတ်သော်လည်း ယခုလိုညပိုင်းတွင်တော့ အထီးကျန် ဆန်လွန်းလှ၏။

သူ၏ဇနီးမှာ ဖာသိဖာသာနေတတ်သူဖြစ်ပြီး စကားအပြော အဆို အလွန်နည်းကာ လောင်းကစားအလုပ်ကို လုံးလုံးနှစ်ခြိုက် သဘောတွေ့သူ မဟုတ်ပေ။ တရုတ်ကြီးနှင့်တော့ ဆန့်ကျင်ဘက်ပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဇနီးသည် ဘုရားတရားကြည်ညိုပြီး ဘာသာတရားကိုင်းရှိုင်းလှသူ၊ စိတ်နှလုံးနူးနုယ်သူဖြစ်၏။ ပေါက်ကောင်ဖွင့်သောနေ့ဆိုလျှင် အမြဲပင် ဘုရားကျောင်း၊ ဇရပ်များသို့သွားကာ ဥပုသ်သီလယူတတ်သူဖြစ်၏။ ရွာသူရွာသားတွေ ပေါက်ကောင်မပေါ်လို့ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်မှာကို မမြင်ချင်သူဖြစ်၏။

ချန်ခိုးပေါင်ကို ယခင်ကတည်းက ထိုအလုပ်ကို ဆက်မလုပ်ရန် တားခဲ့ဖူးသော်လည်း ချန်ခိုးပေါင်ကိုယ်တိုင်ရော သားသမီးတွေကပါ စိတ်ထက်သန်နေသည်မို့ မအောင်မြင်ခဲ့ပေ။

"ရှင် ဆေးသောက်ပြီးပြီလား"

တရုတ်ကြီးက နောက်ဘက်ဆီမှဝင်လာသော ဇနီးကို လှည့်မကြည့်ဘဲ ကုလားထိုင်တွင်ထိုင်မြဲထိုင်လျက် ပြတင်းပေါက်မှတစ်ဆင့် အဝေးဆီသို့သာ ငေးမြငေးနေလေ၏။

"အင်း . . ."

ဟု တိုတိုတုတ်တုတ်ပင် အဖြေပေးလိုက်၏။

တရုတ်ကြီးမှာ သွေးတိုးက ရှိနေသည်မို့ ဆေးမှန်မှန်သောက်နေရကာ သွေးတက်မည့် အစားအစာတွေလည်း မစားမိအောင် ရှောင်နေရ၏။ သူ၏အသက်အရွယ်ကလည်း ငယ်တော့သည်မဟုတ်။

"ရှင် . . . ခုနောက်ပိုင်း စိတ်ညစ်စရာတွေချည်းပဲ ကြုံနေရတယ် မဟုတ်လား"

ဟုမေးလိုက်ရာ တရုတ်ကြီးက နှုတ်ဆိတ်နေမြဲပင်။ မိန်းမဖြစ်သူကပေမဲ့ သူ့ရင်ထဲဝယ် ဘာတွေရှိတယ်ဆိုတာကို သိပြီးသားပင်ဖြစ်၍ ဘာမှဆက်ပြောစရာ မလိုတော့ပေ။

"ရှင် . . . ရပ်တန်းက ရပ်ဖို့ အချိန်တန်ပြီ"

"မင်း . . . ကိုယ့်အခန်းကိုယ်ပြန်ပြီး အိပ်ပါတော့ကွာ"





"ရှင် ဒီလိုပြောမယ်ထင်ပြီးသားပဲ"

"မင်း . . . အလုပ်သာ မင်းဆက်လုပ်ပါ၊ ငါဘာဆက်လုပ်ရမယ်ဆိုတာ ငါသိပါတယ်"

ခင်ပွန်းသည်မှာ ယခုတိုင် တရားမရှိသေးပါလားဆိုသည့်သဘောဖြင့် သက်ပြင်းကို အသာချလိုက်၏။ ဒီအချိန်ထိ သေဖို့ဘာမှမပြင်ဆင်ရသေးပါလားဟူသည့် အဓိပ္ပါယ်လည်း ဖြစ်၏။

"ရှင့်ကို ပြောရဦးမယ်၊ အခုတလော ပေါက်ကောင်တွေဆက်တိုက်တိုးနေတာ စိန်အိုးတို့လင်မယားကြောင့်ပဲ၊ သူတို့သမီးမိကြိုးကြာလေးက သူဆေးကုမယ့်ပိုက်ဆံကို သူ့အဖေက ပေါက်ကောင်ထိုးလိုက်လို့ သေသွားရတာလေ၊ မကျွတ်မလွတ်ဖြစ်ပြီး . . ."

"တော် . . . ဆက်မပြောနဲ့၊ သူ့အဖေက သူ့လောဘနဲ့သူထိုးတာ၊ ကျုပ်က အတိုးခိုင်းတာ မဟုတ်ဘူး"

"အင်းလေ . . . အစွဲအလမ်းနဲ့ သေတယ်ဆိုတော့ . . ."

သည့်နောက် နှစ်ယောက်စလုံး နှုတ်ဆိတ်သွားကြသည်။ ထို့နောက် သူ့ဇနီးက ဘာမှဆက်မပြောတော့ဘဲ အခန်းအတွင်းမှ ထွက်မည်အပြုတွင် . . .

"ဩော် . . . မေ့နေလို့၊ ပြောရဦးမယ်"

တရုတ်ကြီးက ဘာလဲဆိုသည့်အကြည့်ဖြင့် လှည့်ကြည့်လိုက်၏။

"ကျွန်မ ဆရာတော်ဘုရားနဲ့အတူ အထက်မြန်မာပြည်ဘုရားဖူးလိုက်သွားမလို့၊ ဘယ်လောက်ကြာမယ် မသိဘူး"

"ဒါ . . . မင်းလုပ်နေကျ အလုပ်ပဲလေ၊ ကန့်ကွက်စရာမရှိပါဘူး"

တရုတ်ကြီးက လှည့်ပင်မကြည့်ဘဲ ပြောလိုက်၏။ သူ့မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ပင့်သက်ကို လေးပင်စွာ ရှိုက်ရင်း မသက်မသာ အမူအရာဖြင့် ထွက်သွားလေ၏။ ယင်းနောက် သူ ပြတင်းပေါက်ဆီသို့ မျက်နှာမူလိုက်ပြီး တိမ်ဖုံးတော့မည့် လမင်းဆီသို့ အကြည့်ရောက်သွား၏။

လူ့ဘဝဆိုသည်မှာလည်း ထိုလရောင်ကဲ့သို့ပင် သာသည့်အခိုက် သာနိုင်မှာဖြစ်သော်လည်း ကံကြမ္မာအရှိုင်းအစိုင်းများကြောင့် ညိုညစ်ညစ်တိမ်ညိုတိမ်မဲများ ဖုံးသည့်အခါလည်း ဖုံးသွားပေလိမ့်မည်။

အကောင်းနှင့်အဆိုးက အမြဲဒွန်တွဲနေစမြဲ မဟုတ်လား။

"ဖျပ် . . . ဖျပ် . . . ဖျပ် . . . ဖျပ် . . . ဖျပ်ဖျပ် . . ."

"ဝုန်း . . ."

သူမွေးထားသော ဒေါင်းကြီးမှာ အလန့်တကြားဖြစ်လျက် အိပ်တန်းမှ မြေကြီးပေါ်သို့ ကျလာလေ၏။

"ဟင် . . . ဒီကောင်ကြီး ဘာလန့်တာလဲ"

ခြံစောင့်ကိုဖြိုး ပြေးလာသည်ကို တွေ့ရလေ၏။

"ဘာဖြစ်တာလဲဟေ့"

အပေါ်ထပ်ပြတင်းမှ အောက်သို့လှမ်းမေးလိုက်၏။

"တစ်ခုခုမြင်ပြီး လန့်ခုန်ချတာပါ ဆရာကြီး"

"ဘာရှိလို့လဲ . . ."

"ကျွန်တော်ရှာကြည့်ပါဦးမယ်"

ဟုပြောလိုက်ပြီး ကိုဖြိုးက ဟိုကြည့်ဒီကြည့်ကြည့်ပြီး အောက်မှလှမ်းအော်ပြောလိုက်လေ၏။

"ဘာမှမရှိပါဘူး ဆရာကြီး"

"အေး . . . အေး . . . ဒါဆိုလည်း ဒေါင်းကို အိပ်တန်း





ပြန်ပို့လိုက်"

"ဟုတ်ကဲ့ ဆရာကြီး"

ပြောသာပြောလိုက်ရသော်လည်း တရုတ်ကြီးမှာ စိတ်ထဲတစ်မျိုးဖြစ်သွား၏။ မည်သို့ဆိုရမှန်းလည်း မသိပေ။ တစ်စုံတစ်ရာက သူ့ကို တစ်ခုခုပြောချင်နေသလိုလို၊ တွေ့ချင်နေသလိုလို။

သူသည် ကုလားထိုင်ပေါ်မှ အလိုလို မတ်တပ်ရပ်မိလျက်သား ဖြစ်သွား၏။ သူ့ခြေလှမ်းတွေက ရွေ့လျားလျက် အပေါ်ထပ်မှ လှေကားကြီးအတိုင်း ဆင်းလာခဲ့၏။

စိတ်ထဲ၌ တစ်ဦးဦးက သူ့ကိုဖိတ်ခေါ်နေသလိုမျိုးလည်း ခံစားနေရ၏။

အောက်ထပ်ရှိ တံခါးမကြီးဆီရောက်သည်တွင် တံခါးကိုဖွင့်လျက် ဒေါင်းကြီးကိုထားရှိရာ အိပ်တန်းဆီသို့ လျှောက်လာခဲ့၏။

ကညင်ပင်ခြေရင်းတွင် ဖြစ်၏။ ဒေါင်းကြီးက အရင်လိုပင် တန်းပေါ်၌ ဝပ်လို့နေ၏။

သူက ခြံအတွင်းသို့ လှည့်ပတ်ကြည့်ရှုရာ ဘာမျှမတွေ့ပေ။ ဘာမှလည်း မရှိပေ။ အတန်ကြာအောင် သူစောင့်ကြည့်သော်လည်း ဘာမျှထူးခြားမှု ရှိမလာပါ။ ထို့ကြောင့် အိမ်ထဲပြန်ဝင်ရန် စိတ်ကူးလိုက်၏။

အပေါက်ဝဆီရောက်သော် နတ်ကွန်းဘက်သို့ သွားချင်စိတ်တွေက ပေါ်လာပြန်၏။ အတော်ညဥ့်နက်နေပြီဖြစ်သော်လည်း စိတ်အတွင်းမှ ဆန္ဒတွေက သူ့ကို အလွန်ပင် စေ့ဆော်နေပြီမို့ ခြေဦးကို ပြန်လှည့်လိုက်သည်။

နေရာတစ်ချို့တွင် ဆီမီးဝါးတိုင်များ ထွန်းညှိထားသောကြောင့် မှောင်နှင့်ပိန်းပိန်းတော့ မဟုတ်။ တရုတ်ကြီးသည် ခပ်ဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်း လျှောက်လာခဲ့လိုက်၏။

နတ်ကွန်းရှေ့သို့ရောက်သည်တွင် ဆီမီးရောင်မြိုင်မြိုင်ဝယ် ရွှေရောင်တောက်ပနေသည့် သုံးဆယ့်ခြောက်ကောင်ရုပ်ကို အထင်းသားတွေ့ရလေ၏။

"အရှင်နတ်မင်း . . . ကျွန်ုပ်ကို ဆင်းရဲမွဲတေသွားအောင် လုပ်တော့မှာလား"

ဟု စိတ်ထဲတွင် ထိုစကားလုံးကို တဖွဖွရွတ်နေမိ၏။ မှန်ပေ၏။

သည်အတိုင်းသာဆိုလျှင် သူ့တွင်ရှိသမျှ စည်းစိမ်အားလုံး တက်တက်ပြောင်ရုံသာ ရှိတော့မည်။ လောဘဇောပိုကဲသော သားသမီးတွေကြောင့် တောင်းစားရုံတစ်မည်သာ ကျန်ပေတော့မည်။ သူ့သားသမီးတွေအတွက်၊ မြေးတွေအတွက် ပိုပိုလျှံလျှံ လုံလုံလောက်လောက် ချန်ထားခဲ့ချင်ပါသေးသည်။

ထိုစဉ်မှာပဲ လေပြင်းတစ်ချက်က တိုးဝင်တိုက်ခတ်လာရာ စိတ်ထဲဝယ် အေးခနဲ၊ စိမ့်ခနဲ ဖြစ်သွားကာ ခေါင်းမျှားမူးဝေလာပြီး ဒူးက ခွေကျလို့သွား၏။

မျက်လုံးကလည်း တဖြည်းဖြည်း လေးလံလာပြီး စင်းလို့လာကာ လဲကျသွားတော့သည်။

"ဟင် . . ."

ဘေးဘက်သို့ လှည့်ပတ်ကြည့်လိုက်တော့ လေအဝှေ့တွင် ဝတ်ရုံတို့ တဖွားဖွား၊ တလွင့်လွင့်ဖြင့် မတ်တပ်ရပ်နေသည့် ကောင်မလေးတစ်ယောက်ကို တွေ့ရလေ၏။

ဘေးဘီသို့ လှည့်ပတ်ကြည့်လိုက်ရာ . . .

"ဟင် . . ."





လေအဝှေ့တွင် ဝတ်ရုံတို့ တဖွားဖွားလွင့်၍ မတ်တပ်ရပ်ကာ ခေါင်းငုံ့ထားသည့် ကောင်မလေးတစ်ယောက် . . .။

ဘယ်သူဘယ်ဝါမှန်းတော့ အတတ်မသိပေ။ ကောင်မလေးက ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်စွာ ရပ်နေ၏။

"မင်း . . . မင်း . . . ဘယ်သူလဲ၊ မိ . . . မိကြိုးကြာဆိုတဲ့ မိန်းကလေးလား"

တရုတ်ကြီး၏အသံတွေ တုန်နေ၏။ ထိုးထားသော လက်ညှိုးက တုန်တုန်ရီရီ၊ အသံတွေက ထစ်ထစ်ငေါ့ငေါ့ . . .။

သူမက ခေါင်းလည်း မော့မလာသလို တုန့်ပြန်မှုတစ်စုံတစ်ရာလည်း မပြုခဲ့ပါ။ တိတ်ဆိတ်စွာပင် ဆက်လက်ရပ်မြဲရပ်နေ၏။

"ဟော့ . . . ဟော့ . . . ဟော့ . . . မေးနေတယ်လေကွာ"

အမြင်မှား မှားသလားဟု မျက်လုံးကို ပွတ်သပ်ကြည့်သည်။ သို့သော် အရာရာက ပြောင်းလဲမသွားပါ။

"ပြောလေ . . . ပြောစမ်းပါ၊ မင်း ငါ့ကိုတစ်ခုခုတော့ ပြောဖို့လိုအပ်လာပြီ"

သို့တိုင် ဘာမျှထူးခြားမှုမရှိခဲ့ပေ။ သို့သော် . . .

"ဟင် . . ."

ကွက်လပ်ထဲသို့ တိရစ္ဆာန်ဘော တစ်ကောင်ပြီးတစ်ကောင် ဝင်လာကြ၏။ သူဖွင့်ခဲ့သည့် ပေါက်ကောင်တိရစ္ဆာန်တွေချည်း ဖြစ်၏။ သူတို့က ကောင်မလေးအနားကို တိုးကပ်လာကြကာ ဝိုင်း၍ ကိုက်ဖဲ့စားသောက်ကြလေ၏။ တစ်ချို့က လက်တွေ၊ တစ်ချို့က ခြေတွေ၊ တစ်ချို့က ဦးခေါင်း၊ တစ်ချို့က ဝမ်းဗိုက် . . .။

"ဘုရား . . . ဘုရား . . . ဘုရား"

တရုတ်ကြီးမှာ မျက်လုံးပြူး၊ မျက်ဆံပြူးလျက် ပေကြောင်

www.burmeseclassic.com



ကြည့်နေမိ၏။ မြင်ကွင်းက တော်တော်ရက်စက်လွန်းသလို ထိတ်လန့်ဖွယ်ရာ၊ မသတီစရာ ကောင်းလှသည့် မြင်ကွင်းပင် ဖြစ်တော့သည်။

မြန်ချက်ကတော့ ကမ်းကုန်သည်ဆိုရမလိုပင် ခဏအတွင်းမှာပဲ အိုင်ထွန်းနေသည့် သွေးအိုင်ထဲ၌ အရိုးချည်းသာ ကျန်တော့၏။

ထို့နောက် . . .

ထို့နောက် . . .

ယင်းအကောင်တွေက သူ့ဘက်သို့ ရုတ်ချည်းပင် မျက်နှာမူလိုက်ကြ၏။

"အား . . ."

သူက အသံကုန်ဟစ်ကာအော်၍ မျက်လုံးများဖွင့်ကြည့်လိုက်သည်တွင် သူ့ကို စိုးရိမ်စွာကြည့်နေသော သူ့မိသားစုကို တွေ့လိုက်ရ၏။

"ငါ . . . ဘယ်ရောက်နေတာလဲ၊ ဟို . . . ဟိုက အကောင်တွေ လာနေပြီ"

"ရှင် သတိထားပါ၊ ရှင်နတ်ကွန်းရုပ်တုရှေ့မှာ လဲနေလို့ ရှင့်မြေးက အိမ်ထဲကို ပွေ့ခေါ်လာတာ"

"ဟင် . . . ဒါ . . . ဒါဆို . . ."

သူတွေ့ခဲ့တာ တကယ်မှ မဟုတ်ခဲ့တာဝ်။ အိပ်မက် သို့တည်းမဟုတ် စိတ်အစွဲအလမ်း . . .။ တော်ပါသေးရဲ့ဟုတွေးကာ သက်ပြင်းကို ချလိုက်မိတော့သည်။

* * * *



## အခန်း (၁၈)

သည်တစ်ကြိမ် မိကြိုးကြာရောက်လာခြင်းက ယခင်လို အဝတ်အစားမျိုးနှင့် မဟုတ်ပေ။ အပေါ်နှင့်အောက် အဖြူရောင်ဝတ်စုံ၊ ခေါင်းတွင် သရဖီပန်းတွေကို ဝေနေအောင် ပန်ထား၏။ ပါးကွပ်လေးနှစ်ဖက်က အထင်းသား . . .။ ယခင်ကျန်းမာစဉ်က အတိုင်း ချစ်စဖွယ်လေးပင် ဖြစ်၏။

"သမီးလေး . . ."

အမေက တိုးဖွဖွလေး ခေါ်လိုက်သည်။

"အမေ . . . အဆင်ပြေတယ် မဟုတ်လား"

"မပြေဘဲ နေပါ့မလားကွယ်၊ သမီးကျေးဇူးတွေလေ"

သူမက သက်ပြင်းလေးကို အသာချလျက် တွေးတွေးဆဆလေး ပြောလေ၏။

"တကယ်တော့ အမေရယ် . . . လောင်းကစား[illegible] ဘယ်ဟာမှ မကောင်းပါဘူး၊ တစ်ယောက်နိုင်ရင် တစ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရှုံးမှာကော့ အသေအချာပဲ၊ နိုင်လို့ပြုံးရင် ရှုံးရင်တော့ မဲ့ကြရမှာပါ၊ သမ္မာအာဇီဝအလုပ်မဟုတ်သလို ခွန်အားထုတ်ပြီး ရိုးသားမှုနဲ့ရတဲ့ ငွေကြေးလည်း မဟုတ်ပါဘူး၊ ဒါဟာ လူတစ်ယောက်ရဲ့အကျင့်ကို ပျက်ပြားစေသလို ဒုစရိုက်တွေကိုလည်း ဖြစ်စေပါတယ်"

"ဟုတ်ပါတယ် . . . သမီးလေးပြောတာ မှန်ပါတယ်"

"သည်တစ်ကြိမ်တော့ အမေတို့ကို နောက်ဆုံးပေးတဲ့အိပ် ဒက်ပဲ ဖြစ်မယ်၊ မကြာခင်မှာ သမီးနဲ့ဦးလေးတာတေကို ပုဂ္ဂိုလ်ကြီး တစ်ဦးက လာခေါ်လိမ့်မယ်"

"ဦးလေးတာတေဆိုတာ . . ."

"ရွာအရှေ့ပိုင်းက အရက်အလွန်အကျွံသောက်ပြီး သေသွားတဲ့ ဦးလေးကြီးလေ၊ အခုဘေးမဲ့ရေကန်ကြီးက ညောင်ပင်မှာ နေတယ်"

"သြော် . . . သြော် . . . သိပြီ . . . သိပြီ"

"အမေ့ကို တစ်ခုတောင်းဆိုပါရစေ"

"ပြော သမီးလေး . . . ဘာများလဲ"

"အမေ့မှာ ရှိတဲ့ငွေနဲ့ ရွာဦးကျောင်းမှာ ဆွမ်းစားဆောင် ဆောက်လုပ်ပြီး ရေစက်ချအမျှဝေပေးပါ၊ ဒါမှ သမီးတို့ ကျွတ်လွတ် နိုင်လိမ့်မယ်"

"အို . . . လှူရမှာပေါ့ သမီးရယ်၊ လှူရမှာပေါ့"

"အမေ . . . သမီးသွားတော့မယ်"

"သမီး . . . အမေ့ကို ဘာမှပေးမသွားတော့ဘူးလား"

"အမေနဲ့အတူ တစ်ရွာလုံး ကိုယ့်ငွေကြေးတွေကို ပြန်ရပြီး ကြပြီပဲ၊ လောဘသတ်ပါဗျော၊ လောဘပိုလွန်းရင် အမှားတွေ တွေ့ တတ်ပါတယ်၊ အခု အမေတို့ဆီ နှုတ်ဆက်ရအောင် လာခဲ့တာ





အမေတို့ ကျန်းကျန်းမာမာနေနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်"

ထိုသို့ပြောပြီး အိမ်ရှေ့မှ ထွက်ခွာသွားလေတော့၏။

"သမီးလေးရယ် . . ."

မိန်းမဖြစ်သူ၏ ယောင်ရမ်းညည်းညူသံကြောင့် အိပ်နေရာက စိန်အိုးလန့်နိုးသွားလေ၏။ မျက်လုံးကြောင်၍ ကယောင်ကတမ်းတွေပြောနေသည့် သူ့မိန်းမအား . . .

"ဘာဖြစ်ပြန်ပြီလဲကွာ၊ မင်းရဲ့စိတ်အစွဲအလမ်းကိုလည်း ဖျောက်မှပေါ့၊ နေကောင်းအောင်နေပါကွာ"

"ကို . . . ကိုစိန်အိုး . . . သမီးလေးသွားပြီ"

မျက်ရည်တွေဝေ့ကာ ပြောနေသော မိန်းမဖြစ်သူအား စိန်အိုးက . . .

"သွားပါစေကွာ . . . သူ့အတွက် အကောင်းဆုံးကို တို့တွေလုပ်ပေးကြတာပေါ့"

"သမီးလေးရယ် . . ."

ဟုမြည်တမ်းရင်း စိန်အိုးတို့လင်မယားမှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လျက် မျက်ရည်များအဆက်မပြတ်ဆိုသလို ကျကာနေလေတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

သားကြီးဝမ်ပေါင်နှင့် တပည့်များ၊ ရွာသားများမှာ အရှက်မတက်မီကတည်းက သည်ကွက်လပ်သို့ ရောက်နေခဲ့ကြသည်။ ထိုသားများ၏မျက်ဝန်းတွေက စိတ်အားထက်သန်မှုဖြင့် တဖျတ်ဖျတ်တောက်ပလို့နေ၏။ သည်တစ်ချီတော့ ရှိသမျှပုံအောလိုက်မည်ဆိုသော အတွေးတွေက ကိုယ်စီကိန်းဝပ်လျက် ရှိနေကြ၏။

နေအထွက်တွင် တရုတ်ကြီးက ကတ္တီပါအိတ်ကိုင်ကာ ဆင်းလာလိမ့်မည်။ နောက် . . . တိုင်တွင် ချိတ်မည်။ ထိုအချိန်မှစကာ ငှင်းအိတ်ကို မည်သူမှ ထိကိုင်ခွင့်မရှိတော့ . . .။ စိန်အိုးတို့လင်မယားထံမှ ယူဆောင်လာမည့် ပေါက်ကောင်သတင်းကို စောင့်ရမည်။ သတင်းရလျှင်ရချင်း ဒိုင်တွေဆီမှာ ဖြတ်ပိုင်းတွေ ဖြတ်ရမည်။ ကွက်တိမှန်ခဲ့သည်မှာ ရှစ်ပတ်ရှိသွားပြီမို့ ယခုအပတ်တွင်တော့ အေးအေးဆေးဆေးပင် ဘာကိုမှ စိုးရိမ်ပူပန်စရာ မလိုတော့ . .။

မကြာမတင်မှာပဲ သားလတ်နှင့် သမီးငယ်တို့ ရောက်လာ





ကြ၏။ သူတို့မောင်နှမတွေအားလုံးရဲ့မျက်နှာတွေက မသာမယာ။ သည်တစ်ပတ် အလျော်ကြမ်းလျှင် ရှိသမျှစည်းစိမ်ပြုတ်သွားနိုင်သည် မဟုတ်ပါလား။

နေကလည်း တဖြည်းဖြည်း ထွက်လာလေပြီ။

အားလုံး၏မျက်လုံးတွေက တရုတ်ကြီးချန်ခိုးပေါင်ထွက်လာမည့် အိမ်တံခါးဝသို့သာ စူးစိုက်ကြည့်နေကြ၏။ တရုတ်ကြီးက အချိန်တိကျသလို အလုပ်လည်း တိတိကျကျလုပ်၏။

နေသည် တဖြည်းဖြည်း မြင့်တက်လာနေ၏။

သို့သော် တရုတ်ကြီးကို မမြင်ရသေးပေ။

"အဖေ ဘုရားဝတ်ပြုနေလို့ နောက်ကျနေတာလား"

ဟု သားလတ်က တီးတိုးရေရွတ်လိုက်သည်။ ထိုစဉ် . . .

"ဖလပ် . . . ဖလပ် . . . ဖလပ် . . ."

အိပ်တန်းပေါ်မှ ခုန်ဆင်းလာသော ဒေါင်းကြီးကို တွေ့လိုက်ရ၏။ သူ့ကို မြင်ရဖန်များနေ၍ ဘယ်သူမှ စိတ်မဝင်စားတော့ . .။

နေက အတော်ပင် မြင့်သွားလေပြီ။

တရုတ်ကြီးကို အစအနပင် မမြင်ကြရသေးပေ။ ထိုသို့ တစ်ခါမှ မဖြစ်ဘူးပေ။

"အိမ်ထဲဝင်ကြည့်ရင် ကောင်းမယ်ထင်တယ်"

သူတို့ဆွေမျိုးသားချင်းအားလုံး အိမ်ထဲဝင်လာကြ၏။ တရုတ်ကြီးပေါက်ကောင်ထည့်သော အခန်းက သီးခြားဘုရားခန်း၏ တောင်ဘက်က အခန်း . . .။

"ဒုန်း . . . ဒုန်း . . . ဒုန်း . . ."

"အဖေ . . . အဖေ . . . အဖေ . . ."

သားကြီးဝမ်ပေါင်က အော်ခေါ်လေ၏။ အတွင်းမှ ပြန်ထူး



www.burmeseclassic.com

www.burmeseclassic.com



သံထွက်မလာပေ။ ဘာသံမျှ ကြားရခြင်း မရှိပေ။

"အဖေ . . . အဖေ . . . ကျွန်တော်တို့ပါ၊ တံခါးဖွင့်ပါဦး အဖေ"

မည်သို့မျှ ထူးခြားမှုမရှိ။ တုန့်ပြန်မှု တစ်စုံတစ်ရာ ပြန်မရပေ။

"အဖေအထဲမှာ တစ်ခုခုဖြစ်နေပြီ ထင်တယ်"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ"

သားလတ်က အလွန်စိုးရိမ်သွား၏။

"ကဲ . . . တံခါးဖျက်ဝင်မယ်ကွာ"

တပည့်တွေကို တံခါးဖျက်ခိုင်းလိုက်၏။ တံခါးက ကျွန်းတံခါးမို့ တော်တော်ကြီးဖျက်ယူရသည်။ တံခါးပွင့်သွားလေပြီ။

"အဖေ. . . . အဖေ . . . "

အခန်းတွင်း ကြမ်းပြင်ပေါ်ဝယ် ခွေခွေလေးလဲကျနေသည့် တရုတ်ကြီးမှာ ကတ္တီပါအိတ်လေးကို ရင်ခွင်ပိုက်လျက် ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။ ပွေ့ထူကြည့်တော့ အသက်မရှိတော့ . . .။

"လုပ်ပါဦး . . . ကျွန်တော့်အဖေ အသက်မရှိတော့ဘူး"

"အမလေး . . . ကယ်ကြပါဦးတော့"

"အဖြစ်ဆိုးလှချည်လား အဖေရဲ့"

"အဖေ . . . နှလုံးသွေးရပ်သွားတာ ဖြစ်မယ်"

အားလုံးအုံးအုံးကျွတ်ကျွတ် ငိုယိုကြတော့သည်။ မမျှော်လင့်ဘဲ ဖြစ်ခဲ့ရသော အရာ၊ အဖေစိတ်ထိခိုက်သွားလို့လား။ ရွာသားတွေသိတော့ အားလုံးမှာ စုတ်တသပ်သပ်နှင့်။ သေဆုံး၍ ကြေကွဲကြခြင်းထက် ပေါက်ကောင်မထိုးလိုက်ရသောအဖြစ်က ပိုကဲနေသည်။





စားပွဲပေါ်တွင် ဝါရုတ်ကြီးလက်ရေးနှင့်စာတစ်စောင်ကို တွေ့ကြရ၏။

ယင်းစာထဲမှာ . . .

လောင်းကစားဆိုတာ . . .

နိုင်ပြန်တော့လည်း လောဘတက်လို့ စိတ်ဆင်းရဲရတယ်. .

ရှုံးပြန်တော့လည်း ကိုယ်ကျင့်သိက္ခာပျက်တတ်လို့

ဒုက္ခရောက်ရတတ်တယ်. . . .

ဟူ၍ဖြစ်၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ကျိုန်ချောင်းရွာဦးကျောင်းရှိ ဆွမ်းစားဆောင်ပေါ်တွင် ဖြစ်သည်။ ရွာသားတော်တော်များများက ဆရာတော်ဘုရား၏တရားတော်ကို နာယူနေကြ၏။

"လူတိုင်းလူတိုင်း နှလုံးသွင်းရမှာက
ငါ၏အသက်ရှင်ခြင်းသည်
အမြဲမရှိပါတကား။
ငါသည် မုချမသွေ
သေရမှာ အမှန်ပါတကား။
ငါ၏အသက်ရှင်ခြင်းသည်
သေခြင်းသာလျှင် အဆုံးရှိပါတကား . . . ဆိုတဲ့ မရဏ

နုဿတိလေးကို အမြဲပွားနေရမှာ ဖြစ်တယ်၊ မိကြိုးကြာလေးဆို ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးရှာတယ်၊ တရုတ်ကြီးချန်ခိုးပေါင်ဟာ နှလုံးရောဂါနဲ့ ဆုံးရှာတယ်။





တစ်ယောက်တစ်မျိုးစီဆိုပေမယ့် အားလုံးသေခြင်းတရားကိုပဲ ဦးတည်နေကြတာ မဟုတ်လား၊ အခုဆို မယ်တော်ကြီးပေါက်ကောင်မရှိတော့သလို ရွာသူရွာသားတွေကလည်း အလုပ်ကို ဖြောင့်ဖြောင့်တန်းတန်း လုပ်ကုန်ကြပြီ၊ ကိုင်း . . . ဘယ်လောက်အားရစရာ ကောင်းလိုက်သလဲ။

လယ်ထဲဆင်းသူဆင်း၊ ယာထဲဆင်းသူဆင်း၊ ငါးရှာသူရှာ၊ မွေးမြူရေးလုပ်သူတွေလည်း တက်တက်ကြွကြွနဲ့ ဘုန်းကြီးတော့ တော်တော်စိတ်ချမ်းသာသွားပြီ။

ကိုင်း . . . ကိုင်း . . . အခု သေသူတွေကို အကြောင်းပြုပြီး ဆွမ်းစားဆောင်ကြီးတစ်ဆောင် စုပေါင်းဆောက်လုပ်တဲ့ အလှူဒါနကြောင့် မကျွတ်မလွတ်တဲ့သူများရှိရင် ကျွတ်အောင်၊ လွတ်အောင် ကျွတ်လွတ်ပြီးသားလူတွေကလည်း ကောင်းရာသုဂတိဘုံကိုရောက်အောင် ဒီကနေ့ ဒီနေရာမှာ ရေစက်ချအမျှအတန်းဝေလိုက်ကြရအောင် . . .။

ဘုန်းကြီးရှေ့က တိုင်ပေးမယ်၊ အားလုံးရေစက်ခွက်လေးတွေကိုင်ပြီး နောက်ကလိုက်ဆိုကြ"

"တင်ပါ့ဘုရား . . ."

ဘုန်းတော်ကြီးက ရှေ့မှတိုင်ပေးလေသည်။

ဒကာ၊ ဒကာမတွေက နောက်မှလိုက်ပါရွတ်ကြလေ၏။

အဆုံးသတ်သည်တွင် . . .

"အားလုံး ကြားကြားသမျှ အမျှ . . . အမျှ . . . အမျှ . . . ယူတော်မူကြပါကုန်သော်"

"သာဓု . . . သာဓု . . . သာဓု . . ."

"အားလုံး ကြားကြားသမျှ အမျှ . . . အမျှ . . . အမျှ . . .



www.burmeseclassic.com

www.burmeseclassic.com



ယူတော်မူကြပါကုန်သော်”

“သာဓု . . . သာဓု . . . သာဓု . . .”

“အားလုံး ကြားကြားသမျှ အမျှ . . . အမျှ . . . အမျှ . . . ယူတော်မူကြပါကုန်သော်”

“သာဓု . . . သာဓု . . . သာဓု . . .”

“ဒီနေရာမှာ ဒကာ၊ ဒကာမတွေကို ဘုန်းကြီးအလေးအနက်ထားပြီး ပြောချင်တာက လောင်းကစားဆိုတဲ့ ကိစ္စပါ၊ လောကမှာ လူသတ္တဝါလောက် လောဘကို အတောမသတ်နိုင်တာ မရှိဘူး။

လိုချင်တဲ့ ရမ္မက်လောဘက တော်တော်ဆိုးပါတယ်၊ ဘုန်းကြီး တခြားမပြောချင်ဘူး၊ တို့တစ်ရွာလုံးရဲ့ ကံကြမ္မာအနေအထားကိုပဲကြည့်၊ တစ်ရွာလုံးဟာ မယ်တော်ကြီးပေါက်ကောင်ဆိုတဲ့ လောင်းကစားပေါ်မှာပဲ အာရုံကိုနှစ်ထားကြတာ၊ မနက်မိုးလင်းလာရင် ဒီစိတ်၊ ညမိုးချုပ်တော့လည်း ဒီစိတ်ပဲ၊ ဘာအလုပ်ကိုမှ မယ်မယ်ရရ လုပ်ချင်ကြတော့တာ မဟုတ်ဘူး။

ဗိုင်တွေကလည်း အသိဉာဏ်နုံနည်းမှု၊ ဗဟုသုတနည်းမှုတို့အပေါ် အခွင့်ကောင်းယူပြီး၊ မက်လုံးတွေပေး၊ မြှူဆွယ်တာတွေ အမျိုးမျိုးလုပ်ပြီး သူတို့စီးပွားရေး၊ သူတို့ဥစ္စာမနေတိုးတက်ရေးတွေ လုပ်ခဲ့တာပဲ မဟုတ်လား။

ကိုင်း . . . ရွာသားတွေဘက်ကလည်း ကိုယ်လိုချင်တာ တစ်ခုတည်းကိုပဲ ကြည့်တယ်၊ ပြန်ပေးလိုက်ရတာကို ဘယ်တော့မှ ခေါင်းထဲမထည့်ဘူး၊ လိုချင်တာပဲ သိကြတယ်၊ ပြန်မရမှာကို ထည့်မတွက်ဘူး၊ ဘယ်လောက်တောင် လောဘတွေများလိုက်သလဲဆိုတာ သာ ကြည့်ပေတော့၊ အဲဒီအထဲကမှ အထင်ရှားဆုံး လူနှစ်ယောက်ကို ဘုန်းကြီးဥပမာပေးပါမယ်၊ ကျန်တဲ့သူတွေလည်း သက်ရှိထင်ရှား





ရှိနေသေးတာကိုး။

တစ်ယောက်ကတော့ စိန်အိုးကိုပဲကြည့်၊ သမီးလေးနေမကောင်းလို့ ဆေးဖိုးရှာထားတဲ့ ငွေလေးကို ပေါက်ကောင်ထိုးပစ်တဲ့ကိစ္စ၊ ဘယ်လောက်ကြေကွဲစရာကောင်းလဲ၊ ဆေးဆရာကြီးက စာနာစိတ်နဲ့ ဆေးပေးလိုက်ပေမယ့် သမီးရဲ့အသက်ကို မမီတော့တဲ့အဖြစ်ပဲ၊ အရင်တုန်းကတည်းက သူဘယ်လောက်ဝေဒနာခံစားရမယ်ဆိုတာ ဖခင်တစ်ယောက်အနေနဲ့ သိသင့်တယ်၊ ဒါဟာ လိုချင်သူရဲ့ လောဘပေါ့။

နောက် . . . မပေးချင်သူရဲ့ လောဘကျပြန်တော့လည်း တစ်မျိုးဆိုးပြန်ရော၊ အဲဒါ တခြားသူမဟုတ်ဘူး၊ အခုလတ်တလော ဆုံးသွားတဲ့ တရုတ်ကြီးကိုယ်တိုင်ပဲ။

ပေါက်ကောင်တွေ ခဏခဏပေါက်လာတော့ လျော်ရတယ်၊ လျော်ရတော့ ဥစ္စာပစ္စည်းတွေ ကုန်လာတယ်၊ ကုန်လာတော့ ဆုံးရှုံးခြင်းဆိုတဲ့စိတ်တွေ ယောက်ယက်ခတ်လာတယ်၊ စိတ်မချမ်းမြေ့မှုတွေ များလာတော့ နှလုံးရောဂါရတော့တာပဲ၊ နောက်ဆုံး အသက်ဆုံးရှုံးရတဲ့အထိ ဖြစ်သွားခဲ့တာပဲလေ၊ ကိုင်း . . . ပြောကြစမ်းပါဦး၊ နှစ်ဦးနှစ်ဖက်စလုံး ကောင်းကြရဲ့လား”

“မကောင်းပါဘူး . . . ဘုရား”

“လောင်းကစားလုပ်တာရော ကောင်းရဲ့လား”

“မကောင်းပါဘူး . . . ဘုရား”

“ဘုရားရော ကြိုက်ရဲ့လား”

“မကြိုက်ပါဘူး . . . ဘုရား”

“နတ်ရော ကြိုက်ရဲ့လား”

“မကြိုက်ပါဘူး . . . ဘုရား”



www.burmeseclassic.com

www.burmeseclassic.com



"အိမ်း . . . မကြိုက်ရင် ဘာလုပ်ရမလဲ"

"ရှောင်ကျဉ်ရပါမယ် . . . ဘုရား"

"သင်ခန်းစာဆိုတာ ယူတတ်မှရမှာနော်၊ နောင်တဆိုတာ နောင်မှရတတ်တဲ့ အမျိုး၊ နောက်သိရင်ပြင်မယ်၊ ပြင်ရင်ကောင်းတဲ့ ဘ၀ကို ရောက်မှာပေါ့ . . . ဟုတ်ပြီလား"

"မှန်ပါ့ဘုရား . . ."

"ဘုန်းကြီးနောက်တစ်ခါ ထပ်သတိပေးမယ်၊ လောင်းကစား မှန်သမျှဟာ . . ."

"မကောင်းပါဘူး . . . ဘုရား"

"မကောင်းမှန်းသိရင် ဘာလုပ်ရမလဲ"

"ရှောင်ရပါ့မယ် . . . ဘုရား"

"ရှောင်ရင် ဘာဖြစ်မလဲ"

"လမ်းကောင်းလမ်းမှန်ကို ရောက်ပါမယ် . . . ဘုရား"

BURMESE CLASSIC

စာဖတ်ပရိသတ်များ၏ မေတ္တာကိုခံယူလျက် . . .

ကိတ္တိမ

(တံကူမဏိကလောင်ခွဲ)



www.burmeseclassic.com